# လှဝင်ဓား

တောင်မှူးကြီးသိန်းဝင်း



စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၂၇၀၉၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၂၃၀၆၁၀

■

**စီစဉ်သူ** ။ ကိုတင်ထွန်း

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၁၀၊အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟာန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

**ပုံနှိပ်သူ**

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၂၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
လူဝင်စား/ထောင်မှူးကြီးသိန်းဝင်း ။ - ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၄၇-စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) လူဝင်စား

ထောင်မှူးကြီးသိန်းဝင်း

# လူဝင်စား

## စာရေးသူ၏အမှာစာ

သေဆုံးပြီး မကြာခင် ဝင်စားသော 'လူဝင်စား' များအကြောင်းကို ကျွန်ုပ် ဖတ်ဖူး၊ မှတ်ဖူး၊ လေ့လာဖူးသည်။ ကိုယ်တွေ့လည်း ကြုံဖူးသည်။ လူဝင်စားအများစုမှာ ငယ်စဉ်က ယခင်ဘဝဟောင်းအကြောင်းကိုမှတ်မိ၍ ပြောနိုင်ကြသော်လည်း အသက်အရွယ်ကြီးလာသည်နှင့် အမျှ မေ့သွားတတ်ကြသည်။ သို့သော် လူဝင်စားတိုင်း ထူးခြားမှုတော့ ရှိသည်။ ယခင်ဘဝဟောင်းက အမှတ်အသား အမာရွတ်ဒဏ်ရာတို့ မွေးကတည်းကပင် ပါလာတတ်သည်။

သို့သော် ဘဝဟောင်းက အကြောင်းအရာများကို ငယ်စဉ်မှ ကြီးသည်အထိ မှတ်မိနိုင်သူ (ဇာတိဿရ)ဉာဏ်ရသူက အလွန်ရှားသည်။ ယခု ကျွန်ုပ်ရေးသားသည့် လူဝင်စားမကလေး မေစံပယ်ဟန်





မှာမူ ဘဝဟောင်းက အကြောင်းအရာများကို ငယ်စဉ်မှကြီးသည်အထိ လုံးစေ့ပတ်စေ့ မှတ်မိနေရုံတင်မက ရုပ်ဆင်းကလည်း ယခင်ဘဝဟောင်းနှင့် တစ်ပုံစံတည်းတူနေပြန်သေးသည်။

ဘာသာခြားမိဘများက မွေးဖွားခဲ့သော်လည်း လူမှန်းသိတတ်ခါစအရွယ်ကပင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည်။ ဘုရားဝတ်ပြုသည်။ ပုတီးစိပ်သည်။ တရားထိုင်သည်။ ဘာသာတရားကို အလိုလိုနားလည်တတ်ကျွမ်းနေသည်။

ကျွန်ုပ်တို့ ဆက်သွယ်ဆောင်ရွက်ပေးမှုကြောင့် ဘဝဟောင်းက မိဘများဖြင့် ပြန်လည်တွေ့ဆုံကြပြီး မိဘဟောင်းများနှင့် မိဘသစ်တို့၏သားသမီးအပေါ် ထားတတ်ကြသည့် သံယောဇဉ်ကြိုးကို ဖွဲ့နွဲ့သီကုံးရေးခြယ်ထားပါသည်။

စာဖတ်ပရိတ်သတ်ကြီးအား အစဉ်လေးစားလျက် ...

**တောင်မှူးကြီးသိန်းဝင်း**

## အခန်း (၁)

❑

ကျွန်ုပ် အင်းစိန်ထောင်တွင် တာဝန်ထမ်းဆောင်နေရာမှ ၁၉၈၄ ခုနှစ်တွင် ကော့သောင်းဆီအုန်းစိုက်ခင်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ပထမပါဆယ်ပါညန်းစခန်းတွင် 'ထောက်'ဌာနတာဝန်ခံအဖြစ် စခန်းတာဝန်ခံ၊ ထောင်ပိုင်ဦးယဉ်မောင်၏ လက်အောက်တွင် ထောက်ဂိုဒေါင်တာဝန်ခံ တပ်ကြပ်ဦးကုလားနှင့် တပ်သားသိန်းဦးတို့ရှိသည်။ ထောက်ဌာန၌ Hino (TE)ကားတစ်စီး၊ Hino (Ranger) တစ်စီးနှင့် ဖွဲလယ်ထွန်စက်ကြီးတစ်စီးရှိသည်။ ထို့ကြောင့် မော်တော်ယာဉ်နှင့်ဆီဂိုဒေါင်ကိုလည်း ကိုင်ရသည်။

ကားများမှာ ရိက္ခာသယ်ရန်၊ ဆီအုန်းမျိုးစေ့သယ်ရန်၊ ရဲဘက်





များအပြောင်းအရွှေ့တွင် သုံးရန်အတွက်သာဖြစ်သည်။ နေ့စဉ် အသုံးမပြုပါ။ နေ့စဉ်သုံးသည်က လယ်ထွန်စက်ကြီးဖြစ်သည်။ လမ်းမှာ မြေလမ်း၊ တောင်ဆင်း၊ တောင်တက်လမ်းများဖြစ်ကြ၍ မိုးရွာသည်နှင့်ကားများကို သုံးမရတော့ပါ။ လမ်းကချော်သည်။ ထွန်စက်ကြီးကတော့နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း အသုံးတည့်သည်။ ဥတုသုံးပါးခံသည်။ ထွန်စက်ကြီးကိုလည်း နောက်တွဲယာဉ်တပ်ဆင်၍ မိုးရာသီ၌ အသုံးမပြုနိုင်ပါ။ ထို့ကြောင့် ထွန်းစက်ကြီးကို လူများများစီးနိုင်ရန်၊ ပစ္စည်းတင်နိုင်ရန် နောက်ဘီးနှစ်ဘီးကြားတွင်တန်းရိုက်၍ ပျဉ်ကာထားသည်။ ထွန်စက်ဆရာကတော့ ဂမ္ဘီရတွတ်ကြီးဖြစ်သည်။ မွင့်လင်းရာသီ၌ Hino ကားကြီးများကိုလည်း မောင်းသည်။ အခြားကာလများ၌ ထွန်စက်ကြီးကိုသာ မောင်းတော့သည်။ ထွန်စက်ကြီးက သူ့အတွက် ရာသီမရွေးဝင်ငွေရှာပေးသောကြောင့်လည်း ဖြစ်ပေသည်။

ဂမ္ဘီရတွတ်ကြီးဟု အမည်ပေးရသည်ကတော့ တွတ်ကြီးတွင်ထူးခြားမှုရှိသည်။ အရက်လည်းသောက်သည်။ ပယောဂကုဆရာလည်းဖြစ်သည်။ လူမှုဝန်ထမ်းလုပ်ငန်းလည်း လုပ်သည်။ ထွန်စက်ကြီး (၃) ကြိမ်မှောက်သော်လည်း တွတ်ကြီးဘာမျှမဖြစ်။ လိုက်ပါလာသည့် ခရီးသည်များသာ ဆေးရုံပို့ရသည်။ သူ့တွင် အစောင့်ရှိသည်ဟု တွတ်ကြီးက အမြဲတမ်းကြွားတတ်သည်။

ကျွန်ုပ်ကိုယ်တိုင်လည်း စခန်းရောက်ခါစက ကော့သောင်းသို့ ရုံးကိစ္စနှင့် ရိက္ခာဝယ်ဆင်းရာ၌ တွတ်ကြီးထွန်စက်ကိုပင် အားကိုးရသည်။ ကျွန်ုပ်တစ်ဦးတည်းတော့မဟုတ်။ ကော့သောင်းဆင်းသည်နှင့် ဈေးဆိုင်ဖွင့်ထားသော တွတ်ကြီးမိန်းမအပြင် အခြားဝန်ထမ်းများလည်း ဈေးဝယ်ရန် လိုက်ပါကြသည်။ ထို့ကြောင့်ပင် ထွန်စက်ပေါ်၌ လူက

အပြည့်။ ထွန်စက်ကြီး (၃)ကြိမ် မှောက်ဖူးသော်လည်း တွတ်ကြီးက သတ္တိတော့အတော်ကောင်းသည်။ ထွန်စက်ကြီးကိုတွယ်တာစွာ ဆက်မောင်းတုန်းပင်။

ကျွန်ုပ် ထောက်ဌာနၛ တစ်လခန့်ကိုင်ပြီးနောက် အခြေကျ၍ အားချိန်ရလာသည်။ စခန်းတွင် ကရင်လူမျိုး ရဲဘက်မှူဆိုးတင်မောင်ရှိသည်။ သူက စခန်းရှိအရာရှိဖို့အတွက် သားကောင်များ ရှာပေးရသည်။ လက်နက်ကိုင်ဆောင်ခွင့် မရှိ၍ ကိုင်းထောင်ပြီး ကြက်၊ ငှက်၊ ဝက်၊ ချေတို့ကို ဖမ်းဆီးပေးခြင်း ဖြစ်သည်။ ရိက္ခာဂိုဒေါင်ထဲၛ မှူဆိုးတင်မောင် နင်းကိုင်းထောင်၍ ပစ်ခတ်ရရှိထားသော ချေသားရေ၊ ဝက်ဝံသားရေနှင့် ကျားနက်သားရေများ ရှိသည်။ သူကလည်း နေ့စဉ်ရှာရသူဖြစ်၍ သားကောင်မရလျှင် ကြက်၊ ငှက်ကို လေးခွနှင့်ပစ်လာသည်။ နောက်ဆုံး ဘာမျှမရလျှင် ဖရစ်ရိုးချိုးပြီး ငါးဖမ်းပြန်လာတတ်သည်။

တစ်နေ့မနက် ကျွန်ုပ်၊ ထောင်မှူး ဦးမြင့်ဦးနှင့် ထောင်မှူး ဦးထွန်းအောင်လွင်တို့ မနက်စာ ထမင်းကြော်စားနေကြစဉ် မှူဆိုးတင်မောင် အပြေးရောက်လာသည်။

"ဆရာတို့ ကျွန်တော် ကိုင်းထောင်ထားတာ ဝက်သိုးကြီးမိနေတယ်။ အဲဒါ လိုက်ပစ်ပေးပါဦး"

ထိုစဉ် အခန်းထဲမှ ထောင်ပိုင်ဦးယဉ်မောင်ထွက်လာပြီး . . .

"ဘယ်နားမှာလဲတင်မောင်၊ အကောင်အတော်ကြီးသလား"

"ကြီးတယ် ထောင်ပိုင်ကြီး။ အချိန် (၈၀)လောက်ရှိတယ်"

"ကဲ . . . ဘယ်သူသွားပစ်ကြမလဲ။ ကျွန်တော်က အရင်လိုက်ပစ်နေကျဆိုပေမဲ့ ဒီနေ့လည်း မွန်ကွပ်ကဲရေးရုံးမှာ အစည်းအဝေးရှိလို့





အခုပဲ သွားရတော့မှာ။ ကိုသိန်းဝင်းက ပဲခူးရိုးမမှာ အမဲပစ်လာတော့ သွားမလား"

"ကျွန်တော်သွားပါ့မယ် ထောင်ပိုင်ကြီး။ တင်မောင်ရေ အတော်ဝေးသလားကွ"

"ပါဆယ်ပါညွန်း ရွာနားမှာဆိုတော့ နည်းနည်းတော့လှမ်းတယ်ဆရာ"

"ကျွန်တော် တွတ်ကြီးထွန်စက်ကြီးနဲ့သွားမယ် ဆရာ၊ မြန်အောင်လို့ပါ"

"သွားပါခင်ဗျာ။ စိတ်ကြိုက်ရိုင်ဖယ်ကိုလည်း လက်နက်ခန်းထဲက ရွေးယူသွားပါ။ သေနတ်တွေက အသစ်တွေပါ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်ဝက်ပစ်ရန် ထွန်စက်ကြီးပါ ယူသွားမည်ဆိုသဖြင့် ထောင်မှူး ဦးမြင့်ဦးနှင့် ဦးထွန်းအောင်လွင်တို့က ခနဲ့ကြသည်။

"ကိုသိန်းဝင်း ကျွန်တော်တို့ ငရုတ်သီးပါ ထောင်းထားမယ်နော်"

"ငရုတ်သီးတွင်မကဘူး ညနေ ဝက်ကလီစာနဲ့မြည်းဖို့ မဲခေါင်အရက်တစ်လုံးပါ ဝယ်ထား"

ထိုစဉ် ထောင်ပိုင်ဦးယဉ်မောင်က ဝင်ပြောသည်။

"ကိုမြင့်ဦးတို့က ကိုသိန်းဝင်းအကြောင်း မသိသေးလို့ပါ။ သူက ပဲခူးရိုးမမှာ နာမည်ကျော်မှုဆိုးဗျ။ မရရအောင်ပစ်ခဲ့လိမ့်မယ်။ မယုံမရှိကြနဲ့"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်တို့ ညနေစာအတွက် အရက်ပါ ဝယ်ထားပါ့မယ်။ ဟဲ . . . ဟဲ . . . ဟဲ"

"ဒီမှာကိုမြင့်ဦး ဝက်မရခဲ့ရင် ခင်ဗျားတို့အရက်ဖိုးကို ကျွန်တော်လျော်မယ်"

ကျွန်ုပ် ယူနီဖောင်းလဲပြီး အသင့်မှာထားသော တွတ်ကြီး ထွန်စက်ဖြင့် မုဆိုးတင်မောင်ကိုပါခေါ်ကာ ထွက်လာကြသည်။ ပါဆယ်ပီညွန်းဆီအုန်းခြံအဆုံးတွင် လက်ယာဘက်သို့ ချိုးဝင်ရသည်။ တောလမ်းဖြစ်သည်။ ခနီတောအနီး ရိုးချောင်းရောက်တော့ ထွန်စက်ကြီး သွားမရတော့။ (၄)ပေခန့်ကျယ်သော ရိုးပြတ်ကလေးဖြစ်သည်။ ဝါးတံတားလေးတော့ ခင်းထားသည်။ ကျွန်ုပ်တို့ လမ်းဆင်းလျှောက်ကြရတော့သည်။ ခနီတောကိုဖြတ်တော့ အင်တိုင်းတော၊ သစ်ပင်ငယ်ကလေးများနှင့် ထမင်းဆုပ်ချုံ၊ နဘူးချုံနှင့် အိုးပုတ်ပင် ချုံကလေးများသာရှိသည်။

အင်တိုင်းတောကိုလွန်တော့ မြက်တောကကွင်းနှင့် ကိုင်းတောပင်လယ်ကမ်းစပ်နှင့် နီးလာပြီဖြစ်သည်။ မြက်တောနှင့်ကိုင်းတောမှာလည်း တောဝက်များသွားထားသဖြင့် လမ်းဖြစ်နေသည်။ မြက်ပင်ရှည်ကြီးများမှာ တောဝက်များ သွားလာပါများ၍လွန်း၍ လိုဏ်ခေါင်းသဏ္ဍာန် အမိုးအပေါက်ကြီးများ ဖြစ်နေသည်။ ရှေ့ဘက်၌ ခနီတော၊ ခနီတောအနီး၌ ညောင်ပင်ကြီးတစ်ပင် ရှိသည်။

"တင်မောင်ရေ ဘယ်နားမှာလဲကွ"

"ရှေ့က ခနီတောစပ်မှာ ဆရာ"

ကျွန်ုပ် မုဆိုးတင်မောင်နှင့်တွတ်ကြီးအား လုံခြုံရာ၌ ထားခဲ့ပြီး တစ်ဦးတည်းရှေ့တက်ခဲ့သည်။ ညောင်ပင်ကြီးအောက်ရောက်သည်နှင့် တောဝက်သိုးကြီးမှာ လူနံ့ရသည်ထင့်။ အတင်းရုန်းကန်နေသည်။ သို့မှသာ ကျွန်ုပ် သတိပြုမိခဲ့သည်။ ကျွန်ုပ်တို့က တောဝက်သိုးကြီး၏





လေတင်အပေါ်က ကျနေသည်။ ထိုစဉ် 'ထောင်း၊ ဝုန်း' ဟူသော အသံကြားရပြီး နင်းကိုင်းကျိုး၍ တောဝက်သိုးကြီးက ကျွန်ုပ်အား ပြေးထိုးသည်။ သတိရှိသော ကျွန်ုပ်ကလည်း လျှပ်တစ်ပြက် ပစ်ခတ်လိုက်ရတော့သည်။

"ဒိုင်း"

သို့သော် ထိချက်မှာ မကောင်းပါ။ ဝက်သိုးကြီး၏တင်ပဆုံကိုသာ မှန်ပုံရသည်။ အတင်းတက်လာပြီး ထိုးပြန်သည်။ ကံကောင်းသည်မှာ နင်းကိုင်းနှင့် ခနီပင်ငြိနေ၍ ကျွန်ုပ်ထံသို့ ရောက်မလာ။ သို့သော် (၁၀')ပေခန့် အကွာအဝေးဖြစ်သည်။ ကျွန်ုပ် ကျည်သစ်လဲပြီး ဝက်သိုးကြီးခေါင်းအား အနီးကပ် ပစ်ခတ်လိုက်ရတော့သည်။

"ဒိုင်း"

"အူး ... ဗုန်း"

နောက်ဘက်မှ လက်ခုပ်သံများကြားရသည်။ မုဆိုးတင်မောင်နှင့် ထွန်စက်ဆရာတွတ်ကြီးတို့က BRAVO လုပ်ခြင်းဖြစ်သည်။

"ဆရာတော်ပါပေတယ်။ တခြား သေနတ်သမားဆိုရင် ပြေးတော့မှာ"

"အေးကွ ... ငါလည်း ကံကောင်းပါတယ်၊ ခနီပင်နဲ့ သုတ်ကိုင်းငြိနေလို့။ ကြိုးပြတ်သွားရင်တော့ ငါလည်းမလွယ်ဘူး။ ရှေ့ကကိုင်းနေတဲ့ ညောင်ကိုင်းကြီးကို ခုန်ဆွဲရတော့မှာ"

"ဟုတ်တယ် ဆရာ၊ တောဝက်က မလွယ်ဘူး။ အလွန်မာန်ကြီးတဲ့အကောင်မျိုး။ ဝက်သိုးဆိုတော့ ပိုဆိုးတာပေါ့"

"ကဲ ... သယ်ဖို့ စီစဉ်ကြ"

ကျွန်ုပ် အသင့်ပါလာသော ရေဘူးကိုမော့နေစဉ် မုဆိုးတင်

မောင်နှင့် တွတ်ကြီးတို့ ဝက်သိုးကြီးအား သယ်ဆောင်ရန် စီစဉ်နေကြသည်။ ဝက်သိုးကြီးမှာ အချိန် (၈၀)ခန့်ရှိ၍ ဝက်တုပ်တုပ်ပြီး ကိုင်းလျှို၍ထမ်းကြရာ မနိုင်မနင်းပင်။ ကျွန်ုပ် သူတို့နောက်မှ သေနတ်ထမ်း၍ လိုက်ခဲ့သည်။ ကျွန်ုပ်၏ ကော့သောင်းစခန်းရောက် ပထမဆုံးပွဲပင်ဖြစ်သည်။ ရိုးချောင်းဖြတ်ပြီး ထွန်စက်ပေါ်တင်တော့လည်း သူတို့နှစ်ဦးတည်းမနိုင်၍ ကျွန်ုပ်ပါ ကူရသေးသည်။

စခန်းသို့ ကျွန်ုပ်တို့အောင်ပွဲခံပြီး ပြန်လာကြသည်။ ထောင်မှူးဦးမြင့်ဦးနှင့် ဦးထွန်းအောင်လွင်တို့ကလည်း ကတိအတိုင်းပင်။ မဲခေါင်အရက်ပုလင်းကြီးတစ်လုံး ဝယ်ထားသည်။

"ကိုယ့်ဆရာက အပြောနဲ့အလုပ် ညီပါပေတယ်။ ကျွန်တော်တို့ကလည်း ကတိအတိုင်း အဆင်သင့်ပါဗျာ။ ငရုတ်သီးလည်း ထောင်းထားတယ်။ အရက်ပုလင်းလည်း ဝယ်ထားတယ်"

ဦးမြင့်ဦးက ပြောလာသည်။

"ဒါနဲ့ထောင်ပိုင်ရော၊ အစည်းအဝေးသွားပြီလား"

"သွားပါပြီဗျာ။ သူက ခင်များလက်ကိုယုံလို့ အရက်ပုလင်းဝယ်ဖို့ ပိုက်ဆံထုတ်ပေးသွားတာ"

"ဒါဆိုရင်လည်း စောစောစီးစီးချကြတာပေါ့ဗျာ"

"အဲဒီအတိုင်းပါပဲဗျာ။ ထောင်ပိုင်ကြီး ခင်များကိုဂုဏ်ပြုတဲ့အနေနဲ့ ဦးသိန်းဝင်းပြန်လာရင် ပင်ပန်းလာမှာ စောစောစီးစီး ညှော်ခံလိုက်လို့ ပြောသွားပါသဗျာ။ ဆရာ့စိတ်တိုင်းကျ သုံးဆောင်တော်မူပါ"

"ခင်များတို့ကရော"

"ဟဲ ... ဟဲ ... ပါရမှာပေါ့ဗျာ။ ဒီပွဲမျိုးက ရှားတယ်လေ"

မုဆိုးတင်မောင်မှာ ကျွမ်းကျင်စွာဖြင့် တောဝက်ကြီး၏ သိုအုံ





ကြီးအား ဝိုက်၍ လှီးနေသည်။

ဦးမြင့်ဦး ။ "တင်မောင်ရေ၊ ငါတို့ အဲဒါကြီးကို မစားဘူးနော်"

"စားဖို့မဟုတ်ပါဘူး ဆရာရဲ့။ ပယ်ထုတ်ပစ်တာပါ။ ဒါကြီးကိုထုတ်မပစ်ရင် နာရီဝက်ကျော်တာနဲ့ တစ်ကောင်လုံး သိုနံ့ပျံ့သွားရော။ စားလို့ မကောင်းတော့ဘူး"

မုဆိုးတင်မောင်၏ ကျွမ်းကျင်မှု၊ အရာရှိဖို့မှ ထမင်းချက်များ၏မြန်ဆန်မှုကြောင့် ကျွန်ုပ်တို့ မနက်(၁၀)နာရီခန့်မှာပင် စားပွဲထိုင်၍ စားသောက်ကြသည်။ လတ်ဆတ်ပြီး ကိုယ်တိုင်ပစ်သောအသားဖြစ်၍ အတော်စားကောင်းသည်။ ဆောင်းဦးပေါက် စားပင်ပေါ်၍ ထင်သည်။ တောဝက်ကြီးမှာ အဆီကပ်နေသည်။ တောဝက်တို့ထုံးစံ ရန်သူများပြီး ပြေးလွှားနေကြသဖြင့် အဆီက အိမ်ဝက်တွေလို မထူပါ။ ကတ်ထူပြားတစ်ချပ်စာခန့်သာရှိသည်။

ထိုနေ့ ထိုအချိန်မှစ၍ မုဆိုးတင်မောင်ကိုင်းထောင်၍ မိသောတောဝက်နှင့်ချေတို့အား ကျွန်ုပ်ပင် လိုက်လံပစ်ခတ်ပေးရသဖြင့် ကျွန်ုပ်လည်း မုဆိုးပြန်ဖြစ်လာသည်။ ဆီအုန်းစိုက်ကွင်းကြီး ပတ်ဝန်းကျင်နှင့် တနင်္သာရီရိုးမအခြေကို အတော်နံ့စပ်လာသည်။

မုဆိုးတင်မောင်ကတော့ ည၊ မနက် တစ်ဦးတည်း တောဝင်သည်။ အကောင်ကြီးများ မမိသောနေ့တွင် ကျွန်ုပ်အားလာမခေါ်ပါ။ သူ့ဘာသာမြေရှင်းပြီး တောကြက်၊ ရစ်ကြက်၊ ချေလှောင်၊ ဖွတ်၊ သင်းခွေချပ်၊ ဖြူတို့ကို နေ့စဉ်ပင် ဖမ်းဆီးမိလာသည်။ အရာရှိဖို့အတွက် ဟင်းစားကတော့ မပြတ်ပါ။ တင်မောင်ရှာပေးသဖြင့် ကျွန်ုပ်တို့အဖွဲ့ဟင်းကောင်းစားရသည်။

❑

ရှုံးပိတ်ရက်တစ်ရက် တနင်္ဂနွေနေ့တွင် မှဆိုးတင်မောင်က ကျွန်ုပ်ကို အဖော်စပ်သည်။

"ဆရာ ... ဒီနေ့ ကျွန်တော်ရိုးမပေါ်တက်ပြီး ကိုင်းထောင်မယ့်နေရာသစ်ကြည့်မလို့ လိုက်မလားဆရာ"

"အေး ... လိုက်မယ်လေ။ ရိုးမပေါ်မှာ ဘာကောင်တွေ ပေါသလဲ"

"စုံတယ်ဆရာ။ ဝက်နဲ့ချေရော၊ လိပ်ပါ ပေါတယ်။ မနေ့က ညနေက ကျွန်တော်ဝက်ဝံနဲ့တိုးလို့ ပြေးလာရတာ။ ကျားနက်လည်း ရှိတယ် ဆရာ။ ကျွန်တော့်မှာ လက်နက်မပါလို့ ဆရာ့ကို ခေါ်တာပါ"





"အေး ... အဲဒါဆိုရင် နောက်တစ်ယောက် ခေါ်ဦးကွာ။ သုံးယောက်ဆိုတော့ နောက်ကျောလုံတာပါ။ စားကောင်းနှစ်လက်လောက်လည်း ယူခဲ့ကြကွာ"

"ဟုတ်ကဲ့ ဆရာ။ ဒါဆို ကျွန်တော့်တပည့် ကျော်မြင့်ကိုပါ ခေါ်လိုက်မယ်။ သူလည်း အတွေ့အကြုံရှိတယ်ဆရာ"

"အေး ... အေး"

ကျွန်ုပ် ယူနီဖောင်းအဟောင်းလဲသည်။ တောဆောင်းဦးထုပ်ဆောင်း၍ တောစီးဖိနပ်ကို စီးသည်။ အမဲလိုက်ဓားမြှောင်နှင့် ရေဘူးသည်းခါးတွင် ချိတ်လိုက်သည်။ ပြီးနောက် လက်နက်ခန်းမှ ကျွန်ုပ်အသုံးပြုနေကျ ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ်နှင့် ကျည်ဆန် (၁၀)တောင့် ယူလိုက်သည်။ ကျွန်ုပ်တို့ (၃)ဦး စခန်းအနောက်ဘက် ဆီအုန်းခင်းကြီးကို တစ်မိုင်ခန့်ဖြတ်ပြီး တနင်္သာရီရိုးမအခြေသို့ ကပ်ခဲ့ကြသည်။

ရိုးမအခြေ မီးတားလမ်းအနီးတွင် ယခင်ကရွာဟောင်းရှိခဲ့၍ စားပင်သီးပင်ကြီးများ ရှိသည်။ ပိန္နဲ၊ တည်း၊ ဒူးရင်း၊ သရက်ပင်ကြီးများပေါသည်။ စခန်းနှင့်ဝေးပြီး လူသူအရောက်အပေါက်နည်း၍ မြေပြင်ပေါ်သို့ ကြွေးကျနေရာ ယင်တအုန်းအုန်းနှင့် လာရောက်စားကြသည့် သားကောင်များလည်း ရှိသည်။ ထိုစဉ် 'ဝု ... ဝု ... အီ ... အီ' အသံကြားရသဖြင့် ကျွန်ုပ် တင်မောင်တို့အား လက်ကာပြပြီး ရှေ့တက်သိုက်စဉ် ဝက်အုပ်မှာ လူနံ့ရသဖြင့် အလျင်ပြေးသည်။ တောတိုးသံကြားလိုက်ရပြီး အကောင်ကို မမြင်လိုက်ရပါ။

"တင်မောင်ရေ ငါတို့လေတင်ဘက် ရောက်နေတယ် ထင်တယ်"

"ဟုတ်တယ်ဆရာ။ ကျွန်တော် သတိမထားလိုက်မိဘူး"

"အေး . . . မုဆိုးလုပ်ပြီး လေတင်လေ့အောက် မသိရင်တော့ သေနတ်ကြီးထမ်းလာတာပဲ အဖတ်တင်မယ်။ ဘာကောင်မျှ ရမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော် လမ်းကြောင်းပြောင်းလိုက်ပါ့မယ်"

ကျွန်ုပ်တို့ လမ်းကြောင်းပြောင်း၍ ရိုးမအခြေသို့ ကပ်ခဲ့ကြသည်။ ခနီ၊ ရေငန်းနှင့် ကြိမ်ပင်၊ တောငှက်ပျောပင်များအခြေတွင် ဝက်လူးအိုင်များကို နေရာအနှံ့တွေ့ရသည်။ သို့သော် တောဝက်တစ်ကောင်မျှတော့ မတွေ့ရတော့ပါ။ ကျွန်ုပ်တို့ ဝါးရုံတောကိုကျော်ပြီး သက်ငယ်တောဖုံးနေသည့် မုဆိုးလမ်းဟောင်းမှ ရိုးမပေါ်သို့ တက်ခဲ့ကြသည်။ မုဆိုးလမ်းဟောင်းမှာ ပြေသော်လည်း အကောက်အကွေ့၊ အဆင်းအတက်များသည်။ နာရီဝက်ခန့်တက်မှ ရိုးမပေါ်ရောက်သည်။ တနင်္သာရီရိုးမမှာ ပဲခူးရိုးမလိုမကျယ်ပြန့်၊ လိပ်ကျောကုန်းလို တောင်တန်းကြီးသာ ဖြစ်သည်။ သစ်ခုတ်မှုများသဖြင့် သစ်ပင်ကြီးကြီး သိပ်မရှိပါ။ ရွယ်ရွယ်အပင်များကတော့ ထူထပ်သည်။ ကျွန်းပျဉ်းကတိုးလို သစ်ပင်များမတွေ့ရ။ ပျဉ်းမ၊ တောသရက်၊ တောင်ပိန္နဲ၊ ဒီဒူး၊ လက်ပံ၊ မျောက်ချောနှင့် ကြိမ်ရုံ၊ ဝါးရုံများကိုသာ အများအပြားတွေ့ရသည်။ ပဲခူးရိုးမတောလို စားပင်များသိပ်မတွေ့ရပါ။ တောကောင်များကြိုက်သော တောငွေး၊ သီးဖြူ၊ ဖန်ခါးပင်များကိုပင် မတွေ့ရပါ။

ကျွန်ုပ်တို့ တောင်ကြောပေါ်တွင် လမ်းလျှောက်လာကြစဉ် မြင့်မားပြီး အသီးများပြွတ်ခဲအောင်သီးနေသော တောင်ပိန္နဲပင်ကြီးတစ်ပင်ကိုတွေ့ရသဖြင့် ကျွန်ုပ်တို့ ခေတ္တရပ်လိုက်ကြစဉ် ကြွေကျနေ





သော ပိန္နဲသီးများအားစားနေသည့် ချေနှစ်ကောင်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်ကအချက်ပြပြီး တင်မောင်တို့အား ရပ်နိုင်းလိုက်စဉ် တောင်ပိန္နဲသီးတစ်လုံးမှာ ပြုတ်ကျလာပြီး ကျွန်ုပ်၏သေနတ်မှလည်း အသံထွက်သွားတော့သည်။

"ဗုန်း . . . ဒိုင်း"

ချေတစ်ကောင် လဲကျကျန်ခဲ့သည်။ ကျွန်ုပ်က ကျည်သစ်လဲပြီး တောင်ပိန္နဲပင်ကြီးပေါ်သို့ မော့ကြည့်လိုက်စဉ် . . .

"ဂူး . . . ဂဲ . . . ဂူး . . . ဂူး"

ဟူသော အသံကြီးဖြင့် ဝက်ဝံကြီးတစ်ကောင် အပင်ပေါ်မှ ဆင်းလာသည်။ ကျွန်ုပ် သေနတ်ဖြင့် အသင့်ချိန်ထားသည်။ မြေပေါ်ရောက်၍ ကျွန်ုပ်တို့ဘက်အလှည့်တွင်မှ ရင်ဘတ်မှအဖြူကွက်ကြီးကို တည့်တည့်ချိန်၍ ပစ်ချလိုက်တော့သည်။

"ဒိုင်း"

"အူး . . . ဂရီး . . . ဂယား"

ဝက်ဝံကြီးမှာ အနီးရှိသစ်မြစ်ကြီးကို ကိုက်ခဲကုတ်ဖဲ့ရင်း ငြိမ်သက်သွားတော့သည်။

"တော်လိုက်တာ ဆရာရယ်။ တစ်ချက်တစ်ကောင်ပဲနော်။ ကျွန်တော်က အပင်ပေါ် မော့မကြည့်မိဘူး"

"လေမတိုက်ဘဲ ပိန္နဲသီးတွေ ကြွေကျနေလို့ ငါလည်း သတိထားမိတာ တင်မောင်ရ။ နောက်ဆိုမှတ်ထား။ သဘာဝမကျတာ ဖြစ်လာရင် ပတ်ဝန်းကျင်ကို အပေါ်အောက်ရှုစမ်း။ မင်းတို့ပြောနေတဲ့ ကျားနက်ဆိုတာလည်း ကျားမဟုတ်ဘူး။ သစ်နက်ကွ။ အဲဒီအကောင်မျိုးတွေကလည်း သစ်ပင်ပေါ်မှာနေတတ်တယ်။ သတိထား"

ကျွန်ုပ်တို့ တောင်ပိန္နဲပင်အောက်ရှိ တောင်သရက်ပင်ကြီး တစ်ပင်အောက်၌ နားကြသည်။ လေတစ်ချက်ဝှေ့လိုက်သည်နှင့် တောင်ပိန္နဲသီးမှည့်များမှာ တဗုန်းဗုန်း ကြွေကျလာပြန်သည်။ မုဆိုးတင်မောင်တပည့်ကျော်မြင့်က ပြေးကောက်ပြီးစားကြည့်သည်။

"ဟင် ... ချဉ်လိုက်တာ"

"အေး ... အဲဒါကြောင့် လူမစားတာပေါ့။ တိရစ္ဆာန်တွေကတော့ ချဉ်လည်းစားကြတာပဲ။ ဆီဖြူသီး၊ ဖန်ခါးသီးတောင် ကြိုက်ကြသေးတာ။ အရောင်အဆင်းနဲ့အနံ့ကတော့ ပိန္နဲသီးအတိုင်းပဲဟေ့"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

တောင်ပိန္နဲသီးမှာ ရိုးရိုးပိန္နဲသီးထက် အလုံးငယ်သည်။ အမြှာသေးသည်။ တစ်ပင်လုံး ပြွတ်ခဲနေအောင် သီးတတ်သည်။ အပင်ကတော့ အတော်ကြီးသည်။ ပင်စည်မှာ အောက်ပိုင်းတွင် အခက်အလက်မရှိဘဲ၊ အပေါ်ပိုင်းကျမှသာ အခက်အလက် ဝေနေတတ်သည်။ ပျဉ်ခွဲရန်၊ သေတ္တာရိုက်ရန်အတွက် အလွန်ကောင်းသည်။ အသားမှာ ပျဉ်းတွဲတွဲနှင့် ဝါထိန်နေသည်။

တင်မောင်တို့ ဝက်ဝံကြီးနှင့်ချေသေကြီးအား သယ်ဆောင်ရန် စီစဉ်နေကြစဉ် ကျွန်ုပ်ရေဘူးကိုဖွင့်၍ အနားယူလိုက်သည်။ ထိုစဉ် အောက်ပိုင်းလျှိုထဲမှ တောတိုးသံနှင့် မည်းမည်းအရိပ်တစ်ခုကို ကျွန်ုပ် လှမ်းမြင်လိုက်ရသည်။

"တင်မောင်ရေ၊ ပိန္နဲပင်ကြီးပင်စည်ကိုကပ်ပြီး ဓားတွေအသင့်ပြင်ထားကြ။ ဟိုမှာ သစ်နက်တက်လာနေပြီ"

ကျွန်ုပ်လည်း သေနတ်အား မောင်းအသင့်ထိုးထားကာ တောင်သရက်ပင်စည်ကိုကွယ်၍ စောင့်နေလိုက်သည်။ မကြာပါ၊ မည်းမည်း





အရိပ်မှာ တစ်ပင်မှတစ်ပင်ကိုကူးရင်း တောင်ကြောပေါ်သို့ တက်လာသည်။ အလွန် လျင်မြန်လှသည်။ ကျွန်ုပ် သေနတ်ဖြင့် ချိန်၍ပင်မရ။ နောက်ဆုံး ကျွန်ုပ်ကပ်နေသော တောင်သရက်ပင်ပေါ်ရောက်လာပြီး ငြိမ်သွားတော့သည်။ မုဆိုးတင်မောင်တို့အားတွေ့သဖြင့် ချောင်းနေခြင်းဖြစ်ပေမည်။

အခြေအနေမှာ အပေါ်စီးနှင့်အောက်ကဖြစ်၍ ကျွန်ုပ်တို့ တစ်ပန်းရှုံးနေသည်။ မုဆိုးတင်မောင်တို့နှစ်ဦးမှာလည်း တောင်ပိန္နဲပင်ကြီးအား ကျောကပ်၍ ငှက်ကြီးတောင်ဓားကိုယ်စီဖြင့် ကျားနက်ကြီးအား မျက်နှာချင်းဆိုင်ထားကြသည်။

ကျွန်ုပ်မနေသာတော့ပါ။ သေနတ်ပြောင်းကိုမော့၍ ဖြည်းဖြည်းချင်းလှုပ်ရှားရင်း သစ်နက်ကြီးကိုရှာရသည်။ သစ်နက်ကြီးမှာ ကျွန်ုပ်ကပ်နေသည့် တောင်သရက်ပင်ခွဆုံတွင်ထိုင်ရင်း မုဆိုးတင်မောင်တို့အား ခုန်အုပ်ရန် အကွက်ချောင်းနေခြင်းဖြစ်သည်။ ဖင်တကြွကြွ၊ အမြီးက တဖုတ်ဖုတ်ဖြင့် သစ်ပင်ပင်စည်ကို ရိုက်နေသည်။ ပစ်မှတ်မှာ ကျွန်ုပ်နှင့် (၉၀)ဒီဂရီထောင့် အနေအထားဖြစ်၍ ချိန်ရအလွန်ခက်သည်။ ပစ်ချက်မပိုင်လျှင် ကျွန်ုပ်တို့ခံရပေတော့မည်။ ကျွန်ုပ် မုဆိုးဒူးထောက်အနေအထားကပင် ကျားသစ်နက်၏ အောက်မေးရိုးအား တည့်မတ်စွာချိန်၍ ခလုတ်ကို ညင်သာစွာဆွဲလိုက်သည်။

"ဒိုင်း"

"ဝါ ... ဝေါ ... ဝုန်း"

ကျားသစ်နက်ကြီး သစ်ပင်ပေါ်မှပြုတ်ကျလာသည်။ ကျွန်ုပ်ကို မမြင်ဘဲ မုဆိုးတင်မောင်တို့ကိုသာ မဲနေသဖြင့် အငိုက်မိသွားခြင်းဖြစ်သည်။ တင်မောင်တို့က ဓားဖြင့်ခုတ်ရန်လုပ်သဖြင့် ကျွန်ုပ်က တား

ရသည်။

"ဟော့ကောင်တွေ၊ မလုပ်နဲ့တော့။ မလိုတော့ပါဘူး"

ပေ (၂၀) ခန့် အမြင့်သစ်ပင်ပေါ်မှ သစ်နက်အား ဒသမ ၃၀၃ အမေရိကန်ရိုင်ဖယ် ကျည်ဆန်က မေးအောက်မှဝင်၍ ဦးနှောက်အား ဖောက်ထွက်သွားခြင်း ဖြစ်သည်။ သစ်နက်ကြီးမှာ အကြောများဆွဲနေသော်လည်း မလှုပ်ရှားနိုင်တော့။ တဖြည်းဖြည်း ငြိမ်သက်သွားသည်။

"ဆရာရယ်၊ ကျွန်တော်တို့တော့ သွားပြီထင်တာ။ ဆရာပါလို့သာပဲ။ နို့မဟုတ်ရင်တော့ မတွေးရဲစရာပဲ"

"အေး ...နောက်မှတ်ထား။ သေနတ်သမားမပါဘဲ ဒီရိုးမကြောပေါ် မတက်နဲ့။ သေနတ်သံကြားလျက်နဲ့ အဝေးကနေလာပြီး ရန်မူတာ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ နောက်ပြီး ဒီကောင်မျိုးတွေက ကျားတွေလို မြေပြင်ပေါ်မှာနေတာ မဟုတ်ဘူး။ သစ်ပင်တက်ကျွမ်းတယ်"

"ဟုတ်ပါရဲ့ ဆရာရယ်။ ကျွန်တော်တို့ကို သစ်ပင်ပေါ်က ကြည့်နေလိုက်တာများ မီးထွက်မတတ် မျက်လုံးနီနီကြီးနဲ့။ အလွန်ကြောက်ဖို့ကောင်းတယ်ဗျာ"

"အေး ...ဘာပဲဖြစ်ဖြစ်၊ ထူးဆန်းတာကတော့ ငါတို့တစ်တွေ အန္တရာယ်ကင်းပြီး တစ်နေရာတည်း တောကောင် (၃)ကောင်ရတာပဲ။ ပဲခူးရိုးမတောလောက်တော့ မရှုပ်ပေမဲ့ တနင်္သာရီရိုးမတောကလည်း တောကောင် အများသားပဲနော်"

"ဟုတ်ပါ့ ဆရာရယ်"

"ကဲ ...သယ်ဖို့ ဘယ်လိုလုပ်ကြမလဲ"

"ကျော်မြင့်၊ မင်း ပြန်ရဲတယ် မဟုတ်လား။ စခန်းပြန်ပြီး လူ





ခေါ်ကွာ"

"ကျွန်တော် မပြန်ရဲဘူးကိုတင်မောင်။ လမ်းလည်း မကျွမ်းဘူး"

"ကောင်းကွာ။ ငါပဲပြန်မယ်။ မင်းဆရာနဲ့ နေခဲ့။ သယ်ဖို့ပြုဖို့ အသင့်လုပ်ပြီး ဝါးခုတ်ထား။ ကဲ ...ဆရာ ကျွန်တော် စခန်းပြန်လူခေါ်ဦးမယ်"

"အေး ...အေး ...လမ်းခရီး ဂရုစိုက်သွား။ တောဝက်က လွဲလို့ ရန်ပြုမယ့်ကောင်တော့ မရှိလောက်ပါဘူး"

"ဟုတ်ကဲ့ ဆရာ"

မုဆိုးတင်မောင် စခန်းပြန်သွားတော့ ကျွန်ုပ်နှင့် ကျော်မြင့်တို့ တောကောင်သေများအား ကြည့်ကြသည်။ ကျားသစ်နက်ကြီးမှာ (၆)တောင်ခန့်ရှိပြီး အထီးကြီးဖြစ်သည်။ ဝက်ဝံကြီးမှာလည်း ပိဿာ (၇၀)ခန့်ရှိ၍ အထီးကြီးပင်ဖြစ်သည်။ ချေမှာ အချိန်(၁၅)ခန့်ရှိ အထီးပင်ဖြစ်သည်။ တိုက်ဆိုင်လွန်းစွာ တစ်နေရာတည်းသေဆုံးကြပြီး အထီးများချည်း ဖြစ်နေခြင်းက ထူးဆန်းလှသည်။

နာရီဝက်ကျော်ကြာတော့ မုဆိုးတင်မောင်နှင့်အဖွဲ့ တောသံပေး၍ တက်လာကြသည်။

"ဝူး ...ဝူး ...ဝူး"

မကြာမီ မုဆိုးတင်မောင်နှင့် ရဲဘက် (၆)ဦး တောင်ကြောပေါ် ရောက်လာကြသည်။ စခန်းမှ မိညိုဟူသော ခွေးမတစ်ကောင်လည်း ပါလာသည်။

"ဆရာ၊ ထောင်ပိုင်ကြီးက ပြောလိုက်တယ်။ ဝက်ဝံသည်းခြေနဲ့ ကျားအားကို သူလိုချင်နေတာနဲ့ အတော်ပဲတဲ့"

"အေးပေါ့ကွာ၊ အသက်စွန့်ပြီးပစ်တာ ငါတို့၊ အဖိုးတန်တဲ့ ပစ္စည်းကျတော့ သူတို့လိုချင်ကြတာ ဟန်တော့မကျဘူးကွာ"

"ဟာ ... ဆရာကလည်း ကိုယ့်ဆရာပဲ ပေးလိုက်စမ်းပါ ဗျာ"

"ဒါနဲ့ မင်းက ခွေးဘာလို့ ခေါ်လာတာလဲ"

"လိပ်ရှာဖို့လေ ဆရာရဲ့။ မိညိုက လိပ်ရှာတာ အင်မတန် တော်တယ်"

"လိပ်ရှာတာများကွာ။ ရိုးမပေါ်ထက်စရာ မလိုဘူးထင်တယ်။ တောင်ခြေရင်းက ချောင်းတွေ၊ မြောင်းတွေထဲတင် ရှာရင်ရမှာပါ"

"ဒီက လိပ်တွေက ချောင်းကြို၊ မြောင်းကြားထဲမှာ ရှာလို့ မလွယ်ဘူး ဆရာရေ။ ကုန်းလိပ်တွေဖြစ်လို့ တောင်ပေါ်တက်ရှာမှပေါ တာ ဆရာရဲ့။ ဆောက်လိပ်တို့၊ စင်းချောလိပ်တို့ပေါ့ ဆရာရယ်။ တစ် ကောင်ကို တစ်ပိဿာကျော်ကျော်ရှိတယ်။ အလွန်စားကောင်းတယ်။ မိညိုရှာပေးရင် မနိုင်အောင်ရတတ်ပါတယ်"

"ဟုတ်ရဲ့လားကွာ။ အမဲလိုက်ခွေးက လိပ်ရှာပေးတယ်လို့ ငါ တော့မကြားဖူးပါဘူး။ ဖွတ်၊ ပုတတ်၊ ယုန်ရှာပေးတယ်ဆိုရင်တော့ ဟုတ် သေးရဲ့ကွာ"

"အဟုတ်ပါဆရာ။ မယုံရင်လိုက်ခဲ့ပါ။ မိညိုအစွမ်းကို သိရ အောင်လေ"

ကျော်မြင့်နှင့် ရဲဘက် (၆)ဦး တောကောင်များထမ်းပြီး ပြန် သွားတော့ ကျွန်ုပ်နှင့် မုဆိုးတင်မောင်တို့ မိညိုဟူသော ခွေးမကလေး ကိုဦးဆောင်ကာ တောင်ကြောပေါ်သို့ လျှောက်ခဲ့ကြသည်။ မကြာပါ။ ရှေ့ပေ (၁၀၀)ခန့်မှာ မိညိုဟောင်သံကို ကြားရသည်။ သစ်ကိုင်းချိုး





ရိုက်သံ၊ မိညိုဟောင်သံ တဝုတ်ဝုတ်အပြင် မျောက်အော်သံများကိုလည်း ကြားရသည်။ မျောက်အုပ်ကြီးမှာ မိညိုအား မကြောက်သဖြင့် မပြေး သော်လည်း ရုတ်တရက် ထွက်ပေါ်လာသော ကျွန်ုပ်တို့အား တွေ့သည် နှင့်တောတိုးကာ တဝုန်းဝုန်းပြေးကြတော့သည်။

ကျွန်ုပ် မျောက်များ၏ အထာကိုသိသဖြင့် ခေတ္တစောင့်နေ လိုက်သည်။ အလျင်ဦးဆုံးပြေးသော မျောက်ခေါင်းဆောင်မှာ အကြီး ဆုံးဖြစ်သည်။ သူက အလျင်ဦးဆုံးပြေးသော်လည်း ဝေးဝေးမပြေးတတ်၊ မျောက်အုပ်ကြီးကျော်သွားမှ သူကပုန်းအောင်းနေသော သစ်ပင်မှချောင်း ကြည့်တတ်သည်။ ထိုအချက်ကိုသိသော ကျွန်ုပ်က မျောက်ကြီးသစ်ပင် ခွကြားမှ ချောင်းကြည့်သည်နှင့် အသင့်ချိန်ပြီး ပစ်ချလိုက်တော့သည်။

"ဒိုင်း ... အူး ... အုန်း"

ချုံတောထဲပြုတ်ကျသွားသော မျောက်ကြီးအား မိညိုက ပြေး သွားပြီး မနိုင်မနင်းဆွဲလာသည်။

"ဟာ ... မိညိုက တယ်ဟုတ်ပါလားကွ။ အားကိုးရသားပဲ"

"ဆရာ ... ဒါအသေးအဖွဲ့ပါ။ မိညိုမှာ ဒါထက် တော်တာ တွေရှိသေးတယ်။ စောင့်ကြည့်ပါဦး"

မျောက်သေကောင်အား မုဆိုးတင်မောင်က အမြီးနှင့်လက်ကို တွဲ၍ချည်ပြီး ထမ်းပိုးလာသည်။ မိညိုကတော့ ရှေ့က ပြေးပြန်သည်။ မကြာမီ တောင်ကြောတစ်ခုပေါ်သို့ ရောက်လာသည်။ အင်ပင်ကလေး များပေါက်နေသည်။ အင်ရွက်ကြီးများက မြေပေါ်ကြွေကျ၍ မြေပြင် အား ဖုံးလွှမ်းနေသည်။ မိညိုက အင်ရွက်ကြီးတစ်ရွက်အား လက်ဖြင့် ယက်ပြီး နှုတ်သီးဖြင့်ထိုးနေသည်။ ပြီးနောက် 'ဝုတ် ... ဝုတ်"ဟု ဟောင်၍ 'အီ ... အီ ... အီ'ဟု သံရှည်ဆွဲ၍ အော်နေပြန်သည်။

"ဆရာရေ ... မိညိုတော့ လိပ်တွေ့လို့ အချက်ပေးနေတာ ဗျို့"

"ဘယ်လို အချက်ပေးတာလဲကွ"

"မိညိုက သားကောင်တွေ့ရင် တဝုတ်ဝုတ် ဟောင်တယ်။ သူဖမ်းမိပြီဆိုရင်တော့ တအီအီအော်ပြီး သခင်ကိုခေါ်တော့တာပဲ ဆရာရေ"

ဟုတ်ပါသည်။ ကျွန်ုပ်နှင့် မုဆိုးတင်မောင်တို့ မိညိုထံအရောက်တွင် ဆောက်လိပ်တစ်ကောင်အား နှုတ်သီးဖြင့်ထိုး၍ ပက်လက်လှန်ထိုးပြီး မိညိုက 'အီ'သံပေးနေသည်။ မုဆိုးတင်မောင်က ဆောက်လိပ်အား အသင့်ပါလာသည့် လွယ်အိတ်အတွင်း ကောက်ထည့်လိုက်တော့မှ မိညိုက ရှေ့သို့ဆက်ပြေးပြန်သည်။ သည်လိုနှင့် တောင်ကြောပေါ်တွင် ဆောက်လိပ် (၆)ကောင်ရရှိရာ ကျွန်ုပ်တို့ ဆရာတပည့် မနိုင်မနင်း သယ်ဆောင်လာခဲ့ကြတော့သည်။ မိညို၏အစွမ်းဖြင့် ဆက်လက်၍ ရှာဖွေလျှင် ရိုးမကြောပေါ်မှ ဆောက်လိပ်များ မျိုးတုံးကုန်လောက်ပါသည်။ မြေကျင်းအောင်းသောလိပ်၊ သစ်ရွက်ဆွေးများအောက်၌ ပုန်းအောင်းနေသော လိပ်မှန်သမျှ ခွေးမလေးမိညို အနံ့ခံမိလျှင် လွတ်ရိုးထုံးစံမရှိပါ။ အလွန်ရှားပါးလွန်းသော အမဲ့ုက်လိပ်ရှာခွေး ဖြစ်သည်။

စခန်းသို့ရောက်လျှင် ထောင်မှူးဦးမြင့်ဦးက မျောက်ဦးနှောက်ကြော်၊ ချေကလီစာဟင်း၊ ကျားသားနှင့် ဝက်ဝံသားတို့အား ချက်ပြုတ်၍ အမြည်းလုပ်ပေးပြီး မုဆိုးတင်မောင်က မျောက်ချေးခါးဟင်းနှင့် လိပ်သားဟင်း ချက်ပြုတ်ပေးသည်။ မျောက်ဦးနှောက်ကြော်နှင့် လိပ်အသည်းမှာ ဆိမ့်လှသည်။ ကျားသားက ညှီသည်။ ဝက်ဝံသားကတော့ ကျွဲသားလို အမျှင်ကြီးကြီးနှင့်မည်းမည်း။ စားဖူးသည်ရှိအောင် စားကြ





သော်လည်း မရဲပါ။

ထောင်ပိုင် ဦးယဉ်မောင်က မဲခေါင်အရက်ထဲတွင် 'ကျားအား' ထည့်၍ တိုက်သည်။ 'ကျားအား'ဆိုသည်က မုန့်လက်ကောက်ကွင်းလို မြူဝါဝါအကြောထုံးကြီး ဖြစ်သည်။

"ဦးသိန်းဝင်း၊ ခင်ဗျားကတော့ မုဆိုးဇာတာပါတယ် ထင်ပါရဲ့၊ တစ်နေ့ရာတည်းမှာ တောကောင် (၃)ကောင်ကို အပိုင်ပစ်နိုင်တယ်။ တော်ရုံဆိုမရနိုင်ဘူး။ ဝံတို့၊ ကျားသစ်နက်တို့ဆိုတာ အလွန်အန္တရာယ်များတာ။ တစ်ချက်တည်းနဲ့လည်း မသေနိုင်ဘူး။ အလွန်အသက်ပြင်းပြီး မာန်ကြီးတဲ့အကောင်တွေ"

"ကံကောင်းလို့ရတာပါ ထောင်ပိုင်ကြီး။ ဒီကောင်တွေ တစ်နေ့ရာတည်း သေနေ့စေ့လို့ပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ။ ခင်ဗျားအတွေ့အကြုံအရ ကျွမ်းကျင်မှုလည်း ပါလို့ရတာပါ။ ကျွန်တော်ပြောချင်တာက ကျားအားနဲ့ ဝက်ဝံသည်းခြေပဲ။ ဆေးဘက်အသုံး အလွန်တန်ဖိုးကြီးတယ်။ ဝက်ဝံသည်းခြေစစ်စစ်က အလွန်ရှားပါးတယ်။ ခရမ်းသီးအပုနဲ့ အလွန်တူတယ်။ သည်းခြေကို အုပ်ထားတဲ့ အညှာတောင်ပါသေးတယ်။ ချောင်းဆိုးပန်းနာ ဒီဠပျောက်တယ်၊ လေဖြတ်တဲ့ရောဂါကို နိုင်တယ်။ ယောကျ်ား တွေအသက် ပန်းသေ၊ ပန်းညှိုးရောဂါ ပျောက်ကင်းတယ်။ ကျားအားကတော့ ယောကျ်ားခွန်အားအတွက် အားတိုးဆေးပါ။ အရက်ပုလင်းထဲမှာစိမ်ပြီး သောက်ရုံပါပဲ"

"ဆရာ 'ကျားအား'ဆိုတာက ဘယ်နေရာက ရတာလဲ"

"အဲဒါကို မုဆိုးတိုင်း မသိကြဘူးဗျ။ ကျွန်တော့်ကိုတော့ မုဆိုးတင်မောင် ပြောထားလို့သိတာ။ ကျားတစ်ကောင်မှာ 'ကျားအား'ဆို

တာက တစ်ခုပဲရှိတယ်။ ရှေ့လက်နှစ်ချောင်းနဲ့ရင်ဘတ်မှာ ချိန်သီးလို ရွှေ့လျားပြီးနေတာ။ ကျားရဲ့ရှေ့လက်နှစ်ချောင်း အနိမ့်အမြင့်၊ အလှုပ် အရှားမှာ လိုအပ်သလို နေရာရွှေ့လျားပြီး ဇဟိုချက်အားကို တွန်းကန် တင်ပေးတာ။ ဒါကြောင့် ကျားတွေဟာ နွားမတမ်းတို့ကို ကိုက်ချီပြီး ခြံစည်းရိုးကို ခုန်နိုင်တယ်ဆိုတာ ကြားဖူးမှာပေါ့။ အဲဒါ မုန့်လက်ကောက် လို အကွင်းကြီးဖြစ်နေတဲ့ ကျားအားရဲ့ သတ္တိပေါ့''

''ဟုတ်ကဲ့ဆရာ။ ဆရာရှင်းပြလို့ သိရတာ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ သစ်နက်ရေဆိုတာကလည်း ထူးခြားတယ်လို့ ကျွန်တော်ကြား ဖူးတယ်။ သူတော်စဉ်တွေ သစ်နက်ရေကိုခင်းထိုင်ပြီး တရားအားထုတ်ရင် အနှောင့်အယှက် အဖျက်အဆီးကင်းဝေးပြီး တရားထူးတရားမြတ်ရ နိုင်တယ်လို့ သိရဖူးတယ်ဆရာ''

''ဒါလည်း ဟုတ်မှာပါ။ ကျွန်တော်လည်း ကြားဖူးပါတယ်။ လက်တွေ့တော့ မကြုံဖူးသေးဘူး။ သတ္တဝါတွေမှာ အစွမ်းအစတော့ အကုန်ရှိကြတာပဲ။ ဥပမာ ဝက်မာန်စွယ်၊ ဆင်မာန်စွယ်၊ စပါးကြီးနဲ့ ဝက်ဝံသည်းခြေ စသည်တို့ပေါ့လေ''

❑

တစ်နေ့တွင် ကျွန်ုပ်နှင့် ထောင်ပိုင်ဦးယဉ်မောင်တို့ ဘဏ်ကိစ္စ နှင့် ရိက္ခာဝယ်ယူရန်အတွက် ကော့သောင်းမြို့သို့ ဆင်းကြသည်။ (၇)မိုင် ဆိုင်တွင် နေ့လယ်စာ စားစားကြသည်။ ဘဏ်ကိစ္စရှင်းလင်းပြီး နောက် ကျွန်ုပ်တို့ ရိက္ခာအတွက် အသားရှာကြသည်။ ဝန်ထမ်းများ သားရိက္ခာအတွက် ငါးသေတ္တာချည်းစားနေရ၍ ငြီးသောကြောင့် ဘဲဥ လည်း ထပ်နေပြီ။ တတ်လုံးဟင်းဟုပင် ပြောင်ခေါ်ကြသည်။ ကျွန်ုပ် မဲလိုက်၍ရသောနေ့များတွင်တော့ ဝန်ထမ်းနှင့်ရဲဘက်များ အူစိုကြ သည်။ ကျွန်ုပ်တွင်လည်း ရုံးကိစ္စတစ်ဖက်နှင့်မို့ နေ့တိုင်းလည်း အမဲ လိုက်နိုင်ပါ။ နေ့တိုင်းအမဲလည်သော မုဆိုးတင်မောင်ကလည်း ကြွက် လောက်သာ ရရှိသည်။ အရာရှိဖို့အတွက်တော့ အလျှင်မီပါသည်။

တော်ပါသေးသည်။ ယနေ့ ကော့သောင်းဈေးထဲတွင် အိမ်ဝက်သားရောင်းသူတစ်ဦးနှင့် တွေ့ရသည်။ ကျွန်ုပ်တို့ (၅)ပိဿာ ဝယ်လိုက်သည်။ ပြီးနောက် ဦးကျော်ဆိုင်တွင် အပန်းဖြေဘီယာဝင်သောက်ကြသည်။ ညနေလည်းစောင်းပေပြီ။

**ဦးကျော်** ။ "ဆရာတို့ ဝက်သားထုပ်ကြီးနဲ့ ဆိုင်ကယ်တစ်စီးတည်း နှစ်ယောက်စီးပြီး တောလမ်းထဲသွားရမှာ အဆင်ပြေပါ့မလား"

**ကျွန်ုပ်** ။ "ဦးကျော်ရေ ထောင်ပိုင်ကြီးဆိုင်ကယ်က Honda - 125 ဆွဲအားကောင်းပါတယ်။ မီးလည်းကောင်းပါတယ်။ ပူစရာမလိုပါဘူး"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော်ဆိုချင်တာက ဝက်သားစိမ်းထုပ်ကြီးပါနေလို့ပြောတာ။ တောလမ်းခရီး ညဘက်ကြီး"

**ဦးယဉ်မောင်**။ "ကျွန်တော့်မှာ ခြောက်လုံးပြူးလေးတစ်လက် ပါပါသေးတယ် ဦးကျော်ရာ။ ဒီလမ်းနဲ့ဒီခရီး သွားနေကျပဲ။ နှစ်ယောက်တောင်ပါတာပဲ။ ကိစ္စမရှိပါဘူး"

**ဦးကျော်** ။ "ဆရာတို့နေတာက တောတဲမှာ ပသျှူးနယ်မြေ သူတို့က ဘာသာခြားတွေ၊ အစောင့်ကအစ ဝက်သားကို မကြိုက်ဘူးလေ။ အဲဒါကြောင့် လူတို့မမြင်ရတဲ့ သရဲတစ္ဆေတွေက အနှောင့်အယှက်ပေးမှာကို ပြောတာပါဆရာတို့ရယ်"

ဦးကျော်က တဲ့ပြောသည်။ ကျွန်ုပ်တို့ကလည်း နားမလည်၍ မဟုတ်။ ထိုစကားသို့ မရောက်စေရန် လှည့်ပတ်ပြောနေခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ ဦးကျော်ဆိုင်ကထွက်လာတော့ ညနေ(၅)နာရီ ကျော်ပြီး တောရိပ်၊ တောင်ရိပ်ကြောင့် မှောင်စပြုသလိုပင်။ ကောင်းကင်တွင် တိမ်များကဖုံးနေသည်။ မကြာခင် မိုးရွာနိုင်သည်။ Honda ဆိုင်ကယ်အား ဦးယဉ်မောင်က မောင်းနှင်ပြီး ဝက်သားထုပ်ကြီးအား အလယ်





တွင်ထား၍ ကျွန်ုပ်က နောက်အစွန်ကစီးသည်။ မြို့စွန်ထွက်၍ သုံးထပ်ကွေ့အားလွန်ပြီးနောက် ...

"ဆိုင်ကယ်က လေးလာတယ် ကိုသိန်းဝင်းရေ။ ဘီးလေများနည်းသလားမသိဘူး"

"ရှေ့မှာခဏရပ်လေဆရာ။ စစ်ဆေးကြည့်ကြတာပေါ့"

ကျွန်ုပ်တို့ ဆိုင်ကယ်အားရပ်ပြီး အသေးစိတ်စစ်ဆေးသည်။ ဘီးလည်း လေမလျော့ပါ။ စက်လည်းကောင်းသည်။ ကျွန်ုပ်တို့ ပြန်ထွက်ခဲ့ကြသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ ကိုသိန်းဝင်းရေ။ သတိထားဗျို့"

ကျွန်ုပ်တို့ဆိုင်ဆယ် အကျဉ်းဦးစီးဌာန ယာယီဧည့်ရိပ်သာအနီး အရောက်တွင် ဖြည်းဖြည်းမှန်မှန်စီးလာသော ဆိုင်ကယ်မှာစလစ်ဖြစ်၍ လဲသည်။ ကျွန်ုပ်က ဝက်သားထုပ်ကြီးနှင့်အတူ ဘေးထွက်ကျသည်။ ဆရာဦးယဉ်မောင်က ဆိုင်ကယ်နှင့်အတူလဲသဖြင့် အိပ်ဇောအလောင်ခံရသည်။ ဆိုင်ကယ်မှာ အင်ဂျင်ထိသွားဟန်ဖြင့် စက်ပြန်နိုး၍မရတော့ပါ။ ခက်ချေပါပြီ။ ခရီးက (၁၀)မိုင်ကျော် တောလမ်းခရီးကျန်နေသေးသည်။

ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ လူများဝိုင်းလာ၍ ကြည့်ကြရာမှ ကျွန်တော်တို့နေကြသည့် ချန်းဖန်းလမ်းကို ပြေးဆွဲနေသောကားဆရာနှင့် စပယ်တို့ရောက်ရှိလာကြပြီး ...

"ဟာ ... ဆရာထောင်ပိုင်ကြီးတို့ပါလား။ အတော်ပါပဲ။ ကျွန်တော်တို့လည်း ကားပျက်နေလို့ပြင်နေတာ။ ချန်းဖန်းကို လိုက်ခဲ့ကြပါ။ အဆင်ပြေပါတယ်"

"ကျေးဇူးပဲ ကိုအာမက်ရေ။ ဆိုင်ကယ်ကလည်းလဲပြီး အင်ဂျင်ပါ ပျက်သွားဟန်တူတယ်။ အတော်ပါပဲဗျာ"

ကျွန်ုပ်တို့ ဆိုင်ကယ်ကြီးအား ကားပေါ်သို့တင်ကြသည်။ ထိုစဉ် ကိုအာမက်က ...

"ဆရာ ... ဒါက ဘာအထုပ်ကြီးလဲ"

"ငါးတွေပါဗျာ။ ကော့သောင်းဆိပ်ကမ်းက စက်လှေက စားဖို့ ပေးလိုက်တာ"

ကျွန်ုပ်ပင် ကားဆရာတို့ မတို့ထိခင် ကားနောက်ခန်းခုံအောက် သို့ ကောက်တင်လိုက်ရသည်။ ကားကြီးထွက်လာတော့လည်း ကျွန်ုပ် တို့မှာ မလွတ်လပ်။ တောင်ဆင်းတောင်တက်များတွင် ဆိုင်ကယ်ကြီး အားထိန်းကိုင်နေရသည်။ ခုံအောက်တွင် မြွေရေခွံအိတ်နှင့်ထည့်ထား သော ဝက်သားထုပ်ကြီးကလည်း ထွက်ထွက်လာသဖြင့် ခြေထောက်နှင့် ကန်ကန်သွင်းရသေးသည်။ (၇)မိုင် မရိဆိုင်ကိုကျော်ပြီး လေယာဉ်ကွင်း အနီးရောက်တော့ ကားမှာပျက်ပြန်သည်။ ကားဆရာနှင့်စပယ်ယာ မီးထွန်း၍ ပြင်ကြသည်။ လီဘာကြိုးပြတ်၍ဟုဆိုသည်။ (၁၅)မိနစ်ခန့် ကြာတော့ ဆက်ထွက်ခဲ့ကြပြန်သည်။ (၁၀)မိုင်ရွာအရောက် ကျွန်ုပ်တို့ စခန်းဘက် တောလမ်းအတွင်း ချိုးအဝင်တွင် ကားပျက်ပြန်သည်။ ကာဘရိုက်တာဟုသိရသည်။ တစ်နာရီခန့်ကြာအောင် ပြင်ရသည်။ ကား မှာ စက်နိုးလိုက်၊ ပြန်ရပ်လိုက်ဖြစ်နေသည်။ (၁၀)မိုင်ရွာမှ ကားဆရာ အား သွားခေါ်၍ပြင်မှ ပြန်ကောင်းသည်။ ည(၉)နာရီခန့်လည်း ရှိပေ ပြီ။ ယခုမှ ကျွန်ုပ်တို့ ဆာလောင်မှန်းသိပါသည်။ တောရွာထုံးစံအတိုင်း ရွာများဆိုင်များ ပိတ်ကုန်ကြလေပြီ။ သောက်ရေပင် မရနိုင်တော့ပါ။ ထိုစဉ် ဦးယဉ်မောင်က သူလွယ်လာသည့် သေနတ်အိတ်ကလေးထဲမှ ပုလင်းပြားလေးနှင့် တစ်စုံတစ်ရာကို နှိုက်ထုတ်နေသည်။

"ကိုသိန်းဝင်းရေ ... ရော့ဗျို့။ ကျုပ်လိုရမည်ရဆောင်ထား





တဲ့ ပုလင်းပြားလေးထဲမှာ မဲခေါင်အရက်နဲ့ ဆော်ဒါရောထားတာ။ ဒါ ကတော့ အိမ်ကကလေးအတွက် ဝယ်လာတဲ့ ချောကလက်၊ အဆာပြေ ေးကြသောက်ကြတာပေါ့"

"ဆရာ အရင်သောက်ပါဆရာ"

ကျွန်ုပ်တို့ ချောကလက်ကိုမြည်း၍ အရက်သောက်ကြသည်။ BEER နှင့် CHEESE ကိုမြည်းသလိုပင်။ ဆာလောင်နေသော ဝမ်းဗိုက် ဘာဂ် အဆင်ပြေသွားပါသည်။ ရေတံခွန်ချောက်ကိုဖြတ်၊ ကွက်တော ကိုင်းတောကိုကျော်ပြီးနောက် ပါဆည်ပါညန်းရွာကြီးကို ရောက်သည်။ ကျွန်ုပ်တို့စခန်းအစ ဆီအုန်းခင်းကိုကျော်ပြီးနောက် အင်မဒိုင်းရွာကျော် [illegible] စခန်းသို့ရောက်သည်။ စခန်းကိုရောက်တော့ ည(၁၁)နာရီထိုးချေ ပြီ။ ရုံးအဖွဲ့မှာ မအိပ်သေးဘဲ ကျွန်ုပ်တို့အား စောင့်နေသဖြင့် ဆိုင်ကယ် ပျက်ကြီးအား ကားပေါ်မှချ၊ ဝက်သားထုပ်ကြီးအား ဝန်ထမ်းဖိုသို့အပ်ရ သည်။

ကျွန်ုပ်တို့လည်း ညစာအား အလောသုံးဆယ် စားရတော့ သည်။ တော်ပါသေးသည်။ ယနေ့ညနေ မုဆိုးတင်မောင် ရစ်ကြက်တစ် ကောင်ရထားသဖြင့် ဟင်းကကောင်းသည်။ ဇရစ်ရိုးကြော်နှင့် ပဲဟင်း သည်းပါသေးသည်။ ဝက်သားထုပ်နှင့် တောလမ်းခရီး ညဘက်ကြီး ခတ်မတည့်သည်ကိုတော့ ကျွန်ုပ်တို့ ပြော၍မဆုံးတော့။ ထောင်ပိုင် ကတော်ကတော့ မလုပ်ကောင်းတာလုပ်သည်ဟုဆိုကာ ထောင်ပိုင်ကြီး အား တဖွဖွဆူနေသည်။ အရာရှိများ ရာထူးကြီးလေ မိန်းမကြောက်လေ ဆိုသည်မှာ မှန်ကန်မည်ဟု ကျွန်ုပ်ယူဆမိပါတော့သည်။

## အခန်း (၂)

❑

နောက်တစ်နေ့မနက်တွင် အောက်ချိုင့်ခြိဆေးရုံသို့ လူနာ သွားပို့၍ ကျွန်ုပ်လည်းမရောက်ဖူးသေး၍ တွတ်ကြီးထွန်စက်ကြီးဖြင့် လိုက်သွားသည်။ ဆီအုန်းခြံအတွင်းလမ်းမှသွားခြင်း ဖြစ်သည်။ ပါဆည် ပါညန်းဆီအုန်းခြံအဆုံး ဘန်နွားရွာဖွက်တောမရောက်မီ ညာဘက် အတွင်းလမ်းထဲသို့ ချိုးဝင်ရသည်။ ပါဆည်ပါညန်းစခန်းနှင့် အောက်ချိုင့် ဆီအုန်းခြံနယ်နိမိတ် ဖြစ်သည်။ တစ်မိုင်ခန့်အတွင်းဝင်မှ ချောင်းကလေး တစ်ခုသို့ ရောက်သည်။ ချောင်းကျော်မှ သချိုင်းကုန်းအစပ်သို့ ရောက် သည်။ ယခင် ရွာသချိုင်းအဟောင်းအား ယခုစခန်းသချိုင်းအဖြစ် ဆက် လက်အသုံးပြုနေရကြောင်း ထွန်စက်ဆရာတွတ်ကြီးက ပြောသည်။





မှတ်တိုင်ကလေးများနှင့် မြေပုံမို့မို့ကလေးများသာ ရှိသည်။ အုတ်ဂူ ဟူ၍ မရှိပါ။ လမ်းဘေးဝဲယာတွင် သချိုင်းနေရာဖြစ်သည်။ သချိုင်း အနီးရှိ ဆီအုန်းပင်ကြီးများမှာ အလွန်သန်မာထွားကျိုင်းသည်။ (၃)နှစ် သားခန့်ပင် ရှိသေးသော်လည်း ဆီသီးများဝေဆာစွာ သီးပွင့်နေသည်။ ဆီအုန်းပင်များမှာ တစ်ပင်တည်း၌ပင် အဖို့အမ လိင်စုံပင်ဖြစ်သည်။ ညပိုင်း လူအသွားအလာမရှိသဖြင့် ဆီသီးခိုင်များအား တောဝက်များ စားထားသည်ကိုလည်း တွေ့ရသည်။

သချိုင်းကုန်းကိုကျော်တော့ တောင်ကုန်းတစ်ခုကို တက်ရ သည်။ တောင်ကုန်းကိုကျော်မှ ကုန်းမြင့်တစ်ခုပေါ်၌ဆောက်ထားသော အောက်ချိုင့်ခြိဆေးရုံကို လှမ်းမြင်ရသည်။ ဆရာဝန်က ဒေါက်တာ ညီညီ။

ကျွန်ုပ်တို့ထွန်စက်ကြီးရောက်သည်နှင့် စခန်းဆေးရုံမှုရဲဖက် များ လူနာအား လာရောက်သယ်ဆောင်ကြသည်။ မကြာမီကုန်းပေါ်မှ ဆေးမှူးဝင်းနိုင်နှင့် ဆရာဝန် ဦးညီညီတို့ ဆင်းလာသည်။

"လူနာက အရေးကြီးသလား ဦးသိန်းဝင်း။ ဘာရောဂါလဲ"

"ငှက်ဖျားရောဂါပါပဲဆရာ။ ကျွန်တော်တို့စခန်းမှာရှိတဲ့ ဆေး နဲ့တော့ ကုထားတာမသက်သာလို့ပါ"

"အေးဗျာ ••• ဒီဒေသက ငှက်ကလည်း ကမ္ဘာပေါ်မှာ အဆိုး ဆုံး G နဲ့ F.Type ဗျ။ QUININE နဲ့ DRIP ချိတ်မယ်။ မသက်သာရင် တော့ ကော့သောင်းဆေးရုံကြီးကို ပို့ရတော့မှာပဲ"

ဆရာဝန်က လူနာအား မျက်စိဖြဲကြည့် ရင်ဘတ်ကိုနားကြပ် ဖြင့် ဝမ်းဗိုက်အားခေါက်ကြည့်ပြီး အရေးပေါ်ပြုစုရန် ဆေးမှူးဝင်းနိုင် အား တာဝန်လွှဲပေးသည်။

"ဦးသိန်းဝင်းတို့ နေ့လယ်စာ စားသွားကြမလား။ ဒီမှာ တော ဝက်သားရထားလို့ ကျွန်တော်တို့ချက်နေတာ"

"နေပါစေ ဆရာရယ်။ ကျွန်တော်တို့စခန်းမှာလည်း မကြာခဏ စားရပါတယ်။ ကျွန်တော်စခန်းဘက် သွားလည်လိုက်ဦးမယ်။ အောက်ချိုင့်စခန်းမှာ ကရာတေးမောင်မောင်တင်နဲ့ အာဂျွန်တို့ရှိတယ် မဟုတ်လား"

"ရှိပါ့ဗျာ။ အဲဒီလူတွေက ဒီလို တနင်္ဂနွေပိတ်ရက်မျိုးဆိုရင် တစ်နေကုန် SCRABBLE ကစားနေကြတာ။ ကျွန်တော့်ကိုတောင် ဖိတ်ထားသေးတယ်"

"အဲဒါဆိုရင် ဆရာလည်းလာခဲ့ပေါ့ဗျာ။ ကျွန်တော်လည်း အဲဒီစခန်းမရောက်ဘူးလို့ သွားလည်ရင်း နေ့လယ်စာစားမလားလို့"

"ကောင်းဗျာ။ ဒီလူနာကိစ္စပြီးတာနဲ့ ကျွန်တော်လာခဲ့မယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ စောင့်နေမယ်"

ကျွန်ုပ် တွတ်ကြီးတို့ ထွန်စက်ကြီးအား ပါဆည်ပါညန်းစခန်း ပြန်ရန် ပြန်လှွတ်လိုက်စဉ် တွတ်ကြီးက ...

"ဆရာ အပြန်ကို အတွင်းလမ်းက ပြန်မှာမဟုတ်လား"

"အေးလေ ... ငါမှ အပြင်လမ်းမသိတာ"

"သချိုင်းကုန်းကို တစ်ယောက်တည်းဖြတ်ပြန်ရမှာနော်။ အဲဒီ သချိုင်းကုန်းက တအားနာမည်ကြီးတာ ဆရာ"

"ဘယ်လိုနာမည်ကြီးတာလဲ"

"သရဲအလွန်ခြောက်သတဲ့။ တစ်ယောက်တည်းဆို ညနေစောင်းတာနဲ့ ထွက်ထွက်လိုက်သတဲ့"

"တော်စမ်းပါကွာ။ ထွက်လိုက်တော့လည်း အဖော်ရတာပေါ့။





ပြေးရရင်လည်း စခန်းကို မြန်မြန်ရောက်တာပေါ့"

"ဆရာ အပြောမကြီးနဲ့နော်။ ကျွန်တော် အတည်ပြောနေတာပါ"

"ထားစမ်းပါတွတ်ကြီးရာ။ မင်းဆရာက မှဆိုးပါ။ တောကောင်တောင်မကြောက်တာ သရဲလောက်တော့ အပျော့ပေါ့ကွာ"

"အခု ဆရာမှာ ဘာလက်နက်ပါလို့လဲ"

"ဘာလက်နက်မျှ မပါဘူး"

ကျွန်ုပ် စခန်းရုံးဘက် ကူးခဲ့သည်။ စခန်းမှာ ယာယီစခန်းသာဖြစ်သည်။ ပါဆည်ပါညန်းစခန်းလို တောင့်တင်းခိုင်မာခြင်း မရှိ။ တဲစခန်းအဆင့်သာဖြစ်သည်။ ကုန်းမြင့်ဆင်ခြေလျှောပေါ်တွင် တည်ဆောက်ထားပြီး စခန်းအနောက်ဘက်တွင် တနင်္သာရီရိုးမတောင်တန်းကြီးက ကာဆီးထားသဖြင့် အလွန်သာယာပါသည်။

စခန်းရုံးတဲထဲရောက်တော့ ထောင်မှူးအာဂျွန်နှင့် ကရာတေးမောင်မောင်တင်တို့က နှစ်ဦးတည်း SCRABBLE ကစားနေကြသည်။ ကျွန်ုပ်ကိုမြင်သည်နှင့် ...

"ဟာ ... လာဆရာ အတော်ပဲ။ ကျွန်တော်တို့ ဘဲငန်းကြေးကစားနေကြတာ။ နိုင်နိုင်ရှုံးရှုံး စားရမှာပဲ။ ပုလင်းကတော့ အသင့်ရှိတယ်"

"ဘဲငန်းက ဘယ်သူ့ပစ္စည်းလဲ"

"ထောင်ပိုင် ဦးကိုကိုလတ်ဘဲငန်း။ ရှုံးတဲ့လူက သတ်ကျွေးရမှာ"

"ဟ ... ကိုယ့်လူတို့ရဲ့၊ ထောင်ပိုင်နဲ့ ပြဿနာ ဖြစ်မှာပေါ့။ ကိုယ်လည်း အမှုတွဲဖြစ်ဦးမယ်"

"ဆရာ အသာနေပါ။ ကျွန်တော်တို့ဘာသာ လုပ်တဲ့ကိစ္စပါ။ ဘာပြဿနာမျှ မပေါ်နိုင်ပါဘူး"

မကြာမီ သူတို့ပွဲပြီးသည်။ ထောင်မှူးအာဠွန် ရှုံးသည်။ သို့သော် အနီးတွင်ရှိသည့် ဘဲငန်းအုပ်ထဲမှ ဘဲငန်းတစ်ကောင်အား ကရာဝေးမောင်မောင်တင်က သူ၏လက်စွဲတော် ကရာဝေးတုတ်ဖြင့် လှမ်းပစ်လိုက်ပြီး ထောင်မှူးအာဠွန်အား အပ်သည်။

"ကဲ ... ကိုအာဠွန် ခင်ဗျားတာဝန်ပဲ။ အမြန်ဆုံးမြည်းလို့ရအောင် ချက်ပေးတော့"

ထောင်မှူး အာဠွန်ကလည်း ရဲဘက်ဗိုလ်ခေါင်းကိုခေါ်ပြီး အပ်လိုက်တော့သည်။ ထိုအချိန်တွင် ဆရာဝန် ဦးညီညီရောက်လာသည်။

"ကဲ ... ဝိုင်းစ,မယ်ဗျို့၊ လေးယောက်စုံပြီ"

ကျွန်ုပ်တို့ SCRABBLE လေးယောက် ဝိုင်းစကြသည်။ ဝိုင်းမပြီးခင်၌ပင် ဘဲသားဟင်းနှင့် တောဝက်သားဟင်း အမြည်းများရောက်လာသည်။ ဆရာဝန် ဦးညီညီ၏အစီအစဉ်ဖြင့် ဆေးရုံမှ တောဝက်သားနှင့် ဟင်းသီးဟင်းရွက်ကြော်များလည်း ရောက်လာသည်။ ကျွန်ုပ်တို့စားကြသောက်ကြရင်း ကစားကြသည်။ ဘဲငန်းတစ်ကောင်လုံးချက်ထား၍ အမြည်းမှာ အလျှံပယ်၊ ထမင်းပင်မစားကြတော့။ စားသောက်ပြီးပွဲပြီးတော့ ညနေပင်စောင်းချေပြီ။

ကျွန်ုပ်နှင့် ဆရာဝန်ဦးညီညီတို့ ပြန်ခဲ့ကြသည်။ စခန်းဆေးရုံ၌ ဦးညီညီကျန်ခဲ့ပြီး ကျွန်ုပ်တစ်ဦးတည်း သချိုင်းအားဖြတ်ကျော် ပြန်ခဲ့သည်။ ညနေစောင်း နေဝင်ရီတရောအချိန်ဖြစ်သည်။ သချိုင်းကုန်းမှာ လွန်စွာတိတ်ဆိတ်နေသည်။ သချိုင်းကို လက်ဝဲ၊ လက်ယာ လမ်းကခြားထားပြီး လမ်းနှင့်ယှဉ်လျက် ရိုးကလေးက ချောင်းထဲစီးဝင်နေ





သည်။ ရိုးထဲ၌ ငါးကြီးများရှိဟန်တူသည်။ တဖွက်ဖွက်သံပေး၍ ပျော်မြူးနေကြသည်။ ကျွန်ုပ် ငုံ့ကြည့်ရာ တစ်တောင်ခန့်ငါးရံ့ကြီးများကို တွေ့ရသလို ဖရစ်ရိုးများအားလည်း သန်စွမ်းစွာမြင်ရသည်။ တစ်နေ့လောက် ရဲဘက်တပ်စိပ်ခေါ်၍ငါးပက်ပြီး ဖရစ်ရိုးချိုးမည်ဟု တေးထားလိုက်သည်။ သချိုင်းကိုလွန်၍ (၁၀')အကျယ်ခန့်ရှိ သဲချောင်းကလေးကို ဖြတ်ရသည်။ ရေမှာ ဒူးဆစ်ခန့်ရှိသည်။ ကျွန်ုပ်စိတ်ထဲ၌ တံတားဆောက်လိုစိတ် ဖြစ်မိသည်။ ကျွန်ုပ်တို့ ပါဆည်ပါညန်းစခန်းမှ ဆေးရုံပြရဲဘက်များ နေ့စဉ် ဖျားလျက်တန်းလန်းဖြင့် စမ်းရေထဲဆင်းကူးရသည်ကို ကျွန်ုပ်မမြင်လို။ တကယ်တော့ သချိုင်းနေရာကလေးမှာ စမ်းချောင်းကလေးဖြင့် အတော်သာယာပါသည်။ ရုတ်တရက် ကျွန်ုပ်၏စိတ်ထဲ အတွေးတစ်ခု ဝင်လာပါသည်။ ကျွန်ုပ်သာ အောက်ချိုင့်မြို့စခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါက သချိုင်းကုန်းအား သန့်ရှင်းသာယာစွာ လုပ်မည်။ ဆေးရုံပြ ဝန်ထမ်း၊ ရဲဘက်များအတွက် ချောင်းကူးတံတားလေးဆောက်မည်ဟု ကြံရွယ်နေမိသည်။

ထိုစဉ် သချိုင်းကုန်းခြေရင်း ပိတောက်ပင်ကြီးများ အုပ်ဆိုင်းနေသည့်ချောင်းထဲမှ တဝေါဝေါရေသံကို ကြားရသည်။ ကျွန်ုပ်တစ်ဖက်ကမ်းပေါ်သို့ လျင်မြန်စွာ တက်လိုက်သည်။ ချောင်းရေထဲရှိ ပိတောက်ကိုင်းများကြားမှ မည်းမည်းလုံးလုံးကြီးနှစ်ခု ပြေးထွက်လာခြင်းဖြစ်သည်။ မှောင်စပြုချိန်မို့ ဘာကောင်မှန်းတော့မသိ။ ကျွန်ုပ်လည်း ဘာလက်နက်မျှ မပါသဖြင့် ချောင်းကမ်းဘေးရှိ ထွာဆိုင်ကျော်ကျော်ခန့်သာရှိသော ဖျဉ်းမပင်ပေါက်ပေါ်သို့ တက်နေလိုက်သည်။

ကျွဲကြီးနှစ်ကောင်ဖြစ်သည်။ ဦးချိုကားကားဖြင့် ကဆုန်စိုင်း၍ ပြေးချလာသည်။ နောက်က တစ်စုံတစ်ခုလိုက်သည့်ပုံပင်။ ကြောက်

လန့်တကြားပြေးလာခြင်း ဖြစ်သည်။ မကြာပါ၊ နောက်ကအကောင်ကို မြင်လိုက်ရသည်။ ခါးတွင် အဖြူကျားကြီးပါသော ခါးပတ်ကျားတောဝက်သိုးကြီး ဖြစ်သည်။

"ဘူး ...ဘဲ ...ညွှံ့ ...ညွှံ့၊ ဝူး ဝူး ...အစ် အစ်"

ကြီးမားလှသော ကျွဲကြီးနှစ်ကောင်က ခါးပတ်ကျားတောဝက်ကြီးကို ကြောက်လန့်၍ပြေးခြင်းမှာ အလွန်ထူးဆန်းနေသည်။ ကျွဲကြီးနှစ်ကောင်မှာ စမ်းချောင်းအတိုင်းပြေးရာမှ မလွှတ်မှန်းသိ၍ထင့်။ ကမ်းပေါ်သို့ တက်ပြေးကြသည်။ အစွယ်ပြူးပြူး တောဝက်သိုးကြီးမှာ စမ်းချောင်းအတိုင်းဆက်ပြေးပြီး တောထဲဝင်သွားတော့သည်။ ကျွန်ုပ်သစ်ပင်ပေါ်မှဆင်းမည်အလုပ် အနောက်ဘက်မှ တောတိုးသံများ ကြားရပြန်သည်။ ရေသံတဝုန်းဝုန်းကြားရ၍ ကျွန်ုပ်သစ်ပင်ပေါ်၌ ငြိမ်နေရပြန်သည်။

တောဝက်အုပ်ကြီးဖြစ်သည်။ အမများသာ ဖြစ်ပုံရသည်၊ အကောင်ပေါက်များလည်း ပါသည်။ (၁၀)ကောင်ခန့်ဖြစ်သည်။ ကျွန်ုပ်တက်နေသော သစ်ပင်ကိုလွန်၍ ခါးပတ်ကျားကြီးနောက် ပြေးလိုက်သွားကြသည်။ ကော့သောင်းဆီအုန်းခင်းအတွင်း တောဝက်ပေါသည်ကို ယခုမှပင် ကိုယ်တွေ့ကြုံရတော့သည်။ နောက်မှ ဘာကောင်များထပ်ပေါ်လာဦးမည်နည်းဟု ကျွန်ုပ် သစ်ပင်ပေါ်၌ (၅)မိနစ်ခန့် စောင့်ကြည့်နေရသေးသည်။ နောက်က ဘာကောင်မျှ ပေါ်မလာတော့ပါ။ အခြေအနေအေးချမ်းမှ သစ်ပင်ပေါ်မှဆင်းပြီး ပါဆည်ပါညန်းစခန်းဘက် ပြန်မည်အလုပ်တွင် ...

"ဝူး ...ဝူး ...ဝူး"

ပါဆည်ပါညန်း စခန်းဘက်မှလာသော အသံဖြစ်သည်။ ကျွန်ုပ်





ပျဉ်းမပင်ပေါ်သို့ ပြန်တက်နေရပြန်သည်။

"ဝူး ...ဝူး ...ဝူး"

ကျွန်ုပ် သဘောပေါက်လိုက်သည်။ လူ့အသံဖြစ်သည်။ တောတွင်းအချက်ပေးသံဖြစ်သည်။ မိုးချုပ်သဖြင့် မုဆိုးတင်မောင်တို့ ကျွန်ုပ်အား လာကြိုခြင်းဖြစ်ပေမည်။ သို့သော် သေချာစေရန် ကျွန်ုပ်ငြိမ်နေလိုက်သည်။ ဟုတ်ပါသည်။ မုဆိုးတင်မောင်နှင့် ရဲဘက်နှစ်ဦးဖြစ်သည်။ သူတို့သစ်ပင်အောက်ရောက်မှ ကျွန်ုပ်သစ်ပင်ပေါ်ကဆင်း၍ ...

"ဟဲ့ကောင် ...တင်မောင်"

"ခင်ဗျာ။ ဟာ ...ဆရာပါလား။ ကျွန်တော်တို့ စိတ်ပူလို့ လိုက်လာကြတာ"

"အေးကွာ ...ငါလည်း ကျွဲတွေနဲ့တိုး။ တောဝက်တွေနဲ့တိုးလို့ သစ်ပင်ပေါ်တက်နေရတာ။ သေနတ်မပါတာ နာတယ်ကွာ"

"ဟုတ်တယ်ဆရာ။ လမ်းမှာကျွဲနှစ်ကောင် ကြောက်လန့်တကြားပြေးလာလို့ ကျွန်တော်တို့ ရှောင်လိုက်ရသေးတယ်။ အိမ်ကျွဲတွေပါ။ တောထဲမှာ လွှတ်ထားတော့ နည်းနည်းရိုင်းနေတယ်"

"သူတို့နောက်က လိုက်တဲ့အကောင်က ခါးပတ်ကျားဝက်သိုးကြီးကွ။ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ကျွဲနှစ်ကောင်က ခါးပတ်ကျားကြီးကိုကြောက်လို့ ထွက်ပြေးတာ ငါဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"ခါးပတ်ကျားတောဝက်ကြီးက ဝက်ဘုရင်ပဲ ဆရာရယ်။ ကျွဲတွေလည်း ကြောက်မှာပေါ့။ ခါးပတ်ကျားဝက်က မီးမကူးဘူးဆရာ။ သေနတ်နဲ့ပစ်လို့လည်း မရဘူး"

"မင်းပြောတာ ဟုတ်မဟုတ်၊ ကြုံချင်ပါသေးရဲ့ကွာ။ ငါက လက်တွေ့မှ ယုံမှာ"

"ချုန်းဖမ်းလမ်းနဲ့ အတွင်းလမ်းဆုံထောင့်မှာ ဖန်ခါးပင်တစ်ပင်သီးနေတယ်ဆရာ။ ကြွေကျတဲ့အသီးတွေလည်း အပင်အောက်မှာ အများကြီးပဲ။ ကျွန်တော် လင့်ထိုးပေးမယ်ဆရာ။ မနက်ဖြန်ည စောင့်ပစ်ပေတော့"

"အေး ... အေး ... ကောင်းတာပေါ့ကွာ"

ကျွန်ုပ်တို့ ပြန်ခဲ့ကြသည်။ သချိုင်းကုန်းကြီးမှာ ငြိမ်သက်နေပြီး ပိတောက်ပင်ကြီးများက လေအလာတွင် သတ္တဝါကြီးတစ်ကောင်လို ယိမ်းထိုးနေသည်။ စမ်းချောင်းကလေးကတော့ တသွင်သွင်စီးဆင်းနေဆဲ။

အတွင်းနှင့် အပြင်လမ်းဆုံရောက်တော့ မုဆိုးတင်မောင်က ပြသည်။

"ဆရာ ... ဒီအပင်ကြီးပဲ။ လင့်စင်ဘယ်အနား ထိုးချင်သလဲ"

ဖန်ခါးပင်ကြီးနှင့် မျက်နှာချင်းဆိုင်ဘက်သို့ ကျွန်ုပ်ကြည့်လိုက်ရာ တောတန်းဘေးတွင် လက်ပံနှင့် ကျွန်းပင်ပေါက်များကို တွေ့ရသည်။ ကိုင်းတက်များမှာ (၁၀)ပေကျော်ခ ့သာ ရှိသည်။

"တင်မောင်ရေ ... ဒီလက်ပံပင်တွေပေါ်မှာ လင့်ထိုးလို့ရမလား"

"နိမ့်တော့ နိမ့်တယ်ဆရာ။ အပင်ကလည်း ငယ်တယ်။ လေတိုက်ရင်နွဲ့နေမှာ။ ထိုးမယ်ဆိုရင်တော့ ရပါတယ်"

"မျက်နှာချင်းဆိုင် ပစ်ကွင်းကောင်းတယ်ကွ။ နိမ့်တာကိစ္စမရှိပါဘူး။ နိုင်အောင်သာ လုပ်လိုက်"

"ဟုတ်ကဲ့ဆရာ"





ကျွန်ုပ်တို့စခန်းရောက်တော့ မုဆိုးတင်မောင်က ယနေ့ဖြူတစ်ကောင်ရထားသဖြင့် ချက်နေသည်။ ကျွန်ုပ် ရေမိုးချိုးပြီးနောက် ညစာ စားကြသည်။ ဖြူသားမှာ ဝက်သားလိုပင် နူးညံ့ပြီး ချိုသည်။ အခေါက်ကတော့ ဝက်ခေါက်ထက်ထူသည်။ ဆူးတောင်ချိုင့်များလည်း ပါသည်။ စားလို့ကောင်းပါသည်။

❑

နောက်တစ်နေ့မနက် ကျွန်ုပ်ရုံးကိစ္စများလုပ်နေစဉ် တင်မောင်နှင့်အဖွဲ့ ညက ကျွန်ုပ်ညွှန်ပြရာတွင် လင့်စင်သွားဆောက်ကြသည်။ ရုံးကိစ္စများပြီး၍ နေ့လယ်စာစားပြီးသည်နှင့် ကျွန်ုပ်လက်စွဲသော ဒသမ ၃၀၃ ရိုင်ဖယ်ကြီးအား တိုက်ချွတ်ပြင်ဆင်သည်။ စိတ်ချရစေရန် (က. ဓ. လ)လုပ် ရိုင်ဖယ်ကျည်ဆန်များအား ရွေးချယ်သည်။ ကျည်ဆန်များအသုံးပြုရာတွင် ဆီအုန်းပင်များအား ဖျက်ဆီးသည့် တောဝက်နှိမ်နင်းရေးအတွက် ခွင့်ပြုထားသည်။

ညစာအား ညနေ(၅)နာရီခန့်တွင် စောစောစားကြပြီး ဝက်ပစ်လိုသော ထောင်မှူး ဦးထွန်းအောင်လွင်ကလည်း ရိုင်ဖယ်သေနတ်တစ်

လက်ဆွဲ၍ လိုက်လာသည်။ မုဆိုးတင်မောင်ကတော့ ရေဘူးနှင့် အစား သောက်စရာများယူလာသည်။ ကျွန်ုပ်တို့ လင့်စင်ရှိရာ ချုန်းဖန့်ရွာဘက် သို့ လျှောက်ခဲ့ကြသည်။ တနင်္သာရီရိုးမပေါ်မှ ချေဟောက်သံကို ကြားရ သည်။ ညနေ (၆)နာရီခန့်ရှိပြီဖြစ်ပြီး မိုးအုံ့နေသဖြင့် အမှောင်ထု ကြီးစိုးလာသည်။ ကျွန်ုပ်တို့ လင့်စီးမည့်တောတန်းဘက်မှ အိပ်တန်း တက်ငှက်ငယ်များနှင့် တောကြက်တွန်သံကိုလည်း ကြားရသည်။

‘‘အောက်အီးအီးအွတ်’’

မိနစ် (၂၀)ခန့်လမ်းလျှောက်တော့ လင့်စင်အနီးရောက်သည်။ ဖန်ခါးပင်ကြီးအောက် ပစ်ကွင်းပစ်ကွက်ကို ကြည့်ရှုမှတ်သားသည်။ အပင်ကြီးအောက်မြေပြင်မှာ ဖန်ခါးသီးအခြောက်များကလွဲ၍ ပြောင်ရှင်း နေသည်။ ချုံပုတ်ပင်မရှိပါ။ ကျွန်ုပ်တို့ ဆီအုန်းတောထဲဝင်၍ အပေါ့ အပါးသွားသည်။ လေတင်လေအောက် ကြည့်သည်။ ဖန်ခါးပင်ကြီး ဘက်မှ လေတိုက်နေသဖြင့် ကျွန်ုပ်တို့လင့်စင်က လေအောက်ဘက် ကျသည်။

လင့်စင်ကလေးမှာ လက်ပံပင်နှစ်ပင်၏ ကိုင်းတက်ပေါ်၌ ဝါးဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ နောက်ဘန်းပါသော်လည်း ထိုင်၍ ရရုံပင်။ အလွန်ကျဉ်းလှသည်။ ကျွန်ုပ်တို့ မုဆိုးတင်မောင် အသင့်လုပ် ထားသော ဝါးလှေကားမှ လင့်စင်ပေါ်သို့တက်ကြသည်။ လင့်စင်မှာ နွဲ့နွဲ့။ (၃)ဦးထိုင်လိုက်သည်နှင့် လေတိုက်လိုက်တိုင်း ယိမ်းထိုးနေသည်။ သားကောင်ကိုချိန်၍ ပစ်ခတ်ပါက လှုပ်ရှားနေသော အထိုင်ကြောင့် လွဲချော်နိုင်ပေသည်။ ကျွန်ုပ်တို့ လင့်စင်ပေါ်ရောက်တော့ ထုံးစံအတိုင်း စကားမပြောကြတော့ပါ။ ရာသီဥတုက ကိုယ့်ဘက်ပါဟန်မတူ။ မိုးသား များတက်လာပြီး ကောင်းကင်ကြီး ညို့မှိုင်းလာသည်။ လေကလည်း





အဟူးဟူး တိုက်ခတ်လာသည်။ ကျွန်ုပ်တို့မှာ ဒန်းပုခက်စီးရသလို ငြိမ့် ညောင်းလွန်း၍ အိပ်ငိုက်စပင် ပြုလာသည်။

ည (၈)နာရီခန့်တွင် လေငြိမ်သွားသော်လည်း မိုးဖွဲများကျ လာသည်။ ကျွန်ုပ်တို့ (၃)ဦးစလုံး မိုးကာမပါ၊ တောခြင်ရိုင်းများလည်း အစီစီနှင့်ရောက်လာသည်။ ဒေါက်တာညီညီပြောသလို ကမ္ဘာတွင် အဆိုး ရွားဆုံး (G နှင့် F Type)ငှက်ဖျားပိုး သယ်ဆောင်လာသည့် ခြင်ရိုင်းများ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ အအေးဒဏ်နှင့် ခြင်အန္တရာယ်ကို အလူး အလဲခံနေရသည်။ ထိုစဉ်တွင် ဖန်ခါးပင်ကြီးအောက်၌ အရိပ်မည်းမည်း ကိုတွေ့ရပြီး ‘အစ် ... အစ် ... အီး’ ဟူသော တောဝက်အော်သံကို ကြားရသည်။ တစ်ကောင်တည်းဖြစ်သည်။ ကျွန်ုပ်တို့ သေနတ်များဖြင့် ချိန်လိုက်စဉ် မည်းမည်းလုံးလုံးများ ရောက်ရှိလာသဖြင့် ခေတ္တစောင့်စား နေရသည်။

မကြာပါ။ ဝက်အုပ်ကြီးက ဖန်ခါးသီးများအား တကျွတ်ကျွတ် ကောက်စားနေကြပြီး ချိုထောင်ထောင်နှင့် အကောင်ကြီးတစ်ကောင် လည်း ရောက်ရှိလာသည်။ ကျွန်ုပ်တို့လည်း အချိန်မဆိုင်းတော့ပါ။ ကျွန်ုပ်က ချိုထောင်ကြီးကို ချိန်သည်။ ထောင်မှူး ဦးထွန်းအောင်လွင်က နောက်ဆုံးရောက်လာသည့် ဝက်သိုးကြီးကို ချိန်သည်။ မုဆိုးတင်မောင် အား ကျွန်ုပ်က တံတောင်နှင့်တွက်၍ အချက်ပေးလိုက်သည်နှင့် (၃) တောင့်ထိုး လက်နှိပ်ဓာတ်မီးအလင်းရောင်က တောကောင်အုပ်ပေါ်သို့ ဖုးရဲ့ဖွာကျလာသည်။

‘‘ဒိုင်း ... ဒိုင်း’’

ကျွန်ုပ်တို့ကလည်း လက်မနှေးပါ။ ပြိုင်တူပစ်ခတ်လိုက်ကြ သည်။ ပေ (၂၀၀)ခန့်သာဝေးသော ပစ်မှတ်ဖြစ်သဖြင့် ကျွန်ုပ်ပစ်သော

ချိုကားကား ဆတ်ဖားကြီးမှာ နေရာတွင်ပင်လဲသည်။ ဝက်အုပ်ကြီးက ခြေဦးတည့်ရာပြေးသော်လည်း ကိုထွန်းအောင်လွင်ပစ်သော ဝက်သိုးကြီးမှာ မပြေး။ ပြန်ခံနေသည်။ မီးနှင့်အသေအချာထိုးကြည့်မှ ယမန်နေ့ညနေက ကျွန်ုပ် သချိုင်းကုန်း ချောင်းရေထဲတွင်တွေ့ခဲ့ရသော ဝက်ခါးပတ်ကျားကြီးဖြစ်ပေတော့သည်။ ကျွန်ုပ်တို့ ကျည်သစ်လဲ၍ ပစ်ကြပြန်သည်။

"ဒိုင်း ... ချောက်"

ကျွန်ုပ်သေနတ်က ကျည်ထွက်သော်လည်း လွဲသွားသည်။ ကိုထွန်းအောင်လွင်သေနတ်က ကျည်ပင်မထွက်။ ကျွန်ုပ်တို့ တတိယအကြိမ် ကျည်သစ်လဲ၍ ပစ်ကြပြန်သည်။

"ဒိုင်း ... ချောက်"

မမှန်ပါ။ ကျည်မထွက်ပါ။ နောက်ဆုံးတွင် မုဆိုးတင်မောင်က သူ့အိတ်ထဲမှ လေးခွထုတ်၍ပစ်တော့သည်။

"ဖြောင်း ... ဒေါင် ... အီး ... အစ် ... အစ်"

ဝက်ခါးပတ်ကျားကြီးမှာ ဦးခေါင်းအား လောက်စာလုံးမှန်မှ အော်၍ ပြေးတော့သည်။

"ဘယ့်နှယ်လဲဆရာ၊ ယုံပြီလား။ ခါးပတ်ကျားဝက်က မီးမကူးဘူးဆရာ။ ကျည်ထွက်ရင်လည်း ကျည်လွဲတာပဲ။ မထူးဆန်းဘူးလား"

"အေးကွာ ... လက်တွေ့မြင်ရမှ ယုံရတော့မှာပဲ။ အတော်ထူးဆန်းတာပဲနော်"

ကျွန်ုပ်တို့လည်း ခိုက်ခိုက်တုန်ချမ်းနေပြီဖြစ်၍ အပင်ပေါ်မှ ဆင်းရန်အလုပ်တွင် စခန်းဘက်မှ မီးတုတ်များကိုင်ဆောင်၍ လာကြသူ





များကို တွေ့ရသည်။ ထိုစဉ် ကိုထွန်းအောင်လွင်က သူ့တွင်ပါလာသည့် မဲခေါင်အရက်ပုလင်းပြားလေးကို ထုတ်ပေးသည်။

"ကိုသိန်းဝင်း မော့လိုက်ဦး။ အလွန်အေးနေပြီ"

"ခင်ဗျားကလည်းဗျာ၊ စောစောက ပြောရောပေါ့"

ကျွန်ုပ်တို့တစ်လှည့်စီ မော့နေကြစဉ် ပါဆည်ပါညန်းစခန်းမှ မုဆိုးတင်မောင် ကြိုတင်စီစဉ်ထားသူများ ရောက်လာကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ လင့်စင်ပေါ်မှ ဆင်းလာသည်။ ဆတ်ဖားကြီးမှာ အချိန်(၈၀) ကျော်ပေမည်။ (၆)စတောင် ချိုးကားကြီးဖြင့် ဖြစ်သည်။ ရှေ့လက်ပြင်ကြားမှာ ကျည်ဆန်က နှလုံးကိုဖောက်သွားခြင်းဖြစ်၍ တစ်ချက်တည်းဖြင့် လဲခြင်းဖြစ်သည်။

"အေးဗျာ ... ကျွန်တော်လည်း ဝက်မအုပ်ကိုပစ်ရင် ကျိန်းသေရမှာ။ ဝက်သိုးကြီးကို မဲလိုက်မိတာ နာတယ်ဗျာ"

ကိုထွန်းအောင်လွင်မှာ တဖျစ်တောက်တောက်ပြောနေခြင်းဖြစ်သည်။

"ထားပါဗျာ။ အခု ဆတ်ဖားကြီးတစ်ကောင်တည်းလည်း စခန်းတစ်ခုလုံးစားလို့လောက်ပါတယ်။ နောက်တစ်ပတ်မှတစ်ခါ ဝက်မတွေကို ရွေးပစ်ကြတာပေါ့"

ကျွန်ုပ်က ကိုထွန်းအောင်လွင်အား နှစ်သိမ့်လိုက်ရသည်။ မုဆိုးတင်မောင်နှင့်အဖွဲ့ ရှေ့ကဆတ်ဖားကြီးကိုထမ်းသွားတော့ ကျွန်ုပ်တို့ နောက်က သေနတ်ထမ်း၍ လိုက်ကြသည်။ တစ်ကိုယ်လုံး မိုးစိုရွဲနေသော်လည်း မဲခေါင်အရက်ကလေးဝင်သွား၍ နေသာထိုင်သာရှိသွားသည်။ စခန်းသို့ အပြန် မိနစ်(၂၀)ခန့် သေနတ်ထမ်းလမ်းလျှောက်လိုက်တော့ လူမှာ နွေးသွားသည်။ ကျွန်ုပ်တို့ စခန်းပြန်ရောက်၍ အဝတ်

အစားလဲနေကြစဉ် မုဆိုးတင်မောင်တို့ ဆတ်ဖားကြီးအားဖျက်၍ ညလယ်စာ ချက်ပြုတ်ရန် စီစဉ်နေကြပြီ ဖြစ်သည်။ ထိုစဉ် ထောင်ပိုင်ဦးယဉ်မောင်နိုးလာသည်။

"ကိုသိန်းဝင်းလက်က စိတ်ချရတယ်ဗျို့။ ဒါနဲ့ ဆတ်ဖားကြီးက ဆတ်ချိုအနုလား၊ အရင့်လား"

"ရင့်လို့ ချိုကြီးက (၆)စထောင်ပြီး ကျောက်ဖြစ်နေပြီ ဆရာနေရေ"

တိရစ္ဆာန်များ၏ ပစ္စည်းများ ဆေးဘက်ဝင်ကြောင်းကိုသိသော ဦးယဉ်မောင်ကမေး၍ ကျွန်ုပ်က ဖြေခြင်းဖြစ်သည်။ ဆတ်ချိုနုမှာ အရက်ဖြင့်စိမ်သောက်လျှင် ယောက်ျားအားတိုးဆေးဖြစ်ကြောင်း ကျွန်ုပ်တို့လည်း သိပါသည်။

မုဆိုးတင်မောင်မှာ သာယာဝတီနယ်မှ ဓားပြမှုဖြင့် (၅)နှစ်ကျသော ရဲဘက်တစ်ဦးဖြစ်သည်။ သာယာဝတီထောင်တွင် အချုပ်ဘဝဖြင့် (၁)နှစ်ခန့်နေခဲ့ရပြီး အင်းစိန်ထောင်သို့ ထောင်ကျသည်နှင့် အပြောင်းခံရသည်။ (၁)နှစ်ခန့်ပင်နေခဲ့ရပြီး ကော့သောင်းစခန်းသို့ ၁၉၈၃ ခုနှစ် စခန်းဖွင့်စကပင် ဦးယဉ်မောင်တို့နှင့်ပါလာသူဖြစ်၍ ကျွန်ုပ် ရောက်ရှိသည့် ၁၉၈၄ ခုနှစ်ကုန်ပိုင်းတွင် နေသားလေးနှစ်တင်းတင်းပြည့်ပြီဖြစ်သည်။ ထို့ကြောင့် အကျဉ်းဌာန လျှော့ရက်စနစ်အရ လွတ်မြောက်ပြီဖြစ်သည်။

မုဆိုးတင်မောင်က ကရင်လူမျိုးပီပီ သစ္စာလည်း အလွန်ရှိသည်။ ထောင်ပိုင်ဦးယဉ်မောင်၏ လက်စွဲတော် တပည့်ရင်းလည်း ဖြစ်သည်။ ဦးယဉ်မောင်နောက်တွင် နောက်တပည့်တစ်ဦးလည်း ရှိသေးသည်။ သူကလည်း ဆေးမှုပုဒ်မ ၆(ခ)ဖြင့် ထောင်(၅)နှစ်ကျသော ကုလား





လေးပြူးချို ဖြစ်သည်။ ကုလားလေးဆိုသော်လည်း ကုလားအစစ် မဟုတ်ပါ။ ကုလားလိုအသားမည်း၍ ခေါ်ခြင်းဖြစ်သည်။ သူက အညာသူအညာသားမိဘများက မွေးဖွားခဲ့သော်လည်း အသားမှာ မည်းနက်နေသည်။ မျက်နှာက ဖော်ရွေသည်။ ဖင်ပေါ့သည်။ ဘွဲ့ရဖြစ်၍ စခန်းတွင် ရဲဘက်ရုံးစာရေးခန့်ထားသည်။ ထောင်ပိုင်ဦးယဉ်မောင်၏ (P.A)ဆိုလည်း မမှားပါ။ ဦးယဉ်မောင်သွားလေရာနောက်သို့ သေနတ်ထည့်သော ငွေအိတ်ကိုဆွဲ၍ လိုက်ရသည်။ အလွန်သစ္စာရှိသော လူယုံလည်းဖြစ်သည်။

တစ်နေ့ညနေတွင်တော့ ပြူးချိုနှင့်ပတ်သက်သော ပြဿနာကြီးတစ်ခု ပေါ်သည်။ ကျွန်ုပ်တို့ Hino (Ranger)ကားဖြင့် ကော့သောင်းဆင်းကြပြီး ရုံးကိစ္စ၊ ဘဏ်ကိစ္စနှင့် ဈေးဝယ်ကြသည်။ ကျွန်ုပ်နှင့် ဦးယဉ်မောင်က ကားခေါင်းခန်းတွင်စီးကြပြီး ဝန်ထမ်းများက နောက်ကစီးကြသည်။ ပြူးချိုကိုလည်း အိတ်မည်းကြီးဆွဲပြီး ဈေးရှေ့၌ တွေ့လိုက်ရသေးသည်။ သို့သော် ကားထွက်လာတော့ ပြူးချိုကို မေ့သွားကြသည်။

စခန်းပြန်ရောက်တော့ မိုးချုပ်စပြုပြီ။ ဆရာ ဦးယဉ်မောင်လည်း မိုးမီးလောင်၍ ခေါင်းမီးတောက်နေပြီ။ ပြူးချိုကိုင်သော အိတ်မည်းကြီးထဲတွင် ဘဏ်စာအုပ်နှင့်ငွေများအပြင် ခြောက်လုံးပြူးသေနတ်ပါ ပါသွားသည်။

ကျွန်ုပ်တို့ ညဘက်ကြီး မော်တော်ဆိုင်ကယ်ဖြင့် ကော့သောင်းဆင်း၍ရှာရန် စီစဉ်နေကြစဉ် မုဆိုးတင်မောင် အလောတကြီးအိတ်မည်းကြီးဆွဲ၍ ရောက်လာသည်။

"ထောင်ပိုင်ကြီး ... ထောင်ပိုင်ကြီး။ ဒီမှာ ပြူးချိုဆိုင်ကယ်နဲ့လာပြီး ပေးသွားတာ။ သူတော့ကိစ္စရှိလို့ ဟိုဘက်ကမ်းကူးဦးမယ်

တဲ့။ ပြန်လာခါမှ သူ့ကိုအရေးယူ အပြစ်ပေးပါလို့ ပြောသွားတယ်''

''ပြစမ်း ...ပြစမ်း။ ဒီကောင်ဘယ်လိုဖြစ်တာပါလိမ့်''

ငွေအိတ်ကိုဖွင့်၍ စစ်ဆေးကြသည်။ ဘဏ်စာအုပ်လည်း ၎ သည်။ ငွေများလည်း တစ်ကျပ်တစ်ပြားမျှ မပျောက်။ ခြောက်လုံးပြူ သေနတ်ကလည်း ရှိနေသည်။ ငွေယူသွားသည်မှာ ပြဿနာမရှိ။ ခြော လုံးပြူးသေနတ်ကိုယူပြီး အသုံးပြုလိုက်ပါက ဦးယဉ်မောင်ခေါင်း ဆ နင်းခံရမည်ဖြစ်သည်။

''တင်မောင် ...ပြူးချိုကို ဘယ်နားမှာ တွေ့တာလဲ''

''စခန်းအရှေ့တောင်ဘက် ဥနဲ့ပင်နားမှာ တွေ့တာဆရာ ဆိုင်ကယ်ကယ်ရီ ငှားစီးလာတာ။ ကျွန်တော်တောထဲကအပြန် မြင်တ နဲ့ ဒီအိတ်ကြီးကိုအပ်၊ ပြောဆိုပြီး အရေးတကြီး ပြန်ထွက်သွားတ ထောင်ပိုင်ကြီး''

''အေး ...ဒါဆိုရင်လည်း ပြီးရောပေါ့ကွာ။ ပြန်လာမှ အရေ ယူရတော့မှာပဲ။ မိုက်လည်းမိုက်တယ်၊ သစ္စာလည်းရှိတဲ့ တပည့်ပဲကွာ''

ဦးယဉ်မောင်တစ်ခုတော့ မေ့နေဟန်တူပါသည်။ စားပြမှုပြ ဒဏ်ပြီးဆုံးသွားသော်လည်း နေရပ်မပြန်သေးဘဲ ဝန်ထမ်းများအား ဧော ကောင်များရှာကျွေးနေပြီး သစ္စာရှိစွာငွေအိတ်ကြီးကို ပြန်လာအပ်သည် မှဆိုးတင်မောင်အား ချီးကျူးစကားမဆို၍ ဖြစ်သည်။ ထို့ကြောင့် ကျွန် က ထောက်ပေးရတော့သည်။

''ဆရာ ဦးယဉ်မောင်၊ မုဆိုးတင်မောင်ကိုလည်း ဂုဏ်ပြုဝ ...ဂါရီအပ်တာကလေး လုပ်ပေးလိုက်ပါဦး''

အေးဗျာ ...ဟုတ်ပေသားပဲ။ တင်မောင်လည်း သစ္စာ ပေတာပဲ။ သူက လွတ်လူ။ ငွေအိတ်ကြီးနဲ့ သေနတ်ကိုယူသွားရင် ရဲ





သားနဲ့ပြန်လာအပ်တာ။ ရော့ဟော့ ...တင်မောင်၊ မင်းအတွက် မုန့်ဖိုး တစ်ထောင်''

''ကျွန်တော် ငွေမလိုချင်ပါဘူးဆရာ''

''ဒါဖြင့် မင်းက ဘာလိုချင်တာလဲ''

တင်မောင် မဟာရဲ့ပါ။ ကျွန်ုပ်က ဝင်ပြောရတော့သည်။

''တင်မောင်လိုတာ တူမီးသေနတ်လေ ဆရာရဲ့။ အမဲလိုက်ဖို့ သေနတ်လိုတာ။ သူက ဆရာပြန်မှ ပြည်မကိုပြန်မယ့်လူ။ ဒီအတွင်း အမဲလိုက်ဖို့ သေနတ်လိုတယ်။ သားကောင်ကိုကိုင်းမိတာနဲ့ စခန်းက သေနတ်သမားကိုပြန်ခေါ်ရတာနဲ့ သားကောင်လွတ်ပေါင်းများပြီ။ မုဆိုး ဆိုတာ သေနတ်ရှိမှပေါ့။ သူလည်း လွတ်လပ်သူဖြစ်သွားတော့ တူမီး သေနတ်လောက်တော့ ကိုင်ခွင့်ပေးသင့်ပါတယ် ဆရာ''

''အင်း ...ဟုတ်ပေသားပဲဗျာ။ ဆန္ဒရှိတဲ့ ငါ့တပည့်ကြီးကို တူမီးသေနတ် လက်ဆောင်ပေးရပေမပေါ့။ ဒါကလည်း ဘယ်မှာရနိုင် မလဲ။ ကိုယ်တိုင်ဆင်မှာလား''

''ကိုယ်တိုင်ဆင်ဖို့ မလွယ်ဘူး ထောင်ပိုင်ကြီး။ ရောင်းမယ့် မုဆိုးကြီးတစ်ယောက် ကျွန်တော်တွေ့ထားတယ်။ (၅၀၀/-)ကျပ်လောက် ပေးရမယ်။ သူက အသက်ကြီးလို့ အမဲမလိုက်တော့ဘူး''

''ဘယ်ရွာကလဲ တင်မောင်၊ ရောင်းမှာ သေချာသလား''

''မပူတေးရွာက ထားဝယ်မုဆိုးကြီးဆရာ။ ကျွန်တော်နဲ့ဆုံပြီး သူကပြောတာပါ''

''အေး ...အေး ...ဝယ်လိုက်။ ရော့ ...ဒီမှာ ငွေတစ် ထောင်။ သေနတ်ရရင်တော့ စည်းကမ်းနဲ့သုံးနော်။ အမဲလိုက်ချိန်က လွဲပြီး သေနတ်ကို မကိုင်ရဘူး။ မင်းတောထဲက ပြန်လာတာနဲ့ ထောင်

မှူးဦးမြင့်ဦးကိုအပ်ပါ။ သူက လက်နက်ခန်းမှာ သိမ်းထားလိမ့်မယ်၊ ဒါနဲ့ ယမ်းကရော''

''ကျွန်တော်စပ်တတ်ပါတယ် ထောင်ပိုင်ကြီး။ ခဲသီးကတော့ မော်တော်ယာဉ်က ဘက်ထရီအိုးအပျက်တွေကို သုံးမှာပါ''

''ဟုတ်ပါတယ်ဆရာ။ ကျွန်တော်တို့ ဘဲလိုက်ပစ်နေတဲ့ GREENER သေနတ်ကျည်တွေကိုလည်း မုဆိုးတင်မောင်ပဲ စီစဉ်ပေးတာပါ''

''ဘာတွေနဲ့စပ်တာလဲ တင်မောင်''

''မီးသွေးမှုန့်၊ ပိုတက်နဲ့ ကန့်မှုန့်ကို အချိုးကျစပ်ရတာပါ ထောင်ပိုင်ကြီး။ ခဲလုံးကတော့ ဘက်ထရီပလိပ်ခဲပြားတွေကိုကြိုပြီး လိုအပ်သလို (၉)လုံးကျည်၊ (၆)လုံးကျည်၊ စရိတ်ကျည်တွေကို လုံးရတာပါ။ အဲဒါတွေမရှိရင်လည်း ဆိုင်ကယ်ဘောခဲ့ အရွယ်စုံကိုရွေးပြီး သုံးလို့ရပါတယ်''

''ကောင်းပြီ။ သေနတ်ဆိုတာ မပေါ့နဲ့။ တောထဲမှာလိုအပ်လို့ သုံးခွင့်ပေးတာ။ စည်းနဲ့ကမ်းနဲ့ကိုင်ပါ။ ဦးသိန်းဝင်းနဲ့တွဲနေတော့ ဦးသိန်းဝင်းက တင်မောင့်ကိုထိန်းပါ''

''ဟုတ်ကဲ့ဆရာ၊ စိတ်ချပါ။ တင်မောင်က စည်းကမ်းရှိတဲ့ မုဆိုးပါ။ လက်နက်လည်း ကျွမ်းကျင်ပါတယ်''

နောက်တစ်နေ့ နေ့လယ်တွင် မုဆိုးတင်မောင် တူမီးသေနတ်ကြီးကိုယူလာသည်။ ပြောင်းချော၊ ပစ်ခလုတ်နှင့် ဗွတ်ပီရိုက်တံပါ ယမ်းထောင်းသေနတ်ကြီး ဖြစ်ပေသည်။ ပြောင်းက အတော်လေးသည်။ ကျွန်ုပ်တို့ စခန်းအပြင်ထွက်၍ ပြောင်းထဲသို့ စပ်ယမ်းထည့်ထောင်းပြီး ရိုက်တံဗွတ်ပီအပေါက်ဝတွင် ကလေးများသီတင်းကျွတ်လတွင် ကစား





သော ယမ်းဖုကလေးထည့်၍ ပစ်ကြည့်ကြသည်။ ပစ်ခလုတ်ကိုဆွဲတော့ ဗွတ်ပီက ယမ်းဖုကလေးကို ရိုက်သည်။ 'ဖောက်' ဟူသော အသံပေးပြီးယမ်းက ပြောင်းထဲရှိယမ်းကို မီးကူးသည်။ ထို့နောက် 'အုန်း' ဟူသောအသံကြီးဖြင့် ပြောင်းထဲက တွန်းကန်ထွက်သွားသည်။ ချိန်းသီးရှေ့နောက်မပါသဖြင့် လက်မှန်းကမတည့်။ ပြောင်းချောသေနတ်ဖြစ်၍သာ ပစ်မှတ်ကို မှန်းနိုင်ခြင်းဖြစ်ပေမည်။ RANGE ဝေးလေ၊ ကျည်ဖြန့်အား ကျယ်လေဖြစ်သည်။ သို့သော် ပေ(၁၀၀)အတွင်း ပစ်မှတ်ကိုသာ ထိရောက်မှုရှိပေသည်။

ထိုနေ့က တူမီးသေနတ်စမ်းရင်း မုဆိုးတင်မောင်ပစ်သဖြင့် ဘုတ်ငှက် (၂)ကောင်ရသည်။ ဘုတ်ငှက်မှာ တအီအီအသံပေးပြီး လမ်းဘေးချုံများ၌ နေတတ်သည်။ အနက်နှင့်နီညိုရောင် ရောစပ်ထားပြီး အမြီးရှည်သည်။ ဝေးဝေးသို့ပျံခဲသည်။ တစ်ချုံနှင့်တစ်ချုံ ကူးနေတတ်သည်။ မြွေမျိုးစုံစားသောငှက်ဖြစ်၍ ဆေးဘက်ဝင်သည်ဟု ဆိုသည်။

ညနေပိုင်းတွင် ဘုတ်ငှက်(၂)ကောင်အား မုဆိုးတင်မောင်က ကြော်ပေးသဖြင့် ကျွန်ုပ်တို့ မဲခေါင်အရက်ဖြင့် မြည်းကြသည်။

''တင်မောင် လာကွာ။ မင်းလည်း လွတ်လူဖြစ်နေပြီပဲ။ ငါတို့ဝိုင်းထဲ ဝင်ထိုင်ပါ။ စားစမ်းပါ၊ သောက်စမ်းပါ''

ကျွန်ုပ်က ပြောသော်လည်း တင်မောင်မှာ မဝံ့မရဲဖြစ်နေသည်။

''နေပါစေဆရာ၊ ဆရာတို့ပဲ စားကြသောက်ကြပါ''

ထိုစဉ် ထောင်ပိုင် ဦးယဉ်မောင် အခန်းထဲမှထွက်လာပြီး အရက်ထည့်ထားသော ဖန်ခွက်(၂)လုံးကို ကိုင်လာသည်။

''ရှေ့ဟေ့ ...တင်မောင်၊ ငါက မင်းကိုဂုဏ်ပြုတာ။ ဘုတ်ငှက်က ဆေးဘက်ဝင်တယ် မဟုတ်လား။ ငါလည်း နည်းနည်းမြည်း

မယ်''

အားဆေးမှန်သမျှ ပါသနာပါသော ဦးယဉ်မောင်က ကျွန်ုပ်တို့ ပိုင်းထဲဝင်ထိုင်သည်။ တင်မောင်ကိုလည်း ဖိတ်သည်။ ဦးယဉ်မောင် ဝင်လာ၍ သူ့ဇနီးက အမြည်းများ ထုတ်လာပေးသည်။

ထိုညက ပိုင်းကောင်းသဖြင့် ကျွန်ုပ်၊ ထောင်မှူးဦးမြင့်ဦး ထောင်မှူး ဦးထွန်းအောင်လွင်၊ ဦးယဉ်မောင်နှင့် မုဆိုးတင်မောင်ပါ ပါသဖြင့် မဲခေါင်အရက်တစ်လုံး ကုန်သည်။ ထိုအချိန်က မြန်မာကျပ် ငွေက ထိုင်းဘတ်ငွေထက် တန်ဖိုးမြင့်သည်။ မဲခေါင်အရက်ပုလင်း ကြီးတစ်လုံး (၉၀/-) ကျပ်သာပေးရပြီး သမင်တံဆိပ် (တွမ်)အရက် (၇၅/-) ကျပ်၊ ငှက်တံဆိပ်ပုလင်းပြားက (၂၅/-)ကျပ်သာ ပေးရသည်၊ အလွန်ဝယ်လို့ခြမ်းလို့ ကောင်းသောအချိန် ဖြစ်နေသည်။

နောက်တစ်နေ့မနက် (၈)နာရီခန့်တွင် ကျွန်ုပ်တို့ မနက်စာ စားအပြီး ရုံးလုပ်ငန်းများ လုပ်နေကြစဉ် မုဆိုးတင်မောင် မောပန်း တကြီးဖြင့် တူမီးသေနတ်ထမ်းကာ ရောက်လာသည်။

''ဆရာ၊ ဆရာ လုပ်ပါဦး။ ကျွန်တော်ဝက်ပစ်လိုက်တာ အသေ အချာမှန်ပေမဲ့ မလဲဘူး။ သွေးတော့ ကျသွားတယ်''

''ဘယ်နားမှာလဲ တင်မောင်''

''ပါဆည်ပါညန်းရွာနားက ဖုန်းဆိုးတောထဲမှာဆရာ''

''ဟ ... အဲဒီနေရာက သစ်ပင်ကြီးမှ မရှိပဲ။ ချုံပုတ်တွေပဲ ရှိတာ။ အရှင်းကြီးပါ''

''အဲဒီ အရှင်းကြီးကို ပျောက်သွားတာ ဆရာ။ ဒဏ်ရာရတဲ့ တောကောင်ကို အပြတ်ရှင်းရတယ်ဆိုတာ ကျွန်တော်သိလို့ လိုက်ရှာ တာ မတွေ့ဘူးဆရာ။ ဆရာလိုက်ခဲ့ပါဦး''





''ဟ ... ဒီမှာ ငါလည်း လချုပ်က အရေးကြီးနေလို့ မအား ဘူးဖြစ်နေတယ်။ ဦးမြင့်ဦးကို ခေါ်သွားပါ''

''ဟာဗျာ ... ကျွန်တော်မှ လက်မတည့်ပဲ။ ကိုသိန်းဝင်းပဲ လိုက်သွားလိုက်ပါ။ ကျွန်တော် ခင်ဗျားအလုပ်တွေကို ပြီးစီးအောင် လုပ် ထားပေးပါ့မယ်''

''ကဲ ... ကိုထွန်းအောင်လွင် ခင်ဗျားပါလိုက်ခဲ့ဗျာ။ ဒဏ်ရာရ တောဝက်ကို အင်အားသုံးပြီး ရှာမှရနိုင်တာ''

''အင်း ... လိုက်မယ်ဗျာ။ ဒါနဲ့ ညနေစာတာဝန်ကို ဘယ် သူယူမှာလဲ''

ထိုစဉ် ဦးယဉ်မောင် အခန်းတံခါးဖွင့်၍ ထွက်လာပြီး ...

''ကျွန်တော့်တာဝန် ထားပါဗျာ။ ဒီမှာလည်း အသားပြတ်နေ ပြီ''

ကျွန်ုပ်တို့ ချက်ချင်းပင် သေနတ်ကိုယ်စီဆွဲ၍ လမ်းလျှောက် ထွက်ခဲ့ကြသည်။ အင်မဒိုင်းရွာ တပ်ကြပ်မောင်မောင်၏ တဲရှေ့အရောက် တွင် ကိုမောင်မောင်ထွက်လာပြီး ...

''ဆရာတို့ ဘယ်ကိုချီတက်ကြမှာလဲဗျို့''

''ပါဆည်ပါညန်းရွာကြီးနားက ဖုန်းဆိုးတောကိုဗျို့။ အဲဒီမှာ မုဆိုးတင်မောင် ဝက်ပစ်ထားတာပျောက်သွားလို့ သွားရှာမလို့''

''ဆရာ ... ကျွန်တော်လည်း လိုက်မယ်လေ''

''လာ ... လာ ... အင်အားတောင့်လေ ကောင်းလေပဲ။ တောဝက်က ဒဏ်ရာနဲ့ဆိုတော့ အန္တရာယ်ကြီးတယ်''

ကျွန်ုပ်တို့ ပါဆည်ပါညန်း ဆီအုန်းစိုက်ကွင်းအဆုံးနားအထိ လမ်းလျှောက်ကြရသည်။ ယနေ့တော့လည်း မိုးတွင်းနေမှာ ပူလောင်

လွှန်းလှသည်။ တိမ်များပင်မရှိ။ တနင်္သာရီရိုးမပေါ်၌သာ တိမ်ကွက်ကြား ရှိနေသည်။ ဆီးဆွန်းကွင်းစပ်အကျော်၊ ဖုန်းဆိုးတောထိပ်တွင် မှဆိုး တင်မောင်ပြသဖြင့် သူပစ်ထားသော တောဝက်ကြီးမှ သွေးစအချို့ကို တွေ့ရသည်။ ချက်ကောင်းမှန်ပုံမပေါ်။ ကိုးလုံးကျည်က တောဝက်ကြီး ၏နောက်ပိုင်းကိုသာ မှန်ပုံရသည်။ လဲသောနေရာကိုလည်း မတွေ့၊ သွေးက အမြုပ်မထ။ နက်နဲ့ထိရောက်သော ဒဏ်ရာဒဏ်ချက် ရဟန် မတွေ့။ လွှန်စွာ အန္တရာယ်ရှိသော အခြေအနေဖြစ်သည်။

"ကဲ ... ကျွန်တော်တို့လူခွဲပြီး ရင်ပေါင်တန်းချီတက်မယ်၊ လက်တော့မနေးကြစေနဲ့။ သစ်ပင်ကြီးကြီး အကာအကွယ်လည်း မင့် ဘူး။ သတိတော့ အလွှန်ထားရမယ်။ သေနတ်သမား (၄)ယောက် တောင်ပဲ။ ရိုပ်ခနဲလှုပ်ရှားတာနဲ့ ပစ်ပေတော့"

ကျွန်ုပ်တို့မှဆိုးအဖွဲ့ သွေးစက်အတိုင်း ခြေရာခံလိုက်ခဲ့သည်။ ရိုးချောင်းကလေး တစ်ခုကိုရောက်တော့ ကမ်းစပ်တွင် တောဝက်ခြေရာ ကိုသာတွေ့ရပြီး အကောင်အထည်ကို မြင်ရတော့။ ဒဏ်ရာကြောင့် ရေဆင်းစိမ်ဟန်တူသည်။ ကျွန်ုပ်တို့ ရိုးချောင်းအားလိုက်ကြည့်သည်၊ ဘာကောင်မျှမတွေ့ရပါ။ ဝါးလုံးထိုးထားသော ရိုးကူးတံတားလေးတွေ၌ ကျွန်ုပ်တို့ တစ်ယောက်ချင်း ကူးခဲ့ကြသည်။ တစ်ဖက်ရိုးစပ်သဲပြင်ပေါ် ဝက်ခြေရာများ တွေ့ရပြန်သည်။ သွေးစက်ကိုတော့ မတွေ့ရတော့ပါ။ ရေစိမ်လိုက်သဖြင့် ပျောက်သွားဟန်တူသည်။ ရှေ့ဘက်တွင် လမုပင်၊ ခရာပင်နှင့်ခနီတောသာ ရှိတော့သည်။ ထိုစဉ် ခနီတောထဲမှ ရှုန်းကန်သံ ကို ကြားရသဖြင့် ကျွန်ုပ်က ...

"တင်မောင် ... မင်းရဲ့နှင်းကိုင်းတွေ ခနီတောထဲမှာ ထောင် ထားတာ ရှိသလား"





"ရှိတယ်ဆရာ။ လေးငါးကိုင်းပဲ"

"ကဲ ... ငါ အရင်တက်မယ်။ မင်းတို့နောက်က ဖြန့်လိုက် ကြ။ သတိတော့ထားနော်။ မင်းပစ်လိုက်တဲ့ ဝက်သိုးကြီး မဖြစ်နိုင် ဘူး။ နောက်ထပ်တစ်ကောင် ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် မြားထိပ်ဖျားလို ရှေ့က တက်လိုက်သည်။ ခနီပင် အကွယ်မှချောင်းကြည့်ရာ ကျွန်ုပ်မှန်းဆထားသလိုပင် အချိန် (၄၀/၅၀)ခန့် ဝက်မတစ်ကောင် နှင်းကိုင်းမိ၍ရုန်းကန်နေသည်။ ကျွန်ုပ် လက်မနှေး ပါ။ ဝက်မ၏လက်ပြင်ကြားသို့ အသေအချာချိန်၍ ပစ်လိုက်တော့ သည်။

"ဒိုင်း"

ထိုစဉ် မည်းမည်းလုံးလုံးကြီးတစ်ကောင် ခနီတောထဲမှ ပြေး ထွက်လာပြီး ကျွန်ုပ်အားထိုးသည်။ ကျွန်ုပ်ခုန်၍ ရှောင်လိုက်စဉ် ကျွန်ုပ် အားကျော်၍ နောက်လူများကြားက ကျော်ထွက်သွားသည်။ ထိုစဉ် မှဆိုးတင်မောင်၏ တူမီးသေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။

"အုန်း"

ချက်ထောင်းထိဟန်မတူပါ။ ပြေးပြန်သည်။

"ကဲ ... လိုက်ကြဟေ့။ ရိုးချောင်းထဲမှာ မိလိမ့်မယ်"

ကျွန်ုပ်လည်း ကျည်သစ်လဲပြီး အပြေးလိုက်သည်။ ထင်သည့် အတိုင်းပင် ရိုးချောင်းထဲသို့ကျသွားသော ဝက်သိုးကြီးမှာ ဒဏ်ရာကြောင့် မသေသေးသော်လည်း ရိုးချောင်းထဲက မတက်နိုင်ဖြစ်နေစဉ် တပ်ကြပ် ကိုမောင်မောင်ထံမှ သေနတ်သံတစ်ချက်ကို ကြားလိုက်ရသည်။

"ဒိုင်း"

ခပ်အုပ်အုပ်အသံဖြစ်၍ ပစ်မှတ်အားထိမှန်ကြောင်း သေချာသည်။ ကျွန်ုပ်တို့ရှိးစပ်ရောက်တော့ တောဝက်သိုးကြီးကိုယ်မှထွက်သောသွေးများဖြင့် ရှိးချောင်းရေများ ရဲနေသည်။ အချိန် (၈၀)ကျော်ပေလိမ့်မည်။ အစွယ်ကြီးမှာ ကော့ပျံနေသည်။

"တင်မောင်ရေ မင်းတူမီးကို သတိထားပေရော့။ အကောင်ကြီးရင် မနိုင်ဘူး။ တူမီးနဲ့ (၂)ချက်ပစ်တာတောင် ထိလျက်နဲ့မသေဘူး။ ရိုင်ဖယ်ကျည်ဆန်မှ သေတော့တာ။ ဘာကျည်နဲ့ပစ်တာလဲ"

"ကိုးလုံးကျည်ဆရာ။ ကျွန်တော်ယမ်းစပ်တာ ပျော့သွားတယ်ထင်တယ်"

"အေး . . . ယမ်းပြင်းရင်လည်း ပြောင်းကွဲဦးမယ်။ သတိထား။ (၉)လုံးကျည်အစား (၆)လုံးကျည်လောက်ပဲ ထည့်ပစ်ပေါ့"

ကျွန်ုပ်တို့ ရှိးစပ်သဲသောင်ပြင်ပေါ်ထိုင်နေကြစဉ် မှဆိုးတင်မောင်နှင့်တပ်ကြပ်ကိုမောင်မောင်တို့ တောဝက်သိုးကြီးအား ရှိးပေါ်ဆွဲတင်ကြရင်း သယ်ဆောင်ရန်လုပ်နေကြသည်။ ကျွန်ုပ်တို့လည်း မနေသာပါ။ ပါလာသည့်ရေဘူးကို ကိုယ်စီမော့ကြရင်း ကျွန်ုပ်နှင့်ကိုထွန်းအောင်လွင်တို့ ကိုင်းမိနေ၍ ကျွန်ုပ်ပစ်ခတ်လိုက်သော ဝက်မကြီးထံပြန်လာ၍ ချည်တုပ်ပြီးထမ်းကြရပါတော့သည်။ ကျွန်ုပ်တို့လေးဦး ဝက်နှစ်ကောင်အားထမ်းလာစဉ် ဆီအုန်းတောဘက်မှ တွတ်ကြီး၏လယ်ထွန်စက်သံကိုကြားရသည်။

တော်ပါသေးသည်။ ထောင်ပိုင်ဦးယဉ်မောင်ကိုယ်တိုင် လယ်ထွန်စက်ကြီးဖြင့် လာကြိုခြင်းဖြစ်၍ ကျွန်ုပ်တို့စခန်းအထိ ဝက်သေများကို ထမ်းရန်မလိုတော့ပါ။ ကျွန်ုပ်တို့ ဝက်သေနှစ်ကောင်အား ထွန်စက်ပေါ်တင်၍ပြန်လာကြစဉ် ထောင်ပိုင်ဦးယဉ်မောင်က . . .





"အတော်ပဲ တင်မောင်ရေ။ ဝက်ကနှစ်ကောင်တောင်ဖြစ်နေပါလား။ ငါ့မိန်းမလည်း ညကခေါင်းကိုက်ပြီးမအိပ်နိုင်လို့ တောဝက်သည်းခြေနဲ့ကနစိုးရွက် ခေါင်းအုံးထဲထည့်ပြီးဆေးကုရမှာ။ ကနစိုးရွက်ရှာပေးဦး"

ဟူသတည်း။

## အခန်း (၃)

❑

ကျွန်ုပ် ပါဆည်ပါညန်းစခန်းတွင် တာဝန်ထမ်းဆောင်သည်မှာ သုံးလေးလခန့်သာရှိသေးသည်။ အောက်ချိုင့်စခန်းတာဝန်ခံ ဦးကိုကိုလတ် ဟပ်စတင်းစခန်းသို့ပြောင်းရွှေ့မိန့်နှင့် ကျွန်ုပ်အား အောက်ချိုင့်စခန်း တာဝန်ခံအဖြစ် အမိန့်ထွက်လာသည်။ ကျွန်ုပ်၏ဆုတောင်းပြည့်သည် ဟုဆိုရမည်ဖြစ်ပေသည်။

ကျွန်ုပ် အောက်ချိုင့်စခန်းသို့ပြောင်းရွှေ့ပြီး ဦးကိုကိုလတ် ထံမှ ဆီအုန်းပင်များအား အရင်ရေတွက်ပြီး လွှဲပြောင်းယူရသည်။ အရေအတွက်မပြည့်ပါ။ အပင် (၅၀၀)ခန့် လျော့နည်းနေသည်။ သူတို့





(Write-off) စာရင်းကို လစဉ်မှန်မှန်မပြ၍ ဖြစ်သည်။ ကွင်းဆင်း၍လည်း စစ်ဆေးကြဟန်မတူပါ။ ဆီအုန်းပင်များမှာ စိမ့်စမ်းရှိသော တောင်ကြား များတွင် အရွက်ဝါ၍သေသည်။ တောင်ထိပ်တွင်ရေမရ၍ သေသည်။ ဆောဝက်၊ ဖြူနှင့်တောကြွက်ကြီးများဖျက်ဆီး၍လည်း သေသည်။ ပေါင်း သည်းမရှင်းကြ၍ ဆီအုန်းပင်ထက် ကိုင်းမြက်တောကြီးက ပိုသန်စွမ်း နေသည်။

စခန်းဖွင့်သည်မှ ယခု (၃)နှစ်ခန့်ရှိပြီဖြစ်သည်။ အချို့အပင် များက သီးနိုင်များပင် သန်စွမ်းစွာထွက်နေပြီး . အချို့အပင်များက အပင်ပျိုပင်ဖြစ်မလာသေးပါ။ မြေဩဇာကျွေးခြင်းနှင့် ပေါင်းမြက်များ ရှင်းခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။ အောက်ချိုင့်စခန်းမှာ ယခင် က ပျိုးပင်စခန်းဖြစ်သည်။ ထောင်မှူးကြီးဦးအောင်တို့လက်ထက်က အလွန်သာယာလှပသည်။ တော်ပါသေးသည်။ ပျိုးပင်စခန်းဖြစ်၍ ပျိုး ဆက်ကျန် ပင်ပေါက်များရှိနေသဖြင့် အစားထိုးစိုက်ပျိုးနိုင်ပေသည်။ ထို့ကြောင့်ပင် ကျွန်ုပ်က သဘောထားကြီးစွာ အပင်အရေအတွက် အပြည့်ဖြင့် လက်ခံလိုက်သည်။ ဧက (၁၀၀)ကျော်တွင် ဆီအုန်းပင် အရေအတွက် တစ်သိန်းခန့်ရှိသည်။ စခန်းကိုလွှဲတော့လည်း တောင့် တင်းခိုင်မာသည့် အိမ်ဆို၍ ထောင်ပိုင်နှင့်ထောင်မှူးကြီးနှစ်အိမ်သာ ရှိသည်။ ဒါတောင် ဝါးထရံကာ၊ ဝါးကြမ်းခင်း၊ ဓနိမိုးအိမ်များသာဖြစ် သည်။ ရုံးအဆောက်အအုံတဲကြီးက ယိုင်နဲ့နေ၍ ကျားကန်ထားရသည်။ ဝါးထရံကာ ဓနိမိုးဝါးတဲကြီးသာဖြစ်သည်။ ကျန်ဝန်ထမ်းအိမ်ရာနှင့် ခဲဘက်ဘားတိုက်များမှာ ဝါးတဲကြီးများသာဖြစ်ကြသည်။ ကျွန်ုပ် အလွန် စိတ်ပျက်မိသည်။ ဆန်၊ ဆီ၊ ဆားရိက္ခာများကလည်း အလျော့အနည်း ပင်။ ထောင်ပိုင်ဦးယဉ်မောင်က အဆင်ပြေအောင်လက်ခံပါဆို၍သာ လက်

ခံလိုက်ရသည်။

တစ်ခါအောက်ချိုင့်စခန်းတွင် စားပင်သီးပင်စိုက်ခင်းတစ်ခု ရှိသည်။ တစ်ဧကခန့်သာ ကျယ်ဝန်းပါသည်။ ယခင်က ပသျှူးတောင်ယာတောင်းဖြစ်၍ ပသျှူးတညင်းပင်၊ မြန်မာတညင်းပင်၊ ပိန္နဲပင် သရက်ပင်၊ ကျွဲကောပင်၊ ဒူးရင်းပင်များရှိသည်။ ၎င်းအပင်များကိုလည်း နောက်လူမစားရစေရန် 'သင်း'သတ်သွားသည်။ ဤတစ်ခါတွင်တော့ ကျွန်ုပ် သည်းမခံတော့ပါ။ အထက်သို့တိုင်ကြားရတော့သည်။ အထက်က မည်သို့အရေးယူသည်ကိုတော့မသိပါ။ ကျွန်ုပ်ကိုတော့ ချော့မော့နှစ်သိမ့်သည်။

ကျွန်ုပ် စခန်းရောက်သည်နှင့် ပထမဆုံးရုံးတဲကြီးကို ပြင်သည်။ ကျွန်ုပ်ကတော့ ပြည်မသို့ အစာအိမ်ရောဂါကြောင့် ရုတ်တရက် ပြောင်းရွှေ့သွားသော ထောင်မှူးကြီး ဦးသန်းစိုးအိမ်တွင် နေသည်၊ ဒုတိယဦးစားပေးအဖြစ် တစ်ဧကခန့်သာရှိသော စခန်းစိုက်ခင်းအား (၅)ဧကခန့်ချဲ့ထွင်လိုက်သည်။ အင်းစိန်မှပြောင်းရွှေ့လာသည့် တပ်ကြပ်ဦးအေးမောင်အား တောင်ယာတာဝန်ခံ ခန့်လိုက်ပြီး 'သင်း'သတ်သွားသောအပင်များအား ရွှံ့ထူထူဖြင့် ပတ်လည်လိမ်းနိုင်းရသည်။ ရာသီပင်များအပြင် ငှက်ပျောမျိုးကောင်းများကိုလည်း ရှာဖွေ၍စိုက်ပျိုးစေသည်။ မိုးတွင်းဖြစ်၍ အပင်များရှင်သန်ထမြောက် အောင်မြင်ပါသည်၊ သင်းသတ်သွားသောအပင်များလည်း မသေပါ။ ဖာထေးစိုက်ပျိုးသည်၊ ဆီအုန်းပင်များလည်း ရှင်သန်ပါသည်။ သို့သော် ကိုင်းမြက်များက ပိုမိုအောင်မြင်နေသဖြင့် ရဲဘက်တပ်ခွဲ(၂)စုခွဲကာ ဆီအုန်းပင်များကြားမှ မြက်များကို နှိမ်နင်းရတော့သည်။

ကိုင်းမြက်ရှင်းခြင်းမှာ အလွန်ပင်ပန်းလှသည်။ ကိုင်းခုတ်ဓား





များကလည်း မကောင်းပါ။ နောက်ဆုံး ကျွန်ုပ်က အကြံရသည်နှင့် ဆီအုန်းခင်းများအနီးရှိ တောထနေသော သီဟိုခင်းပိုင်ရှင်များနှင့် ညှိနှိုင်းပြီး ပသျှူးဓားများ အလှူခံရသည်။ ကျွန်ုပ်၏အကြံအစည်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်သည်။

ဓားလှူသဖြင့် သီဟိုတောထဲမှ တောမြက်များကို ရှင်းပေးသည်။ ထိုတောထဲ၌မိုအောင်း၍ အနီးရှိအပင်များကို ဖျက်ဆီးသည့် တောဝက်အန္တရာယ်ကိုလည်း ရှင်းလင်းပြီးဖြစ်သည်။ ပသျှူးဓားများမှာ ဓားကောက်များဖြစ်သည်။ သံလည်းအလွန်ကောင်းသည်။ လေးပေခန့် လက်ကိုင်ရိုးတပ်ပြီး ပေါင်းရှင်းသူက ထိုင်စရာ၊ ခါးကုန်းစရာမလိုဘဲ သက်သက်သာသာ ပေါင်းရှင်းနိုင်သည်။ ယခင်က တစ်ဧကကို ရဲဘက် (၄ ၅)ဦး ရိုးရိုးဓားဖြင့်ပေါင်းရှင်းရာ တစ်နေကုန်သည်။ ယခု ပသျှူးဓားကောက်ဖြင့် ရဲဘက်(၂)ဦးတည်းပေါင်းရှင်းရုံဖြင့် နေ့ဝက်နှင့်တစ်ဧက ပြီးစီးသည်။ လက်ကိုင်ရိုးရှည်သဖြင့် မြွေအန္တရာယ်လည်း မစိုးရိမ်ရပါ။ အတော်အဆင်ပြေသည်။ ယခင်က ရဲဘက်များရိုးရိုးဓားဖြင့် ရှင်းလင်းရာ နေးကွေးပြီး တောခြောက်သလိုဖြစ်၍ ဆီအုန်းခင်းပေါင်းမြက်များတွင်မိုအောင်းနေတတ်ကြသော ဖြူ၊ ပွေး၊ မြွေ၊ တောကြွက်၊ တောဝက်နှင့် ချေလှောင်များပြေးကြသည်။ ယခုတော့ မြန်ဆန်လှသဖြင့် အထက်ပါမိုအောင်နေသော သတ္တဝါများကို နေ့စဉ်မိသည်။ ရဲဘက်တပ်ခွဲများအတွက် အသားဟင်းကောင်းများပင် ဖြစ်တော့သည်။

ရဲဘက်ဆိုသည်မှာ အကြံအဖန်သမားများဖြစ်ကြသည်။ စားရေး၊ သောက်ရေးကြံဖန်ရာတွင် အလွန်တော်ကြသည်။ ထင်းခြောက်ဖြင့် ရေနွေးအိုးတည်ကာ ရေနွေးဆူသည်နှင့် ဆီအုန်းသီးကိုထုပြီး ပြုတ်သည်။ အပေါ်သို့ဝေ့တက်လာသည့် ရေပေါ်ဆီကို ဖွန်းဖြင့်ခပ်ယူ

သည်။ ဆီအုန်းသီး (၄ ၅)လုံးပြုတ်လျှင် ဆီတစ်ဆယ်သားခန့်ရသည်။ ထိုဆီဖြင့်ပင် ရသမျှတောကောင်တို့အား ကြော်လှော်တော့သည်။ ဆီအုန်းသီးအခွံကလည်း ချက်ပြုတ်ရန်ဆီရသလို လက်သန်းထိပ်ခန့်အစေ့မှလည်း အုန်းဆီလိုဆီရသည်။

ထို့ကြောင့်ပင် ကျွန်ုပ်စခန်းသို့ရောက်လာကြသည့် ထောင်ပိုင်ကြီးများက ချီးမွမ်းကြသည်။ စခန်းမှကြည့်လျှင် ဆီအုန်းခင်းတန်းကြီးအား ရှင်းလင်းလှပစွာ မြင်နေရသောကြောင့်ဖြစ်သည်။

ရွှေ့တန်းအတွက် စိတ်အေးရတော့ နောက်တန်းသို့လှည့်ပြန်သည်။ မိုးမလုံ၊ အကာအပေါက်အပြဲ ရဲဘက်ဘားတိုက်များကိုဖျက်၍ တစ်လုံးချင်းအသစ်ဆောက်သည်။ သစ်ဝါးပေါသောဒေသဖြစ်၍ ထားဝယ်လွှဆွဲသမားများထံမှ လွှငှား၍သစ်ဆွဲသည်။ စခန်းပတ်ဝန်းကျင်၌ပင် ကညင်ပင်ကြီးများရှိနေရာ ကျွန်ုပ်က လက်ညှိုးထိုးပြသည်နှင့် တစ်ပတ်အတွင်းလိုအပ်သော ဆီဒ်စုံသစ်ကိုရသည်။ ထို့ကြောင့်လည်း ရဲဘက်ဘားတိုက်ကို ယခင်ဝါးကြမ်းခင်း၊ ဓနိကာမှ ယခုပျဉ်ပြားခင်း ဝါးထရံကာအဆင့်သို့ရောက်လာသည်။ ဝန်ထမ်းဘားတိုက်တဲကြီးကိုလည်း ဖျက်၍ ဘားတိုက်အသစ်ဆောက်သည်။ စခန်းပတ်ဝန်းကျင် ဆူးကြိုးကာရံပြီး စခန်းအဝင်အထွက် တံခါးများကိုလည်း အသစ်လုပ်သည်။

နောက်ပိုင်းတွင် ယာယီရုံးခန်းအား ရဲဘက်ညှိတွေ့ဆောင်အဖြစ်သတ်မှတ်ပြီး ကျွန်ုပ်၏နှစ်ထပ်ရုံးခန်းကြီးအား အသစ်ဆောက်တော့သည်။ တစ်ပြိုင်နက်တည်း ပျက်စီးနေသော ရိက္ခာဂိုဒေါင်အစားပျဉ်ခင်းဝါးထရံကာ၊ ဓနိမိုးဂိုဒေါင်ကြီးအား စခန်းအဝင်ဝလုံခြုံရာ လုံထိန်းတပ်ခွဲနားတွင် ဆောက်သည်။ စခန်းအတွင်းရောင်းချသော ဝန်ထမ်းဆိုင်ကလေးများကိုလည်း အသစ်ဆောက်ပေးလိုက်သည်။ ထို့ကြောင့်





အောက်ချိုင့်စခန်းမှာ ယခင်ကနှင့်မတူ တစ်မူထူးခြားစွာ ရှင်းလင်းသပ်ရပ်လှပနေတော့သည်။ ကျွန်ုပ်တစ်ဦးတည်းကြောင့် စခန်းကြီးသာယာလှပလာသည်ဟု မကြွားလိုပါ။ ကျွန်ုပ်၏လက်အောက်ရှိ ဝန်ထမ်းရဲဘက်တို့၏ စွမ်းဆောင်မှုကြောင့်လည်း ဖြစ်ပါသည်။ သို့သော် ခေါင်းဆောင်ကျွန်ုပ်က မနိုင်းတတ်လျှင် တိုးတက်သာယာ လှပလာမည်မဟုတ်သည်ကတော့ အသေအချာပင် ဖြစ်တော့သည်။

စခန်းဆောက်ပြီးသော တစ်ညနေတွင် နောက်တန်းကာဝန်ခံရဲဘက်ကြီးစိုးမြင့်နှင့် တပ်ကြပ်ကြီးဦးထွန်းမောင်တို့ ကျွန်ုပ်နေထိုင်ရာရုံးခန်းသစ်အပေါ်ဧည့်ဆောင်သို့ ရောက်လာသည်။ ရုံးခန်းအိမ်ကြီးမှာ အောက်ထပ်ရုံးခန်းကျယ်ကြီးနှင့် ဝရမ်းများနှင့် ရုံးသုံးပစ္စည်းများထားရန် စတိုခန်းလည်းပါသည်။ အပေါ်ထပ်တွင် ဘုရားခန်း၊ ဧည့်သည်အိပ်ခန်း (၂)ခန်း၊ ကျွန်ုပ်၏အိပ်ခန်းနှင့် လက်နက်ခန်း၊ သစ်သားစားပွဲနှင့်ဆက်တီတစ်စုံချထားသော ဆင်ဝင်ဧည့်ခန်းတစ်ခုလည်း ပါသည်။ ကျွန်ုပ်ကိုယ်တိုင် ပုံစံရေးဆွဲ၍ဆောက်လုပ်သော ရှမ်းအိမ်ပုံစံဖြစ်သည်။ အမိုးက ဓနိမိုး၊ အကာကပျဉ်နှင့် အခင်းကလည်းပျဉ်ပင်။ ကညင်သားဖြင့်ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။

စိုးမြင့် ။ "ဆရာ့စိတ်ကြိုက် စခန်းသစ်လည်း ဆောက်ပြီးပါပြီ။ ဝန်ထမ်းနဲ့ ရဲဘက်အားလုံးကလည်း သဘောကျပြီး ကျေးဇူးတင်နေကြပါတယ်။ ဆရာဘာများလုပ်ချင်ပါသေးသလဲ"

ကျွန်ုပ် ။ "တပ်ကြပ်ကြီးဦးထွန်းမောင်၊ ဘာများဆက်လုပ်ဖို့ ကျန်သေးတယ်ထင်သလဲဗျ"

"ပြည့်စုံပါပြီဆရာရယ်။ စခန်းဝဲဘောင်ယာလည်း ချဲ့ထွင်စိုက်ပျိုးထားလို့ ဝန်ထမ်းဖို့၊ အရာရှိဖို့၊ ရဲဘက်ဖို့အပြင် ပိုလျှံလို့ ဆေးရုံ

ကိုတောင် ထောက်ပံ့နိုင်ပါသေးတယ်။ ဝန်ထမ်းဘားတိုက်၊ ရဲဘက်တို
နဲ့ ရိုက္ခာဂိုဒေါင်၊ ရုံးခန်းကြီးလည်းပြီးပါပြီ။ တပ်စည်းရိုးတောင်ကာပြ
တံခါးနဲ့အစိုင်အမာပါ။ ဘာကျန်သေးလို့လဲ ဆရာရယ်"

"ကျန်သေးတယ် ဦးထွန်းမောင်။ အခု ခင်ဗျားတို့ ဘယ်
ရေကိုသုံးနေကြတာလဲ"

"စခန်းနံဘေး စမ်းချောင်းကပါဆရာ"

"အဲဒီရေ ဘယ်ကလာတာလဲ"

"အင်း ... အဲ ... သချိုင်းကုန်းကို ဖြတ်လာတာဆရာ"

"ကျွဲဆင်း၊ နွားဆင်း၊ လူတွေရေချိုးနဲ့ သန့်ပါ့မလားဗျာ"

"အင်း ... ဟုတ်တယ်။ အခုမှ ကျွန်တော်စဉ်းစားမိတာ
မသန့်ဘူးဆရာ"

"အင်း ... မသန့်ရင် ရေတွင်းတူးရတော့မှာပေါ့။ ကျွန်တော်
တို့နေရာက တောင်ဆင်ခြေလျှော၊ ရေနီးပါတယ်"

စိုးမြင့် ။ "ဘယ်နားမှာတူးမလဲ ဆရာ"

"ရေအသုံးအများဆုံးက ထမင်းချက်ဖိုတွေ မဟုတ်လား၊
ရဲဘက်ဖိုကြီးနဲ့ ဝန်ထမ်းဖို၊ အရာဖိုတွေ (၃)ပွင့်ဆိုင်နေတာပဲ။ အဲဒီ
ကြားမှာတူးမယ်။ ကျွန်တော်နေရာပြမယ်"

"ဟုတ်ကဲ့ ဆရာ"

"နောက်တစ်ခုက စခန်းသစ်ဆောက်ပြီးရင် အလှူလုပ်ရမယ်၊
ငါတို့က ဗုဒ္ဓဘာသာဝင်တွေ။ ရဲဘက်ထဲမှာလည်း မွတ်စလင် တင်
ယောက်နှစ်ယောက်ပဲ ပါပါတယ်။ နေ့ကြီး၊ ရက်ကြီးတိုင်းမှာ ချန်းဖန်း
ကျောင်းကသံဃာတွေပင့်ပြီး တတ်နိုင်သမျှ အလှူလုပ်မယ်။ ကျွန်တော်
က ကမကထလုပ်မယ်။ ဘယ်သူ့ကိုမျှ အလှူမခံဘူး။ သူ့ဘာသာ ဆန္ဒ





ရှိရင်တော့ လှူကြ၊ တန်းကြပါစေပေါ့။ လာမယ့် သီတင်းကျွတ်လပြည့်
နေ့မှာလုပ်မယ်။ သင်္ကန်းကပ်လှူမယ်၊ ဝတ္ထုကပ်မယ်၊ နေ့ဆွမ်းစီစဉ်
မယ်၊ တရားနာမယ်၊ ရေစက်ချ အမျှဝေမယ်"

"ကောင်းပါတယ် ဆရာ"

"အဲ ... အဲဒါဆိုရင် မနက်ဖြန် တနင်္ဂနွေနေ့အလုပ်ပိတ်
ရက် ရေတွင်းတူးတဲ့သူက တူးမယ်။ နောက်တစ်ခုလုပ်ချင်တာက သချိုင်း
ကိုပြုပြင်ဖို့ပဲ။ စည်းရိုးကာမယ်။ စည်းရိုးပတ်လည်မှာ ပိတောက်ကိုင်း
တွေစိုက်မယ်။ သချိုင်းနားက ချောင်းကလေးကိုဖြတ်ပြီး အုန်းတုံးနဲ့
တံတားဆောက်မယ်။ ရုံးခန်းဆောက်တုန်းက ပိုတဲ့ပျဉ်တွေနဲ့ တံတား
ခင်းမယ်။ လေးပေအကျယ်လောက်ပဲ။ လက်ရန်းကလေးလည်း ထည့်
မယ်။ ပါဆည်ပါညန်းစခန်းက ရဲဘက်လူနာတွေ ဆေးရုံလာပြရင် စမ်း
ချောင်းဖြတ်မကူးရအောင်လို့ပါ။ အဲဒီကိစ္စက ကျွန်တော်ဒီစခန်းမပြောင်း
ခင်ကတည်းက ကြံရွယ်ချက်ပါ"

"အလွန်ကောင်းတဲ့ အကြံအစည်တွေပါပဲဆရာ။ ကျွန်တော်
တို့ လုပ်ပါ့မယ်"

ကျွန်ုပ်တာဝန်ကျသော စခန်းအတွက် အတတ်နိုင်ဆုံးနှင့်
အကောင်းဆုံးလုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ အားလုံးကလည်း
သဘောပေါက်နားလည်ကြသည်။ ထို့ကြောင့်လည်း အောက်ချိုင့်ခြံစခန်း
မှာ ကျွန်ုပ်သဘောဆန္ဒအတိုင်း လုပ်ဆောင်သမျှ အားလုံးကသဘော
တူကြသည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်ပြသောနေရာတွင် ရေတွင်း
တူးကြသည်။ ကျွန်ုပ်တို့အဖွဲ့ကတော့ သချိုင်းကုန်းအားသန့်ရှင်းရန်၊
စည်းရိုးကာရန်၊ ပိတောက်ပင်စိုက်ရန်နှင့် ချောင်းကူးတံတားဆောက်

ရန် စီမံကြသည်။ သချိုင်းမြေအား ခြံစည်းရိုးခတ်၊ သစ်ပင်စိုက်၊ သန့်ရှင်းရေးလုပ်ခြင်းမှာ လျင်မြန်စွာပြီးစီးသော်လည်း တံတားဆောက်ခြင်းမှာ ကြာသည်။ အရွယ်ညီ အုန်းပင်နှစ်ပင်ကိုရှာရသည်။ ခုတ်လှဲပြီး သယ်ဆောင်ရသည်။ ချောင်းကမ်းပါးပေါ်၌ မြေကြီးကိုတွင်းပြီး အထိုင်ချရသည်။ ပြီးနောက် အုန်းတုံးနှစ်တုံး ရွေ့မသွားစေရန် တုတ်ရိုက်သည်။ ပြီးတော့ သစ်သားခင်း၍ရိုက်ရသည်။

လက်တန်းနှစ်ခုကိုလည်း ကွမ်းသီးပင်နှစ်ပင်ကို ဒေါက်ထည့်ပြီးရိုက်သည်။ နေ့လယ် (၁၂)နာရီခန့်တွင် လေးပေအကျယ်အဝန်းရှိသော ချောင်းကူးတံတားကလေး ပြီးစီးသွားသည်။ ချောင်းကူးတံတားနှင့်ဝင်းခြံနှင့် သချိုင်းကလေးမှာ လှပသာယာသွားသည်။ လူတင်မကဆိုင်ကယ်ပါဖြတ်လို့ရအောင် နိုင်ခန့်သည်။

ကျွန်ုပ်တို့လုပ်ငန်းသိမ်း၍ စခန်းသို့ပြန်လာကြစဉ် ကျွန်ုပ်၏တပည့် ရဲဘက်သံချောင်း စခန်းဘက်မှ အပြေးအလွှား ရောက်လာသည်။

"ဆရာ ... ဆရာ စခန်းမှာ ဝင်ပူးနေတယ်"

"ဟဲ့ကောင်-သံချောင်း။ ဘယ်ကောင်က ဘယ်သူ့ကို ဝင်ပူးတာလဲ"

"ရဲဘက်မိန်းမလျာလှမြင့်ကို ဝင်ပူးတာဆရာ။ သချိုင်းပောင့်လို့ပြောတယ်။ ကြိမ်းလိုက်ဝါးလိုက်တာ ကြောက်စရာအလွန်ကောင်းတယ်"

"လာ ... လာ ... သွားကြည့်ရအောင်"

ဟုတ်ပါသည်။ ကျွန်ုပ်တို့ စခန်းဝရောက်သည်နှင့် ကန္တဲ့ကလူ့အေးအေးဆေးဆေးနေတတ်သော လှမြင့်၏အသံကျယ်ကြီးကို အတိုင်း





သာကြားနေကြသည်။ ကျွန်ုပ်တို့ ရဲဘက်စည်းရိုးဝင်းအတွင်း ဝင်သွားတော့ လှမြင့်မှာကျွန်ုပ်အား မျက်ထောင့်နီကြီးဖြင့်ကြည့်နေပြီး ...

"ဒီကဆရာ၊ ငါ့ကိုနေစရာပေးဦး။ ငါ့နေရာ ဘုံပျောက်သွားပြီ"

"ခင်ဗျားကဘယ်သူလဲ။ ဘယ်မှာနေလို့လဲ"

"ငါက သချိုင်းစောင့်ပဲ။ သချိုင်းမှာနေတာပေါ့"

"ကျုပ်တို့က ခင်ဗျားတို့သချိုင်း သာယာလှပသန့်ရှင်းအောင် လုပ်ပေးတာ။ ဖျက်ဆီးတာမဟုတ်ဘူး"

"မင်းတို့လုပ်ပေးတာ လမ်းဟိုဘက်က သချိုင်း။ ငါနေတာက လမ်းဒီဘက် သချိုင်းပောင်းမှာနေရတာ။ ငါနေတဲ့ အုန်းပင်နှစ်ပင်ကိုခုတ်သွားတော့ ငါနေစရာမရှိတော့ဘူး။ ဘုံပျောက်ပြီ"

"အဲဒီမှာ သချိုင်းကနှစ်ခုတောင်လား။ ကျုပ်တို့တော့ တစ်ခုဘည်းပဲထင်တာ"

"သချိုင်းနယ်မြေကို လမ်းခြားထားတော့ နှစ်ခုဖြစ်နေတာပေါ့။ ဝိတောက်ပင်ဘက်ကအကောင်က ငါ့ထက်ကြီးတယ်။ သူကတော့ ဝင်းခြံနဲ့ဘာနဲ့ဆိုတော့ သဘောကျနေတယ်။ ငါ့မှာသာ နေစရာမရှိတာ။ နေစရာလုပ်ပေးဦး"

"ခင်ဗျားအုန်းပင်တွေ တံတားထိုးလိုက်တာ ခင်ဗျားအမြင်ပဲ။ အဲဒီတံတားပေါ်မှာသွားနေပေါ့"

"ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်း တံတားထိုးလိုက်တော့ ငါမပိုင်တော့ဘူး။ ချောင်းစောင့်နတ်ကလည်း ရှိသေးတယ်။ မင်းတို့မင်းမိန့်နဲ့နေရာပေးမှ ငါနေရာရမယ်"

ကျွန်ုပ်က နောက်သလိုပြောင်သလို ပြောနေမိသော်လည်း

သချိုင်းစောင့်သရဲ တကယ်ဘုံပျောက်ဟန်တူပါသည်။ ထို့ကြောင့် ...

"အဲဒါဆို ကျုပ်တို့ဘာလုပ်ပေးရမှာလဲ"

"ငြိမ်အတွက်နေဖို့ နေရာတစ်ခု သတ်မှတ်ပေးပါ"

"တောထဲမှာ သစ်ပင်တွေပေါ်မှပေါပဲ။ ကြိုက်တဲ့သစ်ပင်မှာ နေပါလား"

"အဲဒီလိုမရဘူး။ သူ့အပင်နဲ့သူ အစောင့်တွေရှိတယ်။ ငါ့အတွက် သီးခြားဖန်တီးပေးပါ"

ထိုစဉ် တပ်ကြပ်ကြီးဦးထွန်းမောင်က ကြားဝင်၍ပြောလာသည်။

"အဲဒါဆိုရင် ငါတို့က ခုတ်လိုက်တဲ့အုန်းပင် နှစ်ပင်ကြားမှာ သစ်ပင်တစ်ပင်စိုက်ပေးမယ် သဘောတူလား"

"အေး ... တူတယ်။ သစ်ပင်ပေါက်စတော့မလုပ်နဲ့။ ရွယ်ရွယ် အပင်စိုက်ပေး။ တစ်ပင်တည်းမလုပ်နဲ့။ အလျော်ပေးတဲ့အနေနဲ့ (၂)ပင် စိုက်ပေး။ ငါကျေနပ်တယ်"

"အေး ... အေး ... အခုပဲ စိုက်ပေးမယ်။ မင်းပြန်တော့"

"ဝါး ... ဟား ... ဝါး"

သရဲဝင်ပူးသော မိန်းမလျာလူမြင့်မှာ အသံသြကြီးဖြင့် မဟုတ်တော့ဘဲ အခုမှပုံမှန်အသံဖြင့် ...

"ဟင် ... ဘာတွေဖြစ်နေကြတာလဲ။ လူကိုဘာကြောင့်ဝိုင်းကြည့်နေကြတာလဲ။ ရှက်စရာကြီး ... အဟင့်"

ကျွန်ုပ်တို့ ရုံးခန်းသို့ပြန်ခဲ့ကြသည်။ တပ်ကြပ်ကြီးဦးထွန်းမောင်နှင့်တိုင်ပင်ပြီး ဗိုကြီးခေါင်းရင်းတွင်ပေါက်နေသော လူတစ်ရပ်ခန့်စီရှိသည့် သီဟိုပင်နှစ်ပင်အား သေချာစွာခုတ်စေပြီး သချိုင်းတွင်စိုက်နိုင်း





လိုက်ရတော့သည်။ ယုံသည်မယုံသည်ဖြစ်စေ ကျွန်ုပ်က ခွင့်မတောင်းဘဲ အုန်းပင်နှစ်ပင်အားခုတ်လှဲပြီး တံတားဆောက်လိုက်ခြင်းအတွက် အလျော်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

တပ်ကြပ်ကြီး ဦးထွန်းမောင်တို့အဖွဲ့ထွက်သွားပြီး ကျွန်ုပ် ရေချိုးမည်စီစဉ်နေခိုက် ကျွန်ုပ်ရှာဖွေရွေးချယ်၍ခန့်ထားသော ရဲဘက်မှုဆိုးမောင်နီ အပြေးရောက်လာသည်။

"ဆရာ ... ဆရာ စခန်းရှေ့ဘက်ချိုင့်ကြီးထဲမှာ ကျွန်တော်ဆောင်ထားတဲ့နင်းကိုင်းမှာ တောဝက်သိုးကြီးတစ်ကောင် မိနေတယ် ဆရာ။ အဲဒါလိုက်ပစ်ပေးပါဦး"

"အကောင်အတော်ကြီးသလားကွ"

"အချိန် (၈၀)ကျော်လိမ့်မယ်ဆရာ၊ ငယ်ထိပ်မှာလည်း ကြာဖြူ ကွက်ကြီးနဲ့အတော်ကြီးတယ်"

"အေး ... အေး ... ခဏစောင့်"

ကျွန်ုပ် ယူနီဖောင်းအဟောင်းကိုပြန်ဝတ်ပြီး အပေါ်ထပ်တက်၍ ဒသမ ၃၀၃ ရိုင်ဖယ်ကြီးကိုဆွဲကာ မုဆိုးနောက်သို့လိုက်ခဲ့သည်။ နေရာမှာမဝေးပါ။ အောက်ချိုင့်ဆီအုန်းခြံအဝင်ဝ ခြံစပ်လျှိုအနီးတွင် ဒုန်းကျင်းကြီးသဖွယ်ဖြစ်ပေါ်နေသော နဘူးနှင့်ဆီးချုံများ ဝိုင်းရံပေါက်ရောက်နေသည့် နေရာဖြစ်သည်။ ကျင်းချိုင့်ကြီးမှာ ပေ (၂၀)ခန့်နက်သည်။ သို့သော် ဖောက်မဟုတ်။ အဆင်းအတက်ပြေသည်။ ချိုင့်တွင်း၌လည်း ချုံငယ်များရှိသည်။ ကျွန်ုပ်တို့တွင်းဝမှ ငုံ့ကြည့်သည်နှင့် တောဝက်သိုးကြီးမှာ လှူနံ့ရ၍ အတင်းဆောင့်ရုန်းနေသည်။ ကိုင်းတံမှာသေး၍ တောဝက်ကြီးအရုန်းတွင် တဖျစ်ဖျစ်မြည်နေသည်။ မကြာမီကျိုးတော့မည်ဖြစ်၍ ကျွန်ုပ် အလျင်အမြန်ပစ်ချလိုက်ရတော့သည်။

''ဒိုင်း''

ချိုင့်ကြီးအတွင်းဖြစ်၍ သေနတ်သံမှာ ခပ်အုပ်အုပ်ဖြစ်သည်။ သို့သော် တောဝက်သိုးကြီးမှာ ရှန်းကန်လှုပ်ရှားနေသဖြင့် သေကွင်းကိုမထိ။ နင်းကိုင်းကျိုး၍ ကျွန်ုပ်ထံ အတင်းပြေးတက်လာသည်။ ကျွန်ုပ်ကျည်သစ်လဲပြီး ဒုတိယအကြိမ် အနီးကပ်ပစ်ချလိုက်ရတော့သည်။

''ဒိုင်း''

တောဝက်ကြီးမှာ ငယ်ထိပ်ကြာကွက်ဖြူကြီးကိုထိ၍ ချိုင့်ထဲသို့ပစ်ကျပြီး ငြိမ်သက်သွားတော့သည်။

''တော်ပါသေးရဲ့ ဆရာရယ်။ ကျွန်တော်ဖြင့် အလွန်စိုးရိမ်သွားတာ။ ပထမအချက်ပစ်တုန်းက မီးရထားခေါင်းတွဲကြီးလို ပြေးတက်လာတာနော်''

''ဒါထုံးစံပဲလေကွာ။ သေကွင်းသေကွက်ကို မထိရင်တော့ ဝက်ဟာ ကြောက်စရာအကောင်းဆုံးပဲ။ အားကလည်း အလွန်သန်တာ''

ကျွန်ုပ်တို့ စကားပြောနေကြစဉ် တပ်ကြပ်ကြီးဦးထွန်းမောင်တို့ သစ်ပင်စိုက်အဖွဲ့ပြန်လာသည်။ အထုပ်အပိုး၊ ဇရစ်ရိုးများပွေ့ပိုက်လို့ဖြစ်သည်။

''ဦးထွန်းမောင်၊ ဘာတွေလဲဗျ''

''ဆရာရေ ... သချိုင်းနံ့ဘေးရိုးထဲက ငါးရံ့တွေနဲ့ဇရစ်ရိုးတွေလေ။ ငါးရံ့ကြီးတွေက ကြီးလိုက်တာ။ တစ်ကောင်ကို တစ်ပိဿာလောက်တောင်ရှိတယ်။ (၁၀)ကောင်ကျော်ကျော်ရတယ်။ ဇရစ်ရိုးတွေကလည်း အရမ်းထွားတာပဲ။ လက်ဖျံလောက်တောင်ရှိတယ်။ လုပ်အားပေးဝန်ထမ်း၊ ရဲဘက်တွေအတွက် ညနေစာချက်ကျွေးဖို့ပေါ့ဆရာရယ်။ ဆရာတို့ဘာကောင်ပစ်တာလဲ''





''ဝက်ဗျ၊ တောဝက်သိုးကြီး။ အချိန် (၈၀)ကျော်လိမ့်မယ်။ ဒီမှာဦးထွန်းမောင် ခင်ဗျားငါးရံ့တွေကိုဖိုက်ခွဲပြီး နေလှန်း၊ ငါးခြောက်လုပ်လိုက်ဗျာ။ နောင်ဟင်းပြတ်ရင် စားရတာပေါ့။ ညနေစာကို ဝန်ထမ်းရဲဘက်တောဝက်သားကို အကုန်ကျွေးလိုက်ဗျာ။ စခန်းမှာရဲဘက်တွေ ဟင်းကောင်းမစားရတာလည်း ကြာပြီလေ''

''ဟုတ်ကဲ့ဆရာ၊ အကောင်းဆုံးပါပဲ''

ကျွန်တော်တို့ တောဝက်ကြီးကိုထမ်း၍ စခန်းသို့ပျော်ရွှင်စွာပြန်ခဲ့ကြသည်။ ကျွန်ုပ် အောက်ချိုင့်ဆီအုန်းစခန်းရောက်မှ ပထမဆုံးပစ်ခတ်ရရှိသော တောကောင်ဖြစ်သည်။

❑

အောက်ချိုင့်စခန်းတွင် အစစအရာရာပြုပြင်ပြီးသော်လည်း ကျွန်ုပ်မနားနိုင်သေးပါ။ စခန်းလုံခြုံရေးအတွက်လည်းကောင်း၊ အမဲလိုက်ရာတွင်အသုံးပြုရန်အတွက်ပါသည်။ ညနေစခန်းက အမဲလိုက်ခွေးမလေးမိညိုကဲ့သို့ အသုံးဝင်လှသော ခွေးတစ်ကောင်လိုအပ်နေသဖြင့် ကျွန်ုပ်အရင်စခန်းသို့ ရောက်နှင့်နေသော ရဲဘက်သံချောင်းကို ဆရာတင်၍မေးမြန်းရတော့သည်။

''သံချောင်းရေ ... ဒီဒေသမှာ အမဲလိုက်ကောင်းတဲ့ ပသျှူးခွေးတွေထွက်တယ်လို့ကြားရတယ်။ အဲဒါ ဘယ်မှာရနိုင်မလဲ''

''ရှာရင်ရတာပေါ့ဆရာရယ်။ ပသျှူးတွေက ခွေးမွေးတာတော့ ရှားတယ်။ ခြလုပ်တဲ့ပသျှူးတွေလောက်ပဲ သူ့မိုးနဲ့တောဝက်ရန်ကာကွယ်





ဖို့ မွေးကြတာများတယ်။ မွေးရင်တောင် တစ်ကောင်တည်းမဟုတ်ဘူးဆရာ။ အုပ်လိုက်မွေးတတ်ကြတယ်။ ပသျှူးခွေးတွေက အဖော်ကောင်းနဲ့ အသေခံပြီးတိုက်ခိုက်တတ်တယ်။ မြန်မာခွေးအရွယ်အစားဆိုပေမဲ့ အမွေးတိုနဲ့ အမွေးရှည်ဆိုပြီး နှစ်မျိုးရှိတယ်။ နို့ခွဲစခွေးမှ သခင်ကိုချစ်တာ။ ကြီးမှမွေးရင်တော့ ရိုင်းတတ်တယ်ဆရာ။ လိုသလိုပုံစံသွင်းချွန်သင်လို့ရမှာမဟုတ်ဘူး။ ပသျှူးခွေးကောင်း ထွက်တာကတော့ လဲမွန်ရွာကြီးကဆရာ။ အဲဒီမှာ ဆရာ့သူငယ်ချင်းထောင်မှူးကြီး ဦးအုန်းမောင်ရှိတာပဲ။ သူ့ကိုရှာခိုင်းရင် ရမှာပါ''

''အဲဒါဆိုရင်တော့ အတော်ပဲပေါ့။ မနက်ဖြန် လဲမွန်စခန်းမှာ အစည်းအဝေးရှိတယ်။ ဦးအုန်းမောင်ကြီးကို ရှာခိုင်းရမယ်။ မင်းလည်းလိုက်ခဲ့ကွာ။ မင်းကငါ့ထက် ခွေးအကြောင်းပိုနားလည်တယ်''

''ဟုတ်ကဲ့ဆရာ၊ ကျွန်တော်လိုက်ခဲ့ပါမယ်။ တစ်ခါတည်းရင်လည်း ခေါ်ခဲ့တာပေါ့ဆရာ''

''အေး ... အဲဒါကောင်းတယ်။ မနက်ဖြန်မနက်စာစားပြီးတာနဲ့ ထွက်မယ်။ အစည်းအဝေးက မနက်(၁၀)နာရီမှစမှာ။ နေ့လယ်စာထမင်းပါ ကျွေးလိမ့်မယ်၊ အသင့်ပြင်ထား''

ကျွန်ုပ်အောက်ချိုင့်ဆီအုန်းစခန်းရောက်မှ ရာထူးတက်သည်။ Honda 70 ee (ဘော်ငိုးအမျိုးအစား) ဆိုင်ကယ်လေးတစ်စီးကိုလည်း ၅၀၀၀ ကျပ်နှင့် ဝယ်ယူနိုင်ခဲ့သည်။ ထိုဆိုင်ကယ်မျိုးမှာ ဆီစားသက်သာ၍ တောင်ဆင်းတောင်တက်ကောင်းသည်။ စပယ်ယာပစ္စည်းပေါသည်။ Plug တစ်လုံးကို ၂၅ ကျပ်သာပေးရပြီး၊ ကျွတ်တစ်လုံးကို ၄၅ ကျပ်၊ နောက်တာယာ ၁၆၀ ကျပ်၊ ရှေ့တာယာ ၁၂၀ ကျပ်၊ ထိုင်ခုံနှစ်ယောက်တွဲ ၁၆၀ ကျပ်သာပေးရသည်။ အသစ်ကျပ်ချွတ်များဖြစ်

သည်။ ကျွတ်တစ်ခါပေါက်၍ဖာလျှင်တော့ ၁၅ ကျပ်ပေးရသည် ဖာသည်မှာလည်း အလွန်လွယ်ကူသည်။ ကျွတ်အားဘီးခွေထဲကထုတ် ၍ အဝတ်ဖြင့်ပေါက်နေရာကို အခြောက်သုတ်သည်။ ပြီးနောက် ဒိုင်း မွန်းပုံစံ အတုံးကလေး၏နောက်ကျောကိုခွာ၍ အပေါက်နေရာ၌ကပ် သည်။ တစ်ခါ သတ္တုပြားဖြင့်ကွပ်ထားသည့် ဒိုင်းမွန်းကွက်အလယ် အား စီးကရက်မီးဖြင့်ထိုးလိုက်သည်နှင့် တရှဲရှဲလောင်သွားသည်။ ကျ ပေါင်းဖြစ်သွားသည်။ သတ္တုဖရိမ်လေးအား ဝက်အူလှည့်ဖြင့် ထိုးခွာလိုက် ရုံဖြင့် ကျွတ်ဖာခြင်းအလုပ်ပြီးသည်။ ကျွန်ုပ်တို့ကတော့ ကျွတ်ပေါက် လျှင် နှစ်ခါသာဖာသည်။ သုံးကြိမ်ပေါက်လျှင် မဖာတော့ပါ။ ၄၅ ကျပ် သာပေးရသည့်ကျွတ်အသစ်ကိုပဲ ဝယ်လဲလိုက်တော့သည်။ တောင်တက် တောင်ဆင်းစိတ်ချစေရန်အတွက် ဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့မနက်စာစားပြီး သံချောင်း ကိုခေါ်ကာ ဆိုင်ကယ်ဖြင့် လဲမွန်စခန်းသို့ထွက်လာကြသည်။ မြေနီ တောင်ကိုဖြတ်၊ ရွာကိုကျော်ပြီးမှ လဲမွန်ရွာထဲဝင်လာသည်။ ရွာစွန်ကို ဖြတ်ကျော်ပြီးမှ တောင်ကုန်းမြင့်ပေါ်တွင်တည်ထားသည့် လဲမွန်ဆီအုန်း စခန်းနှင့် ကွပ်ကဲမှုရုံးသို့ရောက်သည်။ ကျွန်ုပ်တို့ရောက်သည်မှာ စော သေးသဖြင့် လူမစုံသေးပါ။ အချိန်ရသေးသဖြင့် လဲမွန်စခန်းတာဝန်ခံ ဦးအုန်းမောင်အိမ်သို့ ကျွန်ုပ်တို့သွားကြပြီး ခွေးကိစ္စအားအပူကပ်ရ ပါတော့သည်။

"ကိုအုန်းမောင်ရေ ... ပသျှူးခွေးမျိုးကောင်းကောင်းလိုချင် တယ်ဗျာ။ ရှာပေးပါဦး"

"သူငယ်ချင်း .. မင်းလိုချင်တဲ့ခွေးက အမွေးတိုလား၊ အမွေး ရှည်လား၊ ဘာအရောင်လဲ၊ အရွယ်က ဘယ်လောက်လဲ"





"အရွယ်က လသားနို့ဖြတ်စ၊ အရောင်နဲ့ အမွေးအတိုအရှည် မရွေးဘူး။ ကျန်းမာသန်စွမ်းတဲ့ ပသျှူးခွေးစစ်ဖြစ်ဖို့ပဲ။ အရေးကြီး တယ်။ ခန်းစောင့်နဲ့ အမဲလိုက်တတ်အောင် သင်လို့ရရင်တော်ပြီ"

"ဘယ်နှစ်ကောင်လိုချင်တာလဲ။ အထီးလား၊ အမလား"

"တစ်ကောင်ရရ နှစ်ကောင်ရရဖြစ်ပါတယ်။ ခင်ဗျားပိုင်နက် ထဲမှာရှိလို့လား။ အထီးအမ မရွေးဘူး"

"ရှိပြီလားမောင်ရယ်၊ အထီးနှစ်ကောင်။ တစ်ကောင်က အရွယ်တူ အမွေးတိုအဝါရောင်၊ တစ်ကောင်က အမွေးရှည်နီညိုရောင်၊ နို့ခွဲစပဲရှိသေးတယ်။ ကြိုက်ရဲ့လား။ ကဲ ... လာ ... သူငယ်ချင်း။ လူ မစုံသေးတော့ အစည်းအဝေးစဖို့ လိုပါသေးတယ်။ ဒီနားတင်ပဲ သွား ကြည့်ကြရအောင်"

ပြောပြောဆိုဆို ဦးအုန်းမောင်က ကျွန်ုပ်အားဆွဲခေါ်သဖြင့် လိုက်ခဲ့ရာ ရဲဘက်ထမင်းချက်ဖိုကြီး အနီးရောက်သည်နှင့် ဦးအုန်း မောင်က ...

"အို့ ... အို့ ... အို့"

ဟုခေါ်လိုက်ရာ ခွေးပေါက်စကလေးနှစ်ကောင်နှင့် ခွေးမကြီး၊ ခွေးထီးကြီးတို့ပြေးထွက်လာကြသည်။ လွန်စွာ ကျန်းမာသန်စွမ်းသော ခွေးများဖြစ်ကြသည်။

"ကိုအုန်းမောင် ... ခင်ဗျားခွေးတွေက ကိုက်တတ်သလား။ ကြည့်လုပ်ပါဦး"

"မကိုက်ပါဘူး။ အလွန်လိမ္မာပါတယ်။ သခင်ကရှူးတိုက်ပေး ရင်တော့ ကျွဲပေါက်တောင် မလွတ်စေရဘူး။ တကယ်သတ္တိကောင်းတဲ့ ကောင်တွေ၊ ကြိုက်သလား သူငယ်ချင်း။ မင်းကိုခင်လွန်းလို့ပေးတာ။

သစ်ခွဲတဲ့ထားဝယ်သားတွေ လာဝယ်တာတောင် မရောင်းလိုက်ဘူး"

"ကြိုက်တယ်ဗျာ၊ အစည်းအဝေးပြီးတာနဲ့ ယူသွားတော့မယ် ဖြစ်တယ်မဟုတ်လား"

"သူငယ်ချင်း ဒီအတိုင်းတော့မရဘူးလေ။ တစ်ဦးကလက် ဆောင်ပေးရင် တစ်ဦးကလက်ဆောင်ပြန်လေးတော့ လုပ်ဦးမှပေါ့"

'ဩော် ... ဒီလိုလား။ ဘာပြန်ပေးရမှာလဲ၊ ပြောပါဦး"

"မဲခေါင်အရက် အကြီးတစ်လုံးလောက်ဆိုရင် တော်ပါပြီ"

"ဒီနားမှာဝယ်လို့ရသလား"

"ရပေါ့သူငယ်ချင်းရယ်။ ကော့သောင်းမြို့ပေါ်မှာ ၉၀ ကျပ်၊ ဒီရွာမှာတော့ ၁၂၀ လောက်ပေးရင် ရပါတယ်"

"ကဲ ... ကဲ ... ရော့ဗျာ၊ ကျေးဇူးအထူးတင်ပါတယ်"

"အော်ကြီးစခန်းများ (၁)၊ (၂)၊ (၃)၊ ဟပ်စတင်းစခန်းများ (၁)၊ (၂)၊ (၃)၊ ရေတံခွန်စခန်း၊ ပါဆယ်ပါညန်းနှင့် ကျွန်ုပ်တို့အောက် ချိုင့်စခန်းများစုံကြ၍ အစည်းအဝေးကို မနက် (၁၀)နာရီတွင်စသည်၊ ဆီအုန်းစိုက်ခင်းအခြေအနေနှင့် ရဲဘက်ဝန်ထမ်း ကျန်းမာရေးအခြေ အနေ၊ လုပ်ငန်းခွင်အခက်အခဲများကို ညှိနှိုင်းတင်ပြကြခြင်းဖြစ်သည်၊ ကျွန်ုပ်တို့ ပါဆည်ပါညန်းစခန်းအုပ်စုတွင် ရေတံခွန်စခန်း၊ ပါဆည် ပါညန်းနှင့် အောက်ချိုင့်စခန်း၊ လဲမွန်စခန်းတို့ပါဝင်သည်။ ခြံဟောင်း ကြီးများဖြစ်ကြသည်။ ယခုနှစ်မှ တိုးချဲ့သော အော်ကြီးစခန်းများနှင့် ဟပ်စတင်းစခန်းများက စခန်းသစ်များဖြစ်ပေသည်။

အစည်းအဝေးပြီးတော့ နေ့လယ်စာစားကြသည်။ လဲမွန်စခန်း တာဝန်ခံ ထောင်မှူးကြီးဦးအုန်းမောင်စီစဉ်သော တောဝက်သားဟင်း၊ ချေသားဟင်းနှင့် တောကြက်သားဟင်း၊ ပင်လယ်ငါးဟင်းများဖြစ်ကြ





သည်။ လဲမွန်စခန်းမှာ ပင်လယ်နှင့်နီးသည်။

ကျွန်ုပ် နေ့လယ်စာစားယောက်ပြီးနောက် ခွေးနှစ်ကောင်အား ခမ်းယူကာ တပည့်သံချောင်းနှင့်အတူ Honda ဆိုင်ကယ်ကလေးဖြင့် အောက်ချိုင့်ဆီအုန်းခြံသို့ ပြန်ခဲ့ကြပါသည်။ မြေနီတောင်ကုန်းဆင်း၊ ညောင်ပင်အောက်၌ ကျွန်ုပ်တို့ခွေးနှစ်ကောင်နှင့်အတူ ခေတ္တနားနေ ကြစဉ် ...

လဲမွန်ရွာကြီးဘက်မှ မြေနီတောင်ကုန်းဆင်းအတိုင်း SUPER CUB အမျိုးအစား ဆိုင်ကယ်လေးတစ်စီး ဆင်းလာသည်။ စီးလာသူမှာ အမျိုးသမီးလေးတစ်ယောက်ဖြစ်သည်။ ဆာရီဝတ်စုံကို ဝတ်ထားသည်။ ဒေသခံပသျှူးအမျိုးသမီး ဖြစ်ပုံရသည်။ ကုန်းဆင်းတွင် နံပါတ်ဝမ်း ဂီယာကြီးဖြင့်ဆင်းရမည့်အစား ဂီယာမပြောင်းဘဲဆင်းလာ၍ အရှိန် မြန်သောကြောင့် ကုန်းဆင်းအရောက်တွင် ဘရိတ်အုပ်လိုက်ရာ ဆိုင်ကယ် မှာတစ်ပတ်လည်သွားပြီး ကျွန်ုပ်တို့အနီး၌ လဲသည်။ တော်ပါသေး သည်။ ဘရိတ်အုပ်ထားသဖြင့် အရှိန်မရှိ။ ဖြည်းဖြည်းလဲခြင်း ဖြစ်သည်။ ကျွန်ုပ်လည်း မနေနိုင်တော့။ ဆိုင်ကယ်ကိုထူမ၍ ဒေါက်ထောက်ပေး လိုက်ရသည်။ အမျိုးသမီးလေးမှာ ဆာရီဝတ်ဖြစ်သော်လည်း မြန်မာချော ချောသူကလေး ဖြစ်သည်။

"ဘာဖြစ်သွားသေးသလဲ ညီမ"

"ရတယ်အစ်ကို ဖြည်းဖြည်းလဲတာပါ။ ဘာမှမဖြစ်ပါဘူး"

"ဒီမြေနီတောင်က မိုးတွင်းဆို အရမ်းချောတယ်ညီမ။ အတက် အဆင်းဘရိတ်မသုံးရဘူး။ နံပါတ်ဝမ်းဂီယာကြီးနဲ့ပဲ ဖြည်းဖြည်းပဲအတက် အဆင်းလုပ်ရင် အန္တရာယ်ကင်းပါတယ်။ ခြေထောက်နှစ်ဖက်နဲ့ ထိန်း ထားပေါ့"

"ညီမက သိပ်မကျွမ်းကျင်သေးဘူးအစ်ကို။ ဒါကြောင့် ဖြစ်တာပါ။ နောင်ဆို အစ်ကိုပြောတာကို မှတ်ထားပါ့မယ်"

ပသျှူးမကလေးဖြစ်သော်လည်း မြန်မာစကားကို ရေလည်စွာပြောနိုင်သည်။ စကားသံမပဲပါ။

သူမဆိုင်ကယ်ကို Starter ဖြင့် နှိုးသည်၊ မရပါ။ ကျွန်ုပ်က Kick Start အား ခြေထောက်ဖြင့် နင်းနှိုးပေးတော့လည်း မရပါ။ ကျွန်ုပ်စစ်ဆေးပေးသည်။

"ညီမဆိုင်ကယ်က အစောတည်းက စက်သံမမှန်ဘူး။ Plug မကောင်းဘူးထင်တယ်"

"ဟုတ်တယ်ထင်တယ် အစ်ကို။ မနေ့ကဆိုင်ကယ်ကို အပြင်မှာထောင်ထားရင်း မိုးမိသွားတယ်"

ကျွန်ုပ် သူမဆိုင်ကယ်မှ Plug ကိုဖြုတ်ပြီး Kick Start နင်းကြည့်သည်။ မီးလုံးဝမထွက်ပါ။ ထို့ကြောင့် ကျွန်ုပ်၏ဘေးလွယ်အိတ်တွင် အသင့်ဆောင်ထားသော Plug အသစ်ကိုလဲပြီးတပ်ပေးရာ ဆိုင်ကယ်မှာစက်နိုး၍ ကောင်းသွားသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ ညီမဘယ်လောက်ပေးရမလဲဟင်"

"မပေးရပါဘူး။ အစ်ကိုက ကူညီတာပါ။ ညီမက ဘယ်မှာနေတာလဲ"

"ညီမက ချန်းဖန်းရွာမှာ နေတာပါ။ အစ်ကိုတို့ကရော ဟင်"

"အစ်ကိုတို့က အောက်ချိုင့်ဆီအုန်းခြံကပါ။ အကျဉ်းဦးစီး ဌာနဝန်ထမ်းတွေပါ"

စိတ်ကူးသစ်စာပေ



"တွေ့ရတာဝမ်းသာပါတယ် အစ်ကို။ အခုလိုကူညီတာ ကျေးဇူးအထူးတင်ပါတယ်။ နောက်တစ်ခါ ပြန်ဆုံကြဦးစို့အစ်ကို ... နော်။ ညီမသွားတော့မယ်"

"အေးပါကွာ၊ ညီမ ဖြည်းဖြည်းစီးနော်။ တောင်တက်တောင်ဆင်းဂီယာကြီးကိုသုံးပါ။ အဆင်းတွေမှာ ဘရိတ်လုံးဝမသုံးနဲ့နော်"

"ဟုတ်ကဲ့ အစ်ကို"

ပသျှူးမကလေးထွက်သွားတော့မှ ကျွန်ုပ်တို့နောက်က လိုက်ကြသည်။ သူမက ခပ်ကြမ်းကြမ်းစီးဟန်တူသည်။ ကျွန်ုပ်တို့မြင်ကွင်းမှ ပျောက်သွားသည်။

ခွေးကလေးနှစ်ကောင်မှာ နို့ခွဲစ,လသားဖြစ်သော်လည်း အတော်ကျန်းမာသန်စွမ်းသည်။ ကျွန်ုပ်ကိုယ်တိုင် ဂရုစိုက်၍မွေးမြူသည်။ သံချခြင်း၊ အားဆေးကျွေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့ကို လုပ်ပေးပြီး အစာကိုတော့ ကျွန်ုပ်နှင့်သံချောင်းသာ အဓိကကျွေးကြသည်။ နီညိုရောင် အမွေးရှည်ခွေးကလေးကိုဘိုနီ၊ အဝါရောင်အမွေးတို ခွေးကလေးကို ဘိုဖြူဟူ၍ မှည့်ခေါ်နာမည်ပေးလိုက်သည်။ ခွေးကလေးမှာ ငယ်စဉ်ကတည်းက မြူစုကျွေးမွေးလာခဲ့၍ ကျွန်ုပ်အား သခင်အနေဖြင့် အလွန်ချစ်ကြသည်။

❑

ခွေးကလေးများ စခန်းရောက်၍ (၆)လခန့်အကြာတွင် ဘိုနီနှင့်ဘိုဖြူတို့ ခွေးလားမြောက်လာကြသည်။ သတ္တိကောင်းသော ပသျှူးခွေးများပီပီ စခန်းရှိအခြားခွေးများအပေါ် ဗိုလ်ကျလာခဲ့တော့သည်။ အမဲလိုက်လည်း အလွန်ဝါသနာပါကြသည်။ ဆီအုန်းခင်းအတွင်း ခုံဘက်တပ်စိပ်ဖြင့်လိုက်ပြီး တောကြွက်ကြီးများ၊ မွေးနှင့်ဝက်ပေါက်ကလေးများ ရှာခြင်း၊ လိုက်ခြင်းကို သံချောင်းနှင့်မုဆိုးမောင်နီက သင်ပေးသည်။ ရလာလျှင်လည်း အရိုးအရင်း၊ အသားစများကျွေး၍ အမဲလိုက်ခွေး 'ဗီဇ'ကို အခြေခံသင်တန်းပေးကြသည်။ ယင်းခွေးနှစ်ကောင်သည်





ခန်းရောက်ပြီး တစ်နှစ်ခန့်အကြာတွင် အားကောင်းမောင်းသန် ခွေးကြီးများဖြစ်လာပြီး အနံ့ခံကောင်းခြင်း၊ ခြေသံလုံ့စွာဖြင့်သွားလာတတ်ခြင်း၊ သခင်၏အထာကိုသိသည့်အပြင် နှစ်ကောင်တွဲ၍ တိရစ္ဆာန်ငယ်များအား 'လုံ'နိုင်ခြင်းစွမ်းရည်သတ္တိများ ပြည့်ဝလာတော့သည်။

ခွေးနှစ်ကောင်၏ထူးခြားချက်မှာ လူတကာနှင့် ယဉ်ပါးသော်သည်း ရုံးခန်းအတွင်းသို့ ခွင့်မတောင်းဘဲဝင်လာသော လူစိမ်းများနှင့် ချုနီဖောင်းကို ဗိုသီဖတ်သီ ဝတ်ဆင်လာသော ဝန်ထမ်းများအား ကြာခဏ ကိုက်တတ်လာပါသည်။ သင်ထားခြင်းလည်း မရှိပါ။ သပ်ရပ်စွာဝတ်ဆင်လာလျှင်တော့ ခေါင်းထောင်ကြည့်ရုံသာကြည့်ပြီး ပြန်အိပ်တတ်သည်။ ညဘက်အိပ်လျှင်လည်း ကျွန်ုပ်ထိုင်သော စားပွဲဘေးတွင်ချထားသည့် ကုလားထိုင်များပေါ်၌ အိပ်တတ်သည်။ ညဥ့်သန်းခေါင်ကျွန်ုပ်အပြင်ထွက်လျှင် Body Guard သဖွယ် ဘေးနှစ်ဖက်မှဝန်းရံပြီး ညည့်ပတ်စစ်ဆေးရာနောက်သို့ တကောက်ကောက် လိုက်တတ်သည်။ အပြင်တွင်သာ အပေါ့အလေးစွန့်ပြီး ရုံးခန်းပြန်ရောက်သည်နှင့် သူ့နေရာသူ ပြန်အိပ်တတ်သည်။ လွန်စွာစည်းကမ်းရှိသောခွေးများ ဖြစ်ကြသည်။ ရုံးခန်းအတွင်း အညစ်အကြေးစွန့်ခြင်း လုံးဝမလုပ်ပါ။ တကယ်၍ အပြင်ထွက်လိုလျှင်လည်း ရုံးခန်းတံခါးအား ကုတ်ခြစ်၍ ခန်းစောင့်သံချောင်းအား နှိုးတတ်သည်။ တနင်္ဂနွေ ရုံးပိတ်ရက်အားရက်တွင် ခွေးများကိုခေါ်၍ ကျွန်ုပ်တို့ တနသ်ာရီရိုးမပေါ်တက်ပြီး အမဲလည်ရန် စီစဉ်ပါသည်။

"သံချောင်းရေ ... ဒီနေ့ ဘိုနီနဲ့ဘိုဖြူကို တောထဲခေါ်သွားပြီး အမဲလိုက်ကြရအောင်ကွာ။ တပ်ကြပ်ကြီးဦးတင်မောင်နဲ့ မုဆိုးမောင်နီတို့ကို ခေါ်ပေးစမ်းကွာ"

"ဟုတ်ကဲ့ဆရာ"

မကြာမီ တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် မုဆိုးမောင်နီ ရောက်လာကြသည်။

"ကဲ ... ဆရာကြီး ဦးထွန်းမောင်ရေ ဒီနေ့ အလုပ်ပိုင်ရက်ဆိုတော့ ရိုးမပေါ်တက်ပြီး အမဲလိုက်ကြရအောင်။ ဘိုနီနဲ့ဘိုဖြူကိုလည်း အမဲလိုက်သင်တန်းပေးရင်းပေါ့။ လက်နက်ခန်းက ရိုင်ဖယ်ကောင်းကောင်း နှစ်လက်နဲ့ ကျည်(၁၀)တောင့်စီ ထုတ်ခဲ့ဗျာ။ မုဆိုးမောင်နီက ပသျှူးဓားကောက်တစ်ချောင်း ယူခဲ့။ သံချောင်းက ရေဘူးယူခဲ့"

"ဟုတ်ကဲ့ ဆရာ"

သို့နှင့် ကျွန်ုပ်တို့အဖွဲ့ မနက်(၇)နာရီခန့်တွင် ဆီအုန်းခင်းကြီးအားဖြတ်ကျော်၍ တနင်္သာရီရိုးမပေါ်သို့ တက်ခဲ့ကြသည်။ လမ်းတွင် မျောက်ညိုများအုပ်လိုက်တွေ့သော်လည်း ကျွန်ုပ်တို့မပစ်ပါ။ ကျွန်ုပ်ပစ်လိုသည်မှာ တောဝက်ဖြစ်သည်။ အလွန်အန္တရာယ်များသော်လည်း လူအင်အား၊ လက်နက်အင်အားကောင်းပြီး တောဝက်တစ်ကောင်ရလျှင် ကျွန်ုပ်တို့စခန်းတစ်ခုလုံး ရိက္ခာဖူလုံမည်ဖြစ်ပေသည်။

ဘိုနီနှင့်ဘိုဖြူခွေးနှစ်ကောင်မှာ လွန်စွာ အမဲလိုက်ခွေးပီသပါသည်။ အသံမထွက်၊ ခြေသံပင်မကြားရ။ ရှေ့မှဦးဆောင်၍ ရိုးမပေါ် တက်နေသည်။ ရိုးမကြောပေါ်ရောက်သည့်နှင့် ခွေးများမှာအငြိမ်မနေတော့။ သားကောင်နံ့ ရဟန်တူသည်။ မကြာမီ 'ဝု ... ဝု ... အိ ... အိ ... အိ' ဟူသော ဝက်အုပ်ကြီးအသံကို ကြားရတော့သည်။ ကျွန်ုပ်လည်း လေအောက်ဘက်ကဖြစ်၍ နေရာယူရပ်တန့်ရင်း စောင့်ဆိုင်းနေကြစဉ် ...





"သံချောင်းရေ ... ဝက်အုပ်ကြီးထင်တယ်ကွ။ မင်းခွေးတွေကို ချော့ပြီးထိန်းထားဦး။ သေနတ်သံကြားမှ ခွေးတွေကိုလွှတ်ကွာ"

"ဟုတ်ကဲ့ ဆရာ"

ဝက်အုပ်ကြီး ရေသောက်ဆင်းရာမှ ရိုးမကြောပေါ်သို့ အိပ်စက်ရန် တက်လာဟန်တူသည်။ ပိဿာ (၇၀)ကျော်ခန့် ဝက်သိုးကြီး ဦးဆောင်ပြီး နောက်က အချိန်(၄၀၊ ၅၀)ခန့်ရှိ ဝက်မအုပ်က လိုက်ပါလာသည်။

ကျွန်ုပ်က ဝက်သိုးကြီးကိုပစ်ရန်၊ ဦးထွန်းမောင်က ဝက်မများအားပစ်ရန် ရွေးချယ်လိုက်ကြသည်။ ကြိမ်ရုံများခံနေ၍ မြင်ကွင်းက ရှင်းပါ။

ထိုစဉ် မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ် အချက်မပြရသေးမီ ဦးထွန်းမောင်ထံမှ 'ဒိုင်း'ဟူသော သေနတ်သံထွက်ပေါ်လာပြီး ဝက်သိုးကြီးနောက်ပိုင်းအားထိမှန်၍ ဖင်ထိုင်လျက်လဲသွားသည်။ ကျွန်ုပ်လည်း မနေသာတော့ဘဲ နီးစပ်ရာဝက်မတစ်ကောင်အား ပစ်ချလိုက်တော့သည်။

"ဒိုင်း"

ဝက်မကြီးမှာ ချက်ကောင်းမှန်၍ လဲကျသွားသော်လည်း ဝက်သိုးကြီးမှာ သေနတ်သံကြောင့် လျှိုအတွင်းသို့ ဆင်းပြေးတော့သည်။ ထိုအချိန်တွင် ဘိုနီနှင့်ဘိုဖြူမှာ ထိန်းမရတော့ဘဲ သံချောင်းသက်မှရုန်းထွက်၍ သေနတ်မှန်၍ လျှိုအတွင်းဆင်းပြေးသော ဝက်သိုးကြီးနောက်သို့ လိုက်တော့သည်။ လျှိုအတွင်းရောက်သည်နှင့် ဝက်နှင့်ခွေးများ တိုက်ခိုက်ကြတော့သည်။ ကျွန်ုပ်တို့လည်း အပြေးလိုက်သည်။ လျှိုထဲ၌ ဝက်နှင့်ခွေးများ တစ်ပြန်စီတိုက်ခိုက်နေကြသဖြင့် ကျွန်ုပ်တို့

ပစ်ရန် အခွင့်မသာပါ။ တစ်ကြိမ်တွင် ဝက်သိုးကြီးက အစွယ်ဖြင့်ကော် ပက်လိုက်သဖြင့် ဘိုနီ၏ဗိုက်ပွင့်သွားပြီး လွင့်စဉ်သွားစဉ် ဘိုဖြူကလည်း နောက်ဆုတ်သွားသည်။ ထိုစဉ် ကျွန်ုပ်ဝက်သိုးကြီးအား အပိုင်ပစ်ခ လိုက်တော့သည်။

"ဒိုင်း ... အူး ... ဗုန်း"

ဘိုဖြူအားပြန်ခေါ်ပြီး ကျွန်ုပ်တို့လျှိုထဲဆင်းကြသည်။ ဝက် သိုးကြီးမှာချက်ကောင်းမှန်၍ သေဆုံးနေသော်လည်း ဘိုနီမှာဗိုက်ပွ သွားပြီး သေဆုံးခြင်းမရှိသေးပါ။ မျက်စိကလေး ကလယ်ကလယ်ဖြ တအီအီညည်းနေသည်။

ကျွန်ုပ် သံချောင်းအား ပုဆိုးချွတ်စေပြီး ဆုတ်ဖြဲ၍ ဘိုနီ၏ အူများအားပြန်သွင်းပြီး ပုဆိုးဖြင့်စည်းပေးလိုက်သည်။ ပြီးနောက် ပက် လက်အနေအထားဖြင့် ဘိုနီ၏ ခြေထောက်လေးချောင်းအားချည်စေ ဝက်တုပ်တုပ်ကာ ထမ်းရသည်။ ဝက်သိုးကြီးကိုတော့ ကျွန်ုပ်နှင့်ဦးထွန်း မောင်က ထမ်းသည်။ တောင်ခြေရောက်တော့ အနီးတွင်ပေါင်းရှင်း နေသော ရဲဘက်တစ်စိပ်က ပြေးလာပြီးကူထမ်းသည်။

ထိုနေ့က ကျွန်ုပ်တို့ စခန်းသို့ပြန်လာကြစဉ် အများအမြင် တွင်တော့ ချေတစ်ကောင်နှင့်ဝက်သိုးကြီးတစ်ကောင် ထမ်းလာသည် ဟုသာ မြင်ကြပေမည်။

စခန်းရောက်လျှင်ရောက်ချင်း ဆေးမှူးအားခေါ်၍ ဘိုနီအား အစိမ်းချုပ်ရသည်။ ပြီးနောက် ဆေးလိမ်း၊ ဆေးထိုးရသည်။ ဘိုနီမှာ ဗိုက်အရေပြားပွင့်သွားသော်လည်း အတွင်းအူကလီစာများ ပြတ် တောက်မသွားသဖြင့် တော်ပါသေးသည်။ ခွေးသားမှာ ပူ၍လားမသိ၊ ဘိုနီ၏ဒဏ်ရာမှာ (၃)ရက်ခန့်နှင့်ချုပ်သွားသည်။ လုံးဝပျောက်ကင်း





ခြင်းတော့မဟုတ်။ အစာအနည်းငယ်တော့ စားနိုင်လာသည်။ (၁၀)ရက် ခန့်အကြာတွင် အနာကျက်သွားသည်။ ဆေးမှူးနှင့်တော့ နေ့စဉ် ဆေး လိမ်း၊ ဆေးထိုး ပြုလုပ်နေရသေးသည်။ ဘိုနီမှာတော့ မသွားနိုင်၊ မလာနိုင်သေးပါ။ ရဲဘက်သံချောင်းကလည်း စိတ်ရှည်ပါသည်။ ဘိုနီ အား အပေါ့အလေးသွားရန် အပြင်သို့ပွေ့ချီ၍ ထုတ်ပေးသည်။ အစာ ကျွေးရာ၌လည်း အရိုးအရင်းမကျွေးဘဲ အသားဖြင့် နယ်ဖတ်ကျွေး သည်။ နှစ်ပတ်ခန့်ကြာတော့ ဘိုနီလမ်းလျှောက်လာနိုင်သည်။ အစာ လည်း ကောင်းကောင်းစားနိုင်လာသည်။ ဒဏ်ရာလည်းပျောက်ကင်းပြီ ဖြစ်သည်။

နှစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်တို့ အမဲလိုက်ထွက်ရန် စီစဉ် ကြပြန်သည်။ ဘိုဖြူကိုသာခေါ်ပြီး ဘိုနီအား ရဲဘက်တစ်ဦးအစောင့် ချ၍ အလစ်ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုနေ့က တနင်္သာရီရိုးမ ပေါ်သို့ မတက်လိုက်ရပါ။ ဆီအုန်းစိုက်ခင်းအလွန် တောစပ်ရောက် သည်နှင့် မီးတားလမ်းပေါ်တွင် ဝက်အုပ်ကြီးဖြင့်တိုးတော့သည်။

တောဝက်အုပ်မှ (၁၀)ကောင်ခန့် ရှိသည်။ ပိဿာ (၇၀)ကျော် ခန့်ရှိ ဝက်သိုးကြီးကဦးဆောင်ပြီး ကျန်ဝက်မများမှာ အချိန်(၄၀၊ ၅၀) ခန့်စီရှိသည်။ ဤတစ်ချိန်တွင်တော့ ကျွန်ုပ်က ဝက်သိုးကြီးအား ဦး ဆောင်ပစ်နိုင်ပြီး တပ်ကြပ်ကြီး ဦးထွန်းမောင်က အချိန်(၅၀)ခန့်ရှိ ဝက်မတစ်ကောင်ကို ပစ်လှဲနိုင်ပါသည်။ ဝက်မအုပ်ခြေဦးတည့်ရာ ထွက် ပြေးစဉ် ဘယ်ကနေလိုက်လာပြီး ပေါ်လာမှန်းမသိသောဘိုနီက ဝက်မ တစ်ကောင်၏လည်တိုင်အား ကိုက်လှဲ၍ ဘိုဖြူက စက်မ၏ပေါင်အား ကိုက်လှဲသည်။ ဘိုနီ၊ ဘိုဖြူနှစ်ကောင် ဘက်ညီသဖြင့် ဝက်မှာလဲပြီး မကြာမီ အသက်ထွက်သွားသည်။ ဝက်မတစ်ကောင်လုံးမှာတော့

ရစရာမရှိတော့ပါ။ တစ်ကိုယ်လုံးပေါက်ပြဲ၍ အူများပင်ထွက်နေသည်။ ဘိုနီ၏ တုံ့ပြန်လက်စားချေမှု ဖြစ်ဟန်တူသည်။

ထိုနေ့က ဝက်(၃)ကောင်ရရှိသဖြင့် အောက်ချိုင့်ခြံတစ်ခုလုံး ပိုလျှံစွာစားသုံးနိုင်ရုံတင်မက ပါဆည်ပါညွန်းနှင့် ခွေးများလက်ဆောင် ပေးသည့် လဲမွန်ခြံ ထောင်မှူးကြီးဦးအုန်းမောင်ထံသို့ပင် ဝက်သားများ လက်ဆောင်ပို့ပေးလိုက်နိုင်ပါသည်။

တောဝက်အပက်ခံရသဖြင့် ဗိုက်ပွင့်သွားသောဘိုနီမှာ တောဝက်မြင်လျှင် ကြောက်လန့်သွားဟုထင်ခဲ့သော်လည်း အထင်နှင့်အမြင် လွဲရပါသည်။ နောက်ပိုင်းတွင် ဘိုနီမှာ တောဝက်ကောင်ပေါက်ကလေး များအား တစ်ကောင်တည်းကိုက်သတ် ဖမ်းဆီးလာတော့သည်။ ထိုအချိန်မှစ၍ အမွေးရှည်နီညိုရောင် ခွေးကလေးဘိုနီမှာ တကယ့်အခဲလိုက်ခွေးကြီး ဖြစ်လာတော့သည်။

# အခန်း (၄)

❑

ကျွန်ုပ် တာဝန်ထမ်းဆောင်ရသော အောက်ချိုင့်ဆီအုန်းခြံတွင် အကျယ်အဝန်း စိုက်ပျိုးမြေဧက (၁၀၀)ခန့်ရှိသည်။ ဆီအုန်းပင်ပေါင်း ရှစ်သောင်းကျော်ရှိသည်။ ဘင်္ဂလားပင်လယ်ကြီးနှင့် တနင်္သာရီရိုးမတောင်တန်းကြား၌ ဆီအုန်းခင်းကြီးကို အတန်းလိုက်စိုက်ပျိုးထားသည်။

ဆီအုန်းစိုက်ဧက တစ်ရာခန့်အား ခြံအမှတ်စဉ် (၁)မှ(၇)အထိ ခွဲခြားသတ်မှတ်ထားပြီး ခြံတစ်ခုတွင် အစောင့်တဲတစ်လုံးစီ တောင်ကုန်းမြင့်ပေါ်၌ တည်ဆောက်ထားပြီး ဝန်ထမ်းတစ်ဦး၊ ရဲဘက်ကြီးနှစ်ဦးနှင့် သေနတ်တစ်လက်ရှိသည်။

ခြံအမှတ် (၇)မှာ တောင်ဘက်အကျဆုံး အစွန်ဆုံးဖြစ်သည်။ စခန်းရုံးနှင့်ဝေးသည်။ စိုက်ကေ အနည်းဆုံးလည်းဖြစ်ပြီး နောက်ဆုံးမှစိုက်ရသော အခင်းဖြစ်၍ အပင်ငယ်သည်။ ခြံ(၇)ပတ်ဝန်းကျင်မှာ အနောက်ဘက်တွင် ပသျှူးသချိုင်းကုန်းနှင့်ပတ်လည်၌ အစွန်ဆုံးဖြစ်၍ ပသျှူးလူမျိုးများ စိုက်ပျိုးထားသော အုန်းခြံ၊ ကွမ်းသီးခြံနှင့် သီဟိုတောကြီးက ဝိုင်းရံပတ်လည် ကာဆီးထားသည်။

စခန်း(၇)မှာ တောင်ပြောင်တောင်နှင့် နီးသည်။ တောင်ပြောင်တောင်ဆိုသည်မှာ ပသျှူးခြံများအလယ်၌ တည့်တည့်ကြီးတည်ရှိပြီး အတော်မြင့်မားသည်။ တောင်ပေါ်တွင် သစ်ပင်ကြီးများမရှိ၊ တောင်ခါးပန်းတွင် ရွှေဝါရောင်သက်ငယ်ပင်များ ပေါက်ရောက်နေပြီး တောင်ထိပ်ကြီးမှာ ပြောင်ချော၍ သစ်ပင်လုံးဝမပေါက်။ ကာတွန်းဆရာ ဦးအောင်ရှိန်ဆွဲသည့် ကာတွန်းဦးလူပေါ ခေါင်းတုံးနှင့်တူလှသည်။ မြင့်မားလှ၍ ကျွန်ုပ်တို့ အောက်ချိုင့်စခန်းကုန်းပေါ်ကပင် အတိုင်းသားမြင်နိုင်ပေသည်။ စခန်းနှင့် တောင်ပြောင်တောင်မှာ (၃)မိုင်ခန့်ဝေးပြီး ခြံခွဲ (၇)နှင့် (၁)မိုင်ခန့်သာဝေးသည်။ ခြံခွဲ (၇)ကို ခြံအလယ်ကုန်းမြင့်ပေါ်မှ စီး၍မြင်နိုင်စေရန် အစောင့်တဲကို ဆောက်လု[illegible]ထားသည်။

ခြံခွဲ (၇)မှာ အစွန်ဆုံးဖြစ်၍ ခသွားအလာခက်ခဲခြင်း၊ တောနိုင်းတိရစ္ဆာန်များ အန္တရာယ်ရှိခြင်း၊ ခြံစောင့်တဲမှာ ပသျှူးသချိုင်းအနီးတွင်ရှိခြင်းတို့ကြောင့် အစောင့်တာဝန်ကျသော ဝန်ထမ်းနှင့်ရဲဘက်များကြာရှည်မမြဲပါ။ ဖျားနာ၍လည်းကောင်း၊ မနေဝံ့၍လည်းကောင်း၊ မကြာခဏ လူပြောင်းလဲပေးရလေ့ရှိသည်။ တဲစောင့်ဝန်ထမ်းနှင့် ရဲဘက်များအား တစ်ပတ်တစ်ကြိမ် ရိက္ခာထုတ်ပေးရပြီး ဆီအုန်းပင်မှုက်စီးမှု၊ ဝိုးတက်မှု အစီရင်ခံစာကိုလည်း ရိက္ခာထုတ်လာသည့် တစ်ပတ်





တစ်ကြိမ် စခန်းရုံးသို့ပို့ရသည်။

အောက်ချိုင့်စခန်းတွင် ရဲဘက်အင်အား (၄၀၀)ခန့်ရှိ၍ ဆူးရိုးဝင်းအတွင်း၌ ဘားတိုက်ရှည်ကြီး (၄)လုံးတည်ဆောက်ထားသည်။ တစ်ဆောင်တွင် (၁၀၀)စီ နေသည်။ ဝန်ထမ်းအင်အား (၅၀)ခန့်သာရှိသဖြင့် လုံခြုံရေးအရ ဆူးကြိုးဝင်းအား ဝန်ထမ်းအိမ်များဖြင့်ပတ်၍ဆောက်ထားသည်။ ဘူးတံခါးတွင် နောက်တန်းတပ်ကြပ်ကြီးနှင့် ဝန်ထမ်းတစ်ဦးအမြဲတမ်းရှိသည်။ တာဝန်ကျ နောက်တန်းရဲဘက်ကြီး (ခွဲမှူး) ဦးစိုးမြင့်လည်း ရှိသည်။ အရှေ့ဘက်ကုန်းပေါ်၌ လုံထိန်းရဲတပ်ရင်းရှိသည်။ တပ်စိတ်တစ်စိပ်ဖြစ်၍ လူ(၁၀)ဦးသာရှိသည်။

ငှက်ဖျားထူထပ်သောဒေသဖြစ်၍ နေ့စဉ်ဆေးရုံလိုက်ရဲဘက်မှာ (၅၀)ခန့်ရှိသည်။ ဆေးရုံကတော့ စခန်းမြောက်ဘက် တောင်ကုန်းပေါ်၌ရှိသည်။ ဆေးရုံနှင့်နီးသဖြင့် အောက်ချိုင့်ခြံရှိ အရေးပေါ်လူနာများအတွက်တော့ အားကိုးအားထားစရာဖြစ်သည်။ ပါဆည်ပါညန်းခန်း၊ လဲမွန်အော်ကြီး၊ ဟပ်စတင်းစသော စခန်းများရှိ လူနာများအတွက်တော့ အတော်အလှမ်းဝေးပါသည်။ အရေးပေါ်အခြေအနေတွင် လမ်းခရီး၌ပင် ဖိတ်စဉ်သည်ကများသည်။ နောက်ပိုင်း၌ အော်ကြီးနှင့် ဟပ်စတင်းစခန်းများ၌ ဆေးရုံများပေါ်ပေါက်လာပါသည်။

နေ့စဉ်ပင် ဆေးရုံလိုက်သူ ဆေးနားသူနှင့် နောက်တန်းထမင်းချက်ဖိုကြီးတို့အတွက် လူ(၁၀၀)ခန့်အင်အားမှာ ရှေ့တန်းလုပ်ငန်းခွင်သို့ မဆင်းနိုင်ပါ။ တကယ်တမ်း နေ့စဉ်အလုပ်ဆင်းနိုင်သော အင်အားမှာ (၃၀၀)ခန့်သာရှိသည်။

ကေ (၁၀၀)ခန့်စိုက်ခင်းအတွက် ပေါင်းကြမ်းရှင်းခြင်း၊ အတန်းလိုက် (၁၀')ကွက် အပြောင်ရှင်းခြင်း၊ ဆီအုန်းခြံနှင့်တောစပ်ကြား မီး

တားလမ်းဖောက်ခြင်း၊ ဆီအုန်းပင်များအား ဓာတ်မြေဩဇာကျွေးခြင်း၊ ပျက်စီးပင်များကိုစစ်ဆေး၍ အစားထိုးဖာထေးစိုက်ပျိုးခြင်းစသဖြင့် နေ့စဉ်လုပ်ငန်းများမှာ များပြားပါသည်။

မိုးများသောဒေသဖြစ်၍ မြို့တစ်ဖက်ထိပ်မှ တစ်ဖက်ထိပ်သို့ ပေါင်းမြက်များရှင်းပြီးသည်နှင့် ပထမစတင်ရှင်းသည့်ဘက်က ပေါင်းမြက်များ ထူထပ်စွာပေါက်ရောက်လာပြန်ပြီး ပေါင်းမြက်သံသရာလည်နေတော့သည်။ ကော့သောင်းမြို့ရာသီဥတုမှာ ဆောင်းရာသီမရှိ၊ နွေနှင့်မိုးသာရှိသည်။ နွေဘက်၌လည်း မိုးရွာတတ်သည်။ ပူအိုက်စွတ်စိုသော အီကွေတာရာသီဥတုမျိုးဖြစ်ပေသည်။

ဆီအုန်းခင်းအတွင်းရှိ ပေါင်းမြက်များကို နိုင်အောင်မရှင်းနိုင်လျှင်လည်း ပေါင်းမြက်များအား အသိုက်လုပ်၍ တောဝက်အုပ်ကနိုနေပြီး ဆီအုန်းပင်ခေါင်းနုနုကလေးများအား ကိုက်ဖြတ်စားသောက်တော့သည်။ ဖြူများနှင့်တောကြွက်အုပ်ကလည်း ထိုအတိုင်းပင်။

ထို့ကြောင့်လည်း ရုံးလုပ်ငန်းများပြီးစီးသည်နှင့် မနက် (၁၀) နာရီကျော်ခန့်တွင် ကျွန်ုပ်နှင့်နောက်တန်း တပ်ကြပ်ကြီးဦးထွန်းမောင်တို့ရှိင်ဖယ်သေနတ် ကိုယ်စီထမ်းကြပြီး ဥုံမြုရေးနှင့် တောတိရစ္ဆာန်ကာကွယ်ရေးအတွက် ကွင်းဆင်းပြီး တောနင်းလှည့်လည် စစ်ဆေးရသည်။ ဘိုဖြူ၊ ဘိုနီခွေးညီနောင်ကလည်း နောက်ကတကောက်ကောက်လိုက်လာကြသည်။

နေ့စဉ်ပင် မြွေကြီးများ၊ ချေပေါက်ကလေးများ၊ တောဝက်ပေါက်ကလေးများ၊ ဖြူကောင်များနှင့် တောကြွက်ကြီးများအား တပ်ခွဲရဲဘက်များ ပေါင်းမြက်ရှင်းရင်း ရတတ်သကဲ့သို့ ကျွန်ုပ်နှင့်တပ်ကြပ်ကြီး ဦးထွန်းမောင်တို့ကလည်း နှစ်ရက်ခြားတစ်ခါခန့် တောဝက်ကြီး





များအား ပစ်ခတ်ရရှိသဖြင့် စခန်းတွင် ဝန်ထမ်းရဲဘက်တို့အတွက် အသားစိုရိက္ခာမပြတ်သလို ကျွန်ုပ်တို့အနေဖြင့်လည်း တောလိုက်မုဆိုးဖြစ်မှန်းမသိ ဖြစ်လာတော့သည်။

ယနေ့ အလုပ်နားရက် တနင်္ဂနွေနေ့ဖြစ်သည်။ ဆီအုန်းတဲ (၇)တဲနှင့် တောင်ယာစိုက်ခင်းမှ တပ်ကြပ်ကြီးဦးအေးမောင်တို့က တစ်ပတ်တစ်ခါ ရိက္ခာထုတ်ရင်း လုပ်ငန်းတိုးတက်မှုအခြေအနေ အစီရင်ခံစာတင်ရသောနေ့လည်း ဖြစ်သည်။

ယမန်နေ့ညနေက ရဲဘက်မုဆိုးမောင်နီ၏ နင်းကိုင်းမိထားသော တောဝက်ကြီးအား ကျွန်ုပ်တို့သွားရောက် ပစ်ခတ်ရရှိထားသဖြင့် စခန်းနှင့်ဆီအုန်းတဲများအား ရိက္ခာခြောက်အပြင် ရိက္ခာစိုအသားပါ ထုတ်ပေးသောနေ့လည်းဖြစ်သည်။ စခန်းဝင်းအတွင်း ဆူညံစည်ကားနေသည်။

ထိုအချိန်တွင် မြို့ခွဲ (၇)ဆီအုန်းတဲမှ တပ်သားလှမောင်နှင့် ရဲဘက်နှစ်ဦး ရိက္ခာလာထုတ်ရင်း ကျွန်ုပ်အားတင်ပြစရာရှိကြောင်း တပ်ကြပ်ကြီးဦးထွန်းမောင်မှတစ်ဆင့် သတင်းပို့လာသည်။ ကျွန်ုပ်ခေါ်ယူတွေ့ဆုံရာ •••

"လှမောင်ဘာကိစ္စ တင်ပြစရာရှိတာလဲ"

"ဆရာ ••• ကျွန်တော့်မိသားစုနဲ့မိဘတွေ လာမယ့်အင်္ဂါနေ့မှာ ကော့သောင်းကိုလာမယ်လို့ စာရပါတယ်။ အဲဒါကြောင့် ကျွန်တော့်ကို နောက်တန်းပြန်ပြောင်းပေးဖို့နဲ့ အင်္ဂါနေ့မနက်မှာ ကော့သောင်းမြို့ကိုဆင်းကြိုဖို့ ခွင့်တောင်းတာပါဆရာ"

"အေး ••• အေး ••• ငါစီစဉ်ပေးပါ့မယ်။ အင်္ဂါနေ့မနက် (၆) နာရီ တန်းစီအမီလာခဲ့ပါ။ နောက်တန်းပြန်ပြောင်းပြီး လှူလဲဖို့နဲ့ ခရီး

သွားခွင့်ပြုမိန့်ပါ လာယူပါ။ ဒါနဲ့ငါကို ချန်းဖန်းရွာကဥက္ကဋ္ဌက တိုင်ထားတာရှိတယ်။ မင်းတို့တဲကတော့ ဟုတ်ချင်မှဟုတ်မယ်။ ရဲဘက်နဲ့ ဝန်ထမ်းတွေ သီဟိုသီးနဲ့ငရုတ်ကောင်း။ ကွမ်းသီးတွေခိုးခူးတဲ့ ကိစ္စပဲ။ ကြွေကျလို့ကောက်တာ ကိစ္စမရှိဘူးတဲ့။ အပင်ပေါ်ကိုတက်ခူးတာတော့ မကြိုက်ကြဘူးလို့ပြောတယ်။ အဲဒီကိစ္စဆင်ခြင်ပါ။ သူတို့က တရားစွဲရင် မိုးမှုမြောက်တယ်။ သတိထားပါ''

''ဟုတ်ကဲ့ပါ ဆရာ''

လှမောင်တို့အဖွဲ့ စခန်းမှခြံခွဲ(၇)သို့အပြန်တွင် သူ၏တပည့်ရဲဘက်ကြီးနှစ်ဦးမှ ရိက္ခာထုပ်များကိုလည်း ထမ်းပိုးပြီး လုံးထိန်းတပ်သား မြင့်ဆွေနှင့်လှဖေတို့လည်း လိုက်ပါသွားသည်ကို မြင်လိုက်ရသည်။ အကျဉ်းဌာနဝန်ထမ်းများနှင့် လုံထိန်းရဲတို့မှာ တောထဲ၊ တောင်ထဲနေရင်း ဘဝတူအပေါင်းအသင်းများ ဖြစ်နေကြပေသည်။

နောက်တစ်နေ့မနက် တန်းစီချိန်တွင် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်မှ ဆီအုန်းတဲ(၇)၌ တာဝန်ကျသော တပ်သားလှမောင်တစ်ယောက် လုံထိန်းရဲတပ်သားနှစ်ဦးနှင့်အတူ ယမန်နေ့ နေ့လယ်ကတည်းက ထွက်သွားရာမှပြန်မလာကြောင်း၊ ဆီအုန်းတဲ(၇)တွင် တာဝန်ကျသည့်ရဲဘက်ကြီး(၂)ဦးက လာရောက်သတင်းပို့ကြောင်း တိုင်ကြားလာခြင်းဖြစ်သည်။

ရဲဘက်ကြီး (၂)ဦးအား ကျွန်ုပ်ခေါ်ယူမေးမြန်းရာ ...

''တပ်သားလှမောင် ဘယ်အချိန်ကစပြီး ပျောက်သွားတာလဲ။ မနေ့ကမနက်ပိုင်းကလည်း မင်းတို့ဆရာတပည့်တွေ စခန်းမှာရိက္ခာလာထုတ်ကြသေးတယ် မဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျာ။ မနေ့က ရိက္ခာထုတ်ပြီးအပြန်မှာ





လုံထိန်းရဲဘော်နှစ်ဦးလည်း ကျွန်တော်တို့တဲကို လိုက်လည်ပြီး ဆရာလှမောင်နဲ့အတူ အရက်သောက်ကြပါသေးတယ်။ စခန်းက ဝက်သားရလို့ ကျွန်တော်တို့က အမြည်းလုပ်ပေးရပါသေးတယ်။ အရက်သောက်ပြီးတော့ ဆရာလှမောင်က နေ့လယ်စာပြန်စားမယ်။ ညည်သည်နှစ်ယောက်စာပါ ပိုချက်ထားဆိုပြီး ထွက်သွားကြတာ။ အခုမနက်ထိ ပြန်မလာလို့ သတင်းလာပို့တာပါဆရာကြီး''

''မနေ့ကတည်းက မင်းတို့ဘာဖြစ်လို့ သတင်းမပို့တာလဲ''

''ဆရာလှမောင်တို့က ဒီလိုပဲဆရာ၊ အဖွဲ့နဲ့ထွက်သွားရင် မိုးကြီးချုပ်မှ ပြန်ရောက်တတ်တယ်''

''လက်နက်တွေရော ပါသွားသေးသလား''

''မပါဘူးဆရာ။ ရိက္ခာလာထုတ်တဲ့နေ့ကပဲ ဆရာလှမောင်ကိုင်တဲ့ရိုင်ဖယ်ကြီးကို နောက်တန်းပြောင်းရတော့မယ်ဆိုပြီး ဆရာတပ်ကြပ်ကြီးဦးထွန်းမောင်ကို အပ်သွားပါတယ်။ အဲဒီနေ့က လုံထိန်းရဲဆရာတွေလည်း သေနတ်ယူလာတာ မတွေ့ရဘူးခင်ဗျ''

''အဲဒါဆိုရင်တော့ ဒီကောင်တွေရွာထဲကဖဲဝိုင်းမှာလား၊ တစ်စုံတစ်ရာဖြစ်နေပြီလား တစ်ခုခုပဲ''

ကျွန်ုပ် ချက်ချင်းပင် လုံထိန်းစခန်းသို့ သွားရောက်မေးမြန်းစေရာ လှမောင်နှင့်အတူပါသွားသော လုံထိန်းတပ်သားနှစ်ဦးလည်း ပြန်မရောက်ကြသေးကြောင်းသိရသဖြင့် လုံထိန်းစခန်းမှ တပ်ကြပ်ကြီးနှင့်လုံထိန်းတပ်သား နှစ်ဦးအား လက်နက်အပြည့်အစုံတပ်ဆင်စေ၍လည်းကောင်း၊ ကျွန်ုပ်နှင့်တပ်ကြပ်ကြီးဦးထွန်းမောင်၊ တပ်ကြပ်ဝင်းတင်တို့က ရိုင်ဖယ်သေနတ်ကိုယ်စီထမ်းပြီး အမဲလိုက်ခွေးနှစ်ကောင်ကိုခေါ်ကာ ဆီအုန်းခင်းအမှတ်(၇)သို့ ချီတက်ခဲ့ကြပါသည်။ စခန်းအထွက်တွင်

ဆီအုန်းစက်ရုံတည်ဆောက်ရန် မြေနေရာတိုင်းတာနေသော အင်ဂျင်နီယာ ဦးညာဏ်ဝေတို့အဖွဲ့နှင့်တွေ့၍ ဦးညာဏ်ဝေပါ ကင်မရာလွယ်၍ လိုက်ပါလာသည်။ စခန်းမှခြံခွဲအမှတ် (၇)သို့ (၂)မိုင်ခန့်ဝေးပြီး ခြံခွဲ (၇)မှ တောင်ပြောင်တောင်သို့ (၁)မိုင်ခန့်ဝေးပါသည်။

အမှတ်(၇)ဆီအုန်းတဲကို ကျွန်ုပ်တို့စစ်ဆေးသည်။ လူမောင်၏ အသုံးအဆောင် ပစ္စည်းများအားလုံးရှိနေသည်။ ကျွန်ုပ်တို့ ဆီအုန်းခင်းကိုဖြတ်၍ ပသျှူးသီဟိုခြံများဘက်သို့ ဝင်ခဲ့သည်။ ချုံကြို၊ ချုံကြား မကျန်ပိုက်စိပ်တိုက်စစ်ဆေးသည်။ အမဲလိုက်ခွေးများဖြင့်လည်း အနံ့ခံရှာသည်။ သဲလွန်စပင်မတွေ့ရပါ။ ဓတောင်ပြောင်တောင်ခြေရောက်တော့ ခွေးများကအူသည်။ အပုပ်နံ့လည်းရသည်။ သို့သော် တောင်ခြေပတ်လည်အနီးတစ်ဝိုက် ရှာဖွေကြသော်လည်း မတွေ့ရပါ။

နေ့လယ်စာစားချိန်ကျော်သော်လည်း အကြောင်းမထူးသဖြင့် ကျွန်ုပ်တို့စခန်းသို့ ပြန်ခဲ့ကြသည်။ နေ့လယ်စာအား စခန်းတွင်စားပြီး သည်နှင့် ပါဆည်ပါညွန်းစခန်းအုပ်စု ထောင်ပိုင်ဦးဟန်မြင့်ထံ ဆက်သားလွှတ်၍ ထူးခြားဖြစ်စဉ်အား အစီရင်ခံစာပို့ရသည်။

တနင်္လာနေ့ ညနေစောင်းသည်အထိ သတင်းထူးမရှိပါ။ အင်္ဂါနေ့ညနေစောင်းတွင် ပျောက်ဆုံးနေသည့် တပ်သားလူမောင်၏မိဘနှစ်ဦးနှင့်မိသားစုများ စခန်းကြိုကားဖြင့် ရောက်ရှိလာကြသည်။ လူမောင်၏ မိသားစုလည်း အလာလမ်း၌ပင် လူမောင်၏သတင်းအား ကြားရပါကြောင်း၊ အိပ်မက်များလည်းမကောင်းသဖြင့် လူမောင်အားအမြန်ဆုံး ရှာဖွေပေးပါရန် ငိုယို၍တောင်းပန်ကြပါသည်။ ကျွန်ုပ်လည်း စိတ်မကောင်းစွာဖြင့် ညည်းသည်များအား နေရာထိုင်ခင်းပေးပြီး ကျွေးမွေးဧည့်ခံရသည်။ စခန်းတစ်ခုလုံးလည်း စိတ်မကောင်းဖြစ်ကြသည်။ လူမောင်





မိသားစု ရောက်ရှိလာပြီဖြစ်သဖြင့် ခြံခွဲ(၇)မှတပ်သား လူမောင်၏ ပစ္စည်းများအား ပြန်သိမ်းဆည်းပြီး ကျွန်ုပ်၏ရုံး၊ စတိုခန်းထဲ၌ သိမ်းဆည်းထားသည်။

ညနေ (၅)နာရီအချိန်ခန့်တွင် အောက်ချိုင့်စခန်းဆေးရုံမှ ဆေးမှူးဝင်းနိုင် ကျွန်ုပ်၏ရုံးခန်းသို့ ရောက်ရှိလာသည်။

"ကိုဝင်းနိုင်၊ လာ ... ထိုင်။ ဘာကိစ္စအကြောင်းထူးသလဲ"

"ဆရာ ... ကျွန်တော်အခုပဲ လဲမွန်ကွပ်ကဲမှု တာဝန်ခံရုံးက ဆေးတွေထုတ်ပြီးပြန်လာတာ။ ချန်းဖန်းတောင်ရွာက လက်ဖက်ရည်ဆိုင်မှာခဏနားပြီး လက်ဖက်ရည်သောက်နေတုန်း ပသျှူးလူမျိုးအချင်းချင်းပြောတာကို ကြားခဲ့ရတယ်ဆရာ။ ကျွန်တော်က ပုလေပုလိုင်းရွာနားခဲ့တာဆိုတော့ ဒေသခံပသျှူးစကားကို နားလည်ပါတယ်။ သူတို့ပြောနေကြတာက တောင်ပြောင်လှိုဏ်ထဲမှာ ဝန်ထမ်းတွေကိုသတ်ထားတယ်လို့ ပြောနေကြတာဆရာ။ အဲဒါဆဲရာတို့ အမြန်ဆုံးရှာတွေ့အောင် သတင်းလာပို့တာပါ"

"ကျေးဇူးတင်တယ် ကိုဝင်းနိုင်။ သူတို့ချင်းပြောကြတာဆိုတော့ သတင်းကသေချာပါတယ်။ ကျွန်တော်အခုပဲ လုံထိန်းရဲနဲ့ အကျဉ်းဦးစီးဝန်ထမ်းပေါင်းပြီး ရှာဖွေရေးအဖွဲ့ လွှတ်လိုက်ပါ့မယ်။ လူမောင်တို့မိသားစုလည်းရောက်နေကြလို့ အဆင်ပြေတာပေါ့ဗျာ"

သို့နှင့်ချက်ချင်းပင် ရှေ့တန်းတပ်ခွဲတပ်ကြပ်ဝင်းတင်နှင့် ရဲဘော်(၃)ဦးအား လက်နက်ထုတ်ပေးပြီး လုံထိန်းစခန်းမှ တပ်ကြပ်ကြီးနှင့် တပ်သားနှစ်ဦးတို့အားလည်းခေါ်၍ အကျိုးအကြောင်းပြောပြပြီး လက်နှိပ်ဓာတ်မီးနှင့် အမဲလိုက်ခွေးနှစ်ကောင်ကိုပါ ထည့်ပေးလိုက်သည်။ ညနေမှောင်စပြုချိန်ဖြစ်၍ ဝန်ထမ်းများကို မနိုင်းလိုသော်လည်း သူတို့

ကလည်း ဝန်ထမ်းအချင်းချင်းကိစ္စဖြစ်၍ သဘောပေါက်နားလည်ကြ သဖြင့် ချက်ချင်းချိတက်သွားကြသည်။ ညမှာ တဖြည်းဖြည်း မှော မိုက်လာသည်။ ကျွန်ုပ်တို့လည်း မအိပ်နိုင်၊ မစားနိုင် ရှာဖွေရေးအဖွဲ့ ပြန်အလာကို စောင့်မျှော်နေကြရသည်။

❑

ည (၉)နာရီခန့်တွင် ခွေးဟောင်သံများကြားရပြီး ရှာဖွေရေး အဖွဲ့ပြန်ရောက်လာကြသည်။ ကျွန်ုပ်လည်း ပင်ပန်းလာသောအဖွဲ့အား မဲခေါင်အရက်တစ်လုံးချ၍ညှိခံပြီး မေးမြန်းရတော့သည်။

"ကိုဝင်းတင် ... တွေ့ခဲ့သလား"

"တွေ့ခဲ့ပါတယ် ဆရာ၊ မြင်မကောင်းအောင်ပါပဲ။ လက်နောက် ပြန်ကြိုးတုပ်ပြီး မှောက်လျက်အနေအထားနဲ့ သတ်ထားတာပါ။ အဝတ် အစားတွေချွတ်ပြီး အောက်ခံဘောင်းဘီလေးတွေပဲ ရှိတော့တယ်ဆရာ။ တောင်ပြောင်ခြေရင်းက လျှိုထဲမှာပါ။ ယင်မမဲရိုင်းတွေက တဝုန်းဝုန်းနဲ့ ဆရာ။ အပုပ်နံ့တောင်ထွက်နေပြီ။ ဆရာ့အမဲလိုက် ခွေးတွေကအနံ့ခံပြီး ရှာပေးတာပါ"

"ကဲ . . . ခင်ဗျားတို့အဖွဲ့ ပင်ပန်းသွားပြီ။ အနားယူရင်း စားကြ သောက်ကြပါ။ ကျွန်တော်တော့ ထူးခြားဖြစ်စဉ် အစီရင်ခံစာရေး ပါဆည်ပါညွန်းစခန်းက အုပ်စုထောင်ပိုင်ကြီးဆီ သတင်းပို့ရဦးမယ်"

လှမောင်၏မိသားစု စခန်းသို့ရောက်ရှိလာသောနေ့၌ပင် လှမောင်တို့အား ရှာဖွေတွေ့ရှိခြင်းဖြစ်၍ တိုက်ဆိုင်ခြင်းပေလော။

ကျွန်ုပ် ညတွင်းချင်းပင် ထူးခြားဖြစ်စဉ်အား အကျဉ်းချုံး ရေးသား၍ ပါဆည်ပါညွန်းအုပ်စု ထောင်ပိုင်ကြီးထံ အရေးပေါ်ဆက် သားဖြင့် သတင်းပို့ရပါသည်။ ဆက်သားများအပြန်တွင် ထောင်ပိုင်ကြီး ဦးဟန်မြင့်မှ ညွှန်ကြားစာကိုရရှိသည်။ ကျွန်ုပ်အား မနက်ဖြန်မနက် စောစော အခင်းဖြစ်ရာသို့သွား၍ ဓာတ်ပုံမှတ်တမ်းတင်ရန်၊ တည်နေရာ မြေပုံဆွဲရန်၊ သက်သေခံအထောက်အထားများ ရှာဖွေထားရန်၊ ခြေရာ လက်ရာမပျက်စေရန်နှင့် စခန်းတာဝန်ခံထောင်ပိုင်ကြီးနှင့် ကော့သောင်း မြို့မှ တာဝန်ရှိသူများ ရောက်ရှိလာသည့်အချိန်အထိ အခင်းဖြစ်နေရာ တွင် စောင့်ဆိုင်းရန် ညွှန်ကြားလာပါသည်။ ထူးခြားဖြစ်စဉ် အစီရင်ခံ စာရေးခြင်း၊ လှမောင်၏မိသားစုနှင့် ညစာစားရင်း နှစ်သိမ့်အားပေး ခြင်း၊ မနက်ဖြန်မနက်စောစော ခရီးထွက်ရန် စီစဉ်ခြင်းတို့အပြီး၌ ည(၁၁)နာရီကျော်လေပြီ။ ဘုရားရှိခိုး၊ အမျှအတန်းဝေ၍ အိပ်ရာဝင် ခဲ့ပါတော့သည်။

သို့သော် တော်တော်နှင့် အိပ်မပျော်ပါ။ ရုံးခန်းအောက်မှ စကား ပြောသံနှင့် အိုးခွက်ပန်းကန်သံများကို ကြားနေရသည်။ ထို့အပြင် အမဲ လိုက်ခွေးနှစ်ကောင်၏ အဆက်မပြတ်အူသံကိုလည်း ကြားနေရသည်။ ရုံးခန်းစောင့်သံချောင်း ခွေးနှစ်ကောင်နှင့် ဘာတွေအလုပ်ရှုပ်နေသည် မသိပါ။ ကျွန်ုပ် လက်နှိပ်ဓာတ်မီးဆွဲ၍ ရုံးအောက်ထပ်သို့ ဆင်းခဲ့သည်။





အောက်ထပ်၌ သံချောင်းမှာ မီးခွက်ထွန်းထားသော စားပွဲအနီး၌ ငုတ် တုတ်ထိုင်၍ အမဲလိုက်ခွေးနှစ်ကောင်အား ပွတ်သပ်ချော့မြှူ၍ စကား ပြောနေသည်ကိုတွေ့ရသည်။

"ဟဲ့ကောင် . . . သံချောင်း။ ည(၁၂)နာရီတောင် ထိုးတော့ မယ် မင်းဘာတွေလုပ်နေတာလဲ။ ခုအချိန်ထိ မအိပ်သေးဘူးလား။ ဒီ ခွေးနှစ်ကောင်ကလည်း ဒီညဘာဖြစ်နေတာလဲ။ ရုံးခန်းအပြင်ထုတ်ပြီး တံခါးပိတ်ထားလိုက်ကွာ"

"မလုပ်ပါနဲ့ ဆရာရယ်။ ကျွန်တော်ကြောက်လွန်းလို့ ဒီခွေး နှစ်ကောင်ကို အဖော်လုပ်နေရတာပါ။ ရုံးစတိုခန်းထဲမှာထားတဲ့ လှမောင် ရဲ့ပစ္စည်းတွေက အသံတွေထွက်နေပြီး ခွေးတွေကလည်း အရင်ညတွေ လို အေးအေးဆေးဆေးမအိပ်ဘဲ ထအူနေတယ်။ ဆရာအိပ်ရေးပျက်မှာ စိုးလို့ ကျွန်တော်သူတို့ကို ချော့သိပ်နေတာပါ ဆရာရယ်"

"မင်းဟာ မဟုတ်သေးပါဘူး သံချောင်းရယ်။ ခွေးတွေအပေါ့ အလေးသွားချင်တာ မင်းကတံခါးဖွင့်မပေးလို့ ဖြစ်ပါလိမ့်မယ်။ ကဲ . . . တံခါးဖွင့်၊ ငါအပြင်ထွက်မယ်။ မင်းမအိပ်ရဲရင် ဖိုကြီးက ရဲဘက်တစ် ယောက်ခေါ်အိပ်ပေါ့ကွာ"

"ဟုတ်ကဲ့ဆရာ"

သံချောင်းရုံးခန်းတံခါးဖွင့်ပေးသဖြင့် ကျွန်ုပ်နှင့် ခွေးနှစ်ကောင် အပြင်သို့ထွက်ခဲ့ကြသည်။ စခန်းတစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။ လ,တစ်ခြမ်းပဲ့ကလေးကလည်း သာနေသည်။ ကောင်းကင်ယံတွင် တိမ် များမရှိ။ ကြယ်ကလေးများ အလင်းရောင်လည်းရနေသည်။ ရဲဘက် ဘားတိုက်အဝင်ဘူးမှ ည(၁၂)နာရီ သံချောင်းခေါက်သံကို ကြားရသည်။ ကင်းသမားများ နိုးကြားနေသည်။ ကျွန်ုပ် ဆူးကြိုးဝင်းအား ပတ်၍

ကင်းစစ်သည်။ အမဲလိုက်ခွေးနှစ်ကောင်က ကျွန်ုပ်အား ဘယ်ညာခြံရံ၍ တကောက်ကောက်လိုက်နေသည်။ ကျွန်ုပ်တို့ ဖိုကြီးဘက်ရောက်တော့ သံချောင်းတစ်ယောက် ဖိုသားအား နှိုးနေသံကိုကြားရသည်။

"လှမြင့် ... လှမြင့်၊ ထပါဦး။ ငါရုံးခန်းက သံချောင်းပါ၊ ငါနဲ့အတူ လာအိပ်ပေးပါဦး"

"အေး ... အေး ... လာပြီ၊ သံချောင်းရေ။ ဘာဖြစ်လို့ လဲ"

"လာပါကွာ ... ရုံးခန်းရောက်မှာပြောပြမယ်၊ မြန်မြန်လုပ်"

ကျွန်ုပ်နှင့်ခွေးနှစ်ကောင် စခန်းအားစစ်ဆေးပြီး အပေါ်အပ် သွား၍ ရုံးခန်းပြန်ပြီးအိပ်ကြသည်။ သံချောင်းလည်းအဖော်ရပြီး ခွေး နှစ်ကောင်လည်း ငြိမ်သက်သွားပါတော့သည်။

ကျွန်ုပ် မှေးခနဲအိပ်ပျော်သွားရာ တစ်စုံတစ်ရာအကြောင်း ကြောင့် လန့်၍နိုးလာခဲ့သည်။ မျက်စိအားဖွင့်ကြည့်ရာ ရုံးခန်းအပေါ် ထပ် ကျွန်ုပ်၏အိပ်ရေးစားပွဲပေါ်တွင် မှန်မီးအိမ်ကလေး ထွန်းထားသည်၊ အပေါ်ထပ်တွင် အခန်း(၃)ခန်းရှိရာ ဆီအုန်းစက်ရုံစီမံကိန်းမှ အင်ဂျင် နီယာ ဦးဉာဏ်ဝေက တစ်ခန်းနေသည်။ မီးအိမ်နှင့်ကျွန်ုပ်နေရာ ခုတင် အကြားတွင် အခန်းတံခါးပေါက်ရှိသည်။ ရာသီဥတုပူလွန်း၍ ပြတင်း တံခါးနှစ်ပေါက်နှင့် အတွင်းတံခါးအားဖွင့်အိပ်ခြင်း ဖြစ်သည်။ အခန်း တံခါးဝတွင် ပုဆိုးအနက်ကွက်နှင့် စွပ်ကျယ်အင်္ကျီလက်စက ဝတ်ဆင် ထားသူတစ်ဦး ကျွန်ုပ်အားစောင်းကြည့်နေသည်ကို မြင်ရသည်။ မီးရောင် ကိုကျောပေးထားသဖြင့် ၎င်း၏မျက်နှာကို သဲကွဲစွာမမြင်ရပါ။ အရေး ပေါ်ကိစ္စရှိ၍ သတင်းပို့ရန် တပ်ကြပ်ကြီးဦးထွန်းမောင်၊ ကျွန်ုပ်အနီးကို စောင့်နေသည်ဟုယူဆသဖြင့် အိပ်ရာကငေါက်ခနဲထပြီး ...





"ဦးထွန်းမောင်၊ ဘာကိစ္စလဲဗျ"

ဟုမေးမြန်းပြီး ကျွန်ုပ်အိပ်ရာအနီးရှိ လက်နှိပ်ဓာတ်မီးကိုဆွဲ ၍ ခုတင်ပေါ်မှဆင်းလိုက်ရာ မည်သူ့ကိုမျှ မတွေ့ရတော့ပါ။

"ဦးထွန်းမောင် ... ဦးထွန်းမောင် ..."

ဟု ကျွန်ုပ်ဆက်၍ခေါ်ရာ အပေါ်ထပ် မျက်နှာချင်းဆိုင်အခန်း တွင်အိပ်ပျော်နေသော အင်ဂျင်နီယာ ဦးဉာဏ်ဝေ တံခါးဖွင့်၍ထွက် လာသလို၊ အောက်ထပ်မှရုံးခန်းစောင့် သံချောင်းလည်း အပြေးတက် လာသည်။

"ဆရာ ဘာဖြစ်လို့လဲ"

နှစ်ဦးစလုံးပြိုင်တူမေးကြသည်။

"ဦးထွန်းမောင် မဟုတ်လား။ ဘာပြောစရာရှိလို့လည်း မသိ ဘူး။ ကျွန်တော့်အခန်းဝမှာ လာစောင့်နေရင်း ပျောက်သွားတယ်"

**သံချောင်း** ။ "ဆရာရယ် တပ်ကြပ်ကြီးဦးထွန်းမောင်က ခြေရင်းအိမ် မှာနေတာ။ ညဘက်ကြီးမလာပါဘူးဆရာ။ ရုံးခန်းတံခါးတွေလည်း ကျွန် တော်အသေအချာ ပိတ်ထားတာပါ။ ကျွန်တော့်ကိုနှိုးပြီး တံခါးဖွင့်ပေးမှ အပေါ်ထပ်တက်လို့ရမှာပါ"

**ဦးဉာဏ်ဝေ** ။ "ဆရာ ကိုသိန်းဝင်း။ အိပ်မက်မက်ပြီး ယောင်ထတာ ဖြစ်လိမ့်မယ်ထင်တယ်"

"မဟုတ်ဘူးဗျ။ ကျွန်တော်အသေအချာ တွေ့လိုက်တာ။ တပ်ကြပ်ကြီးဦးထွန်းမောင်ဝတ်တဲ့ ပုဆိုးအနက်ကွက်ကြီးနဲ့ စွပ်ကျယ် လက်စက အင်္ကျီဝတ်ထားတယ်"

**သံချောင်း** ။ "အင်း ... ဆရာလည်း အခြောက်ခံရပြီနဲ့တူတယ်"

"ဘာခြောက်ခံရတာလဲကွ၊ သံချောင်းရ"

"ဆရာရယ် ကျွန်တော်တစ်ညလုံး အခြောက်ခံနေရတာ။ ဘယ် သူရှိမလဲ လှမောင်ပေါ့။ သူက အစိမ်းသေလေဆရာရဲ့"

"တော်စမ်းပါ သံချောင်းရယ်။ မင်းလည်း အစွဲအလမ်းကြော
ဖြစ်ပါလိမ့်မယ်။ ကဲ ...ကဲ ...ပြန်အိပ်တော့"

ကျွန်ုပ်နှင့်ဦးညာဏ်ဝေ အောက်ထပ်ဆင်း ကင်းစစ်ပြီးပြန်အိ
ကြသည်။ ခွေးနှစ်ကောင်ကတော့ ခေါင်းထောင်ကြည့်ပြီး ပြန်အိပ်နေ
ကြသည်။ ကျွန်ုပ် အမြင်မှားခြင်းမဟုတ်ပါ။ အသေအချာတွေ့လိုက်ရ
ခြင်းဖြစ်သည်။ ထိုသူမှာ ဦးထွန်းမောင်မဟုတ်လျှင် မည်သူဖြစ်မည်နည်း။
ကျွန်ုပ်လည်း မတွေးတတ်တော့ပါ။ သံချောင်းပြောသလို လှမောင်ဆို
လျှင်လည်း ကျွန်ုပ်အား ပြောစရာတစ်စုံတစ်ရာရှိလို့ ဖြစ်ပေမည်။ ကျွန်ုပ်
အံ့သြမိသော်လည်း ကြောက်လန့်စိတ်မရှိပါ။ အိပ်ခန်းတံခါးကို ပြန်
မပိတ်ဘဲ နဂိုအတိုင်း ပြန်အိပ်လိုက်ပါတော့သည်။ ဘာမျှထပ်မဖြစ်
လာပါ။ မနက် (၉)နာရီမှ တစ်ရေးနိုးတော့သည်။

ကျွန်ုပ်မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီး ထမင်းကြော်စား၍ ထွက် လာစဉ် ညကတည်းက ကြိုတင်စီစဉ်ထားသော တပ်ကြပ်ကြီး ဦးထွန်း မောင်နှင့် တပ်ကြပ်တင်ဝင်းအပါအဝင် ဝန်ထမ်းတပ်စိတ်တစ်စိတ် လက် နက်ကိုယ်စီဖြင့် စောင့်ဆိုင်းနေကြသည်။ ကျွန်ုပ်တို့ မနက် (၆း၃၀)နာရီ တိတိတွင် စခန်းမှခွေးနှစ်ကောင်နှင့်အတူ ထွက်လာကြသည်။ ဆီအုန်း ခင်းများကိုဖြတ် အစွန်ဆုံးခြံ(၇)ကိုကျော်ပြီးနောက် ပသျှူးသီဟိုတော အတွင်းသို့ဝင်ခဲ့ကြသည်။ ခွေးနှစ်ကောင်မှာ လမ်းသိသည့်အလား ရှေ့ ကဦးဆောင်နေသည်။ ဆီအုန်းစက်ရုံအင်ဂျင်နီယာ ဦးညာဏ်ဝေကလည်း စိတ်ဝင်စားသဖြင့် ကင်မရာတစ်လုံးဆွဲ၍ လိုက်လာသည်။ လမ်းခရီးကို မှတ်တမ်းတင်သည်။ တောင်ပြောင်တောင်ကြီးကို အဝေးမှလှမ်း၍ ဓာတ်ပုံ





ရိုက်သည်။ ကျွန်တော်ကတော့ မြေပုံဆွဲ၍ ဝေးထားရသည်။ မနက်ခင်း အလင်းရောင်ကောင်းစွာရသော မနက်(၇)နာရီကျော်ခန့်တွင် ကျွန်ုပ်တို့ အဖွဲ့ တောင်ပြောင်တောင်ခြေသို့ ရောက်ရှိလာကြပါသည်။ ကျွဲ နွားနှင့်လူ တစ်စုံတစ်ရာကိုမျှ လမ်းတွင်မမြင်ခဲ့ရပါ။

တောင်ပြောင်တောင်ကြီးမှာ နာမည်နှင့်လိုက်အောင်ပင် သစ် ပင်ကြီးများ လုံးဝပေါက်ရောက်ခြင်းမရှိဘဲ တောင်ခြေတွင် ချုံပုတ် များနှင့် တောင်ခါးပန်းတွင် သက်ငယ်ပင်များသာ ပေါက်ရောက်နေပြီး တောင်အလယ်မှ တောင်ထိပ်အထိ ပြောင်ချောနေပြီး ဘာအပင်မျှပေါက် ရောက်ခြင်းမရှိပါ။ ထိပ်ပြောင်နေသော ခေါင်းချွန်ချွန်လူကြီးတစ်ဦး၏ ဦးခေါင်းနှင့် အလွန်တူပါသည်။ မိုးများသောဒေသဖြစ်သော်လည်း တောင် ထိပ်တွင် သစ်ပင်မပေါက်ခြင်းမှာ ထူးခြားချက်ဖြစ်သည်။

တောင်ပေါ်သို့တက်ရာတွင် တောင်ခါးပန်းသို့ရောက်သည်နှင့် လေမှာ ဟူးဟူးရားရား တိုက်ခတ်လာသည်။ မတ်တတ်ရပ်သွား၍မရ။ တောင်ပတ်လမ်းမှာလည်း အလွန်မတ်စောက်သည်။ တောင်လည် ခါးပန်းအား ရွှေဝါရောင်သက်ငယ်ပင်များက ကာလနားသတ်ထားသည်။ တောင်လယ်ခါးပန်းမှ တောင်ထိပ်အထိ တက်၍မရနိုင်ပါ။ ပြောင်ချော နေသော ကျောက်တောင်ကြီးဖြစ်သည်။ ကျွန်ုပ်တို့ မတ်တတ်ရပ်မသွား နိုင်သဖြင့် သေနတ်ကိုလွယ်ပြီး လေးဖက်တောက်၍ ရှေ့ကဦးဆောင် သွားနေသည့် ခွေးနှစ်ကောင်လို တက်ကြရသည်။ တောင်ပြောင်တောင် မှာ အတော်မြင့်မားသဖြင့် အနောက်ဘက်မှ ဘင်္ဂလားပင်လယ်ကြီးနှင့် ရွာများကို အပေါ်စီးမှ မြင်နိုင်ပေသည်။ အရှေ့ဘက်တွင်တော့ တနင်္သာရီ ရိုးမကြီးက ကာဆီးထားသည်။

တောင်ပတ်လမ်းအတိုင်း အနောက်ဘက်သို့သွားရပြီး လျှိုထဲ

သို့ဆင်းရသည်။ လှိုဏ်ထိပ်ရောက်သည်နှင့် ယင်မမဲရိုင်းများ တဝေါဝေါ ပျံသန်းနေသံကိုကြားရပြီး အပုပ်နံ့ကလှိုက်၍ တက်လာသည်။ အမဲလိုက်ခွေးနှစ်ကောင်ကလည်း တဝုတ်ဝုတ်ထိုးဟောင်ကြသည်။ လှိုဏ်မှာမတ်စောက်ပြီး နက်ရှိုင်းသည်။ ပေ (၁၀၀')ခန့်နက်မည်ထင်သည်။ နှာခေါင်းကို ပဝါစီးပြီး သစ်ပင်များနှင့်နွယ်များအားဆွဲ၍ အောက်သို့ဆင်းကြရသည်။ အနီးရောက်လေ အပုပ်နံ့မှာနံလေဖြစ်သည်။

သေဆုံးသူဝန်ထမ်း (၃)ဦးလုံးမှာ အပေါ်အဝတ်များ လုံးဝမဲ့တော့ပါ။ အောက်ခံဘောင်းဘီတိုကလေးများသာ ဝတ်ဆင်လျက် လက်နောက်ပြန်ကြိုးတုပ်ပြီး မှောက်လျက်အနေအထားဖြင့် ရက်စက်စွာ အသတ်ခံထားရခြင်းဖြစ်သည်။ အလောင်းများမှာ လှိုဏ်အတွင်းမှ အအေးဓာတ်ကြောင့် အရိုးကျခြင်းမရှိသေးဘဲ အသားများမှာ ရောင်ကိုင်းနိုင်နေသည်။

ယင်မမဲရိုင်းအုပ်ကြီးများမှ လူသံကြားသည်နှင့် ထပျံကြရာ လှိုဏ်အတွင်းပဲ့တင်သံကြောင့် တဝေါဝေါဆူညံလျက်ရှိသည်။ မှောက်လျက်အနေအထားဖြစ်၍ မည်သူ့အလောင်းဟု ခွဲခြားခြင်းမပြုနိုင်ပါ။ သို့သော် စခန်းမှဝန်ထမ်းများက ၎င်းတို့၏သူငယ်ချင်းများဖြစ်၍ အောက်ခံဘောင်းဘီတိုကလေးများကိုကြည့်ပြီး မည်သူ့အလောင်းဟု ခွဲခြားပေးနိုင်ကြပါသည်။

နံနက် (၁၀)နာရီခန့်တွင် စခန်းအုပ်စု၊ ထောင်ပိုင်ကြီး ဦးဟန်မြင့်နှင့် ကော့သောင်းမြို့မှ အာဏာပိုင်အဖွဲ့အစည်းများ ရောက်ရှိလာကြပြီး ဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်း ရှာဖွေသိမ်းဆည်းခြင်း၊ မြေပုံများရေးဆွဲခြင်းတို့ကို ပြုလုပ်ကြပြီးနောက် အလောင်းများအား ပက်လက်လှန်စေရာ ယင်မမဲရိုင်းအုပ်ကြီး ဝုန်းခနဲ ထပျံသွားပြီးနောက်





အသားကျနေသော ရင်ဘတ်များနှင့်မျက်နှာများအား လောက်မည်းကြီးများက စားထားသဖြင့် အရိုးဖွေးဖွေးသာ ကျန်နေသောကြားမှ ထိုးထွက်လာကြသည်။ အလောင်းများအား စခန်းသို့ပြန်လည်သယ်ဆောင်ရန် အခြေအနေမပေးတော့ပါ။ ရိုရွှဲပြီး ရုပ်ဆင်းပျက်နေကြပြီဖြစ်သည်။ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြပြီးနောက် လူကြီးများက မူလအခြေအနေအတိုင်း ပြန်လည်မှောက်ခိုင်းပြီး လူကြီးများတိုင်ပင်၍ ရွာနှင့်နီးသဖြင့် မီးရှို့သဂြိုဟ်စေ ခြင်းမပြုတော့ဘဲ သစ်ခက်များခုတ်၍သာ ဖုံးလွှမ်းပြီး သဂြိုဟ်လိုက်ကြရတော့သည်။ လက်နောက်ပြန်ချည်ထားသော ကြိုးများကိုဖြတ်စေပြီး ဝန်ထမ်းဖြစ်၍ အမိန့်ပြန်တမ်းတော့ ဖတ်ကြားပေးလိုက်နိုင်ပါသည်။

ဝန်ထမ်းအားလုံးမှာလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည့်အပြင် မကျေနပ်ခြင်း၊ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းများ ဖြစ်ကြရသည်။ ခြံပိုင်ရှင်ပသျှူးများအနေဖြင့် သီဟိုစေ့ကောက်ခြင်း၊ သို့မဟုတ် ခိုးယူခြင်းအတွက် ဥပဒေအရအရေးယူပေးရန် တိုင်ကြားခြင်းသာ ပြုသင့်ပါလျက် တရားလွန် ဖမ်းဆီးသတ်ဖြတ်ခြင်းအတွက် ရက်စက်ရိုင်းစိုင်းလှပါသည်။ ကျွန်ုပ်တို့အဖွဲ့ လှိုဏ်ထိပ်သို့ပြန်ရောက်ချိန်တွင် သက်သေခံပစ္စည်းများရှာဖွေရေးအဖွဲ့မှ ချုံများအတွင်းဝှက်ထားသော သေဆုံးသူများ၏အဝတ်အစားများနှင့် ပလိုင်းလေးများအားတွေ့ရှိရသဖြင့် သိမ်းဆည်းလိုက်သည်။ သေဆုံးသူဝန်ထမ်းများတွင် လက်နက်ဟူ၍ ဓားတိုတစ်ချောင်းပင်မပါပါ။ လက်နက်ကိုင်ဝန်ထမ်းများ လက်နက်မပါသဖြင့် အနိုင်ကျင့်ခြင်းလည်းဖြစ်နိုင်သည်။

သတ်ဖြတ်သူများမှာ ဝတ်ထမ်း(၃)ဦးအား သီဟိုခြံများအတွင်းမှဖမ်းဆီး၍ တောင်ပြောင်ပေါ်အထိ ခေါ်ဆောင်လာနိုင်ခြင်းကြောင့်

အနည်းဆုံး တုတ်၊ ဓားလက်နက်ကိုင်ဆောင်သူ (၁၀)ဦးခန့်ဖြစ်နိုင်ကြောင်း ရဲအဖွဲ့က ထင်မြင်ချက်ပေးသည်။

ချက်ချင်းပင် တာဝန်ရှိလူကြီးများက အနီးပတ်ဝန်းကျင်ရှိ သီဟိုဠ်ခြိုပိုင်ရှင်များအား မေးမြန်းဖော်ထုတ်ဖမ်းဆီးစေရာ အာဏာပိုင်အဖွဲ့အစည်းများလာသည်ကို ကြိုတင်သိရှိကြသဖြင့် တစ်ဖက်ကမ်းရနောင်းမြို့သို့ ထွက်ပြေးသွားကြကြောင်း ရပ်ကွက်လူကြီးများက သတင်းပို့ကြသည်။ သို့သော် ရဲအဖွဲ့မှာ ကျေးရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ရာအိမ်ခေါင်း၊ ဆယ်အိမ်ခေါင်းများပါမကျန် ဖမ်းဆီးအရေးယူ၍ လူသတ်မှုသတင်း ထိန်ချန်အားပေးကူညီမှုတို့ဖြင့် စွဲချက်တင်ပြီး ကော့သောင်းရဲစခန်းတွင် အမှုဖွင့်လျက် တရားရုံးသို့တင်တော့သည်။

တရားခံများအား ရုံးတင်စစ်ဆေးရာ ဝန်ထမ်း(၃)ဦးအား သတ်ဖြတ်ရာတွင် ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုယ်တိုင် မပါဝင်ကြောင်း၊ ဝန်ထမ်း(၃)ဦး သီဟိုသီးခိုးသည်ကို လက်ပူးလက်ကြပ်မိသဖြင့် ခြံပိုင်ရှင်များက လာရောက်တိုင်ကြားသဖြင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကြစဉ် ခြံပိုင်ရှင် (၈)ဦးက တားမနိုင်ဆီးမရတော့ဘဲ ဝန်ထမ်း (၃)ဦးအား လက်ပြန်ကြိုးတုပ်ကာရိုက်နှက်ပြီး ဂေါင်ပြောင်လျှိုထဲသို့ အတင်းအကြပ်ခေါ်ဆောင်လာပြီး သတ်ဖြတ်ကြခြင်းဖြစ်ကြောင်း ဖြောင့်ချက်ပေးပါသည်။

ကော့သောင်းတရားရုံးမှ အမြန်ဆုံးစွဲချက်တင်စစ်ဆေးပြီး တရားခံပြေးများအား အနှစ်(၂၀)စီ ထောင်ဒဏ်ချသည်။ တာဝန်ရှိသူကျေးရွာလူကြီး (၄)ဦးအား ပုဒ်မ ၃၀၂/၁၁၄ အရ လူသတ်ရာတွင် အားပေးကူညီမှု၊ သတင်းထိန်ချန်ထားမှု၊ တရားခံများ ထွက်ပြေးလွတ်မြောက်စေရန် ကူညီမှုတို့ဖြင့် ထောင်ဒဏ် (၇)နှစ်စီ ချမှတ်အပြစ်ပေး





လိုက်ပါသည်။

ဤတွင် အမှုပြီးဆုံးပြီဟု ဆိုရန်ရှိသော်လည်း မပြီးဆုံးသေးပါ။ ခြံပိုင်ရှင် (၈)ဦးမှာ ၎င်းတို့၏ သားမယားများ ကျေးရွာတွင် ကျန်ရှိခဲ့သဖြင့် တစ်ဖက်နိုင်ငံသို့ ရှောင်တိမ်းသွားသော်လည်း ခိုးကြောင်ခိုးဝှက် တိတ်တဆိတ်ပြန်လာကြောင်း သတင်းရရှိသဖြင့် ကျွန်ုပ်တို့အဖွဲ့မှ မျက်ခြည်မပျက် စောင့်ကြပ်ကြည့်ရှုခဲ့သည်။ သို့သော် ညအချိန် ရေလမ်းခရီးမှ စက်လှေများဖြင့် တိတ်တဆိတ်ပြန်လာကြပြီး မနက်စောစောပြန်သွားကြခြင်းဖြစ်ကြ၍ ကျွန်ုပ်တို့ဖမ်းဆီးမရနိုင်ခဲ့ပါ။ နေ့စဉ်လာရောက်ခြင်းလည်းမဟုတ်ဘဲ မှေလောက်မှလာကြခြင်း ဖြစ်သည်။ ပသျှူးလူမျိုးချင်း အကာအကွယ်ပေးသဖြင့် ဖမ်းဆီးမရနိုင်ခဲ့ပါ။ ဒေသခံများဖြစ်ကြ၍ တောလမ်းခရီးလည်း ကျွမ်းကျင်ကြသည်။ ထို့ကြောင့် သူတို့ဘက်မှ တစ်ပန်းသာလျက်ရှိသည်။

နယ်မြေဒေသများတွင် ဥပဒေလက်တံသည် တိုလွန်းလှပါသည်။ နယ်ခြားဖြတ်ကျော်ကူးသွားသည်နှင့် ဥပဒေအရ ဖမ်းဆီးအရေးယူရန် ခက်ခဲသွားသည်။ ထိုစဉ်က Interpol လို အပြည်ပြည်ဆိုင်ရာရဲအဖွဲ့လည်း မထွန်းကားသေးပါ။ တရားကိုနတ်စောင့်ဟူသော စကားအတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ တရားခံများအား ဖမ်းဆီးနိုင်မည်ဟု မျှော်လင့်မိသည်။

❑

ကျွန်ုပ်တို့ဘက်မှ တစ်ပန်းမကာ ဆုံးရှုံးရမှုကိုလည်း ထပ်မံတ ပြပါဦးမည်။ ကျွန်ုပ်တာဝန်ထမ်းဆောင်ပြီး နှစ်စေ့သဖြင့် ပြည်မသို့ပြ ခဲ့ရာ တစ်လခန့်အကြာတွင် ကော့သောင်းစခန်းဘက်မှ သတင်းဆ တစ်ခုကို ကြားလိုက်ရပြန်ပါသည်။

ထိုသတင်းဆိုးမှာ တောင်ပြောင်ပေါ်တွင် လူသတ်ထားသ ဟု ဒေသခံဖြစ်၍ ပသျှူးစကားနားလည်သော ဆေးမှူးဝင်းနိုင် ကျွန်ုပ်အား သတင်းပေးရာ ကျွန်ုပ်က ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြေ တရားခံများက ကျွန်ုပ်နှင့်ဆေးမှူးဝင်းနိုင်ကို အငြိုးအတေးထားခဲ့ကြော





နောက်ပိုင်းမှသိရှိရသည်။ ကျွန်ုပ်က ပြည်မသို့ပြန်ခဲ့သဖြင့် အန္တရာယ်မှ လွတ်ကင်းသွားသော်လည်း ကော့သောင်းဆေးရုံတွင်ကျန်ခဲ့သူ ဆေးမှူး ဝင်းနိုင်အား ကော့သောင်းမြို့မှပြန်လာစဉ် ရေတံခွန်ချောက် ကုန်းဆင်း အကွေ့တွင် မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်မှ စောင့်ဆိုင်း၍လုပ်ကြံ ရာ ဆေးမှူးဝင်းနိုင်မှာ ကိုးလုံးကျည်ထိမှန်၍ ဤနေရာတွင်ပင် ပွဲချင်း ပြီးသေဆုံးသွားခဲ့သည်။ ဆိုင်ကယ်နောက်တွင် ထိုင်လိုက်လာသည့် ဆေးမှူးဝင်းနိုင်၏ တပည့်ဖြစ်သူကတော့ ကံကောင်းထောက်မစွာ လွတ်မြောက်သွားခဲ့သည်။ သေနတ်သမားမှာလည်း တနင်္သာရီရိုးမပေါ် တက်ပြေးသဖြင့် လွတ်မြောက်သွားပြန်သည်။

အငြိုးအတေးကြီးလှသော တရားခံများအား ဖမ်းဆီးနိုင်ခြင်း မရှိ၍ ကျွန်ုပ်ဘဝင်မကျပါ။ သို့သော် အမှောင်ထဲကလူကို အလင်းရောင် ထဲကလူက မြင်နိုင်ရန်ခဲယဉ်းပေသည်။ ကျွန်ုပ်ပင်လျှင် စောစီးစွာပြန် ပြောင်းရွှေ့ခွင့်ရသဖြင့် အသက်အန္တရာယ်ကင်းပြီး လုပ်ကြံမခံရခြင်း ဖြစ်ပေသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားပုံရှိ သော်လည်း နယ်စပ်ဒေသများတွင် ဆိတ်ကွယ်ရာရပ်ဝန်းများ ကျယ် ပြန့်လှသည်ကတော့ ကျွန်ုပ်၏မျက်မြင်ကိုယ်တွေ့ပင် ဖြစ်တော့သည်။

## အခန်း (၅)

ကျွန်ုပ် အောက်ချိုင့်ဆီအုန်းခြံစခန်းအား စိတ်ရှိလက်ရှိပြုပြင်ခဲ့ရာ ရဲဘက်ဘားတိုက်(၄)လုံးအားလည်း အသစ်ပြင်ဆင်ဆောက်ပြီးပါပြီ။ ရုံးခန်းနှစ်ထပ်အိမ်ကြီးလည်း ဆောက်ပြီးပေပြီ။ စခန်းဝင်းအတွင်း၌လည်း ဝန်ထမ်းဘားတိုက်ကြီး (၁)လုံး၊ ရိက္ခာရုံကြီးတစ်ရုံလည်း တောင့်တင်းခိုင်မာစွာ ဆောက်လုပ်ပြီးပါပြီ။ တပ်စည်းရိုးအသစ်ကာရံခြင်းနှင့် သောက်သုံးရန်ရေတွင်းလည်း အောင်မြင်စွာတူးဖော်ပြီး၍ အသုံးပြုနေနိုင်ပြီ ဖြစ်သည်။





ဘဝင်မကျနိုင်စရာတစ်ခုကတော့ ရဲဘက်ဆူးကြိုးဝင်းကို အသစ်ကာရံပြီး တံခါးကြီးဘူးဝကိုလည်း စက်မှု(၁)ဆီအုန်းစက်ရုံစီမံကိန်းမှ အင်ဂျင်နီယာ ဦးညဏ်ဝေက အဂ်တေအမိုးပြားများပေး၍ သပ်ရပ်စွာ ဆောက်လုပ်ပြီးဖြစ်သော်လည်း ရဲဘက်ဆူးကြိုးဝင်း တောင်ဘက်ထောင့်၌ ကြီးမားသော ညောင်ပင်ကြီးတစ်ပင်က အတွင်းဆူးကြိုးဝင်းကို တပ်လျှက် ပေါက်နေသည်။ ထိုညောင်ပင်ကြီးပေါ် တက်၍ပြေးသော ရဲဘက်ပြေးမှုများလည်း ဖြစ်ခဲ့သည်။ ညောင်ပင်ကြီးအား စခန်းတာဝန်ခံအဆက်ဆက် ခုတ်လှဲခြင်းမပြုရဲသဖြင့် ချန်လှပ်ထားခဲ့သည်။

တစ်နေ့ ရိုးပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်စခန်းမှ နောက်တန်းတာဝန်ခံ တပ်ကြပ်ကြီးဦးထွန်းမောင်၊ ရဲဘက်နောက်တန်းမှူးစိုးမြင့်၊ ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းအောင်နှင့် ရဲဘက်ရှေ့တန်းမှူး မောင်ဝင်းတို့ကိုခေါ်ကာ အစည်းအဝေးကလေး လုပ်သည်။ ညောင်ပင်ကြီးအား ရှင်းလင်းရန်ဖြစ်သည်။

“ကဲ ...အဖွဲ့ဝင်တွေ၊ ကျွန်တော်လည်း စခန်းကိုအစစအရာရာ ပြင်ဆင်လာခဲ့တာ သချိုင်းကုန်းပါမကျန် ပြင်ဆင်ပြီးပြီ။ အခုကျန်နေတာ ရဲဘက်ဆူးကြိုးဝင်းထဲက ညောင်ပင်ကြီးပဲ။ ဘယ်သူခုတ်နိုင်သလဲ။ တပ်ကြပ်ကြီး ဦးထွန်းမောင်နဲ့ နောက်တန်းအဖွဲ့ခုတ်မလား။ အစစအရာရာ ကျွန်တော်တာဝန်ယူတယ်”

“ဆရာ ကျွန်တော် မခုတ်ရဲဘူးဆရာ။ ညောင်ပင်ကြီးက အဓိကရုအပင်ကြီး လူနှစ်စာတောင်ကျော်ဦးမယ်”

တပ်ကြပ်ကြီး ဦးထွန်းမောင် မခုတ်ရဲသော်လည်း ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းအောင်က ပြောလာသည်။

“ဆရာ ကျွန်တော်နဲ့အဖွဲ့ ညောင်ပင်ကြီးကို ခုတ်ပါ့မယ်။

အမိန့်ပြန်တမ်းတော့ လုပ်ပေးပါ။ ဖြစ်နိုင်ရင် ကန်တော့ပွဲလေးလည်း စီစဉ်ပေးပါ"

"ရပါတယ် ဦးစောထွန်းအောင်။ ကျွန်တော် စခန်းတာဝန်ခံ တစ်ယောက်အနေနဲ့ လိုအပ်တာတွေ အကုန်လုပ်ပေးပါ့မယ်။ ခင်ဗျား စိတ်ကြိုက်တပည့်တွေရွေးပြီး နေ့ချင်းပြီးခုတ်ပါ။ ခင်ဗျားတို့အဖွဲ့အတွက် ကျွန်တော်သီးသန့် စားပွဲကလေးတစ်ခုလုပ်ပေးမယ် ဖြစ်မလား"

"သိပ်ဖြစ်တာပေါ့ ဆရာရယ်။ ဝန်ထမ်းပဲဟာ အထက်အရာရှိက ခိုင်းလို့လုပ်တာ၊ စခန်းအေးချမ်းသာယာရေးအတွက်ပဲ ဘာပြောစရာရှိမလဲ။ ဒီနေ့ နေ့ချင်းပြီးခုတ်ပါ့မယ်ဆရာ။ လိုအပ်တဲ့ လက်နက်တွေကိုလည်း စီစဉ်ပေးပါ။ ကျွန်တော့်တပည့်တွေက မတ္တရာနယ်သားတွေပါ။ သစ်ခုတ်ကျွမ်းကျင်ကြပါတယ်"

"ကောင်းပြီ ဦးစောထွန်းအောင်၊ လိုအပ်တဲ့လက်နက်တွေ အပြည့်အစုံရှာပေးမယ်။ နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်နဲ့ နောက်တန်းခေါင်းဆောင်ရဲဘက် ဦးစိုးမြင့်တို့အဖွဲ့က ခုတ်ပြီးသားညောင်ပင်ကြီးကို အပိုင်းပိုင်းဖြတ်ပြီး ထမင်းချက်ဖိုကြီးနားအရောက် သယ်ပေးပါ။ ဒီနေ့ ရဲဘက်အားလုံးအတွက် အထူးဟင်းလျာ စီစဉ်ပေးမယ်၊ ခင်ဗျားတို့အတွက်တော့ ညနေကျရင် မဲခေါင်အရက်တစ်လုံးနဲ့ မန်ဒါလီ တစ်ကောင်ချက်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

သို့နှင့်ကျွန်ုပ်လည်း စခန်းအနီးရှိ ရိုးမတောင်ခြေမှ သစ်ခွဲသောထားဝယ်သားများထံမှ လွှ၊ ပုဆိန်၊ ဓား၊ ကြိုးတို့ကို ငှားရမ်းပြီး တပ်ကြပ်ကြီး ဦးစောထွန်းအောင်လက်သို့ အပ်လိုက်ပါသည်။

မနက် (၉)နာရီခန့်တွင် တပ်ကြပ်ကြီး ဦးစောထွန်းအောင်တို့





အဖွဲ့ ညောင်ကိုင်းများအား အရင်ချိုင်ပြီး ညောင်ပင်ကြီးအား လွှဖြင့် အပိုင်းပိုင်းဖြတ်သည်။ တပ်ကြပ်ကြီး ဦးထွန်းမောင်တို့အဖွဲ့က ထမင်းချက်ဖိုကြီးအနီးသို့ သယ်ဆောင်ကြသည်။ လူနှစ်ဖက်ခန့်ရှိသော ညောင်ပင်ကြီးမှာ လက်နက်ပစ္စည်းပြည့်စုံခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ လူအင်အားကောင်းခြင်းတို့ကြောင့် ညနေ(၅)နာရီခန့်တွင် တစ်ထွာခန့်ပင်စည်၊ အရင်းသာကျန်တော့ပြီး ရှင်းလင်းသွားတော့သည်။ ဆူးကြိုးဝင်းထောင် ဖြင့်၍ ပျက်စီးသွားသော ဆူးကြိုးများနှင့် တိုင်များကိုတော့ ကြိုတင် စီစဉ်ထားသည့်အတိုင်းလဲ လိုက်နိုင်သည်။ ဘာပြဿနာမျှ ပေါ်မလာပါ။ ကျွန်ုပ်ကတော့ တာဝန်ရှိသည့်အတိုင်း အမိန့်ပြန်တမ်းတော့ လုပ်ပေး လိုက်ပါသည်။

ည(၆)နာရီကျော်ကျော်တွင် တပ်ကြပ်ကြီးဦးထွန်းမောင်၊ တပ်ကြပ်ကြီး ဦးစောထွန်းအောင်တို့အဖွဲ့ ကျွန်ုပ်နေထိုင်ရာရုံးသို့ ရောက်လာကြပါသည်။ သစ်ခုတ်အဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး ဦးစောထွန်းအောင်ကတော့ အမွေးထည်ဝတ်လာပြီး တုန်တုန်ယင်ယင်ဖြင့် ...

"ဆရာ ... ကျွန်တော့်ကို ရုက္ခစိုးကိုင်ပြီထင်တယ်။ ချမ်းပြီး တုန်ယင်နေတယ်။ တစ်ကိုယ်လုံး ပူလိုက်၊ အေးလိုက်နဲ့ ဘယ်လိုကြီး မှန်းမသိဘူးဆရာ"

"မှန်းစမ်းပါဦး၊ ကျွန်တော်စမ်းကြည့်ပါဦးမယ်။ အင်း ... ကိုယ်လည်းမပူပါဘူး။ စိတ်ခိုင်ခိုင်ထားပါ။ ချွေးထွက်လွန်ပြီး အအေးပတ် တာပါ။ ကျွန်တော့်မှာ ကချင်ဆေး ကောင်းကောင်းတွေရှိပါတယ်။ မပူပါနဲ့ ချက်ချင်းပျောက်သွားမှာပါ။ ခင်ဗျားခိုင်းလို့ အပင်ပေါ်တက်ပြီး ခုတ်လှဲတဲ့ရဲဘက်တွေရော ဘာဖြစ်ကြသေးသလဲ"

"သူတို့ကတော့ ဘာမှမဖြစ်ကြပါဘူးဆရာ။ ကျွန်တော်က

ခေါင်းဆောင်ဆိုတော့ ကျွန်တော့်ကိုကိုင်တာ ဖြစ်လိမ့်မယ်ထင်တယ်

"အစွဲအလမ်း မထားစမ်းပါနဲ့။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တာ တယ်။ တကယ်တမ်း ခေါင်းဆောင်လုပ်ပြီးနိုင်းတာက စခန်းတာဝန် ကျွန်တော်ပဲ။ ကိုင်ချင်းကိုင် ကျွန်တော့်ကိုပဲ ကိုင်ဖို့ရှိတယ်။ ကဲ ... ဒါတွေထားတော့။ အခု ခင်ဗျားကို ဆေးတိုက်မယ်"

သို့နှင့် ကချင်ပြည်နယ်၊ နောင်မွန်းမြို့မှ ဘဏ်မန်နေဂျာ အစ်ကိုကြီး ဦးအောင်သန်းပို့လိုက်သော ခန်းတောက်မြစ်အား ပါးပါး လှီးပြီး ရေနွေးပူပူ အကြမ်းပန်းကန်လေး တစ်လုံးစာနှင့်အတူ မြ ခွက်ထဲထည့်၍ စိမ်သည်။ ဆေးမြစ်မှ အဝါရောင်များ ထွက်လာသော အခါ ပျားရည်ထမင်းစားဇွန်းကြီးတစ်ဇွန်းနှင့် မဲခေါင်အရက်တစ်ဇွန်း ထည့်သည်။ (၅)မိနစ်ခန့် အဖုံးပိတ်ထားပြီးနောက် ဇွန်းနှင့်မွှေ၍ တပ်ကြပ်ကြီး ဦးစောထွန်းအောင်အား တိုက်လိုက်သည်။

"ကဲ ... ဦးစောထွန်းအောင်၊ စိတ်ချလက်ချ သောက်လိုက် ပေရော့။ ခင်ဗျားရောဂါ ဒီဆေးတစ်ခွက်တည်းနဲ့ပျောက်ပြီ"

"ဆရာရယ်၊ အရက်ကို ရေနွေးနဲ့ရောသောက်နိုင်းတာ ဒီတစ် ခါပဲ ကြားဖူးသေးတယ်"

"ခင်ဗျားက မယုံလို့လား ဦးစောထွန်းအောင်။ ဒါကချင်တိုင်း ရင်းဆေးနည်းပဲ။ ကျွန်တော့်အစ်ကိုကြီးက ဆေးအပြင် ဆေးအညွှန်းကို ပါပို့လိုက်တာ။ ခင်ဗျားတို့ ကျွန်တော်တို့က ငှက်ဖျားဒေသမှာနေကြ တော့ ငှက်ဖျားအခံ ကိုယ်စီရှိကြတယ်။ အအေးပတ်မယ်၊ ချွေးထွက် လွန်တယ်ဖြစ်တာနဲ့ ချမ်းစိမ့်စိမ့်ဖြစ်ပြီး ငှက်ဖျားက ခေါင်းထောင်လာ တော့တာ။ ဒါဟာ ကချင်ရိုးရာ ငှက်ဖျားပျောက်ဆေးပဲ။ အဖျားရောဂ် မှန်သမျှ အကုန်နိုင်တယ်။ ကျွန်တော် ဒီစခန်းရောက်နေတာ (၁)နှစ်ကျော်





ပြီ။ ခင်ဗျားတို့အမြင်ပဲ။ ဒီဆေးအားကိုးနဲ့ ကျွန်တော်လည်း ကျန်းမာ နေတာ။ ရဲရဲသာသောက်လိုက်ပါ။ ခင်ဗျားရောဂါပျောက်ကြောင်း လုံးဝ တာဝန်ယူတယ်"

"ယုံပါတယ် ဆရာရယ်၊ ကျွန်တော်သောက်ပါ့မယ်"

ဦးစောထွန်းအောင်က ဆေးကို တစ်ငုံချင်းသောက်နေသည်။ ဘေးကအဖွဲ့ကလည်း ဝိုင်းကြည့်နေကြသည်။ ဆေးသောက်ပြီး (၅)မိနစ်ခန့်အကြာတွင် ဦးစောထွန်းအောင်၏မျက်နှာတွင် ချွေးစေးများပြန်လာသည်။

"ဆရာ့ဆေး ကောင်းလှချည့်လားဗျာ။ လူကိုပေါ့ပြီး လန်းဆန်းသွားတာပဲ။ တယ်စွမ်းတဲ့ဆေးပဲဗျာ။ နောက်ဆို ဆရာနိုင်းချင်တာနိုင်း ကျွန်တော်လုပ်ရဲသွားပြီ"

"ကဲ ... ကိုစောထွန်းအောင် ခင်ဗျားပြန်ပြီး နားပေရော့။ ဆာတဲ့အချိန်မှာ ထမင်းထစား။ ကျွန်တော်တို့တော့ အဖွဲ့ကိုညှိခံရင်း သောက်လိုက်ဦးမယ်။ တန်ဆေးလွန်ဘေးတဲ့။ ခင်ဗျားကတော့ ဒီနေ့အတွက် ဆက်သောက်ဖို့မသင့်သေးဘူး။ မနက်ဖြန်ညနေကျတော့ မဲခေါင် အရက်ပုလင်းကြီးတစ်လုံးနဲ့ တားစရာတွေ ကျွန်တော့်ဟာပည့်သံချောင်း နဲ့ခင်ဗျားအိမ်ကို ပို့နိုင်းလိုက်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ်နှင့် တပ်ကြပ်ကြီးဦးထွန်းမောင်တို့အဖွဲ့ ဝိုင်းဖွဲ့ရင်းစကား ကောင်းကြသည်။ ကျွန်ုပ်၏ စခန်းအကြောင်းပဲဖြစ်ပါသည်။ အောက်ချိုင့် ခြံ၊ ဆီအုန်းစခန်းမှာ ကျွန်ုပ်စိတ်တိုင်းကျ ပြုပြင်ထားသဖြင့် သစ်လွင် လှပနေသည်။

"ဦးထွန်းမောင်ရေ စခန်းကတော့ အတော်သန့်ရှင်းသာယာ

သွားပါပြီ။ လမ်းတွေကိုစွတော့ ကျန်နေသေးတယ်။ ရိုက္ခာပို့တဲ့ Hin (TE) ကားကြီးတွေဝင်လာရင် စခန်းအဝင်အထွက်လမ်းက ကျဉ်းနေပြီ။ သစ်ကိုင်းတွေခံနေတယ်။ အဲဒါ ချုန်းဖန်းရွာလမ်းမနဲ့ ဆက်မိတဲ့အထိ စခန်းအဝင်လမ်းကို ပြုပြင်ဖို့လိုနေသေးတယ်။ အဲဒါ အလုပ်သမားရက်တွေမှာ လုပ်အားပေးကြဖို့ စီစဉ်ထားပါဦး။ အဲဒီလမ်းတွေကောင်းသွားရင် စခန်းအတွက် ပြုပြင်စရာမရှိတော့ဘူး''

''ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်စီစဉ်ထားပါ့မယ်''

ထိုညက ဝိုင်းသိမ်းပြီးနောက် ကျွန်ုပ်တို့ ညစာစားကြသည်။ ည(၉)နာရီတွင် ကျွန်ုပ်၏ နိစ္စဓူဝကျင့်စဉ်အတိုင်း အရက်သောက်ထားသော်လည်း ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့ခြင်းအလုပ်ကို ပုံမှန်လုပ်ပါသည်။ အထူးသဖြင့် ယနေ့ခုတ်လှဲလိုက်သော ညောင်ပင်စောင့်ရုက္ခစိုးနှင့်အစောင့်များအား မေတ္တာပို့ပြီး အမျှဝေပါသည်။ ကျွန်ုပ် အိပ်ရာဝင်တော့ ည(၁၀)နာရီ ထိုးချေပြီ။ ယနေ့လည်း ပင်ပန်းသဖြင့် ခေါင်းချသည်နှင့် မကြာမီအိပ်ပျော်သည်။ အိပ်မက်ပင်မမက်ပါ။ မနက် (၅)နာရီမှ တစ်ရေးနိုးတော့သည်။

ထုံးစံအတိုင်း အိပ်ရာကထ၍ မျက်နှာသစ်ပြီး ဘုရားဝတ်ပြု ပုတီးစိပ်၊ အမျှဝေသည်။ ထူးဆန်းသည်မှာ ကျွန်ုပ် ပုတီးစိပ်နေစဉ် အဓိုးအငွေ့လိုလို၊ ဖြူဖြူတန်း (၄)ခုကို စိတ်မျက်စိထဲတွင် မြင်နေသည်။ ဝေးသွားလိုက် နီးလာလိုက်၊ ပျောက်သွားလိုက် ပေါ်လာလိုက်ဖြင့်ပင်။ ကျွန်ုပ်နေရာဒေသကို ခန့်မှန်းကြည့်မိသည်။ စခန်းအနောက်ဘက် တနသ်ာရီရိုးမနှင့် စခန်းအကြား ဆီအုန်းခင်းအလယ် တောင်ကုန်းပေါ်တွင်ဖြစ်နေသည်။ ခုတ်လှဲလိုက်သော ညောင်ပင်ကြီးမှ ဝိညာဉ်များလွင့်မျောပြီး တောင်ပူစာပေါ်ရှိ ညောင်ပင်များပေါ်သို့ တွယ်ကပ်





ရန် လွင့်မျောနေသလား မသိပါ။ စိတ်အသိ၊ စိတ်သတိကို ချင့်ချိန်ဆန်းစစ်မိတော့ နေစရာမရှိသော ဝိညာဉ်များအတွက် ဘုံနေရာဌာနလုပ်ပေးရန် ကျွန်ုပ်တွင် တာဝန်ရှိပေသည်။ ကျွန်ုပ်အား သတိပေးသည်ဟုပင် မှတ်ယူလိုက်ပါသည်။

မနက် (၆)နာရီတွင် ကျွန်ုပ် တရားထိုင်ခြင်းအလုပ်ကိုဖြုတ်၍ တပည့်ကျော်သံချောင်း စီစဉ်ပေးသည့် ကြက်ဥထမင်းကြော်နှင့် ကော်ဖီပူပူကို စားသောက်ရင်း ဝိညာဉ်ဖြူဖြူများကိုစွကို စဉ်းစားရင်း စခန်းအနောက်ဘက် တောင်ပူစာပေါ်သို့ လှမ်းမျှော်ကြည့်မိသည်။

❑

နေမင်းကြီးက တနင်္သာရီရိုးမကြီးကို ကျော်ထွက်မလာသေးသဖြင့် အလင်းရောင်မှုန်ပျပျကိုသာ ရနေသေးသည်။ ရိုးမတောင်ခြေတွင် အလင်းရောင်မရသေးသဖြင့် မှောင်မိုက်နေသော်လည်း တောင်ပူစာပေါ်တွင် အလင်းရောင်ဖြူဖြူက ဖြန့်ကြက်နေပြီဖြစ်သည်။ အသေအချာကြည့်မှ တောင်ပူစာအပေါ်၌ ညောင်ပင်လေးပင်ကို မြင်ရသည်။ ယခင်က အမှုမဲ့ အမှတ်မဲ့ အမှတ်မထားမိ။ ညောင်ပင်များရှိမှန်းတော့ သိသည်။ ကျွန်ုပ် တရားထိုင်စဉ် မြင်ခဲ့ရသော အခိုးအငွေ့ဖြူဖြူတန်းလေးခုမှာ ထိုညောင်ပင်များမှဖြစ်မည်ဟု ယခုမှ သိဘောပေါက်မိတော့သည်။ နိမိတ်ပြခြင်းလော၊ အသိပေးခြင်းလော။ ကျွန်ုပ်စဉ်းစားရင်း အဖြေမပေါ်ပါ။





ထိုစဉ် ဆိုင်ကယ်စက်သံကို ကြားရသည်။ ဆိုင်ကယ် (၂)စီး ခေန်းထဲသို့ ဝင်လာသည်။ ပါဆည့်ပါညွန်းစခန်းမှ တာဝန်ခံ ထောင်ပိုင်ဦးဟန်မြင့်နှင့် စာရေးမင်းသူတို့အဖွဲ့ဖြစ်သည်။ အောက်ထပ်မှ သံချောင်းက ဆီးကြိုသည်။

"ဟဲ့ကောင် ... သံချောင်း။ မင်းဆရာရှိသလား"

"ရှိပါတယ် ထောင်ပိုင်ကြီး။ အပေါ်ထပ်မှာပါ"

"ဘာစားစရာရှိသလဲ"

"ရှိပါတယ် ထောင်ပိုင်ကြီး။ ကြက်ဥထမင်းကြော်နဲ့ ကော်ဖီပါ"

ကျွန်ုပ် အောက်ထပ်သို့ ဆင်းကြိုရသည်။

"ကြွပါဆရာ၊ အပေါ်ထပ်ကိုတက်ပါ။ အရေးကြီးကိစ္စများရှိပါသလား"

"အပေါ်ရောက်မှပြောမယ် ဦးသိန်းဝင်းရေ။ ခင်ဗျားစခန်းနဲ့ ဆိုင်တဲ့ကိစ္စပါ"

ကျွန်ုပ်တို့ အပေါ်ထပ်တက်ခဲ့ကြပြီး ဆင်ဝင်အပေါ်ထပ် ဧည့်ခန်းဆက်တီစားပွဲတွင် ထိုင်ကြသည်။

"ဦးသိန်းဝင်းရေ ခင်ဗျားက အလုပ်ကောင်းတော့ မဲပေါက်ပြန်ပြီ။ နောက်တစ်ပတ်မှာ လူကြီးတွေ စခန်းကိုပါမစ်စစ်ဆေးမယ်။ ဟပ်စကီးနဲ့လာမှာမို့ ကွင်းလုပ်ပေးရမယ်။ ပါဆည့်ပါညွန်း၊ လဲမွှန် ရေတံခွန်စခန်းတွေမှာ ကွင်းလုပ်ဖို့မြေနေရာမရှိဘူး။ အဲဒါ ခင်ဗျားစခန်းကို စဉ်းစားမိတာ၊ ဟိုစခန်းအနောက်ဘက်တောင်ပူစာပေါ်မှာ ကွင်းလုပ်ဖို့နေရာ ရနိုင်တယ်မဟုတ်လား"

"ရနိုင်ပါတယ် ထောင်ပိုင်ကြီး။ ဒါပေမဲ့ ညောင်ပင်ကြီးတွေ

ခံနေတယ်နော်''

''တစ်ဖက်လောက်စီပဲ ရှိတာပါဗျာ။ ရှင်းလိုက်ရင်ရပါတယ်။ ထောင်ထိပ်ပေါ်ကကွင်းကို မြေညီအောင်ညှိရမယ်။ ပြီးရင် ထုံးဖြူး (H) ပုံစံအမှတ်အသားရေးရမယ်။ အချိန်ကတော့ (၃)ရက်လောက်ပဲ မယ်။ ခင်ဗျားစခန်းကသာယာတော့ လူကြီးတွေခေတ္တနားလိမ့်မယ်။ ပြီး ကားတွေနဲ့ စခန်းတွေကိုလိုက်စစ်မှာ''

''ရပါတယ် ထောင်ပိုင်ကြီး။ ဒါပေမဲ့ ညောင်ပင်ခုတ်ရင် အမိုး ပြန်ရလိမ့်မယ်။ ကန်တော့ပွဲလည်း ပေးရမယ်''

''လုပ်စမ်းပါဗျာ။ ကျုပ်အုပ်စုစခန်းတာဝန်ခံ အမိန့်လို့သာ ပြန်လိုက်။ ကျုပ်ကလည်း အထက်လူကြီးတွေအမိန့်လို့ ပြန်လိုက်မယ် ဟဲ ... ဟဲ ... ဟဲ''

ထိုစဉ် တပည့်ကျော်သံချောင်းက ကြက်ဥထမင်းကြော်နှင့် ကော်ဖီများလာချပေးသည်။

''သုံးဆောင်ပါဆရာတို့''

''ဟဲ့ကောင် ... သံချောင်း။ မင်းခွေးနှစ်ကောင်လည်း မမြင် ပါလား''

''သူတို့ ရှေ့တန်းအလုပ်ဆင်းသွားကြတယ် ထောင်ပိုင်ကြီး''

''ဟာ ... တယ်ဟုတ်ပါလား။ ရှေ့တန်းအလုပ်ဆင်းတယ်ဆို ပါလား။ ဒီခွေးနှစ်ကောင်ကို လစာရောပေးရသေးသလား''

''လစာတော့ မပေးရပါဘူး ထောင်ပိုင်ကြီး။ ဒါပေမဲ့ မနက် (၆)နာရီထိုးတာနဲ့ ထမင်းကျွေးရတယ်။ (၆)နာရီခွဲတာနဲ့ အလုပ်ဆင်းတဲ့ ရဲဘက်တင်စီပ်နောက် လိုက်တော့တာပဲ။ နေ့လယ် (၁၂)နာရီကျမှ ထမင်းစားပြန်တာ။ လူတွေအတိုင်းပါပဲ ခင်ဗျား''





''ဟုတ်ပါရဲ့ ဦးသိန်းဝင်းရေ။ ခင်ဗျားခွေးတွေက အလွန်လိမ္မာ ပြီး အားကိုးရတယ်ဗျနော်။ အမဲလိုက်ကလည်းကောင်းတယ်။ တစ်ခါ ခင်ဗျားခေါ်လာလို့ ကျွန်တော့်စခန်း လိုက်လာကြတာ။ စခန်းက ခွေး တွေဆို ကုပ်နေတာပဲ။ ခင်ဗျားခွေးတွေက ရုံးခန်းပတ်လည် သေးနဲ့ ပန်းပြီး သူတို့ပိုင်နက် သတ်မှတ်သွားသေးတယ်၊ ဟဲ ... ဟဲ ... ဟဲ''

''ဟုတ်ပါတယ် ထောင်ပိုင်ကြီး။ ဒီကောင်တွေက စည်းကမ်း အလွန်ရှိတာ။ နို့ခွဲစကတည်းက မွေးထားလို့လားမသိဘူး သခင်ကို လည်း အရမ်းချစ်တယ်။ ရုံးခန်းထဲမှာလည်း အပေါ့အလေးမသွားဘူး။ ညပိုင်းရုံးခန်းတံခါးပိတ်ထားရင်တောင် သံချောင်းကို ကုတ်ခြစ်နှိုးပြီး တံခါးဖွင့်ခိုင်းတာ။ ကျွန်တော်တို့ အမဲလည်မယ့်နေ့ဆိုရင် သေနတ်ပြင် နေတာနဲ့ ဒီကောင်တွေသိတယ်။ အထူးတားထားစရာတောင် မလိုဘူး။ ရှေ့တန်းမလိုက်တော့ဘဲ ထိုင်စောင့်နေတော့တာပဲ''

''ဟုတ်မယ် ဦးသိန်းဝင်းရေ။ အရင်လက ညွှန်ချုပ်ကြီးလာ တုန်းကလည်း ခင်ဗျားခွေးတွေကို သဘောကျလွန်းလို့ ခင်ဗျားအပြန် သဘော်နဲ့ သယ်ခဲ့ပါတဲ့။ သူ့ခြံထဲမှာ မွေးထားချင်တယ်လို့ ပြောသွား သေးတယ်''

''ဟုတ်ပါတယ် ထောင်ပိုင်ကြီး။ ကျွန်တော့်ကိုလည်း ပြောသွား ပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူးထင်ပါတယ်။ ဒီကောင်တွေက အမဲလိုက် ခွေးတွေ။ နည်းနည်းရိုင်းတယ်။ ပေါက်စကလေးကတည်းကမွေးမှ သခင် ကိုချစ်မှာပါ။ ကြီးမှမွေးရင် သခင်သစ်စကားကို နားထောင်မှာမဟုတ် ဘူးဆရာ''

''အင်း ... ဒါလည်း ဟုတ်တာပဲ။ ခွေးဆိုတာ သခင်ရင်းကို အလွန်ချစ်ကြတာ။ ဒါနဲ့ခင်ဗျား ပြည်မကိုပြောင်းရရင် ဘယ်လိုလုပ်

မလဲ''

''သံယောဇဉ်ကို ဖြတ်ရမှာပေါ့ဆရာရယ်။ သံချောင်းရှိသေးတော့ သံချောင်းပဲထိန်းရမှာပေါ့။ အဲဒီအကြောင်းတွေတွေးမိရင် ကျွန်တော် အလွန်စိတ်မကောင်းဖြစ်မိပါတယ်။ စမွေးတုန်းကတော့ ဒီလောက် သံယောဇဉ်တွယ်တာရလိမ့်မယ်လို့ တစ်ခါမှမစဉ်းစားမိခဲ့ပါဘူးဆရာ''

''အင်း ... ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်း၊ ကွေကွင်းနောက်ဆုံးရှိ ဆိုသလိုပေါ့ဗျာ။ သတ္တဝါတွေပဲ တစ်နေ့တော့ ခွဲကြရမှာပဲလေ''

''ကဲ ... ကျွန်တော်တို့ လဲမွန်ကွပ်ကဲရေးရုံးကို ဆက်သွားရဦးမယ်။ ဦးသိန်းဝင်းပဲ ရဟတ်ယာဉ်ကွင်းကိစ္စကို တာဝန်ယူပြီး လုပ်ပေတော့ဗျို့။ (၃)ရက်ကြာမှ ကျွန်တော်တို့လာပြီး စစ်ဆေးကြည့်ရှုတော့မယ်''

''စိတ်ချပါ ထောင်ပိုင်ကြီး။ ကျွန်တော့်စိတ်တိုင်းကျအောင် သပ်သပ်ရပ်ရပ်လုပ်ထားပါ့မယ်။ တောင်ဆင်း၊ တောင်တက်လမ်းကို တောင်လှေခါးထစ်ဖော်ထားပါ့မယ်''

''ကောင်းပါပြီဗျာ၊ ခင်ဗျားကိုတော့ ညွှန်ချုပ်ကြီးကအစ စိတ်ချယုံကြည်ပါတယ်''

ဆရာ ဦးဟန်မြင့်တို့ပြန်သွားကြတော့ ကျွန်ုပ်နောက်တန်း တပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် ရဲဘက်နောက်တန်းမှူး ကိုစိုးမြင့်ကိုခေါ်ပြီး အစည်းအဝေးထိုင်ရပြန်သည်။ ညောင်ပင်လေးပင်မှာ (၁၀')ပေအကျယ် ဆီအုန်းပင်တန်းကြားတွင် ပေါက်နေသဖြင့် သီးကင်းပြုစုပျိုးထောင်ခဲ့သည့် ဆီအုန်းပင်များကို မထိခိုက်စေလိုပါ။ သို့သော် ထိခိုက်မှုက ရာနှုန်း(၉၀)သေချာနေသည်။

ဤတစ်ကြိမ်တွင်လည်း နောက်တန်းတပ်ကြပ်ကြီး ဦးထွန်း





မောင်မခုတ်ခဲ့ပြန်ပါ။ ထို့ကြောင့် ကြားရက် ရှေ့တန်းအလုပ်ခွင် မထိခိုက်စေရန်အတွက် ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းမောင်နှင့် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်တို့အား နေ့လယ်ထမင်းစားပြန်ချိန်တွင် တာဝန်လွှဲနိုင်းပြီး ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းအောင်အား လက်နက်အစုံအလင်ရှာဖွေပေး၍ တောင်ပူစာပေါ်မှ ညောင်ပင်လေးပင်အား ရှင်းလင်းနိုင်းရတော့သည်။ နှစ်ဖက်စာညောင်ပင်ကြီးကို ရှင်းလင်းနိုင်ခဲ့သော တပ်ကြပ်ကြီး ဦးစောထွန်းအောင်ကလည်း ၎င်း၏အဖွဲ့ဖြင့် ပထမညောင်ကိုင်းများအား ချိုင်သည်။ ညောင်ပင်လေးပင်မှ ညောင်ကိုင်းညောင်ရွက်များအား ရှင်းလင်းသယ်ထုတ်ပြီးမှ ညောင်တစ်ပင်စီအား အခြေမှဖောင်းပေး၍ ဖြတ်သည်။

ပထမညောင်ပင်အားဖြတ်ရာတွင် (၈') မေန်းလွှမှာ ဟိုဘက်၊ သည်ဘက်ပေါက်သွားသော်လည်း ညောင်ကတုံးကြီးက မလဲပါ။ ထိပ်တွင်ကြိုးချည်၍ ရဲဘက်အင်အားဖြင့် ဆွဲလှဲကြသော်လည်း မလှုပ်ရှားပါ။ ပထမအပင်ကို လက်လျှော့ပြီး ဒုတိယအပင်ကို မေန်းလွှဖြင့် လှဲကြပြန်သည်။ တုတ်တုတ်မျှ မလှုပ်ပါ။ တစ်ဖက်စာခန့်စီသာရှိသော ညောင်ပင်များက သံတိုင်စိုက်ထားသည့်နှယ် ခိုင်မြဲလှသည်။ တတိယနှင့် စတုတ္ထညောင်ပင်များလည်း ရှေ့နည်းအတိုင်းပင် မလဲကြပါ။

ညနေ (၅)နာရီကျော်မှ လက်လျှော့၍ ပြန်ခဲ့ကြသည်။ တပ်ကြပ်ကြီး ဦးစောထွန်းအောင်လည်း ယနေ့ဘာမျှမဖြစ်ပါ။ ကျွန်ုပ်ကတော့ အပန်းပြေနိုင်စေရန် မဲခေါင်အရက်တစ်လုံး ထုတ်ပေးလိုက်သည်။ ကျွန်ုပ်လည်း ရေမိုးချိုးပြီး အပန်းဖြေသည့်အနေဖြင့် တပည့်သံချောင်း စီစဉ်ပေးသည့် ကြက်ဥကြော်နှင့် မဲခေါင်အရက်အား ခြသေ့်တံဆိပ်ဆိုဒါ ရောစပ်၍သောက်နေရင်း စဉ်းစားနေမိသည်။ ညောင်ပင်လေးပင်အား လွှ

ထုတ်ချွင်းဖောက်သွားသော်လည်း မလဲသည့်ကိစ္စဖြစ်သည်။ မလှဲ၊ မခုတ်ခင်ကပင် ကျွန်ုပ်တို့က အုန်းပွဲ၊ ငှက်ပျောပွဲ၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ကန်တော့ပွဲပေးပြီးလည်း ဖြစ်သည်။ အမိန့်ပြန်တမ်းကိုပင် ကျွန်ုပ်ကိုယ်တိုင် ဖတ်ကြားပေးခဲ့သည်။ သို့သော် ထူးဆန်းစွာဖြင့် မလဲပါ။

ကျွန်ုပ် ပြန်လည်သတိရမိသည်။ မနက်က တရားထိုင်စဉ် ညောင်ပင်များပေါက်ရောက်နေသည့် တောင်ပူစာပေါ်မှ ပုံ့လွင့်နေသည့် အနီးအငွေ့ဖြူဖြူတန်း (၄)ခုအား ပြန်လည်၍ သတိရလိုက်မိသည်။ ကျွန်ုပ်တို့ခုတ်လှဲခဲ့ပြီးသော ရဲဘက်ဆူးကြိုးဝင်းအနီးရှိ ညောင်ပင်ကြီးနှင့်မသက်ဆိုင်ဘဲ တောင်ပူစာပေါ်မှာ ညောင်ပင်များဖြင့်သာသက်ဆိုင်ကြောင်း ကျွန်ုပ်ယခုမှ သဘောပေါက်မိတော့သည်။ အနီးအငွေ့ဖြူဖြူတန်း (၄)ခုမှာ ညောင်ပင်လေးပင်နှင့် သက်ဆိုင်နေပေလိမ့်မည်။

ကျွန်ုပ် ဘာလုပ်လျှင် ကောင်းမည်နည်း။ မေတ္တာကမှတ္တာန်းစီးဖြန်းရုံကလွဲ၍ ကျွန်ုပ်တွင် ဘာမျှလုပ်စရာမရှိတော့ပါ။ ထို့ကြောင့် ညစာစားပြီး ည(၉)နာရီ တန်းပိတ်ချိန်ရောက်သည်နှင့် အခန်းတံခါးပိတ်ကာ ဘုရားရှိခိုးပုတီးစိပ်ပြီး တရားထိုင်တော့သည်။

ညဉ့် (၁၁)နာရီထိုးမှ တရားအလုပ်ကိုဖြုတ်သည်။ မေတ္တာပို့၍ အမျှဝေသည်။ တောင်ပူစာပေါ်မှ ညောင်လေးပင် အစောင့်အရှောက်များအား အထူးမေတ္တာပို့၍ အမျှဝေသည်။ အိမ်အောက်ဆင်းပြီး ရုံးတံခါးဖွင့်၍ စခန်းအား ခွေးနှစ်ကောင်နှင့်အတူပတ်ကာ ကင်းစစ်သည်။ ပြီးနောက် အပေါ့အပါးသွား၍ အိပ်ရာဝင်သည်။ ကျွန်ုပ်စိတ်ချမ်းသာစွာ မည်မျှအိပ်မောကျသွားသည် မသိ။ နံနက် (၄)နာရီခန့်တွင် "ဝေါ .. ဝေါ ... ဝုန်း ... ဝုန်း"ဟူသော အသံကြီးများကို တောင်ပူစာဘက်မှ





ကြားလိုက်ရပြီး ကျွန်ုပ်လန့်နိုးသည်။ စခန်းတစ်ခုလုံးလည်း နိုးကြဟန်ရှုသည်။ ကြွက်စီကြွက်စီလူသံများကို ကြားရသည်။ ကျွန်ုပ်လည်း အိပ်ရာထပြီး ညောင်လေးပင်ပေါက်နေသည့် တောင်ပူစာဘက်သို့ လှမ်းကြည့်မိသည်။ ရောင်နီလာစဖြစ်၍ ဘာမျှမမြင်ရ။ တောင်ပူစာအပေါ် ညောင်လေးပင်ရှိရာနေရာများ၌ မီးခိုးငွေ့သဖွယ် အဖြူတန်းများ ထွက်နေသလိုလို မြင်ယောင်နေမိသည်။

ညောင်လေးပင်အစောင့်များ ကျွန်ုပ်ပို့လွှတ်သော မေတ္တာကို ခံယူလိုက်ဟန်တူပါသည်။ လွှထုတ်ချင်းခုတ်ပေါက်၍ လူအင်အားဖြင့် ကြိုးနှင့်ဆွဲလှဲသော်လည်း မလဲသောညောင်ပင်များ ယခုတော့ ကျွန်ုပ်၏မေတ္တာပို့တောင်းပန်သော စရဏအင်အားကိုကူညီ၍ လက်ခံလိုက်ကြပေပြီ။ ညောင်လေးပင်အစောင့်များ ကောင်းရာဘုံဌာနသို့ရောက်စေရန် ကျွန်ုပ်ထပ်မံ၍ မေတ္တာပို့ဆုတောင်းမိပါတော့သည်။

ကျွန်ုပ် ဆက်မအိပ်တော့ပါ။ မျက်နှာသစ်ပြီး ဘုရားဝတ်ပြု ပုတီးစိပ်၊ တရားထိုင်သည်။ တရားထိုင်နေစဉ် ခန္ဓာကိုယ်မှာပေါ့ပါးပြီး စိတ်အလွန်ရွှင်လန်းနေသည်။ တရားထိုင်အပြီး မေတ္တာပို့အမျှဝေပြီးတော့ မနက် (၆)နာရီပင်ထိုးချေပြီ။ တပည့်ကျော်သံချောင်းစီစဉ်ပေးသော မနက်စာထမင်းကြော်နှင့် လက်ဖက်ရည်ကိုသောက်ပြီး လမ်းလျှောက်တုတ်ကောက်တစ်ချောင်းဆွဲ၍ တောင်ပူစာဘက်သို့ ထွက်ခဲ့သည်။ ကျွန်ုပ်၏ခွေးနှစ်ကောင်ကလည်း နံဘေးကရံ၍ လိုက်လာကြသည်။

တောင်ပူစာပေါ်၌ ကျွန်ုပ်ထက်စော၍ ရောက်နေကြသူများကတော့ တပ်ကြပ်ကြီး ဦးစောထွန်းအောင်နှင့် တပ်ကြပ်ကြီးဦးထွန်းမောင်တို့အဖွဲ့ ဖြစ်ကြသည်။ အံ့ဩစရာကောင်းသည်မှာ ကိုင်းချိုင်၊ ကတုံး

စိတ်ကူးသစ်စာပေ

တုံးထားသော ညောင်ပင်လေးပင်စလုံး ဆီအုန်းပင်များကို လုံးဝမငဲ့ နိုက်စေဘဲ ကြား(၁၀')ပေကွက်အတွင်း လွတ်လပ်စွာ အတုံးအရုံး လဲပြို နေကြခြင်းဖြစ်သည်။

**တပ်ကြပ်ကြီး ဦးစောထွန်းမောင်** ။ "ဆရာရေ . . . မထူးဆန်းဘူး လား။ တစ်ပင်မဟုတ်တစ်ပင် ဆီအုန်းပင်တွေကိုထိရမှာ။ အခုတော့ ဆီအုန်းပင်တစ်ပင်မျှ မထိနိုက်ဘူး။ အလွတ်ကြီးလဲကျတော့ အံ့ဩစရာ ပဲနော်"

"အင်း . . . ဟုတ်ပါတယ်။ ဦးစောထွန်းအောင် အံ့ဩစရာ လည်းကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ တာဝန်ရှိသွားပြီ။ ကျွန် တော်မေတ္တာပို့ တောင်းပန်လို့ သူတို့လဲကြတာပါ။ စစ်ဆေးမယ့်အဖွဲ့တွေ ပြန်သွားကြရင်တော့ ညောင်ပင်စည်ငုတ်တိုတွေငုံပြီး နတ်ကွန်း(၄)ဆောင် သစ်နဲ့ဆောက်ပေးကြပါဦး။ ဒီကိစ္စကိုတော့ နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်က ဆောင်ရွက်ပါ။ ကုန်ကျစရိတ် ကျွန်တော့်တာဝန်ထား ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

❑

ကျွန်ုပ်တို့ ပါဆည်ပါညန်းအုပ်စုတွင် တစ်လလျှင်တစ်ကြိမ် သုပ်ငန်းကိစ္စ အစည်းအဝေးကို ရေတံခွန်စခန်း အောက်ချိုင့်စခန်းနှင့် သဲမွန်စခန်းတို့စုပေါင်းပြီး ပါဆည်ပါညန်းစခန်း ထောင်ပိုင်ကြီးရုံးခန်း၌ ထိုင်ကြသည်။ ယနေ့လည်း အစည်းအဝေးရှိသဖြင့် ကျွန်တော်ဆိုင်ကယ် ကလေးဖြင့် ခြံအတွင်းလမ်းမှ ထွက်ခဲ့သည်။

ဆေးရုံကိုကျော်ပြီး သချိုင်းကုန်းရောက်တော့ မိုးကာလဖြစ်၍ ကျွန်ုပ်တို့ယခင်လက ခြံစည်းရိုးအဖြစ်စိုက်ခဲ့သော ပိတောက်ကိုင်းများ အတက်များဝေ၍ စိမ်းစိုနေပေပြီ။ ချောင်းကူးတံတားကလေးမှာလည်း

တသွင်သွင်စီးဆင်းနေသော မှန်ချောင်းကလေးပေါ်၌ ငြိမ်သက်တိတ်ဆိတ်စွာ လဲလျောင်းနေသည်။ ကျွန်ုပ် ချောင်းကူးတံတားလေးပေါ်၌ ခေတ္တရပ်တန့်၍ ပတ်ဝန်းကျင် အေးချမ်းသာယာမှုကို ခံစားနေမိသည်။

ထိုစဉ် စခန်းဘက်မှ ဆိုင်ကယ်သံကိုကြားရပြီး ဆီအုန်းတောထဲမှ ဆိုင်ကယ်တစ်စီးထွက်လာသည်။ ဘောင်းဘီရှည်ဝတ်ထားသော အမျိုးသမီးကလေးတစ်ဦး စီးလာခြင်းဖြစ်သည်။ တံတားထိပ်တွင် ဆိုင်ကယ်ကိုရပ်ပြီး ဆင်းလာသည်။

''အစ်ကိုဆရာ မဟုတ်လား။ တစ်ယောက်တည်း ဘာလုပ်နေတာလဲ။ သချိုင်းကုန်းမှာ သရဲခြောက်မှာ မကြောက်ဘူးလား''

လဲမွန်စခန်းက ခွေးပေါက်စနှစ်ကောင်ကိုခေါ်ပြီး တပည့်ကျော်သံချောင်းနှင့်အတူ မြေနီတောင်ကုန်းဆင်း၌ နားနေကြစဉ် ဆိုင်ကယ်စက်ပျက်၍ ကျွန်ုပ်ပြင်ဆင်ပေးလိုက်ရသော ပသျှူးမကလေးဖြစ်သည်။ သူ့စကားပြောသံက မြန်မာစစ်စစ်။ မဝဲပါ။ ယခုလို ဘောင်းဘီရှည်ဖြင့်မြင်ရပြန်တော့လည်း ခေတ်ဆန်သော မြန်မာအမျိုးသမီးကလေးတစ်ဦးအဖြစ်သာ မှတ်ယူရတော့သည်။

''ဩော် . . . ညီမပါလား။ ဘယ်သွားမလို့လဲ''

''ပါဆည်ပါညန်းရွာက အမျိုးတွေဆီသွားမလို့အစ်ကို။ အစ်ကိုရောဘယ်သွားမလို့လဲ''

''ပါဆည်ပါညန်းစခန်းက အစည်းအဝေးကိုပါ။ အစ်ကိုပြင်ခဲ့တဲ့သချိုင်းနဲ့ ဒီချောင်းကူးတံတားကလေးကို သာယာလွန်းလို့ ခံစားနေမိတာပါ''

''ဟုတ်တယ် အစ်ကို၊ အရင်က ညီမဆိုင်ကယ်စီးရင်း ဒီဘက်ရောက်ဖူးတယ်။ ပိတောက်ပင်တွေနဲ့ချုံတွေရှုပ်ပြီး သချိုင်းက ကြောက်





...ကြီးဖြစ်နေတော။ အခုတော့ အစ်ကိုတို့စခန်းက သချိုင်းကိုသန့်...ပြီး ချောင်းကူးတံတားလေးပါဆောက်လိုက်တော့ အလွန်သာယာ...တာပဲ။ ညီမလည်း ဘန်နွားရွာဗွက်တောကြီးကို မဖြတ်ချင်တာနဲ့...က်ကလှည့်လာတာ''

''ဩော် . . . ညီမတောင် လမ်းသိနေပြီကိုး။ ဒီလမ်းက စခန်း...ဆက်သွယ်တဲ့ အတွင်းလမ်းကွယ့်။ နည်းနည်းလှမ်းပေမဲ့ ဘန်နွားရွာ...က်တောကြီးကိုဖြတ်ရတာ အလွန်စိတ်ညစ်ဖို့ကောင်းတယ်။ အချိန်...ပြီး ရှုံ့ပေတယ်။ ဆိုင်ကယ်လည်း တအားရုန်းရတယ်''

''ဟုတ်တယ် အစ်ကို။ အစ်ကိုတို့ကို ကျေးဇူးတင်တယ်''

''ကဲ . . . လာ ညီမ သွားကြစို့။ အစ်ကိုတို့ အစည်းအဝေး...ချိန် နီးနေပြီ''

''ဟုတ်ကဲ့ အစ်ကို''

''ကျွန်ုပ်ကရှေ့ကစီး၍ သူမဆိုင်ကယ်က နောက်ကလိုက်ခဲ့...ည်။ ချုန်းဖန်းရွာကားလမ်းပေါ်ရောက်မှ သူမက ရင်ပေါင်တန်းစီး...သည်။

''အစ်ကိုတို့ အစည်းအဝေးက ကြာမှာလား''

''နေ့လယ်စာ ထမင်းပါစားမှာဆိုတော့ ကြာမယ်ညီမ။ ညနေ...နာရီလောက်မှ ပြီးမယ်ထင်တယ်''

''ရတယ် အစ်ကို။ ညီမလည်း အမျိုးတွေဆီမှာ နေ့လယ်စာ...ပြီး မွန်းလွဲ(၁)နာရီလောက်မှ ထွက်ခဲ့မယ်။ အစ်ကို စောင့်နေနော်''

''ကောင်းပြီ ညီမ၊ အစ်ကို စောင့်နေမယ်''

ကျွန်ုပ်တို့ ပါဆည်ပါညန်း စခန်းရှေ့အရောက်တွင် သူမက...က်၍စီးသွားသည်။ ကျွန်ုပ်စခန်းထဲသို့ ဝင်ခဲ့တော့သည်။ စခန်းမှာ

တိတ်ဆိတ်နေသည်။ ကျွန်ုပ် ရောက်စောသည်ထင်သည်။ ရေတံ
ခြံမှ ထောင်မှူးကြီး ဦးကျော်ရှိန်နှင့် လဲမွန်စခန်းမှ ထောင်မှူး
ဦးအုန်းမောင်တို့လည်း မရောက်ကြသေးပါ။ ထောင်ပိုင်ကြီး ဦး
မြင့်သာ စားပွဲတွင်တစ်ယောက်တည်း ထိုင်နေသည်။ ပါဆည်ပါ
စခန်း ထောင်မှူးများဖြစ်ကြသည့် ဦးမြင့်ဦး၊ ဦးထွန်းအောင်လှ
တို့ကိုလည်း မမြင်မိ။

"ထောင်ပိုင်ကြီး အဖွဲ့တွေဘယ်သွားကုန်လဲ။ ငြိမ်လှချည်
လား"

"ဦးကျော်ရှိန်နဲ့ ဦးအုန်းမောင်တို့က မရောက်ကြသေးဘူး
ဦးမြင့်ဦးနဲ့ ကိုထွန်းအောင်လှင်ကတော့ မုဆိုးတင်မောင် ကိုင်းမိ
တဲ့တောဝက်ကို သွားပစ်ကြတယ်။ အခုလေးတင် ခင်ဗျားနဲ့ရှေ့
နောက်ဆင့်ပဲ"

"ဒါဆို ဒီနေ့တောဝက်သားဟင်းနဲ့ နေ့လယ်စာ စားရတော
မှာပေါ့နော် ဆရာ"

"ခင်ဗျားလူတွေလက်က မသေချာပါဘူးဗျာ။ ခင်ဗျားသ
အစောပိုင်းကရောက်လာရင် ကောင်းမှာ"

"ရပါတယ်ထောင်ပိုင်ကြီး အချိန်ရသေးတာပဲ၊ ကျွန်တော်
လိုက်သွားလိုက်မယ်။ ကျွန်တော့်ကို ရိုင်ဖယ်သေနတ်တစ်လက် ထုတ်
ပေးပါ"

"ရော့ ... ဟောဒီမှာ လက်နက်ခန်းသော့။ ကြိုက်ရ
သေနတ်ကိုသာ စိတ်ကြိုက်ရွေးသွားပေရော့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် လက်နက်ခန်းထဲဝင်၍ ဒသမ ၃၀၃ အမေရိကန်





ယ်သေနတ်နှင့် ကျည်ဆန်များအားရွေးချယ်၍ လက်နက်ခန်းအား
ပိတ်ပြီးထွက်လာစဉ် ရုံးခန်းရှေ့မှအော်သံကို ကြားရသည်။

"ထောင်ပိုင်ကြီး လုပ်ပါဦး။ ဦးမြင့်ဦးတို့ ဒုက္ခရောက်ကုန်ပြီ။
စ်ပင်ပေါ်မှာ တောဝက်ခါးပတ်ကျားကြီး အဝိုင်းခံနေရတယ်။ ကျွန်
တော်တောင် ပြေးနိုင်လို့လွတ်လာတာ"

"ဟ ... တင်မောင်ရဲ့၊ သူတို့မှာ သေနတ်တွေပါတာပဲ။ ပစ်လို့
ရဘူးလားကွ"

"ခါးပတ်ကျားကြီးက နင်းကိုင်းကလွတ်ပြီးလိုက်လို့ သေနတ်
တွေက မြေပြင်မှာကျန်ခဲ့ပြီး လူတွေက နီးရာခရေပင်ခွဆုံမှာ တက်နေ
တာဆရာ။ ဘာနဲ့ပစ်မှာလဲ။ ပထမ သူတို့ပစ်ကြသေးတယ် ဆရာ။
ကျည်ဆန်မထွက်ဘူး"

"အေး ... အေး ... အတော်ပဲ၊ မင်းဆရာ ဦးသိန်းဝင်း
ရောက်နေတယ်။ ခေါ်သွားပေတော့"

ကျွန်ုပ်လည်း လက်နက်ခန်းကထွက်လာပြီး ...

"တင်မောင် ဝေးသလားကွ"

"မဝေးဘူးဆရာ။ ဒီရှေ့ကစမ်းချောင်းအကျော် ရွှေနတ်တောင်
တောင်ခြေမှာတင်ဆရာ"

"အေး ... အေး ... သွားကြစို့"

ကျွန်ုပ်နှင့် မုဆိုးတင်မောင်တို့ အလျင်အမြန် ချီတက်ခဲ့ကြ
သည်။ တော်ပါသေးသည်။ ကျွန်ုပ်က တောစီးဖိနပ်နှင့် တောဆောင်း
ဦးထုပ်ဆောင်းလာသဖြင့် အတော်ပင်။ ရေချောင်းကိုဖြတ်တော့ ရွှေနတ်
တောင်တောင်ခြေကို လှမ်းမြင်နေရသည်။ တောင်ခြေမှာ ကွင်းပြင်
သဖွယ်ဖြစ်နေပြီး ခနိတောနှင့်ခရေပင်တစ်ပင်သာ ရှိသည်။ ခနိတော

အစပ်ရှိ ခရေပင်ပုကလေးကိုင်းခွဆုံတွင် ကိုမြင့်ဦးနှင့်ကိုထွန်းအောင်
ကို တွေ့ရသည်။ အောက်တွင် ခါးပတ်ကျားဝက်သိုးကြီးက 'တရုး
အော်မြည်ပြီး လှည့်ပတ်နေသည်။ ကျွန်ုပ် မုဆိုးတင်မောင်အား လုံခြ
တွင်ထားခဲ့ပြီး တစ်ဦးတည်း ရှေ့သို့တက်ခဲ့သည်။ ခနိုတောကလ
အကာအကွယ် သစ်ပင်ကြီးများလည်း မရှိပါ။

ကျွန်ုပ် ခနိုတောစပ်ကပ်၍ ပစ်ကွင်းကိုကြည့်ရသည်။ ခရေ
မှာပုသဖြင့် ကျည်သွားလမ်းမှာ ဦးမြင့်ဦးတို့နှင့်မလွတ်။ နေရာရွေ့
ပြန်သည်။ ကျည်လွတ်လောက်သော နေရာရောက်မှ ကျွန်ုပ် ဝက်
ပတ်ကျားကြီး၏ လက်နောက်ဘက်အား အသေအချာချိန်၍ ပစ်သည

"ချောက်"

ကျည်မထွက်ပါ။ ကျည်အ,ဖြစ်သည်။ ကျွန်ုပ် အလျင်အ
ကျည်သစ်လဲပြီး အသေအချာချိန်၍ ပစ်ပြန်သည်။

"ဒိုင်း"

ယခုတစ်ကြိမ် ကျည်ထွက်တော့လည်း ကိုက် (၁၀၀)ပစ်မ
ကိုလွဲသည်။ သို့သော် ခါးပတ်ကျားဝက်သိုးကြီးက ရွှေနတ်တောင်
သို့တက်ပြေးသည်။ ကျွန်ုပ် ကျည်သစ်လဲပြီး နောက်ကလိုက်သ
ဝက်သိုးကြီး တုံ့ခနဲရပ်သည်နှင့် ပစ်ပြန်သည်။

"ဒိုင်း"

မထိပြန်ပါ။ တောင်ပေါ်သို့ တက်ပြေးသည်။ ကျွန်ုပ် တော
ပေါ်ရောက်တော့ တောင်ပေါ်ကန်တွင် ရေစိမ်နေကြသည့် ဝက်အုပ်ကြ
က ခါးပတ်ကျားကြီးနှင့်ပေါင်းပြီး တောင်ကြောပေါ်ရှိ ကညင်ပင်တေ
ဘက်သို့ပြေးကြပြန်သည်။ ကျွန်ုပ်စိတ်မရှည်တော့။ နောက်တွင်က
ခဲ့သည့်ဝက်မတစ်ကောင်အား ဘေးစောင်းအနေအထားဖြင့် ပြေးလ





နေစဉ် ပစ်လိုက်တော့သည်။

"ဒိုင်း"

ဝက်မကြီးကျကျန်ခဲ့ပြီး ဝက်အုပ်ကြီးက တုံ့ခနဲရပ်သွားသည်။ ထိုစဉ် ကျွန်ုပ် အမြန်ကျည်သစ်လဲပြီး အကြီးဆုံးဝက်မတစ်ကောင်အား အသေအချာချိန်၍ ပစ်ပြန်သည်။

"ဒိုင်း"

ဝက်မကြီးပစ်လဲသွားစဉ် ခါးပတ်ကျားကြီးက ကျွန်ုပ်ဘက် ပြန်လှည့်ရန်မူရန် တာရူနေစဉ် နောက်ဘက်က သေနတ်သံနှစ်ချက် ဆက်တိုက်ကြားလိုက်ရသည်။

"ဒိုင်း ... ဒိုင်း"

ကိုင်မြင့်ဦးနှင့် ကိုထွန်းအောင်လင်တို့ ပစ်ခတ်ခြင်းဖြစ်သည်။ တစ်ကောင်မျှမမှန်ပါ။ သို့သော် ဝက်အုပ်ကြီး ထွက်ပြေးပျောက်ကွယ် သွားတော့သည်။ ကျွန်ုပ် မောမောပန်းပန်းဖြင့် နံဘေးမှရေဘူးကို စမ်းသပ်မိသည်။ သို့သော် အမဲလိုက်လာခြင်းမဟုတ်ဘဲ အစည်းအဝေး လာခြင်းဖြစ်၍ ရေဘူးမှာပါမလာပါ။ ထိုစဉ် မုဆိုးတင်မောင်က ...

"ဆရာ ဒီမှာရေဘူး။ ဆရာ့အထာကိုသိလို့ ကျွန်တော် ဆောင်လာတာ။ ဝက်မကြီးနှစ်ကောင်လည်း မနည်းပါဘူး ဆရာရယ်"

"ဟ ... နည်းတာပေါ့ တင်မောင်ရ။ အမှန်က ကိုမြင့်ဦး တို့သာဘက်ညီရင် ဒီနေ့ပွဲမှာ ဝက်အုပ်လိုက်ရမှာ"

"ဆရာယ် သူတို့က ဆရာ့လို မုဆိုးမှမဟုတ်တာ။ တော အတွေ့အကြုံလည်း မရှိကြဘူး။ လက်လည်း မတည့်ကြဘူးလေ"

"အေး ... အေး .. ဟုတ်သားပဲ။ ငါဆန္ဒစောသွားတယ်"

"ဟုတ်ပါတယ် ကိုသိန်းဝင်းရယ်။ ကျွန်တော်တို့ အတွေ့

အကြံမရှိလို့ ခံရတာပါ။ ကိုင်းမိနေတဲ့ ခါးပတ်ကျားကြီးကို လုပ်ကြရာက ကျည်ဆန်မထွက်ဘဲ ဝက်လိုက်ထိုးလို့ နီးရာအပင်ပေါ် တက်ပြေးကြရတာ''

''နောက်ဆို ခင်ဗျားတို့မှတ်ထား။ ကိုင်းမိတဲ့ဝက်ပဲပစ်ပစ်၊ အလွတ်ပဲပစ်ပစ် အကာအကွယ်မရှိဘဲ မပစ်နဲ့။ ဒီနေ့ ကျွန်တော်လိုက်ပစ်တာက ဝက်အုပ်ကြီးပြေးလို့ လိုက်ပစ်တာ။ ဒါတောင် ပြန်ခံတာခင်ဗျားတို့အမြင်ပဲ။ ကညင်ပင်တောထဲဆိုတော့ ကျွန်တော်လည်း အကာအကွယ်တွေပေါလို့ ပစ်ရဲတာ။ တောဝက်ဟာ ကြောက်စရာကောင်းတဲ့ တောကောင်တွေအထဲမှာပါတယ်လေ''

''ကဲ ...အစည်းအဝေးအချိန်တောင် ကျော်နေပြီ။ ဝက်နှစ်ကောင် လူလေးယောက်ထမ်းကြစို့။ တင်မောင်ဝါးခုတ်ပြီး ထုံစံအတိုင်းလုပ်''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့ မိုင်ဝက်ခန့်ဝေးသော ပါဆည်ပါညန်းစခန်းသို့ ဝက်နှစ်ကောင်ထမ်း၍ ပြန်ခဲ့ကြသည်။ စခန်းရောက်တော့ စခန်းတာဝန်ခံတွေစုံပါပြီ။ ထောင်ပိုင်ကြီးဦးဟန်မြင့်က ဂုဏ်ပြုသည့်အနေဖြင့် ကျွန်ုပ်အား အရက်တစ်ခွက်တိုက်သည်။

''ဝက်ကိုင်းမိတာ တစ်ကောင်တည်း။ ကိုသိန်းဝင်းက နှစ်ကောင်တောင်ပစ်လာတာဗျို့။ ကဲ ...အစည်းအဝေးကို အကျဉ်းချုပ်လုပ်ပြီး ဝက်ကလီစာဟင်းနဲ့ အရက်ဝိုင်းစမယ်။ ကိုသိန်းဝင်းကို ဂုဏ်ပြုတဲ့အနေနဲ့ပေါ့။ ကန့်ကွက်မယ့်သူရှိရင်လည်း ကန့်ကွက်နိုင်တယ်''

''ကန့်ကွက်သူမရှိပါ။ အားလုံးထောက်ခံပါတယ်''

''အင်း ...အင်း ...ယုံပါတယ် ဆရာထောင်မှူးများ





ခင်ဗျာ''

အစည်းအဝေးကို အတိုချုံး၍ အစီရင်ခံစာ (လစဉ်)များ တင်ကြပြီး ကျွန်ုပ်တို့ နေ့လယ်တစ်နာရီခန့်မှစ၍ ဝိုင်းစကြသည်။ လတ်ဆတ်သော တောဝက်သားကလီစာဟင်းနှင့် မဲခေါင်အရက်မှာ အလွန်လိုက်က်သည်။ ထောင်ပိုင်ကြီးက ကျအား (ကျွန်ုပ်အား)စိမ်သော အရက်နှင့်ဆေးမြစ်မျိုးစုံစိမ်သော အရက်ကိုလည်း ထုတ်ပေးသည်။ ထိုစဉ်ခန်းရှေ့တွင် ဆိုင်ကယ်တစ်စီးရပ်၍ 'တီ ...တီ ...တီ'ဟု ဟွန်းတီးနေသည်။ ထိုအချိန်မှ ကျွန်ုပ်မှာ ပသျှူးမလေးနှင့်ချိန်းထားသည်ကို သတိရပြီး အားလုံးကိုနှုတ်ဆက်၍ ထောင်ပိုင်ကြီးပေးလိုက်သော တောဝက်သားထုပ်ကြီးကို ဆိုင်ကယ်အနောက်က ကယ်ရီယာပေါ်တွင်ကြိုးချည်တင်ကာ အောက်ချိုင့်စခန်းသို့ ပြန်ခဲ့ပါတော့သည်။

## အခန်း (၆)

❏

ကျွန်ုပ်တို့ တာဝန်ထမ်းဆောင်ရသည့် ၁၉၈၅ ခုနှစ်တွင် စခန်း
များမှ ကော့သောင်းမြို့သို့သွားရန်လမ်းမှာ တစ်ခုတည်းသော မြေလမ်း
သာဖြစ်သည်။ လမ်းကကျဉ်းသည့်အပြင် တောင်ဆင်းတောင်တက်လမ်း
များသာဖြစ်၍ မိုးရွာသည်နှင့်လမ်းချော်သည်။ ချန်းဖန်း၊ ကော့သောင်
ကားလမ်းတွင် ကျွန်ုပ်တို့စခန်းများက အသုံးပြုသည့် HINO.TE ကား
ကြီးများ၊ HINO (RANGER) နှင့် ထွန်စက်များရှိသည်။ ရပ်ရွာက အသုံး
ပြုသည့် ချက်ပလက်ဖိုက်ပူ လိုင်းကားနှစ်စီးလည်း ရှိသေးသည်။ မိုးရွာ
လျှင်တော့ ထွန်စက်နှင့်ဆိုင်ကယ်များကိုသာ အားကိုးကြရသည်။ ချန်းဖန်း
မှ ကော့သောင်းသို့ထွက်သည့် စက်လှေကလေးများလည်း ရှိပါသေး





သည်။ သို့သော် အချိန်မမှန်၊ နေ့စဉ်မထွက်သဖြင့် ဆိုင်ကယ်ကယ်ရီ
များက အစားဝင်လာသည်။ ချန်းဖန်းမှကော့သောင်း၊ ကော့သောင်းမှ
ချန်းဖန်း၊ လဲမွန်ရွာကြီးအထိ ဆိုင်ကယ်ကယ်ရီ ငှားလို့ရသည်။ ဆိုလို
ချင်သည်မှာ ကော့သောင်းဒေသအတွက် ဆိုင်ကယ်မှာမရှိမဖြစ် လို
အပ်ပေသည်။

ထောင်ပိုင်များတွင် စခန်းကထုတ်ပေးသော HONDA-125
ဆိုင်ကယ်လတ်များရှိသည်။ ကျွန်ုပ်တို့တွင်တော့ မြန်မာကျပ်ငွေ (၅၀၀၀)
ခန့်သာပေးရသည့် SUPER CUB (HONDA) ဆိုင်ကယ်ကလေးများ
ကိုယ်စီရှိကြသည်။ ကိုယ်ပိုင်ဖြစ်၍ ကိုင့်ဆီကိုယ်ထည့်၊ ကိုယ့်အားကိုယ်
ကိုး ပြင်ဆင်ကြရသည်။ သို့သော် အပိုပစ္စည်းကပေါ၍ စရိတ်မထောင်း
ပါ။ ဆီတစ်ဂါလံထည့်ထားလျှင် တစ်ပတ်ခန့်စီးရသည်။

တစ်နေ့တွင် ကျွန်ုပ်၏ HONDA ဆိုင်ကယ်ကလေးချိန်းနှင့်
စပေါ့ကက်လဲရန် အကြောင်းပေါ်လာသည်။ မြေပြန့်တွင် (၆)လခန့်
စီးနိုင်သေးသော်လည်း တောင်ဆင်းတောင်တက်လမ်းတွင် စိတ်မချ
ရတော့။ ထို့ကြောင့် အားလပ်သည့်မနက်ပိုင်းတွင် အနီးဆုံးဖြစ်သည့်
စခန်းအထွက်လမ်းထိပ် ချန်းဖန်း၊ ကော့သောင်း ကားလမ်းအနီးရှိ
ဆိုင်ကယ်ပြင်ဆိုင်သို့ ထွက်လာခဲ့သည်။ စခန်းနှင့် ဆိုင်ကယ်ပြင်ဆိုင်မှာ
တစ်မိုင်ခန့်သာ ဝေးပါသည်။

စက်ပြင်ဆရာ ပသျှူးအမျိုးသားကြီးက ကျွန်ုပ်၏ဆိုင်ကယ်
နောက်ဘီးကိုဖြုတ်၍ ချိန်းနှင့် စပေါ့ကက်တို့အား လဲပေးနေသဖြင့်
ကျွန်ုပ် ထိုင်ခုံတစ်ခုတွင်ထိုင်၍ စောင့်နေရသည်။ ထိုစဉ် ကော့သောင်း
မိုးမှာမခြိမ်းဘဲ သဲသဲမဲမဲ ရွာလာသည်။ ပင်လယ်နားနီး၍ လေကလည်း
တိုက်သည်။ မိုးကလည်းရေပါသည်။

ထိုစဉ် ဆိုင်ကယ်လေးတစ်စီး ဘန်နွားရှာဖွက်တောကြီးအား ဖြတ်၍မိုးလွှတ်ရန် အပြင်းမောင်းနှင်လာသည်။ ကျွန်ုပ်တို့ထိုင်နေသည့် ဆိုင်ကယ်ဝပ်ရှော့ရှေ့ရောက်သည်နှင့် ရုတ်တရက် ဘရိတ်နင်းလိုက်ရာ လမ်းချော်ပြီး ဆိုင်ကယ်မှောက်သည်။ ဆိုင်ကယ်စီးလာသူမှာ မိန်းမငယ် တစ်ဦးဖြစ်သည်။ ဒေသခံပသျှူးလုံမပျိုဖြစ်၍ ဆာရီဝတ်ထားပြီး ပဝါစ ပါးပါးကို ခေါင်းတွင်ခြုံထားသည်။ ဆိုင်ကယ်လဲသည်နှင့် လူတခြား၊ ဆိုင်ကယ်တခြားဖြစ်ပြီး ကမန်းကတန်းထ၍ ဆိုင်အတွင်းဝင်ပြေးတော့ သည်။ ကျွန်ုပ်လည်းမနေသာတော့ဘဲ ဆိုင်ကယ်ကိုသော့ပိတ်ပြီး ဆိုင် အတွင်း သွားထားပေးလိုက်ရသည်။ ကျွန်ုပ် တစ်ကိုယ်လုံးလည်း မိုးရေ စိုရွှဲသွားသည်။ ထိုစဉ် စက်ပြင်ဆရာက ကျွန်ုပ်အား ရေနွေးကြမ်းပူပူ တစ်ခွက်လာပေးပြီး ...

''ဆရာ သောက်ပါ၊' မိုးမိသွားပြီ အားနာပါတယ်။ ချွန်တော့ သမီး အားကြီးဆိုးတယ်။ ဆိုင်ကယ်စီး ကြမ်းတယ်။ အတွက်အဆ မရှိဘူး။ မိုးတွင်းမှာဘရိတ်ကို အရမ်းမသုံးရဘူးဆိုတာ နားမလည်ဘူး။ တောင်ဆင်းလမ်းသာဆိုရင် ဒီနေရာမှာ ဒုက္ခရောက်ပြီပေါ့။ အခုလည်း ဆရာကူညီလို့။ လူများတဲ့ လက်ဖက်ရည်ဆိုင် ပုံမျိုးရှေ့မှာဆိုရင် အရှက် ကွဲပြီး ချွန်တော်တို့ဘာသာအရ အဲသည့်လိုအရှက်ကွဲရင် ယောကျ်ား တွေက မယူကြတော့ဘူး။ နတ်ဆရာကိုပဲ ပ,သရတော့မှာ။ အလွန် ဆိုးဆရာ''

''ထားပါ ဆရာကြီးရယ်။ အခုလည်း တခြားလူမမြင်ပါဘူး။ သူစိမ်းဆိုလို့ ကျွန်တော်တစ်ယောက်တည်းရယ်ပါ။ ကျွန်တော်ကလည်း ဆရာကြီးတို့ဘာသာဝင် မဟုတ်ပါဘူး။ မြန်မာလူမျိုးပါ။ ပြဿနာ မရှိပါဘူး။ မေ့ထားလိုက်ပါ။ စိတ်ထဲမထားပါနဲ့ ခင်ဗျား''





ဆိုင်ကယ်မှောက်သော ပသျှူးမကလေးကတော့ ဆိုင်အနောက် ထဲဝင်ပြေးသွားရာမှ ထွက်မလာတော့ပါ။ ကျွန်ုပ်လည်း အမှတ်တမဲ့ ဖြစ်၍ ဆာရီခြုံထားသော ပသျှူးမလေးမျက်နှာကိုပင် ကောင်းစွာမမြင် လိုက်ရပါ။ မိုးတိတ်သွားပြီ။ ကျွန်ုပ်၏ဆိုင်ကယ်လည်း ပြင်ဆင်ပြီး သွားသည်။ စက်ပြင်ဆရာက စက်စမ်းရင်း စီးကြည့်သည်။ စိတ်ချရမှ ကျွန်ုပ်လက်သို့အပ်သည်။

''ဆရာ အားလုံးပြီးပါပြီ။ ဆရာ့ဆိုင်ကယ်က စစ်သုံး SUPER CUB အမျိုးအစားဖြစ်လို့ အကြမ်းပတမ်းခံတယ်၊ တောင့်တင်းတယ်၊ စက်လည်းကောင်းတယ်။ ဒီဒေသအတွက် အသင့်လျော်ဆုံးပါပဲ။ ရောင်း ချင်ရင်လည်း ကျွန်တော့်ကိုပြောပါ''

''ကျေးဇူးပဲဆရာကြီး။ ကျွန်တော်ပြည်မပြန်မှ ရောင်းမှာပါ။ အခုတော့ရောင်းလို့ မဖြစ်သေးဘူး။ ဒါကလေးပဲ အားကိုးနေရတာ။ ကဲ ... ဘယ်လောက်ကျပါသလဲ ဆရာကြီး''

''ဆရာ့ကို ချွန်တော်ခင်မင်ပြီး ကျေးဇူးတင်လို့ ပစ္စည်းဖိုးပဲ ယူမယ်။ လက်ခမယူတော့ဘူး။ ချိန်းနဲ့စပေါ့ကက်အတွက် (၃၅၀)ကျပ် ပဲပေးပါဆရာ''

''မဟုတ်တာဗျာ၊ ခင်ဗျားတစ်နာရီကျော်ကျော် အပင်ပန်းခံ ပြီး ပြင်ထားရတာ။ လုပ်အားခဆိုတာ ရှိပါတယ်။ (၅၀၀)ကျပ်ယူပါ''

''ဟုတ်ကဲ့ပါဆရာ။ ချွန်တော့နာမည် မြန်မာလို လှတင့်လို့ ခေါ်ပါတယ်။ ပသျှူးလိုတော့ အဒူလတစ်ပါ။ နောင်အမြဲတမ်း ချွန်တော့် ဆီကိုလာပါ။ ချွန်တော်လည်း ဆရာတို့စခန်းကို လာလည်ပါရစေ''

''လာခဲ့ပါဗျာ။ ကျွန်တော့်စခန်းက ဒီနားတင်ပဲ။ ကျွန်တော့် နာမည် ထောင်မှူးကြီးသိန်းဝင်းလို့ ခေါ်ပါတယ်။ အောက်ချိုင့်စခန်း

တာဝန်ခံပါ။ ကျွန်တော်တို့စခန်းက တနင်္သာရီရိုးမတောင်တန်းကြီး နောက်ခံထားပြီး ဆီအုန်းခင်းတွေအလယ်မှာ အလွန်သာယာပါတယ်။ ကဲ ... ကျွန်တော်ပြန်ပါဦးမယ်။ ခင်ဗျား ကျွန်တော်တို့စခန်း လာလည်ရင်လည်း ခင်ဗျားသမီးကိုပါ အလည်ခေါ်ခဲ့ပါ။ ကျွန်တော်ကြိုဆိုနေပါ့မယ်''

''ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ လာခဲ့ပါ့မယ်''

ကျွန်တော်နှုတ်ဆက်၍ဆိုင်ကယ်ခွထိုင်ရင်း စက်နှိုးလိုက်စဉ် ဆိုင်ခန်းထဲမှ မျက်နှာဖြူဖြူလေးတစ်ခုကိုရိပ်ခနဲမြင်လိုက်ရသည်။ ပသျှူးမကလေးပဲဖြစ်ပါလိမ့်မည်။

ကျွန်ုပ် ဘန်နွားရွာကိုဖြတ်၍ စခန်းသို့ပြန်ခဲ့ပါသည်။ အတွင်းလမ်းမှာ မြေလမ်းဖြစ်သော်လည်း ကျွန်ုပ်တို့စခန်းမှ ကားကြီးများ၊ လဲမွန်ကွပ်ကဲရေးရုံးနှင့် ပါဆည်ပါညွန်းစခန်းသို့သွားနိုင်ရန် ချဲ့ထွင်ဖောက်လုပ်ထားသဖြင့် ကျယ်ဝန်းပြန့်ပြူးနေသည်။ ဘန်နွားရွာအစပ်မှ ချန်းဖန်းရွာအဆုံးအထိ ကျွန်ုပ်တို့စခန်းက တာဝန်ယူပြီး ဆက်လက်၍ လမ်းချဲ့ထွင်ရဦးမည်ဖြစ်သည်။ စခန်းအဝင် တောင်ကြားလမ်းကိုဖြတ်၍ ကွေ့တက်လိုက်တော့ ဆီအုန်းခင်းကြီးအစပ်သို့ ရောက်သည်။ စနစ်တကျစိုက်ပျိုးထားသော ဆီအုန်းပင်တန်းအလယ်ရှိ စခန်းဝင်လမ်းအတိုင်း ဆိုင်ကယ်စီးလာစဉ် ကျွန်ုပ်၏ဆိုင်ကယ်စက်သံကို ယဉ်ပါးနေကြသော ဘိုနီ၊ ဘိုဖြူဟူသော ကျွန်ုပ်၏အချစ်တော် အမဲလိုက်ခွေးနှစ်ကောင်က စခန်းအဝင်တံခါးတွင် ထွက်၍ကြိုနေသည်။

''ဝု ဝု ဝု ... အီ အီ အီ''

ကျွန်ုပ် ဆိုင်ကယ်အား ရုံးရှေ့ဆင်ဝင်အောက်သို့ရပ်ပြီး ဆင်းလိုက်သည်နှင့် ခွေးနှစ်ကောင်မှာ ကျွန်ုပ်၏ဘောင်းဘီခွကြားထဲသို့ဝင်





ကာပြီး ချွဲနွဲ့တော့သည်။ နို့ခွဲစကပင် ကျွေးမွေးပြုစုခဲ့သော ကျွန်ုပ်အား ခွေးနှစ်ကောင်က ချစ်ခင်သလို၊ ကျွန်ုပ်ကလည်း ၎င်းတို့နှစ်ကောင်အား လွန်စွာချစ်ခင်သံယောဇဉ် ဖြစ်မိသည်။

''ဟဲ့ကောင် ... သံချောင်း၊ ငါ့ကောင်တွေကို ထမင်းမကျွေးသေးဘူး မဟုတ်လား။ ဒီမှာလာတိုင်နေပြီ''

ကျွန်ုပ်အရာရှိဖိုမှ တပည့်ကျော် ထမင်းချက်သံချောင်းကို လှမ်းအော်လိုက်သည်။

''ဟုတ်ပါရဲ့ ဆရာရယ်။ ဆရာမစားရသေးတော့ သူတို့ကိုလည်း မကျွေးသေးပါဘူး။ အခုမှ (၁၁)နာရီကျော်ရုံကလေးပဲ ရှိပါသေးတယ်။ ဒီကောင်တွေကို ဝန်ထမ်းဖိုက ကျွေးပြီးပါပြီဆရာရယ်။ ဆရာ့ကောင်တွေ လွန်ကိုလွန်ပါတယ်ဗျာ''

''အိန် အိန် ... ဝု ... အု အု အု''

''သံချောင်းရေ၊ မင်းပြောတာမဟုတ်ဘူးတဲ့။ သူတို့မစားရသေးဘူးလို့ ပြောနေတယ်''

''ဟာ ... ဆရာရယ်၊ ဒီကောင်တွေနဲ့တော့ ခက်ပါပဲ။ ဝန်ထမ်းဖိုက ဖိုခေါင်းကိုလှသောင်းကိုယ်တိုင်ကျွေးတာ ကျွန်တော်မြင်ပါတယ် ဆရာရယ်၊ အဟုတ်ပါ''

ထိုစဉ် ဝန်ထမ်းဖိုက လှသောင်းထွက်လာပြီး ...

''ကျွန်တော်ကိုယ်တိုင် ကျွေးတာပါဆရာ။ ဒါပေမဲ့ ဒီနေ့ပဲဟင်းနေ့ဆိုတော့ ထမင်းကိုပဲဟင်းနဲ့ပဲ နယ်ကျွေးတော့ ဆရာ့ကောင်တွေက နမ်းကြည့်ရုံကြည့်ပြီး မစားကြဘူးဆရာ''

''အေး ... အဲဒါကြောင့်ပြောတာပေါ့။ ငါ့ကောင်တွေ ထမင်းမစားရသေးဘူးလို့ တိုင်နေကြတာ ... သံချောင်း''

"ဗျာ ဆရာ"

"မချာနဲ့။ ဒီနေ့ဘာချက်သတုံး"

"မန်ဒါလီသားဟင်းနဲ့ ပင်လယ်ငါးကြော်ဆရာ"

"အေး ... ထမင်းကိုဟင်းရည်ဆမ်းပြီး ငါးအမြီးခေါင်းနိုးနဲ့ နယ်ဖတ်ပြီးကျွေးလိုက်။ ငါခဏနား ရေချိုးပြီးမှ နေ့လယ်စာစားမှာ"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်အခုပဲ ကျွေးလိုက်ပါ့မယ်"

သံချောင်းတို့က ခွေးနှစ်ကောင်ကို ပြသည်။ ကျွန်ုပ်က နောက် ပြောင်ပြောဆိုနေသော်လည်း ခွေးနှစ်ကောင်၏အထာကိုသိသည်။ အမဲ လိုက်ခွေးများပီပီ အသားအရိုးမပါးဘဲ မစားတတ်ကြ။ ကျွန်ုပ်က ခွေး စကားနားလည်သည် မဟုတ်သော်လည်း ၎င်းတို့၏အမူအရာနှင့်အသံ ကို ကြားရသည်နှင့် ကျွန်ုပ်သဘောပေါက်သည်။ ထို့ကြောင့်ပင် နို့ခွဲ ကပင်မွေးခဲ့သော ခွေးနှစ်ကောင်နှင့်ကျွန်ုပ် အပေးအယူမျှစွာ သံယောဇဉ် ဖြစ်ကြပြီး တွယ်တာနေခြင်းဖြစ်တော့သည်။

ကျွန်ုပ် ရေမိုးချိုးပြီး နေ့လယ်စာထမင်းစားတော့ ခွေးနှ ကောင်က ကျွန်ုပ်၏စားပွဲအောက်တွင် ဝင်အိပ်နေသည်။ ကျွန်ုပ် နေ့လယ်စာစားအပြီး ရုံးအဖွဲ့ထမင်းစားကြသည်။ တို့စားသောက်ကြ အပြီး အရိုးအရင်းများဖြင့် နယ်ဖတ်ကျွေးတော့လည်း ခွေးနှစ်ကောင် က စားကြပြန်သည်။ အလွန်အစားသန်သော တိရစ္ဆာန်များဖြစ်ကြ သည်။ ထို့ကြောင့် တစ်နှစ်သားခန့်အရွယ်သာဖြစ်သော်လည်း ခွေးနှ ကောင်မှာ ကျွန်ုပ်၏ပေါင်လယ်ခန့် အရပ်မြင့်နေပြီဖြစ်သည်။ အချိန် (၄၀)ခန့် ဝက်မတစ်ကောင်ကိုလည်း နှစ်ကောင်ပေါင်း၍ လှဲနိုင်ပြီဖြစ်သည်။ ည ဘက်ကျတော့လည်း စခန်းတစ်ခုလုံးကို တာဝန်ကျဝန်ထမ်းများနှင့်အတူ ကင်းပတ်သည်။ လူစိမ်းနှင့် ကျွဲနွားတိရစ္ဆာန်များကို ညဘက်စခန်း





အတွင်းသို့ လုံးဝအဝင်မခံ။ စခန်းရှိရဲဘက် (၄၀၀)နှင့်ဝန်ထမ်း (၅၀) ကိုလည်း အကုန်မှတ်မိကျွမ်းဝင်သည်။ ထူးဆန်းသည့်အကျင့်ကတော့ ကျွန်ုပ်တို့သင်မထားဘဲ ရုံးခန်းထဲသို့ ယူနီဖောင်းဖိုသိဖတ်သီနှင့် ဝင် လာသော ဝန်ထမ်းများကို ကိုက်တတ်သည်။ ထို့ကြောင့်ပင် ဝန်ထမ်း များ ကျွန်ုပ်၏ရုံးခန်းထဲသို့ ဝင်လိုလျှင် ယူနီဖောင်းကို သေသပ်စွာဝတ် ၍ ဖိနပ်ကိုလည်း သေသပ်စွာကြိုးစည်းထားပါမှ အဝင်ခံသည်။ အလွန် ညီးကမ်းကြီးသော အမဲလိုက်ခွေးအလိမ္မာများ ဖြစ်ကြပါသည်။

❑

တနင်္ဂနွေနေ့ ရုံးပိတ်ရက်တစ်ရက်တွင် ကျွန်ုပ်နှင့်အ ဝန်ထမ်း(၁၀)ဦး၊ ရဲဘက်ကြီး (၅၀)ယောက်တို့ စခန်းအပြင်ကားလမ်းမ ဘန်နွားရွာမှ ချန်းဖန်းရွာအဆုံး ကားလမ်းမကြီးအားပြုပြင်ရန် လမ်း ဘေးသစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းရန် လုပ်အားပေးကြသည် ဖွက်တော၊ ရေအိုင်အား မြေဖို့သည်။ လမ်းဘေးသို့ ရေဖောက်ချသည် လမ်းဘေးဝဲယာ အမှိုက်များ၊ မြက်များ၊ ချုံဖုတ်များနှင့် လမ်းနှင့်မလွ သည့် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပစ်ကြသည်။

ထိုစဉ် ချန်းဖန်းရွာအစပ် စခန်းအဝင်လမ်းဝထိပ် လမ်းမကြီး ပေါ်၌ ဖွင့်လှစ်ထားသည့် မော်တော်ဆိုင်ကယ် ပြင်ဆိုင်ရှေ့ရှိ အုန်းပင် တစ်ပင်၌ ရှဉ့်ဖြူလေးတစ်ကောင်ကိုတွေ့ရသဖြင့် ကျွန်ုပ်တို့ဝန်ထမ်းများ အပျော်သဘောနှင့် လေးခွများဖြင့် ပိုင်းပစ်ကြသည်။ ရှဉ့်ဖြူကလေး မှာ ဝေးဝေးသို့ပြေးမရှောင်။ အနီးရှိ အုန်းပင်၊ ကွမ်းသီးပင်၊ သီဟို ပင်များပေါ်သို့သာ တစ်ပင်ပြီးတစ်ပင် ကူး၍ရှောင်နေသည်။ ထို့နောက် သမ်းကြီးကိုဖြတ်ကူးကာ ဆိုင်ကယ်ဝပ်ရှော့ခြေရင်းရှိ အုန်းပင်တစ်ပင် သို့ တက်ပြေးပြန်သည်။ ထိုစဉ် ကျွန်ုပ်ဝန်ထမ်းတစ်ဦးထံမှယူ၍ ပစ် လိုက်သော လေးသီးမှန်၍ ရှဉ့်ဖြူကလေး အောက်ပြုတ်ကျလာသည်။ အုန်းပင်ခြေရင်း၌ အသစ်တူးထားသော မိလ္လာကျင်းထဲသို့ကျသည်။ ဝန်ထမ်းတစ်ဦးဆင်းကောက်နေစဉ် ဆိုင်ကယ်ဝပ်ရှော့အိမ်ထဲမှာ ဦးလှတင့် သမီးထွက်လာပြီး ကျွန်ုပ်အားမပစ်ရန် လက်ကာပြသည်။

"အစ်ကိုဆရာ၊ ကျွန်မမွေးထားတဲ့ ရှဉ့်ကလေးပါ။ မပစ်ပါနဲ့ နော်။ လည်ပင်းမှာလည်း ခြူကလေးဆွဲထားပါတယ်။ ရှဉ့်မကလေးပါ။ သူ့နာမည်ကိုလည်း 'ခြူးခြူး'လို့ပေးထားပါတယ်"

"ဩော် ... မင်းကို အားနာလိုက်တာကွာ။ အစ်ကိုတို့က အရိုင်းကောင်ဆိုပြီး အပျော်သဘောနဲ့ပစ်ကြတာ။ လက်လွန်သွားပြီ ထင်တယ်။ တောင်းပန်ပါတယ်ကွာ။ ဒါနဲ့မင်းအဖေ ဦးလှတင့်တို့ရော ရှိကြဘူးလား"

"မရှိဘူးအစ်ကို။ အမေနဲ့အဖေ ကော့သောင်းဆင်းပြီး ဈေး ဝယ်သွားကြတယ်"

ကျွန်ုပ်နှင့်ဆုံခဲ့သော ဘောင်းဘီဝတ်ပြီး ဆိုင်ကယ်စီးသော သျှူးမလေးပင်ဖြစ်သည်။ ဆာရီဝတ်ထားသဖြင့် ရုတ်တရက် မမှတ် မိ။ ယခုလို စကားပြောမှမှတ်မိတော့သည်။

"ဒါဆို ဟိုတစ်နေ့က ဆိုင်ကယ်မှောက်တာလည်း မင်းပဲပေါ့ နော်"

"ဟုတ်ပါတယ် အစ်ကို။ အစ်ကို့ကိုရှက်လို့ ညီမဝင်ပြောပြ ပါ"

ထိုစဉ် အိမ်သာကျင်းသစ်တွင်းသို့ ဆင်းကောက်သော ရဲဘော် တစ်ယောက်က ရှဉ့်ဖြူအသေကလေးအား ယူလာသည်။ လည်ပင်း ငွေခြူကလေး ဆွဲထားပါသည်။ အပျိုမကလေးက ရှဉ့်ဖြူအသေ အား ရင်ခွင်အတွင်းသွင်း၍ ကြူကြူပါအောင် ငိုတော့သည်။

"တိတ်ပါ ညီမရယ်။ အစ်ကိုတို့ကို ခွင့်လွှတ်ပါ။ အစ် အလျော်ပြန်ပေးပါ့မယ်"

ပသျှူးမလေး ကျွန်ုပ်အား စကားပြန်မပြောတော့ဘဲ ရှဉ့် ကလေးကိုပိုက်၍ ဝင်ပြေးသွားတော့သည်။ ကျွန်ုပ်လည်း စိတ်မကောင်း ခြင်းကြီးစွာဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်း မသိတော့ပါ။ ကျွန်ုပ်တို့ မေ ဝက်လုပ်အားပေးလမ်းပြင်ပြီး စိတ်မကောင်းခြင်းကြီးစွာဖြင့် စခန်း ပြန်ခဲ့ကြပါသည်။ စိတ်ထဲမှာတော့ တနုံ့နုံ့ခံစားရသည်။ ကျွန်ုပ် စခန်း ပြန်ရောက်ပြီး နေ့လယ်စာ၊ ညနေစာစားပြီး ညအိပ်ရာဝင်ချိန်အထိ ရှဉ့်ဖြူကလေးနှင့် မိန်းမပျိုအား မျက်စိထဲ၌မြင်ယောင်ပြီး စိတ်ပြေ ရန် မည်သို့တောင်းပန်ရမည်ကို အပြန်ပြန်အလှန်လှန် စဉ်းစားနေ သည်။ ကျွန်ုပ်နှင့်မိန်းမပျို ခင်မင်ရင်းနှီးမှုရှိနေပြီဖြစ်သော်လည်း သူ နေအိမ်ကို ကျွန်ုပ်အစောပိုင်းက မသိခဲ့။ နာမည်လည်း မမေးဘူးခဲ့ သူမကလည်း မပြော။ ယနေ့မှပင် သူမသည် ဆိုင်ကယ်စက်ပြင်ဆရာ ဦးလှတင့်၏သမီးဖြစ်ကြောင်း သိခဲ့ရပါသည်။ ကျွန်ုပ် အသိနောက်ကျ ခဲ့ပါသည်။ သူမနှင့်ရှဉ့်ဖြူကလေး ပတ်သက်မှုကိုလည်း ကျွန်ုပ်နောက် ကျမှသိခဲ့ရသည်။ ကျွန်ုပ်နောင်တရ၍မဆုံးတော့ပါ။

အိပ်ရာဝင်၍ အိပ်ပျော်တော့လည်း စိတ်စွဲလမ်း၍ ထင်ပါသည်





ကျွန်ုပ် ပသျှူးမကလေးအား အိပ်မက်ကမ္ဘာထဲ၌ တွေ့ရပြန်သည်။ ကော့သောင်းနယ်မြေ၌ မဟုတ်ပါ။ ကျွန်ုပ်အိပ်မက်ထဲတွင် ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့သို့ ရောက်နေသည်။ ကျွန်ုပ် ကျောက် ဆိုင်အနီးရှိ လက်ဖက်ရည်ဆိုင်တွင် ဆရာဦးခင်မောင်သန်းနှင့်အတူ လက်ဖက်ရည်သောက်နေစဉ် တစ်ဖက်ထန်းပင်များရှိသည့် အိမ်နီကြီး အပေါ်ထပ်မှ ပြတင်းတံခါးပွင့်လာသည်။ ပြတင်းတံခါးဝတွင်ပေါ်လာ သည်က မြန်မာအပျိုမကလေးတစ်ဦး။ ပသျှူးမကလေးမျက်နှာပေါက် နှင့် အလွန်တူသည်။ ကျွန်ုပ် ငေးစိုက်ကြည့်နေမိစဉ် ကျောင်းဆရာ ဦးခင်မောင်သန်းက ...

"ကိုသိန်းဝင်း ... စိတ်ဝင်စားလို့လား။ အဲဒါ ကျွန်တော့် တပည့်မ မေစံပယ်ဟန်တဲ့။ ဒီနှစ်တက္ကသိုလ် ပထမနှစ်ကျောင်းသူပေါ့။ ဒီကွမ်းခြံကုန်း အထက်တန်းကျောင်းကြီးက အောင်သွားတာ"

"အေးဗျာ ... ကျွန်တော်သိခဲ့တဲ့ ကော့သောင်းက ပသျှူး မကလေးနဲ့ တူလိုက်တာဗျာ"

"သူက မြန်မာစစ်စစ်ပါ။ အဖေအမေက ကွမ်းခြံကုန်းဈေးထဲ မှာ ရွှေဆိုင်နှစ်ဆိုင်တောင် ဖွင့်ထားတယ်။ ချမ်းသာကြတယ်ပေါ့ဗျာ။ ကလေးမကလေးက စာအလွန်တော်တယ်၊ ဉာဏ်ကောင်းတယ်၊ ချော တယ်လှတယ်။ တစ်ဦးတည်းသော သမီးပဲ။ ခင်ဗျားစိတ်ဝင်စားရင် ကျွန်တော် မိတ်ဆက်ပေးမယ်"

"အင်း ... စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ နေပါစေဗျာ။ အဟောင်းတွေက အသစ်ပြန်ဖြစ်နေပါဦးမယ်"

"ခင်ဗျားက အခုပဲ မေစံပယ်ဟန်ကို တွေ့ရသေးတယ်။ ဘယ် လိုကြောင့် အဟောင်းကအသစ်ဖြစ်ရတာလဲ။ ကျွန်တော်မသိသေးတဲ့

ပတ်သက်မှုများ ရှိနေခဲ့သလား''

''မေစံပယ်ဟန်နဲ့ကျွန်တော် မပတ်သက်ပါဘူးဗျာ။ ကော
သောင်းမြို့က ပသျှူးမကလေးနဲ့ပတ်သက်ခဲ့တာပါ။ မေစံပယ်ဟန်
ပသျှူးမကလေးနဲ့ ရုပ်တူတယ်လို့ပြောချင်တာပါ''

ထိုစဉ် အောက်ထပ်မှ ခွေးနှစ်ကောင်အူသံကြောင့် ကျွန်
လန့်နိုးသည်။ စခန်းအပြင်ဘက် ဆီအုန်းခြံအတွင်းမှ ကျွဲအော်သံမျာ
ကို ကြားနေရသည်။ ကျွန်ုပ်အထင်အရှား မြင်မက်ခဲ့သော ကွမ်းခြံကုန်
မြို့မှ ကော့သောင်းဆီအုန်းခြံစခန်းသို့ ပြန်ရောက်နေသည်။ ကျွန်
ပသျှူးမကလေးကို စိတ်စွဲ၍ အိပ်မက်မက်ခြင်းဖြစ်သော်လည်း မေ
မဆိုင် စိတ်မစွဲလမ်းဘဲ ကွမ်းခြံကုန်းမြို့သို့ ရောက်သွားသည်မှာ ထူ
ဆန်းလှသည်။

ကျွန်ုပ် ရုံးအောက်ထပ်သို့ ဆင်းခဲ့သည်။ နောက်တန်းတပ်ကြ
ကြီး ဦးထွန်းမောင်နှင့်အဖွဲ့ ကျွဲမောင်းရန် လက်နှိပ်မီးနှင့်တုတ်မျာ
ယူဆောင်၍ စခန်းအပြင်သို့ ထွက်သွားကြစဉ် အမဲလိုက်ခွေးနှစ်ကော
တဝုတ်ဝုတ်အော်မြည်ရင်း လိုက်သွားကြသည်။ မကြာမီ ကျွဲအုပ်ကြ
အော်မြည်၍ ထွက်သွားသံကိုကြားရသည်။

''ညံ့. ညံ့. ညံ့. ... အူး ... ဘူး''

ပသျှူးလူမျိုးများပိုင်ဆိုင်သည့် ကျွဲများမှာ တောတွင်း၌သ
လွှတ်ထားတတ်ပြီး လုပ်ငန်းဝင်ချိန်၊ လယ်ထွန်ချိန်မှ ပြန်ကောက်ရေ
ရှိသဖြင့် အရိုင်းဆန်သည်။ တွေ့ရာအပင် ဝင်စားတတ်သည်။ ပသျှူ
လူမျိုးများက လယ်ထွန်ရာ၌ အောက်ပြည်အောက်ရွာလို နွားကိုမသုံး
ကျွဲဖြင့်သာ ထွန်သည်။ သစ်ဆွဲတော့လည်း ကျွဲကိုပင်သုံးသည်။ လှည်း
တိုက်လျှင်လည်း ကျွဲပင်သုံးသည်။





ကျွန်ုပ် အပေါ်အပါးထွက်သွားပြီး တပ်ကြပ်ကြီးဦးထွန်းမောင်
တို့အပြန်ကို စောင့်သည်။ အမဲလိုက်ခွေးနှစ်ကောင်က ဦးဆုံးပြန်လာ
သည်။ ခွေးနှစ်ကောင်ပါးစပ်မှာ သွေးများရဲနေသည်။ ဦးထွန်းမောင်
တို့အုပ်စု ပြန်လာကြပြီး ...

''ဆရာရေ ဆရာ့ခွေးနှစ်ကောင်က အာဂပဲဗျို့။ ကျွန်တော်
တို့အရင် ရှေ့ရောက်သွားပြီး ကျွဲတွေရဲ့နောက်ခြေထောက် တံကောက်ခွက်
ကိုခုန်ကိုက်တာ ကျွဲအုပ်ကြီးပြေးလိုက်တာ တန်းနေတာပဲ။ ဆီအုန်းပင်
နှစ်ပင်သုံးပင်တော့ ပျက်စီးသွားတယ်''

''ဆီအုန်းခင်းထဲ ကျွဲတွေမဝင်နိုင်အောင်တားဆီးဖို့ ကျွန်တော်
တို့ တားဆီးမိန့်ထုတ်ထားတာပဲ။ မနက်ဖြန်မှ ချန်းဖန်းရွာဥက္ကဋ္ဌနဲ့
အဖွဲ့ဝင်တွေကို တိုင်စမ်းဗျာ။ အရေးမယူရင် ပစ်လို့ရတယ်လို့လည်း
ပြောခဲ့''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့ ပြန်လည်အိပ်ရာဝင်ခဲ့သည်။ ညဉ့်မှန်းတည့် (၁၂)
နာရီခန့်သာ ရှိပါသေးသည်။ ဆီအုန်းပင်များမှာ အသီးကင်းပင် စနေပြီ
ဖြစ်၍ ပျက်စီးလျှင် အစားထိုး၍ မဖြစ်နိုင်တော့ပါ။ မျိုးပင်နှင့်အပင်ကြီး
များမှာ အရွယ်အလွန် ကွာခြားနေကြပြီဖြစ်သည်။

နောက်တစ်နေ့မနက် (၇)နာရီခန့်တွင် ဆိုင်ကယ်ပြင်ဆရာ
ဦးလှတင့် စောစီးစွာရောက်လာသည်။ ကျွန်ုပ် မနက်စာစားနေချိန်ဖြစ်
၍ သူ့အား ကော်ဖီနှင့်မုန့်များဖြင့် ဧည့်ခံရသည်။

''ဦးလှတင့် ကျွန်တော် မနေ့ကရှည်ကလေးကိစ္စကို အနူး
အညွတ် တောင်းပန်ပါတယ်ဗျာ။ တစ်ခုခုတော့ ညီမလေးကို အလျော်
ပေးချင်တယ်''

"မလိုဆရာ၊ ဆရာ စိတ်မကောင်းဖြစ်သွားတယ်ဆိုလို့ ချွန်တော်လာခဲ့တာ။ စိတ်ထဲမထားပါနဲ့တော့ ဆရာ။ သမီးက ချွန်တော့်မိန်းမကမွေးတဲ့ သမီးဖြစ်ပေမဲ့ ချွန်တော်တို့သမီးအစစ် မဟုတ်ဘူးဆရာ။ ဒါပေမဲ့ ချွန်တော်တို့ သမီးကိုသိပ်ချစ်လို့ အလိုလိုက်ထားပါတယ်"

"ခင်ဗျားစကားက ဘယ်လိုလဲ ဦးလှတင့်။ စိတ်မရှိနဲ့နော်။ ခင်ဗျားသမီးက ခင်ဗျားမိန်းမကမွေးပေမဲ့ ခင်ဗျားနဲ့ရတာ မဟုတ်ဘူးလို့ ပြောချင်တာလား"

"မဟုတ်ဆရာ၊ ချွန်တော့်မိန်းမ ချွန်တော်နဲ့ရလို့ သမီးကိုမွေးတာမှန်တယ်။ ဒါပေမဲ့ သမီးက ချွန်တော်တို့လူမျိုး မဟုတ်ဘူး။ တခြားက လာတာ"

"ဪ ... ကျွန်တော် သဘောပေါက်ပြီ။ ဦးလှတင့် ပြောချင်တာက လူဝင်စားလို့ ပြောချင်တာထင်တယ်။ ဘယ်ကလာတာလို့ ပြောသလဲ"

"ဟုတ် ... ဆရာ၊ လူဝင်စား။ ဆရာတို့ဗမာလူမျိုး ဝင်စားတာ။ စကားအလွန်နည်းတယ်။ ငယ်ငယ်က ပသျှူးစကားသင်တော့ မြန်မာစကားကို အလိုလိုပြောတတ်နေတယ်။ သူ(၅)နှစ်သမီးလောက်ရောက်တော့ သူ့အရင်ဘဝအကြောင်းကို ပြန်ပြောပြတယ်။ သူတက္ကသိုလ်ကျောင်းသူဘဝမှာ အမျိုးတွေနဲ့ မြိတ်ကတစ်ဆင့် ကော့သောင်းကို စက်လှေစီးလာကြရင်း ပုလောပုလိုင်းနားမှာ စက်လှေမှောက်လို့သေဆုံးပြီး ချွန်တော်တို့ဆီမှာ ဝင်စားတာလို့ပြောတယ်။ တိုက်ဆိုင်တာက ချွန်တော်နဲ့ချွန်တော့်မိန်းက အဲဒီအချိန်တုန်းကရခါစ။ ပုလောပုလိုင်းကို အရောင်းအဝယ်ကိစ္စနဲ့ ရောက်နေချိန်ပဲ။ စက်လှေမှောက်လို့ သေဆုံးတဲ့အလောင်းတွေကိုတောင် သွားကြည့်မိကြသေးတယ်။





ချွန်တော်တို့ ချုန်းဖန်းရွာကိုပြန်လာပြီး တစ်နှစ်လောက်ကြာတော့ သမီးကိုမွေးတယ်။ ချွန်တော်တို့က သူ့နာမည်ကို ဘာတီမာလို့ မှည့်ထားပေမဲ့ သမီးကမဟုတ်ဘူးတဲ့။ သူ့နာမည် မေစံပယ်ဟန်တဲ့လေ။ အတော်ခက်တာပဲ။ ကြီးလာတော့လည်း ချွန်တော်တို့ ကိုးကွယ်တဲ့ဘာသာကိုလဲ သူမကြိုက်ဘူး။ အရွယ်ရောက်လာတာနဲ့ ချုန်းဖန်းရွာက မြန်မာဘုန်းကြီးကျောင်းကို တစ်ယောက်တည်းသွားတယ်။ ဘုန်းကြီးကို ကန်တော့တယ်။ မုန့်လှူတယ်။ အတော်ခွကျတယ် ဆရာရယ်။ ချွန်တော်တို့က သမီးတစ်ယောက်တည်းဆိုတော့ သူ့ကိုအလွန်ချစ်လို့ အလိုလိုက်ထားမိတယ်။ ချွန်တော်တို့လူမျိုးတွေက သူလုပ်တာကို မကြိုက်ကြဘူး။ အခက်ပဲ ဆရာရယ်"

"အင်းဗျာ ... သူက ဟိုဘဝကအကြောင်းကိုလည်း မှတ်မိတယ်။ မွေးရာစီဇ ပါလာတာကိုး။ ဘယ်ပြင်လို့ရတော့မလဲ။ ဘာသာခြား၊ လူမျိုးခြား လူဝင်စားမကလေးဆိုတော့ သနားစရာပါပဲဗျာ။ ဒါနဲ့ ကျွန်တော်သူ့ကို ရှဉ့်ဖြူကလေးအစား လက်ဆောင်တစ်ခုခု အလျော်ပေးချင်တယ်။ ခွေးတော့ သူချစ်မှာမဟုတ်ဘူး။ ယိုးဒယားကြောင်ဖြူကလေးတစ်ကောင် အစားဝယ်ပေးချင်တယ်။ လက်ခံပါ ဦးလှတင့်"

"ချွန်တော် လက်မခံချင်ဘူးဆရာ၊ သမီးတော့မသိ။ ဆရာသူနဲ့တွေ့ကြည့်။ ဒါပေမဲ့ အလျော်မပေးလည်း ရဆရာ။ ကိစ္စမရှိ"

"မဟုတ်တာပဲဗျာ။ ကျွန်တော်တို့ဘက်က မှားပြီးလွန်တာဘဲ။ ကျွန်တော်သူ့ကိုတွေ့ပြီး တောင်းပန်ပါ့မယ်"

"ဆရာ အိမ်ကိုကြွပါ။ အိမ်မှာ ထင်းကျွေးချင်လို့ ဆရာ့ကို ချွန်လာခေါ်တာ။ သူနဲ့တွေ့မှာ ဆရာပြောပါ"

"ဟုတ်ကဲ့ ခဏစောင့်ပါ။ ကျွန်တော် အဝတ်လဲလိုက်ဦးမယ်

နေဉ်''

''ဟုတ် ... ဆရာ''

ကျွန်ုပ် MALE ဝပို့ရှပ်အဖြူရောင်ကလေးနှင့် ဂျင်းပင်ကို လဲပြီး ဆိုင်ကယ်ကိုယ်စီဖြင့် စခန်းမှထွက်ခဲ့ကြသည်။ ယနေ့မနက် ဗုဒ္ဓ ခြားနေသည်က စခန်းကခွေးနှစ်ကောင်က လူစိမ်းဖြစ်သော ဦးလှတင် ကို မဟောင်ပါ။ စခန်းအထွက်လမ်း ချုန်းဖန်ရွာအစပ် ဆိုင်ကယ် ဝပ်ရှော့ရှေ့ရောက်တော့ ဘာတီမာ ခေါ် မေစံပယ်ဟန်က ကျွန်ုပ်အား အပြုံးနှင့်ထွက်ကြိုသည်။ သူတို့အိမ်မှာဖြစ်၍ ထင်ပါသည်။ ဆာရီတော ဝတ်ထားသည်။ ကျွန်ုပ် ရုတ်တရက် သတိရလိုက်ပြန်သည်။ ညက အိပ်မက်ထဲတွင်တွေ့ခဲ့ရသော ကွမ်းခြံကုန်းမြို့မှ မိန်းမပျိုအမည်ဟာ ကျောင်းဆရာ ဦးခင်မောင်သန်းပြောခဲ့သဖြင့် 'မေစံပယ်ဟန်'ဟု ကျွန်ုပ် သိရှိမှတ်မိနေခြင်း ဖြစ်သည်။ တိုက်ဆိုင်လွန်းလေစွ။ မေစံပယ်ဟန် က ကျွန်ုပ်ကို အပြုံးဖြင့်နှုတ်ဆက်သော်လည်း စကားမပြောပါ။ သူ့မိခင် နှင့်အတူ ထမင်းစားပွဲကို ပြင်နေသည်။ ကျွန်ုပ်နှင့်ခင်မင်သော ပသျှူး လူမျိုးများ၏ ထမင်းစားဖိတ်ခြင်းကို သွားရောက်စားဖူးသည်။ သူတို့ က ကြက်ဆိုလျှင်လည်း ကိုယ်တိုင်လည်လှီးပြီး အုန်းနို့နှင့်ချက်သည်။ ဆီမသုံး။ ငါးဆိုလျှင်လည်း အကြေးခွံမပါသော ငါးကိုမစား။ အုန်းနို့ဖြင့် ပင် ချက်သည်။ မဆလာတော့ သုံးသည်။ ကြက်သွန်၊ ငရုတ်သီးမသုံး။ ကျွန်ုပ်တို့ပါးစပ်နှင့်တော့ ခံတွင်းမ..ဟွ။ စားရသောက်ရတာ အလွန် ခက်ချသည်။

သို့သော် ယနေ့ပသျှူးထမင်းဝိုင်းမှာ အမြင်လွဲနေသည်၊ ကြက်သားဟင်းနှင့် ငါးဟင်းအပြင် ငါးကြော်ပါ ပါသည်။ ချဉ်ပေါင်ရွက် နှင့် ငါးချဉ်ရည်ဟင်းအပြင် ဘူးသီးပြုတ်တို့စရာ၊ မြန်မာတညင်းသီး





ပသျှူးတညင်းသီးမီးဖုတ်နှင့် ငါးပိရည်ပါ ပါသေးသည်။ (မှတ်ချက် ။ ပသျှူးတညင်းသီးဆိုသည်မှာ မြန်မာတညင်းသီးဆံလောက် မကြီး။ ဝိန်ပန်းသီးလိုအတောင့်ရှည်၊ အစိမ်းရောင်ဖြစ်သည်။ အဆံက နုသည်။ မြန်မာတညင်းသီးဆံလို မစေး၊ မမာပါ။ တညင်းသီးနံ့လည်း မရပါ။ အစိမ်းနုရောင်ကလေးဖြစ်သည်။)

ထမင်းဝိုင်းမှာလည်း ခုံမြင့်နှင့်ထိုင်ရခြင်းမဟုတ်၊ တကယ် မြန်မာပီသသော ကျွန်းစားပွဲဝိုင်းကြီးကိုခင်းပြီး ဖျာပေါ်တွင်ထိုင်ရခြင်း ဖြစ်သည်။ သင်ဖြူးဖျာတော့မဟုတ်။ ယိုးဒယားလုပ် ပလတ်စတစ်ဖျာ များသာ ဖြစ်သည်။ စားပွဲခင်းပန်းရောင်နုနုကိုလည်း ခင်းထားသေး သည်။ ထမင်းပန်းကန်ဘေး၌ ဇွန်းနှင့်ခက်ရင်းကို ချထားသော်လည်း စားပွဲအောက်၌ ရေဇလုံ၊ ဆပ်ပြာနှင့် လက်သုတ်အဝတ်အား လင်ပန်း ကလေးဖြင့် ချထားသည်။ ကျွန်ုပ်လည်း သူတို့အခြေအနေကိုကြည့် ပြီး လက်ကိုရေဆေး၍ စတင်စားသည်။ သူတို့ထမင်းပန်းကန်များအနီး၌ ဇွန်းနှင့်ခက်ရင်းကို မတွေ့ရသောကြောင့်ဖြစ်သည်။

ကျွန်ုပ် ထမင်းပန်းကန်အားမ,၍ မေစံပယ်ဟန်တို့မိသားစု ယခုလို ထမင်းကျွေးကုသိုလ်လုပ်ခြင်းအတွက် ကျေးဇူးတင်ကြောင်း 'ကျန်းမာချမ်းသာကြပြီး သွားလေရာ၊ လာလေရာ ဘေးအန္တရာယ်ကင်းစေကြောင်း' ဆုတောင်း မေတ္တာပို့လိုက်ပါသည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသောအသံက မေစံပယ် ဟန်ထံမှ ဖြစ်သည်။

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ''တဲ့လေ။

ကျွန်ုပ် သူတို့မိသားစုနှင့် ထမင်းလက်ဆုံစားရ၍ မြိန်ပါသည်။ ထမင်းဟင်းမှာ မြန်လက်ရာ ပီသလှသည်။ အစပ်အဟပ်တည့်သည်။

''ဆရာ အံ့ဩနေသလား။ ဒါ ချွန်တော့်သမီးလက်ရာတွေပါ။

ဗမာလက်ရာလို့ ပြောတယ်။ ချွန်တာ်တို့ အလွန်စားကောင်းတယ်။ ငါးပိရည်က သမီးကိုယ်တိုင်လုပ်တာပါ။ ချွန်တော်တို့လူမျိုးတွေက ငါးပိ၊ ငံပြာရည်မစားဘူး။ ဆီမသုံးဘူး။ ဆားနဲ့အုန်းနို့ပဲ သုံးကြတာများတယ်။ ရေချိုငါးလည်း မစားဘူး။ အကြေးမပါတဲ့ ငါးကိုလည်း မစားဘူး။ အခု သမီးကြီးလာမှ ချက်ကျွေးလို့ ကောင်းမှန်းသိတာ ဆရာ''

''မေစံပယ်ဟန်ကို ကျေးဇူးတင်ရမှာပေါ့နော်။ ကျွန်တော်တို့က ဗမာဖြစ်ပေမဲ့ စခန်းကိုရောက်တော့ ငါးပိနဲ့တို့စရာ မစားရတာကြာပါပြီ။ ငါးပိနဲ့တို့စရာက အမျိုးသမီးတွေမှ လုပ်တတ်တာ။ မေစံပယ်ဟန်က ဘယ်တုန်းက တတ်တာလဲ''

ကျွန်ုပ် နှုတ်ဆိတ်နေသော ဘာတီမာ ခေါ် မေစံပယ်ဟန်အား စကားစလိုက်ပါသည်။

''ညီမက ငယ်ငယ်ကလေးကတည်းက တတ်တာပါ။ ဒီက အစားအစာတွေက စားမကောင်းဘူး။ ညီမက ဟိုဘဝက ဗမာပဲ၊ ဗမာစာကိုပဲ ကြိုက်တယ်''

''အဲဒါဆို ညီမ,အရင်ဘဝက ဘယ်မြို့မှာနေခဲ့ဖူးတာလဲ။ အဖေ အမေနာမည်တွေကိုရော မှတ်မိသေးသလား''

''မှတ်မိတာပေါ့ အစ်ကိုရာ။ ညီမအဖေနဲ့အမေနာမည်က ဦးထွန်းဟန်နဲ့ ဒေါ်မေမေကြီး။ ကွမ်းခြံကုန်းမြို့လယ် ကျောက်တိုင်နားက နှစ်ထပ်အိမ်နီကြီးမှာ နေတာ''

''အဲဒါဆိုရင် ကွမ်းခြံကုန်းမြို့လယ် ပန်းခြံနားက ထန်းပင်တွေနဲ့ အိမ်နီကြီးမဟုတ်လား''

''ဟုတ်ပါတယ် အစ်ကို။ ညီမအဖေနဲ့အမေက ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားပါတယ်။ မြို့မျက်နှာဖုံးတွေပါ။ ကွမ်းခြံကုန်းကလူတိုင်း





ညီမတို့မိသားစုကို သိကြပါတယ်။ အစ်ကိုနဲ့ရော သိသလားဟင်''

''အင်း ...ကျောင်းဆရာ ဦးခင်မောင်သန်း ပြောပြဖူးလို့ သိရပါတယ်။ အစ်ကိုက ရန်ကုန်ကပါ။ ကွမ်းခြံကုန်းကို ဦးခင်မောင်သန်းနဲ့လိုက်လည်ရင်း သူပြောပြလို့သိတာပါ။ ဒါပေမဲ့ အဲဒီအချိန်မှာ ညီမ မရှိတော့ပါဘူး။ တက္ကသိုလ်ကျောင်းသူဘဝရောက်မှ ကော့သောင်းမြို့ကိုလာလည်ရင်း စက်လှေနစ်ပြီးဆုံးတယ်ဆို မဟုတ်လား''

''ဟုတ်ပါတယ် အစ်ကို။ ညီမက အခုဘဝမှာလိုပဲ တစ်ဦးတည်းသော သမီးပါ။ ဆရာဦးခင်မောင်သန်းက အရင်ဘဝက ညီမတို့ကျောင်းဆရာပါ။ (၁၀)တန်းအောင်တဲ့အထိ ဆရာ့ဆီမှာသင်ဖူးတယ်။ လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော်ကပါ အစ်ကိုရယ်။ အရင်ဘဝကို အရမ်းအောက်မေ့မိတယ်။ မိဘတွေကိုလည်း ပြန်မြင်ချင်တယ်၊ အင့် ...ဟင့်ဟင့်''

''အင်း ...ညီမအရင်ဘဝကို အစုံအစေ့မှတ်မိနေတာတော့ အလွန်အံ့ဩစရာ ကောင်းတာပါပဲ။ ဆရာဦးခင်မောင်သန်းက အစ်ကို့ရဲ့မိတ်ဆွေပါ။ အစ်ကိုတို့ထက်တော့ အသက်ကြီးတယ်။ လူပျိုကြီးကျောင်းဆရာပေါ့။ ညီမရဲ့ အရင်ဘဝကမိဘတွေလည်း အခုထိရှိကြဦးမှာပါ။ ညီမဆက်သွယ်ချင်ရင် စာရေးထားပါ။ အစ်ကို ရန်ကုန်ပြန်ရင် ကွမ်းခြံကုန်းကို ယူသွားပေးမယ်''

''ဟုတ်ကဲ့ အစ်ကို။ ညီမတို့ဆီကို အသုံးလုံးဆရာတွေလာတုန်းက ညီမ မြန်မာစာသင်ခဲ့ရပါတယ်။ အရင်ဘဝဓာတ်ခံရှိတော့ အတတ်လည်း မြန်ပါတယ်။ အစ်ကို့မှာ ဖတ်စရာ၊ လေ့လာစရာ စာအုပ်တွေရှိရင်လည်း ညီမကိုပေးဖတ်ပါနော်''

''အေး ...အေး ...ညီမ၊ အစ်ကို ယူလာပေးပါ့မယ်''

ရောက်စက နွတ်နည်းလှသော ပသျှူးမကလေးမှာ ယခုတော့ ယခင်ဘဝဟောင်းဆီ အစဖော်မိသည်နှင့် သာလိကာမလေးလို ရွှန်းရွှန်းဝေအောင် စကားပြောတော့သည်။ သူမအသံမှာ ဒေသခံများလိုမဲ မြန်မာသံ ပီသလှသည်။

❑

"ဒါနဲ့ညီမရေ၊ အစ်ကိုတို့ ရှည်ဖြူကလေးကို မှားပစ်မိတဲ့အတွက် ညီမကို အလျော်ပေးချင်တယ်။ ယိုးဒယားကြောင်ဖြူကလေးဝယ်ပေးမယ်၊ လက်ခံမလား"

"တော်ပါပြီ အစ်ကိုရယ်။ တိရစ္ဆာန်မွေးရတာ သံယောဇဉ်ဖြစ်လွန်းလို့ပါ။ အဲဒီနေ့က ရှည်ဖြူကလေးကို သရဏဂုံတင်ပြီး ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါတယ်"

"သာဓုပါ ညီမရယ်၊ သာဓု ... သာဓုပါ။ အစ်ကို့မှာတော့ ခွေးနှစ်ကောင် စခန်းမှာမွေးထားတယ်။ ဘိုဖြူနဲ့ဘိုနီတဲ့။ အမဲလိုက်ခွေးတွေပဲ။ ဒါပေမဲ့ စည်းကမ်းရှိပြီး အလွန်လိမ္မာတယ်။ သခင်ကိုလည်း အရမ်းချစ်တာပဲ"





"ဘိုဖြူ၊ ဘိုနီ ဟုတ်သလား အစ်ကို၊ ညီမ တွေ့ချင်လိုက်တာ"

"အေး ... တွေ့ချင်ရင် မိသားစုအားလုံး စခန်းလာခဲ့ကြပါ။ ကျွန်တော်ကလည်း ထမင်းကျွေးချင်ပါတယ်"

ထိုစဉ် ဦးလှတင့်က ...

"ဆရာ သမီးက အရင်ဘဝကအကြောင်းကို စကားပြောတတ်စကတည်းက ခဏခဏပြောတယ်။ ကွမ်းခြံကုန်းကို ချွန်တော်မသိဆရာ။ ရန်ကုန်လည်း မရောက်ဖူးဘူး။ ချွန်တော်ရောက်ဖူးတာ ရနောင်းနဲ့ဘန်ကောက်ပဲဆရာ။ မကြာမကြာ ရောက်ဖူးတယ်။ ချွန်တော်တို့က သမီးကိုသိပ်ချစ်တော့ သူ့ရဲ့ ဟိုဘက်ဘဝကမွေးဇာတိကို အလည်လိုက်ပို့ချင်တယ် ဆရာ၊ ဆရာ ကူညီပါနော်"

"ကျွန်တော်ကူညီပါ့မယ် ဦးလှတင့်။ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး။ ဒီမှာက ကျွန်တော့်တာဝန်က ကြီးတယ်။ ကျွန်တော့်တာဝန်ပြီးလို့ ရန်ကုန်ပြန်တော့ လိုက်ခဲ့ကြပါ။ ကျွန်တော် ကွမ်းခြံကုန်းကို လိုက်ပို့ပါ့မယ်"

ကျွန်ုပ်၏စကားကြောင့် မေစံပယ်ဟန်၏ မျက်နှာကလေးဝင်းပကြည်လင်သွားသည်။ နေ့လယ်စာ စားပြီးသည်နှင့် မြန်မာဆန်သော လက်ဖက်စုံသုပ်နှင့် ရေနွေးကြမ်းကို ချပေးလာပြန်သည်။ သမီးကိုချစ်ကြသော ယခုဘဝ မိဘများကလည်း မြန်မာလက်ရာ အစားအစာကို ကြိုက်ကြဟန်တူပါသည်။

"သမီး ဆရာ့ကို လက်ဖက်ရည်ချိုချိုဖြစ်ဖြစ်၊ ကော်ဖီဖြစ်ဖြစ် လုပ်ပေးရင် မကောင်းဘူးလား။ အဖေဝယ်လာတဲ့ ကိတ်မုန့်တွေရှိတယ်လေ"

"နေပါစေ ဦးလှတင့်။ ကျွန်တော် စခန်းရောက်ကတည်း လက်ဖက်သုပ်မစားရတာ ကြာပါပြီ။ ဒီအတိုင်းပဲ ကောင်းပါတယ်"

"ဩော် . . . ဆရာကလည်း လက်ဖက်သုပ်ကို ကြိုက်သက် ချွန်တော်တို့ မစားတတ်ဆရာ"

"ငါးပိရည်ချို စားသလိုပါဘဲ။ စားရင်းနဲ့ နောက်တော့လည်း လက်ဖက်အရသာကို ကြိုက်သွားမှာပါ။ လက်ဖက်က တန်သင့်ရုံစားရင် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေပါတယ်"

"နောက်တစ်ခုက ဘာသာရေးကိစ္စဆရာ။ သမီးက ချွန်တော် တို့ဘာသာကို မကြိုက်ဘူး။ ဘုရားကျောင်းလည်း မသွားဘူး။ ဘာသာ ရေးနတ်ဆရာကိုလည်း အယုံအကြည်မရှိဘူး။ ဒါကြောင့် ရပ်ရွာက သမီးကို မကြိုက်ဘူးဆရာ။ ဒါကြောင့် သူမမှာ ' အပေါင်းအသင်းမ ဆရာ"

"သူ့ဘာသာ ဒီအတိုင်းနေပါစေဗျာ။ သူယုံကြည်ရာကိုးကွယ် ပါစေ။ လွတ်လပ်ခွင့်ပေးလိုက်ပါ။ ဒါမျိုးက မွေးရာပါဗီဇကို အတင်းမ ပြောင်းယူလို့မရပါဘူး"

"ချွန်တော်တို့သမီးကို ချွန်တော်တို့အရမ်းချစ်ဆရာ။ ပြဿန မရှိ။ ဒါပေမဲ့ ရပ်ရွာကလက်မခံ ဆရာ။ အဲဒါ အခက်ပဲဆရာ"

"လူဝင်စားဆိုတော့ မွေးရာပါဗီဇကပါတာကိုး ဦးလှတင့်ရဲ့ နောက်ပြီး သူကအရင်ဘဝဟောင်းကိုတောင် ကောင်းကောင်းမှတ် နေသေးတယ်။ အချို့လူဝင်စားတွေက ငယ်စဉ်မှာပဲ အရင်ဘဝဟောင် ကို မှတ်မိကြပြီး အသက်ကြီးလာတာနဲ့ မေ့ပျောက်သွားကြတယ် မေစံပယ်ဟာန်ကတော့ ငယ်စဉ်ကလည်း မှတ်မိတယ်။ ကြီးလာတော့ လည်း မှတ်မိတယ်။ ဘဝဆက်နီးလို့ဖြစ်လိမ့်မယ်။ 'မေစံပယ်ဟာန်'ဆိုတဲ့





မည်ကို ဘယ်သူပေးတာလဲ"

"သမီး သူ့ဘာသာပေးတာ ဆရာ။ အရင်ဘဝကနာမည်တဲ့ ။ ချွန်တော်တို့ပေးထားတာက 'ဘာတီမာ'ပါဆရာ။ သူ့ကို ဘာတီမာ ခေါ်ရင်လည်း မကြိုက်ဘူး"

"နားလည်မှုထားကြပေါ့ဗျာ၊ ကိုယ့်သမီးပဲ။ လူဝင်စားဆိုတော့ လိုပဲပေါ့။ ဒါနဲ့ ကျွန်တော် ကွမ်းခြံကုန်းမြို့က ကျွန်တော့်မိတ်ဆွေ ဆရာ ဦးခင်မောင်သန်းကိုစာရေးပြီး ဆက်သွယ်လိုက်ချင်တယ်။ ဟို ဘကမိဘတွေလည်း ဝမ်းသာရအောင်ပါ။ မေစံပယ်ဟာန်မှာ ဓာတ်ပုံ က်ထားတာရှိသလား"

"သမီးဓာတ်ပုံရုံ ဝါသနာမပါဆရာ။ မှတ်ပုံတင်ဓာတ်ပုံပဲ ရိုက် ဘယ်ထင်တယ်။ ငယ်စဉ်က ဓာတ်ပုံရိုက်တော့ သူငိုဆရာ"

"ဝါသနာပါပါ မပါပါ ကျွန်တော့်စခန်းကို လာမယ့်အလုပ် တ်ရက် မနက်စောစော လာခဲ့ကြပါ။ ကျွန်တော့်မှာ ဓာတ်ပုံရိုက်ကင် ရာကလေးရှိတယ်။ မိသားစုကို စိတ်တိုင်းကျ ရိုက်ပေးမယ်။ ကူးတာ တော့ ဦးလှတင့်က ရနောင်းသွားနေတော့ ဖလင်ကိုယူပြီး ကူးပေးပါ။ ဒီနေ့ နေ့လယ်စာလည်း စခန်းမှာစားကြပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါနဲ့ မေစံပယ်ဟာန်က ရှည်ဖြူလေးအစား လက်ဆောင်ပြန် းတာကိုငြင်းနေတော့ ဘာလိုချင်သလဲပြောပါဦးကွယ်။ အစ်ကိုစိတ် မ်းသာအောင် တစ်ခုခုတော့ ပေးချင်တယ်"

"အစ်ကိုပေးချင်ရင်တော့ ညီမကို စိပ်ပုတီးတစ်ကုံးပဲ လက် ဆောင်ပေးပါ။ အခု တရားမှတ်ရတာ လက်ချိုးရေတွက်နေရတော့ ဆင်မပြေဘူးအစ်ကို"

"ညီမက ဘာတွေပုတီးစိပ်နေသလဲ"

"ဂုဏ်တော်ကွန်ချာ၊ ရှင်အရဟံပုတီးစိပ်နည်းနဲ့ သရဏ သုံးပါးကို တစ်ညစီစိပ်ပါတယ် အစ်ကို"

"တယ်ဟုတ်ပါလား။ ရှင်အရဟံပုတီးစိပ်နည်းက ဗုဒ္ဓသရဏ ဂစ္ဆာမိ နာမရုပ်၊ အနိစ္စံ ဒုက္ခံ အနတ္တံ မဟုတ်လားညီမ"

"ဟုတ်ပါတယ်အစ်ကို၊ အစ်ကိုလည်း စိပ်သလား"

"မနက်ည နေ့စဉ်စိပ်ပါတယ်။ အစ်ကို့မှာ သက်ကနက်သား နဲ့လုပ်ထားတဲ့ သိမ်ဝင်ပုတီးနှစ်ကုံးရှိတယ်။ အလုံးငယ်တယ်။ ညီမအတွက် အတော်ပါပဲ"

"အခုလား အစ်ကို"

တနင်္ဂနွေနေ့ ထမင်းစားလာရင် ပေးမလားလို့။ အခုချက် ချင်းလိုချင်ရင်လည်း အစ်ကိုအပြန် စခန်းကိုလည်းရောက်ဖူးအောင် လိုက်လည်ရင်းယူပေါ့"

"ဟုတ်ကဲ့ အစ်ကို"

"ဆရာရေ၊ သည်းခံပါနော်။ သမီးက ငယ်စဉ်ကတည်းက သူလိုချင်တာရှိရင် ခုဆိုခုမှကြိုက်တာ။ သမီးလည်း မိတ်ဆွေသစ်တွေ့ ပြီပဲ။ ဆရာအပြန်လိုက်သွားပေါ့၊ မဝေးပါဘူး"

ထိုနေ့က ကျွန်ုပ်စခန်းပြန်တော့ မေစံပယ်ဟန် ဆိုင်ကယ် တစ်စီးဖြင့် ကျွန်ုပ်နောက်က လိုက်လာသည်။ သူမက ဆီအုန်းပင်များ ကိုလည်း သဘောကျသည်။ စခန်းကိုလည်း သဘောကျသည်။ စခန်း အနောက်ဘက်က တနသ်ာရီရိုးမ တောင်တန်းကြီးကိုလည်း သဘော ကျသည်။ စခန်းဝင်းအတွင်းဝင်သည်နှင့် ကျွန်ုပ်၏ အမဲလိုက်ခွေး နှစ်ကောင်က ထွက်ကြိုသည်။ ရုံးခန်းရှေ့ ဆိုင်ကယ်များရပ်သည်နှင့်





ဘိုဖြူ ဘိုနီခွေးနှစ်ကောင်က မေစံပယ်ဟန်အား ပတတ်ရပ်၍ တွယ် ကပ်ပြီး ချစ်ခင်လေစားဟန်ပြသည်။ သခင်နှင့် တွေ့သည့်အလား အီအီ အော်နေသေးသည်။

"ဟင် ... ဒါ ဘိုဖြူ၊ ဘိုနီ ခွေးညီနောင် မဟုတ်လား။ ညီမ တို့ ကွမ်းခြံကုန်းအိမ်က ခွေးတွေလေ"

"မဟုတ်ပါဘူး ညီမရယ်။ အစ်ကို ဒီစခန်းရောက်မှ လဲမွန် ကယူပြီး နို့ခွဲစကတည်းက မွေးထားတာပါ။ အမဲလိုက်ခွေးတွေပါ။ ဘယ့်နယ်ကြောင့် သူတို့ကညီမကို သိနေကြတာလဲ"

"ညီမရဲ့ အရင်ဘဝအိမ်က ခွေးတွေပဲ။ ညီမကို သိတာပေါ့"

"ထူးဆန်းပါပေ့ ညီမရယ်။ ပဌာန်းဆက်တွေ ထင်ပါရဲ့နော်"

"လာ ... လာ ... ညီမ၊ ရုံးခန်းထဲမှာ ထိုင်နားဦး"

ကျွန်ုပ်အံ့ဩစွာဖြင့် မေစံပယ်ဟန်ကို နေရာပေးရင်း သံချောင်း အား ကော်ဖီဖျော်ခိုင်းနေစဉ် ခွေးနှစ်ကောင်မှာမေစံပယ်ဟန်အား သခင် ဟောင်းကိုတွေ့ရသည့်အလား အသောကပ်နေတော့သည်။ ကျွန်ုပ်အပေါ် ထပ်သို့တက်၍ ပုတီးယူပြီး မေစံပယ်ဟန်အားပေးရာ သူမအလွန်သဘော ကျနေရှာသည်။

"အစ်ကို အပေါ်ထပ်မှာ ဘုရားခန်းရှိသလားဟင်"

"ရှိတယ်ညီမ၊ ဘုရားဝတ်ပြုချင်လို့လား"

"ဟုတ်တယ်အစ်ကို၊ ပုတီးရတာနဲ့ ညီမပုတီးစိပ်၊ တရားထိုင် ချင်စိတ် တဖွားဖွားဖြစ်လာမိလို့ပါ"

"ကဲ ... ဒါဆိုလာ ညီမ၊ အပေါ်ထပ်တက်ရအောင်"

"နေဦးအစ်ကို၊ ညီမတရားထိုင်မယ်ဆိုရင် ခြေလက်ဆေးရဦး မယ်"

"ဒါဆို ဟိုအနောက်ဘက်မှာ ရေချိုးခန်းရှိတယ်။ အစ်ကိုမျ နှာသုပ်ပဝါ ယူပေးမယ်"

"ဟုတ်ကဲ့အစ်ကို"

မေစံပယ်ဟန်မှာ ကော်ဖီပင်မသောက်တော့ဘဲ အိမ်အပေါ်ထ ဘုရားခန်းသို့တက်၍ ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်နေတေ သည်။ ကျွန်ုပ်လည်း သူမကို အနှောင့်အယှက် မဖြစ်စေရန်အတွ အောက်ထပ်သို့ဆင်းပြီး ရုံးစားပွဲတွင် အလုပ်လုပ်သည်။ တစ်နာရီခ ကြာတော့ ဆိုင်ကယ်သံကြားရပြီး ဦးလှတင့်ရောက်လာသည်။ ရော လျှင်ရောက်ချင်း ...

"သမီးရော ဆရာ၊ ပြန်သွားပြီလား။ ချွန်တော်တို့ကြာ လိုက်လာတာပါ"

"မပြန်သေးဘူး၊ အပေါ်ထပ်ဘုရားခန်းမှာ တရားထိုင်နေ တယ်"

"အင်း ... ဒီလိုဆိုရင်ဖြင့် ဆရာရေ၊ ကျွန်တော့်သမီးကတေ ဆရာတို့စခန်းကို နေ့တိုင်းလာပြီး တရားထိုင်တော့မယ် ထင်ပါရဲ့။ ဆရ ကျွန်တော့်သမီးကို သည်းခံပြီး စောင့်ရှောက်ပါနော်။ ချွန်တော် ဆရ ကို အပ်ပါတယ်"

"ရပါတယ် ဦးလှတင့်ရယ်။ ခင်ဗျားသမီးကို ကျွန်တော့်ညီမ လေးလို စောင့်ရှောက်မှာပါ။ ဘာမျှမပူပါနဲ့။ နောက်ပြီး ကျွန်တော့် စခန်းက ဝန်ထမ်းရော၊ ရဲဘက်ပါ အားလုံး စည်းကမ်းရှိကြပါတယ်၊ စိတ်ချပါခင်ဗျား"

မကြာမီ အပေါ်ထပ်မှ ခြေသံကြားရပြီး မေစံပယ်ဟန် ပြုံးရွှင် စွာဖြင့် ပုတီးကိုင်၍ ဆင်းလာသည်။ သိမ်မွေ့ညင်သာ၍ တကယ့် မြန်မာ





ကလေးအတိုင်းပင်။

"အဖေ ... သမီး ဆရာအိမ်နဲ့ ဘုရားခန်းကို အရမ်းသဘော ကျတယ်။ နောင် နေ့တိုင်းလာပါရစေနော်"

"အေး ... အေး ... သမီးဆရာခွင့်ပြုရင် ပြီးတာပါပဲ။ သမီး က စည်းကမ်းနဲ့တော့နေနော်။ ဒီစခန်းမှာ အကြီးဆုံးဆရာ့စကားကို နားထောင်။ ဆရာစိတ်မညစ်စေနဲ့"

"ဟုတ်ကဲ့ပါ အဖေ။ သမီးနေတတ်ပါတယ်။ ဒါနဲ့အစ်ကို ကျောင်းကို ဘယ်နေ့ဆင်းမလဲ။ ညီမလည်း လိုက်ချင်တယ်။ ဘုရား ဘာသစ်သီး(၅)မျိုး ကပ်ချင်လို့ပါ။ အနက္ခော၊ အနေ့ခွင်းပါးကို ရည်မှန်း ပြီး ပူဇော်ချင်လို့ပါ"

"လာမယ့် တနင်္ဂနွေနေ့ဆင်းမယ်။ မနက် (၈)နာရီလောက် ပဲ။ ညီမ အသင့်ပြင်ပြီး အိမ်ကစောင့်နေပါ။

"ဟုတ်ကဲ့ အစ်ကို"

ထိုနေ့ကမေစံပယ်ဟန်အား ကျွန်ုပ် OLYMPUS CAMERA ကလေးဖြင့် POSE အမျိုးမျိုး ဓာတ်ပုံရိုက်ယူလိုက်သည်။ ဓာတ်ပုံရိုက် ပါသနာမပါဟုဆိုသော မေစံပယ်ဟန်မှာ ကျွန်ုပ်ကိုယ်တိုင်ရိုက်ပေးတော့ သည်း ပြုံးရွှင်ပျော်မြူးနေရှာပေသည်။ ခွေးနှစ်ကောင်နှင့်လည်း အမှတ် တရတွဲ၍ ရိုက်ပေးလိုက်သည်။

## အခန်း (၄)

❑

နောက်တစ်နေ့တွင် ကျွန်ုပ်စခန်းမှ ဝန်ထမ်းလူကြုံဖြင့် ေ သောင်းသို့ စာတ်ပုံများ ကူးဆေးခိုင်းလိုက်သည်။ မေစံပယ်ဟန် တော့ ကျွန်ုပ်၏စခန်းသို့ မနက်တိုင်းလာသည်။ ဘုရားဝတ်ပြု၊ ပုတီး တရားထိုင်ပြီးသည်နှင့် တပည့်ကျော်သံချောင်းနှင့်တွဲ၍ ကောင်းနိုးရာ မြန်မာဟင်းများကို ချက်ပြုတ်ပေးသည်။ စခန်းတွင် နေ့လယ်စာစား မှ ပြန်သည်။ တစ်ခါတစ်ရံ၌လည်း သူမအဖေဖြစ်စေ၊ သူမအမေ စေ ပါလာတတ်သည်။ သူတို့ကလည်း စခန်းကို အလွန်သဘော ကြသည်။ စခန်းတွင် ကျွန်ုပ်၏ အစီအစဉ်ဖြင့် စိုက်ပျိုးထားသော ကေခန့် အကျယ်အဝန်းရှိသည့် တောင်ယာရှိသည်။ ဘူး၊ ဖရုံ၊ ရေ





သခွား၊ ပြောင်းဖူး၊ ငှက်ပျော၊ ချဉ်ပေါင်၊ မုန်ညင်း၊ ပန်းဂေါ်ဖီ၊ မုန်လာ၊ နီကိုဥ အစုံရှိသည်။ ဖြစ်လည်း ဖြစ်ထွန်းလှသည်။ ထို့အပြင် ယခင်က ခြံဟောင်းဖြစ်၍ ပိန္နဲ၊ ထည်း၊ သရက်၊ ဒူးရင်းပင်များလည်း ဝေဆာစွာ ရှုးမွှင့်နေသည်။

စခန်းအနောက်ဘက် တောင်ယာထဲသွားလျှင် မေစံပယ်ဟန် အလွန်ပျော်သည်။ ခွေးနှစ်ကောင်ကလည်း မေစံပယ်ဟန်နောက်က တကောက်ကောက်လိုက်နေတတ်သည်။ တောင်ယာတာဝန်ခံ တပ်ကြပ် ဦးအေးမောင်ကလည်း မေစံပယ်ဟန်ကို အလွန်ချစ်သည်။ မေစံပယ်ဟန် လာသည်နှင့် ပြောင်းဖူး၊ ကန်စွန်းဥများ ဖုတ်ကျွေးသည်။ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီးများ ခွဲကျွေးသည်။

တနင်္ဂနွေနေ့မနက်တွင် ကျွန်ုပ် ကော့သောင်းသို့ အလုပ်ကိစ္စ နှင့် ဆင်းသည်။ ယခင်က တပည့်ကျော်သံချောင်းပါနေကျ ဖြစ်သော် လည်း ယနေ့မေစံပယ်ဟန်လိုက်မည်ဖြစ်၍ သံချောင်းကို မခေါ်တော့ ပါ။ ကျွန်ုပ်တစ်ဦးတည်း HONDA ဆိုင်ကယ်ကလေးဖြင့် ချန်းဖန်းရွာ ဘက်သို့ ဆင်းခဲ့သည်။ ဆိုင်ကယ်ဝပ်ရှော့ ဆိုင်ရှေ့ရောက်တော့ မနက် (၈)နာရီတိတိပင်။ မေစံပယ်ဟန် အဆင်သင့်စောင့်ကြိုနေသည်။ သူမက ယနေ့တော့ ဘောင်းဘီရှည်နှင့်လျှာထိုးဦးထုပ် ဆောင်းထားသည်။ ဆိုင် ကယ်ကလေးကိုလည်း ရေဆေးထားသဖြင့် သစ်လွင်နေသည်။ သူမ အဖေနှင့်ကျွန်ုပ်က ဝိုင်းဝန်းသင်ပြထားသဖြင့် ဆိုင်ကယ်ကို သူမကရှိုင် တတ်နေချေပြီ။

သူမ ကျွန်ုပ်ကိုတွေ့သည်နှင့် ...

"အစ်ကို ဘာစားခဲ့ပြီးပြီလဲ။ အိမ်မှာ မုန့်ဟင်းခါးလုပ်ထား လို့၊ စားပါဦးအစ်ကို"

"အေး ...အေး ...ညီမ၊ စားမယ်"

မုန့်ဟင်းခါးအသံကြားရ၍ ကျွန်ုပ်စားချင်မိသွားသည်။ ကျွန် တို့စခန်းနှင့်နီးသည့် ချုန်းဖန်းရွာ မုန့်ဟင်းခါးလက်ရာမှာ အဆင်မပြေ လှ။ ပင်လယ်ငါးနှင့်ဟင်းရည်ချက်ပြီး နံနံပင်အစား သီဟိုရွက်နုများ ကို ထည့်ပေးလေ့ရှိသည်။ ငှက်ပျောအူကလည်း မပါပြန်။ မေစံပယ်ဟ ၏မုန့်ဟင်းခါးကို စားကြည့်တော့ အလွန်အရသာရှိသည်။ စပါးလင် ကလေးကသင်းနေပြီး ဟင်းရည်က ငါးနံ့ရပြီး ချိုနေသည်။ ငှက်ပျောအ နုနုကလေးလည်းပါသည်။ နံနံပင်လည်း ထည့်ပေးသည်။ ကြက်သွန်ပြ ဆီချက်ကလေးနှင့် ပဲကြော်၊ ဘူးသီးကြော်ပင် ပါလိုက်သေးသည်။

"ညီမ ဟင်းအစပ်တွေ ဘယ်ကရတာလဲ။ ဒီရွာမှာ မရှိပါဘူး"

"အစ်ကိုတို့စခန်းက အဘဦးအေးမောင် ရှာပေးလိုက်တ အစ်ကို။ အရသာရှိတယ် မဟုတ်လား"

"အလွန်ကောင်းပြီး ပြည့်စုံပါတယ်ကွယ်။ ဒီချုန်းဖန်းရွာက မုန့်ဟင်းခါးကတော့ အစ်ကိုစားဖူးတယ်။ မစွံဘူး။ ကော့သောင်းမြို့ပေ က မုန့်ဟင်းခါးကတော့ ကောင်းပါတယ်"

ရေချိုငါးမစားဘူးဆိုသော ဦးလှတင့်တို့မိသားစုလည်း ငါးခူ ငါးကျည်းနှင့်ချက်သော မြန်မာမုန့်ဟင်းခါးကို အားပါးတရဝင်စားနေ ကြသည်။ မေစံပယ်ဟန်၏စည်းရုံးမှုပဲ ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့ စား သောက်ပြီး ဆိုင်ကယ်ကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ မေစံပယ်ဟန်က ဘန်နွားရွာဖွက်တောအား မဖြတ်လိုဆိုသဖြင့် စခန်းဘက်ပြန်ဝင်ပြီး စခန်းဆေးရုံဘေးမှ လမ်းအတိုင်းလာ၍ သချိုင်းကုန်းကို ဖြတ်ရသည်။ မေစံပယ်ဟန်ပူဆာ၍ ကျွန်ုပ် သူမအား သချိုင်းအနီးရှိ ကျွန်ုပ်တို့ဆောက် လုပ်ခဲ့သော ချောင်းကူးတံတားကလေးအပေါ်တွင် အမှတ်တရ ဓာတ်ပုံ





ရိုက်ပေးရသေးသည်။

ကျွန်ုပ်တို့ ပါဆည်ပါညန်း စခန်းရှေ့ရောက်တော့ ဆိုင်ကယ် ခဏရပ်ပြီး စခန်းတာဝန်ခံ ဦးဟန်မြင့်အား ကော့သောင်းဆင်းမည်ဖြစ် ၍ မှာလိုသည်ရှိကမှာရန်ပြောရာ ဆရာဦးဟန်မြင့်က ရုံးစာများ ရန်ကုန် ပို့ရန် ပေးလိုက်သည်။ စာတိုက်ပုံးထဲထည့်ရန် ဖြစ်သည်။ ထိုစဉ် မေစံပယ် ဟန်က ...

"အစ်ကို ညီမဆိုင်ကယ်ကို ဒီစခန်းမှာ ထားခဲ့ချင်တယ်။ တောင် ဆင်းတောင်တက် မစီးရဲဘူး။ အစ်ကို့ဆိုင်ကယ်နဲ့ပဲ လိုက်ခဲ့တော့မယ် နော်။ အိမ်မှာကတည်းကပြောဖို့ပဲ အမေ့ဆူမှာစိုးလို့"

"အင်း ...အစ်ကိုလည်း ပြောမလို့ပါပဲ။ နှစ်ယောက်တည်း ပဲ ဆိုင်ကယ်တစ်စီးတည်းသွားရင် ရပါတယ်။ ဒါပေမဲ့ အားနာလို့မပြော ခဲ့တာ"

"အစ်ကိုရေ အရွယ်ရောက်လာလေလေ အမေတို့ဘာသာ ဓလေ့ ထုံးစံနဲ့ ညီမစရိုက် မကိုက်လေလေပါပဲ။ ညီမက အရင်ဘဝကို မှတ်မိ နေသူဆိုတော့ ပိုဆိုးတယ်။ သူတို့ဘာသာအရ ဟိုဟာမလုပ်ရ၊ ဒီဟာ မစားရ၊ စည်းကမ်းတွေက အလွန်များတယ်။ ကြာရင်တော့ ညီမစိတ်နဲ့ မလွယ်ဘူးထင်တယ်"

"သည်းခံပါ ညီမရယ်။ အချိန်ကလေး ခဏစောင့်ပါဦး"

ကျွန်ုပ် မေစံပယ်ဟန်၏ ဆိုင်ကယ်ကလေးအား ကားလမ်းမ မှမမြင်စေရန် ရုံးခန်းအတွင်းသို့သွင်း၍ အပ်နှံခဲ့ပြီး မေစံပယ်ဟန်ကို ခေါ်၍ ဆိုင်ကယ်တစ်စီး နှစ်ယောက်စီး၍ထွက်ခဲ့သည်။ ပါဆည် ပါညန်းစခန်းမှ အပေါင်းအသင်းများ အလွန်အံ့သြနေကြသည်။ မေစံပယ် ဟန်အား ပသျှူးမလေးမှန်းမသိကြ။ မြန်မာမိန်းကလေး ညေသည်ဟု

ပင် ထင်နေကြဟန်ရှိသည်။ မေစံပယ်ဟန်၏ လေယူလေသိမ်း အငြေ အဆိုကလည်း ပီပီပြင်မာမလေးအတိုင်းပင်။ ကျွန်ုပ်တို့ ပါဆည်ပါညွှ ဆီအုန်းဆင်းကြီးကို ဖြတ်သည်။ ပြီးနောက် ပါဆည်ပါညွှန်းရွာကြီး ကျော်ကာ ကိုင်းတောဖွက်လမ်းကို ဖြတ်သည်။ မတ်စောက်လှသော စောမောင်ချစ်ကုန်းဆင်းနှင့် ရေတံခွန်ချောက်ကုန်းတက်ကို ကျော်သည်။ တောင်ဆင်းတောင်တက် ဆိုင်ကယ်နောက်ကထိုင်ပြီး ကျွန်ုပ်၏ခါး ဖက်တွယ်ထားသော အပျိုမကလေး၏ အတွေ့အထိက ကျွန်ုပ်အား စိတ်လှုပ်ရှားစေသည်။ သို့သော် မိဘများက ကျွန်ုပ်အားယုံကြည်၍ အပ်နှံလိုက်ခြင်းဖြစ်သဖြင့် ကျွန်ုပ် အခွင့်အရေးမယူရက်ပါ။ မေစံပယ် ဟန်ကတော့ တောင်ဆင်းတိုင်း၊ တောင်တက်တိုင်း သဘောကျပြီး တခစ်ခစ်ရယ်မောနေသည်။ ပွင့်လင်းရိုးသားလှသောဘဝကို အရောင် မဆိုးလိုပါ။ သို့သော် သူမ၏တာဝန်က ကျွန်ုပ်အပေါ်သို့ တရိပ်ရိပ်ကျ လာသည်ကိုတော့ ကျွန်ုပ်သတိထားမိသည်။ ထို့ကြောင့်လည်း မသိကျိ ကျွန်သာနေမိတော့သည်။ ဟန်ဆောင်ခြင်းဆိုသည်မှာ အချိန်ကာလ တစ်ခုအထိသာ ဖြစ်နိုင်ပေလိမ့်မည်။ လူမျိုးခြား၊ ဘာသာခြားဟူသော အသိက လူမှုဆက်ဆံရေးကို တံတာတိုင်းကြီး ဖွယ် အဟန့်အတားကြီး ဖြစ်နေသည်။

ရေတံခွန်စခန်းကိုကျော်ပြီး (၁၀)မိုင်ရောက်တော့ ရောကီးယား တို့ အအေးဆိုင်တွင် ထိုင်ကြသည်။ အအေးဆိုင်ပိုင်ရှင်မှာ ပသျှူး အမျိုးသမီးဖြစ်သော်လည်း ဘာတီမာ ခေါ် မေစံပယ်ဟန်အား ပသျှူး လူမျိုးမှန်း သိပုံမရပါ။ အအေးဆိုင်တွင် မေစံပယ်ဟန်အကြိုက် (CoCaCoLa) ကိုကာကိုလာ သောက်ကြသည်။ ပြီးနောက် ကတ္တရာလမ်း အတိုင်း ဆက်၍စီးလာကြရာ (၇)မိုင်လေယာဉ်ကွင်း (၃)မိုင်ကုန်းဆင်း





သုံးထပ်ကျေ့ကိုကျော်သည်နှင့် ကော့သောင်းမြို့ထဲ ဝင်လာသည်။ ကျွန်ုပ် HONDA ဆိုင်ကယ်အား ဆိပ်ကမ်းတံတားနှင့်ဈေးအနီးရှိ ပီတောက်ပင် အောက်တွင် ရပ်နားလိုက်သည်။ မေစံပယ်ဟန်က ဆိုင်ကယ်ပေါ်မှ ဆင်းပြီး ဆိုင်ကယ်စီးဦးထုပ်အားချွတ်ကာ ကျွန်ုပ်အားပေးသည်။ ကျွန်ုပ် ဆိုင်ကယ်အား အနီးရှိ အသိကွမ်းယာဆိုင်တွင် အပ်လိုက်သည်။

'အစ်ကို ညီမသစ်သီး (၅)မျိုးဝယ်မယ်။ ပြီးရင် ဈေးထဲဝင် ပြီး မုန့်နဲ့အသုံးအဆောင်တွေဝယ်မယ်။ အစ်ကို ဘယ်ကစောင့်မလဲ ဟင်''

"အစ်ကို ရုံးစာတွေ ထည့်စရာရှိတယ်။ ဈေးနည်းနည်းဝယ် မယ်။ ပြီးရင် ဈေးအနောက်ဘက်တန်းကမ်းစပ် သုံးရောင်ခြယ်လက် ဖက်ရည်ဆိုင်က စောင့်နေမယ်"

"ဟုတ်ကဲ့ အစ်ကို၊ ညီမသွားပြီ"

ကျွန်ုပ် ရုံးစာများအားထည့်ပြီး ကျွန်ုပ်ပြီးခဲ့သောရက်က စခန်း ဝန်ထမ်းလူကြုံနှင့်ပို့ထားသော ဖလင်လိပ်အတွက် ဈေးအတွင်းမှ ကိုဘီ ဂျေးဆိုင်သို့ ထွက်ခဲ့သည်။ ကိုဘီဂျေးက ကျွန်ုပ်ကိုတွေ့သည်နှင့် ဆိုင် အတွင်းမှလှမ်းနှုတ်ဆက်သည်။

"ဆရာ ... လာဗျို့၊ ထိုင်ဦး။ အအေးသောက်မလား။ အပူ သောက်မလား"

"မသောက်တော့ဘူး ကိုဘီဂျေး၊ ဓာတ်ပုံတွေရပြီလား"

"ရပေါ့ဆရာရယ်၊ အဲဒီနေ့ကပဲ ကျွန်တော်ဈေးဝယ်ဖို့လည်း ရှိတာနဲ့ ဟိုဘက်ကမ်းကူးပြီး ချက်ချင်းကူးလိုက်တယ်။ ရိုက်တဲ့လူတော် လို့လား သရုပ်ဆောင်ချောလို့လားတော့မသိဘူး ဓာတ်ပုံတွေက အရမ်း ကောင်းတယ်ဆရာ။ ဘယ်ကလဲ၊ ဆရာတို့ ရန်ကုန်ကဧည့်သည်ပဲလား"

"ရန်ကုန်ကညွှန့်သည် မဟုတ်ပါဘူးဗျာ။ ချန်းဖန်းရွာက ပသျှူးမကလေးပါ။ ပြစမ်းပါဦး ဓာတ်ပုံတွေကို"

"ဒီမှာပါဆရာ၊ ဆရာမနောက်ပါနဲ့။ ကျွန်တော်တို့ ပသျှူးလူမျိုးထဲမှာ အမျိုးသမီးတွေ အသားဖြူကြပေမဲ့ မြန်မာဆန်ပြီးချောတာ မရှိပါဘူး"

"အင်း ... ခင်ဗျားလည်း မယုံဘူးကိုး။ သူက လူဝင်စားမလေးဗျ။ ပသျှူးမိဘနှစ်ပါးဆီမှာ မြန်မာမကလေးက ဝင်စားတာ၊ နာမည်က မေစံပယ်ဟန်တဲ့"

"အင်း ... ဆရာပြောလို့သာ ယုံရတော့မှာပဲ။ ကျွန်တော့်သူ့ကိုတွေ့ချင်လိုက်တာ ဆရာရယ်"

"တွေ့ချင်ရင်လည်း လွယ်ပါတယ်ဗျာ။ မေစံပယ်ဟန်က ကျွန်တော်နဲ့အတူ လာတာ။ အခု ဈေးဝယ်နေတယ်။ နောက် (၁၅) မိနစ်လောက်ကြာရင် သုံးရောင်ခြယ် လက်ဖက်ရည်ဆိုင်ကို လိုက်ခဲ့ပါ။ သူနဲ့ကျွန်တော် အဲဒီဆိုင်မှာ ချိန်းထားတယ်"

"လာမယ် ဆရာ၊ လာမယ်။ ဒီနေ့ ကျွန်တော် ဒကာခံပြီး ကျွေးမယ်"

"ကိုဘီဂျေး ဆန္ဒတွေပြင်းလှချည်လား။ ခင်ဗျား မရိုးမသားတော့ စိတ်မကူးနဲ့နော်"

"ကျွန်တော့်သဘောက ဖရိုးခံပါဆရာရယ်၊ ဓာတ်ပုံနဲ့အပြင်မှာ နှိုင်းယှဉ်ကြည့်ချင်လို့ပါ။ ပြီးတော့ ဆရာက မြန်မာလူဝင်စားမလေးလို့ပြောလိုက်တော့ ပိုစိတ်ဝင်စားသွားလို့ပါ"

ကျွန်ုပ် ဓာတ်ပုံများကိုကြည့်ရာ မေစံပယ်ဟန်မှာ ကိုဘီဂျေးပြောသလိုပင် ဖိုတိုဂျန်းနစ်ဖြစ်ပြီး ဓာတ်ပုံစားလှသည်။ ကျွန်ုပ် အကောင်း





ဆုံးဓာတ်ပုံတစ်ပုံနှင့် ခွေးနှစ်ကောင်ဖြင့် အတူရိုက်ထားသော ဓာတ်ပုံတစ်ပုံကိုရွေးပြီး ကျွန်ုပ်အသင့်ရေးလာသော စာအိတ်အတွင်းသို့ ထည့်လိုက်သည်။ ကွမ်းခြံကုန်းမြို့မှ ကျောင်းဆရာ ဦးခင်မောင်သန်းထံပို့ပြီး မေစံပယ်ဟန်၏ ယခင်ဘဝက မိဘများဖြင့် ဆယ်သွယ်ပေးရန်ဖြစ်သည်။ လူမှုရေးအကျိုးဆောင်လုပ်ငန်းများကို ကိုယ်ကျိုးစွန့်လုပ်တတ်သော ကျောင်းဆရာဦးခင်မောင်သန်းအကြောင်းကို ကျွန်ုပ်သိပါသည်။ လူဝင်စားကိစ္စကို သူအလွန်စိတ်ဝင်စားလိမ့်မည်။

ကိုဘီဂျေးဆိုင်တွင် စခန်းရိက္ခာစိုသွင်းရန်အတွက် လိုအပ်သော ငါးသေတ္တာ၊ ကြက်ဥ၊ ဘဲဥများကို မှာသည်။ စခန်းသို့ ချန်းဖန်းရွာ ကားကြုံနှင့်ပို့ပေးရန် ဖြစ်သည်။ ကိုဘီဂျေးဆိုင်က ကျွန်ုပ်တို့ဆီအုန်းခေန်းများအတွက် ဖောက်သည်ဆိုင်လည်း ဖြစ်သည်။ ဈေးမှန်သည်။ အကြွေးလည်းရသည်။

ကျွန်ုပ်ဓာတ်ပုံပါသည့်စာအိတ်အား ဘဏ်ရှေ့စာတိုက်ပုံအတွင်းသို့သွားထည့်ပြီး လိုအပ်သောအသုံးအဆောင်ပစ္စည်းအချို့အား ဈေးအတွင်းမြန်ဝင်၍ဝယ်ပြီးနောက် ဈေးအနောက်ဘက်တန်း ကမ်းစပ်ပေါ်တွင်ဆောက်လုပ်ထားသည့် သုံးရောင်ခြယ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။ ကျွန်ုပ် လက်ဖက်ရည်မှာရင်း လိုအပ်သောပစ္စည်းများကို ထပ်မံဝယ်ယူရန် စဉ်းစားနေစဉ် မေစံပယ်ဟန်တစ်ယောက် ပစ္စည်းများတစ်ပွေ့တစ်ပိုက်ကြီးနှင့် လက်ဖက်ရည်ဆိုင်တွင်း ဝင်လာသည်။ သူမအနောက်ကလည်း ကိုဘီဂျေးက လိုက်လာသည်။

"လာ ... ညီမ ထိုင်၊ ဘာသောက်မှာလဲ။ ထမင်းချိန်တောင်နီးနေပြီ"

"ကိုဘီဂျေးလည်း လာဗျာ၊ ထိုင်"

"ညီမ၊ ဒါဈေးထဲက အစ်ကိုတို့ စခန်း ဖောက်သည်ဆိုင်က ကိုဘီရေးတဲ့။ ကိုဘီရေး၊ သူက ကျွန်တော်တို့ချန်းဖန်းရွာက မေစံပယ်ဟန်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ဓာတ်ပုံတွေကို ကျွန်တော် ကူးပေးတာပါ။ မေစံပယ်ဟန်က ဓာတ်ပုံထဲကထက် ပိုချောပါတယ်"

"ဓာတ်ပုံ၊ အစ်ကို ဘာဓာတ်ပုံလဲဟင်"

"ဩော် ... ဒီမှာပါ။ အစ်ကိုတို့စခန်းမှာ ညီမကို အစ်ကို ရိုက်ပေးခဲ့တဲ့ ဓာတ်ပုံတွေလေ။ အစ်ကိုက ဖလင်လိပ်ကို လူကြုံနဲ့ကြုံပို့ထားလို့ ကိုဘီရေးကကူးထားပြီး ဒီနေ့မှရတာ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်။ အစ်ကိုရေ သုံးရောင်ခြယ် လက်ဖက်ရည်ပဲ သောက်ကြတာပေါ့နော်။ ညီမသစ်သီး (၅)မျိုး (၂)ခု ဝယ်လာတယ်။ ကော့သောင်းမြို့က မြို့ဦးစေတီမှာလည်း မွန်းမလွဲခင် သစ်သီးဆွမ်းကပ်ချင်တယ် အစ်ကို"

ကိုဘီရေး အံ့သြနေသည်။ မရဲတရဲနှင့်တော့ မေးမြန်းလာသည်။

"မမေစံပယ်ဟန်က ပသျှူးမိဘတွေက ပေါက်ဖွားလာတာဆို။ ဘာဘာသာ ကိုးကွယ်ပါသလဲ"

"ပသျှူးလူမျိုးမိဘတွေက ပေါက်ဖွားလာပေမဲ့ ကျွန်မက လူဝင်စားပါ။ မြန်မာလူမျိုးလူဝင်စား။ ဒါကြောင့် ကျွန်မ အရင်ဘဝက အတိုင်း ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်ပါတယ်"

ကိုဘီရေးငြိမ်သွားသည်။ ပြီးမှ ...

"ကျွန်တော်က ဈေးထဲမှာကုန် စုံဆိုင်ဖွင့်ထားပါတယ်။ လို အပ်တဲ့ပစ္စည်းကို ချန်းဖန်းကားကြုံနဲ့ မှာလိုက်ပါ။ ကျွန်တော်ပို့ပေးပါမယ်။ ဟိုဘက်ကမ်းက ပစ္စည်းလည်း အစုံရပါတယ်"





"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ကြသည်။ ပြီးနောက် မွန်းမတည့်မီ သစ်သီးဆွမ်းကပ်ရန်အတွက် ကျွန်ုပ်တို့ ကိုဘီရေးနှင့်လမ်းခွဲပြီး ဆိုင်ကယ်ဖြင့် မြို့ဦးဘုရားပေါ်သို့ တက်ခဲ့ကြသည်။ အချိန်က နေ့လယ် (၁၁း၃၀)နာရီရှိချေပြီ။ မေစံပယ်ဟန်က အသင့်ဝယ်လာသော ပလတ်စတစ်လင်ပန်းကလေးထဲသို့ ပန်းသီး၊ ကီလိုမာလကာသီး၊ သီဟိုဠ်သီး၊ ရှောက်ချိုသီးနှင့် မင်းကွတ်သီးများကို ထည့်သည်။ ပြီးနောက် ရုပ်ပွားတော်ရှေ့ ပန်းတင်ခုံပေါ်သို့တင်သည်။ အမွှေးတိုင်၊ ဖယောင်းတိုင်လည်း ထွန်းညှိပူဇော်ပြီး ကျွန်ုပ်နှင့်အတူ ဘုရားကန်တော့သည်။ ကျွန်ုပ် ဘုရားဝတ်ပြုပြီးသော်လည်း သူမက ပုတီးစိပ်၊ တရားထိုင်နေပြန်သည်။

ကျွန်ုပ် စောင်းတန်းအတွင်း၌ထိုင်၍ ခေတ္တအနားယူနေစဉ် ဘုရားကိုပတ်၍ အသက် (၇၀)ကျော်ခန့် လူကြီးတစ်ဦး လမ်းလျှောက်လာပြီး ကျွန်ုပ်၏အနီးတွင်ထိုင်သည်။ ခေါင်းတွင်ပေါင်းထားသည့် ပန်းနုရောင်ပဝါကိုချွတ်ပြီး ချွေးသုတ်နေသည်။ နောက် နံဘေးတွင် လွယ်လာသည့် ရှမ်းလွယ်အိတ်ကြီးထဲမှ ဆေးပြင်းလိပ်တိုကိုထုတ်ပြီး မီးခြစ်ကို ရှာဖွေနေပြန်သည်။ ကျွန်ုပ်က မေစံပယ်ဟန်ဆီမီးပူဇော်၍ ကျွန်ုပ်မီးညှိပေးသော မီးခြစ်ကလေးက ကျွန်ုပ်အိတ်ထဲ အသင့်ရှိနေသဖြင့် ...

"အဘ ... မီးခြစ်ရှာတာလား။ ဒီမှာ အသင့်ရှိပါတယ်"

"အေးကွယ် လူကလေးရယ်၊ ကျေးဇူးတင်ပါတယ်ကွယ်"

ကျွန်ုပ် မီးခြစ်ပေးတော့ အဘက သူ၏ဆေးပြင်းလိပ်ကြီးကို မီးညှိ၍ အားရပါးရရှိုက်ဖွာသည်။ သုံးလေးခါဖွာပြီးမှ ...

"လူလေးတို့က ဘယ်ကလာပြီး ဘုရားဖူးကြတာလဲကွယ့်"

"ကျွန်တော်တို့က ချမ်းဖန်းရွာကပါ အဘ။ ကော့သောင်းန ထော့ မိုင် (၂၀)နီးနီးဝေးပါတယ်။ အဘကရော ဘယ်မြို့လာတာပါ ခင်ဗျာ"

"အဘကို လူကလေးက ဘယ်မြို့ကလဲမေးတော့ အဘဖြေ ခက်သကွယ့်။ အဘက ခြေသလုံးအိမ်တိုင်သမား၊ ဂန္ဓရီခရီးသည်ပ ကွယ်။ အခု မြွေတော်ကျွန်းစေတီမှာ (၇)ရက်အဓိဋ္ဌာန်ဝင်ပြီးလို့ ဒီဘက် ပြန်ကူးလာတာ။ ဒီမြို့ဦးစေတီတော်ပေါ်မှာ စတည်းချတယ်ဆိုပါတော့ ကွယ်"

"အဘ နေ့လယ်စာရော သုံးဆောင်ပြီးပြီလား"

"အင်း ... စားလည်းရတယ်၊ မစားလည်းရတယ်။ အစား အသောက်က အဓိကမဟုတ်ပါဘူးကွယ်။ အေးကွယ် လူကလေးပြော ပဲ (၇)ရက်စခန်းကထွက်မှ ဒီကနေ့ဆာသလိုလိုပဲ"

"အဘရယ် အသက်ကြီးပါပြီ။ အစာလည်းဆေး။ ဆေးလည်း အစာတဲ့။ အစာစားမှ သွေးလေလည်ပတ်မှုမှန်ကန်ပြီး ကျန်းမာရေး ကောင်းမှာပါ။ ဒီနေ့နေ့လယ်စာ ကျွန်တော်ဒါနပြုပါရစေခင်ဗျား"

"အိမ်း ... သာဓု သာဓု သာဓု"

"ဒါနဲ့လူကလေးက သောကြာသားမဟုတ်လားကွယ့်။ မင်း မှုထမ်းလည်း ဖြစ်လိမ့်မယ်။ မှန်းစမ်းပါဦး၊ လူကလေးလက်ကို။ ဩော် အနုပညာသမားလက်ကိုး။ လူကလေးဒီအလုပ်က မမြဲဘူးကွယ့်။ ခရီး မကြာခဏ သွားရတတ်တယ်။ အခု တောင်အရပ်ဆို၊ နောက်တစ်ခါ ထွက်ရင် မြောက်အရပ်ပဲ။ ခရီးသွားလာရသူအတွက် လူကလေး အဆောင်ကောင်းတစ်ခု ဆောင်ထားသင့်တယ်။ သောကြာသားဆိုတော့





သာကို ရွှေနဲ့ကွင်းဝတ်ပါ။ ဒါအဆောင်ကောင်းပဲ။ လူကလေးမှာရှိပါ တယ်"

ကျွန်ုပ် ယခုမှအမှတ်ရမိသည်။ စခန်းမှ ထောင်မှူးတစ်ယောက် ၏ မန္တလေးမှသူ့ဇနီးသည် ယူဆောင်လာသော မိုးကုတ်ကျောက်များ အနက် ကျွန်ုပ်ထံမှချေးထားသောငွေကို မဆပ်နိုင်သဖြင့် အစားပေး ထားသော ကျောက်ကလေးများထဲ၌ ဂေါ်ကြီးပါသော နီလာကျောက် တစ်လုံးပါလာသည်။ ကျွန်ုပ်လည်း ရွှေငွေ၊ လက်ဝတ်လက်စား ဝတ်ဆင် ရန် ဝါသနာမပါသဖြင့် ဘူးကလေးဖြင့်ထည့်ပြီးသိမ်းထားရာ ယခုလွယ် ထားသည့် အိတ်ကလေးထဲ၌ပင် အသင့်ပါလာသေးသည်။ ကျွန်ုပ်ထံ တွင် နီလာတစ်ပွင့်ရှိနေကြောင်း အဘဘယ်လိုသိသည်မသိပါ။ ကျွန်ုပ် အွန်မင်းစွာ အံ့ဩရတော့သည်။

"လူကလေး၊ အဲဒီကျောက်ကလေးကို အမြန်ဆုံးလက်စွပ် တွင်းဝတ်ပါ။ လူကလေးမှာ ရန်များတယ်။ ဒီနယ်မြေကလည်း အမြန်ဆုံး ပြောင်းရရင် အကောင်းဆုံးပဲ။ လူကလေးမှာ အသက်အန္တရာယ်ရှိနေ တယ်"

"ဟုတ်ကဲ့ပါ အဘ"

ထိုစဉ် မေစံပယ်ဟန် တရားထိုင်ရာမှထလာပြီး ကျွန်ုပ်အနား တွင် လာထိုင်သည်။ ထိုစဉ် အဘက ...

"ဩော် ... လူဝင်စားမကလေးလားကွယ့်။ ဘုရားပေါ်မှာ တရားထိုင်လိုက်တော့ စိတ်ရွှင်လန်းသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့ရောညပါ ရွတ်နိုင်သမျှရွတ် ကွယ့်။ သမီးဘဝအခြေအနေက လွယ်မယောင်နဲ့ခက်။ ထိမ်မယောင်နဲ့

နက်နေတယ်။ သမီးနဲ့လူကလေးနီးစပ်နေတာကို မနာလိုသူတွေ ရှိ
ကွယ့်။ အသွားအလာဆင်ခြင်ပါ။ အရင်ဘဝဟောင်းက သမီးမိဘ
နဲ့မကြာခင် ပြန်ဆုံကြရလိမ့်မယ်။ လူကလေးက ဦးဆောင်ပါလိမ့်မယ်
လိုရမည်ရ ဒီကိုယ်ပျောက်ဂါထာကလေးကို မှတ်ထားကွယ့်။ အန္တရာ
ဘေးက ကင်းဝေးလိမ့်မယ်''

"ဟုတ်ကဲ့ အဘ''

**"ကိုယ်ပျောက်ဂါထာ''**

**ဘဝေဝါဟံ ဘယံဒီသွာ၊**

**ဘဝဋ္ဌ ဝိဘဝေသိနံ့**

**ဘဝံနာဘိ ဝဒ်ကိစ္စ**

**နန္ဒီဍ္ဍနံ ဥပါဒိယံ။**

ကျွန်ုပ်တွင် အသင့်ပါလာသော မှတ်စုစာအုပ်ကလေးထဲတွ
ကူးယူလိုက်ပါသည်။

"ကဲ ... အဘ ကျေးဇူးတင်ပါတယ်။ နေ့လယ်စာစားကြ
အောင်။ တောင်အောက်က ဦးကျော်ဆိုင်ကိုကြွပါအဘ''

"အိမ်း ... အိမ်း ... ကောင်းလေစွ။ အဘကို ထမင်းတ
နပ်လှူဒါန်းကျွေးမွေးတဲ့အတွက် သားတို့သမီးတို့ လိုတိုင်းတ၊ တတိုင်
ရပါစေ။ အဘနာမည် 'ဘိုးရွှေမွန်း'တဲ့ မှတ်ထားကြပါ။ အဘကလည်
သားတို့သမီးတို့ကို အမြဲတမ်းမေတ္တာပို့နေပါ့မယ်။ ကဲ ... သွားကြ
စို့''

ကျွန်ုပ်တို့လည်း အဘပါလာသဖြင့် တောင်အောက်သို့ ဆို
ကယ်ကိုတွန်းပြီး ပြန်ဆင်းခဲ့ကြသည်။

ဦးကျော်ဆိုင်ရောက်သည်နှင့် ကျွန်ုပ်က ခေါက်ဆွဲကြော်သုံး





မှာသည်။ ဦးကျော်ဆိုင်က ဝက်သားခေါက်ဆွဲကြော် အလွန်ကောင်းသည်။
ထိုစဉ် အဘက ...

"လူကလေး အဘက အသားမစားဘူး။ သက်သတ်လွတ်
မှာပေးပါကွယ်''

"ရတယအဘ၊ ကျွန်တော်လုပ်ပေးမယ်''

ဦးကျော်က ဝင်ပြောလာသည်။

ထိုစဉ် ကျွန်ုပ် မေစံပယ်ဟန်၏ ဝယ်လာသောပစ္စည်းထုပ်ကို
ကြည့်မိသည်။

"ပစ္စည်းတွေက များလှချည်လား ညီမရဲ့''

"အဖေ့အတွက် မိုးကာဂျာကင်ရယ်၊ အမေ့အတွက်ထီးနဲ့ဖိနပ်၊
နောက်ပြီး အစ်ကို့အတွက် MALE ဝိုင့်ရှပ်နဲ့ HARA JEAN PANT။
ကျန်တာတွေက ညီမပစ္စည်းတွေပါ။ အစ်ကိုတို့အိမ်က ဘုရားဖို့လည်း
သစ်သီးငါးမျိုး ဝယ်လာပါသေးတယ်''

အဘကတော့ ဦးကျော်၏ သပ်ရပ်စွာပြင်ဆင်ထားသော ဆိုင်
ခန်းကို လှည့်ပတ်ကြည့်ရှုပြီး ကျွန်ုပ်ကိုပြောလာသည်။

"ဆိုင်ခန်းက ကောင်းတယ်။ နေရာလည်းကောင်းတယ်။ ဒါပေမဲ့
အဆောင်အယောင်မရှိတော့ ဆိုင်က 'အ'နေတယ်''

ထိုစဉ် ခေါက်ဆွဲကြော်များ လာချပေးသော ဦးကျော်က ...

"လိုအပ်တာများရှိရင် ညွှန်ကြားပေးပါ အဘရယ်။ ဒီနားမှာ
ဆိုင်တွေကပေါတော့ မိတ်ဟောင်းဆွေဟောင်းပဲလာတယ်။ ရောင်းမ
ကောင်းပါဘူးအဘရဲ့''

အဘက သူ၏လွယ်အိတ်ကြီးထဲ လက်နှိုက်၍ ရှာဖွေနေပြန်
သည်။ ကျွန်ုပ်က ...

"အဘ ဒီမှာမီးခြစ်လေ"

"မဟုတ်ဘူးကွယ့်၊ ဒီကမောင်ကျော်ကို ပေးဖို့အဆောင်ကောင်း ရှာနေတာ၊ ဟော . . . တွေ့ပြီ၊ တွေ့ပြီ"

သတင်းစာစက္ကူဖြင့်ထုပ်ထားသော ရွှေချထားသည့် နွယ်ကွင်း ကလေးတစ်ခုကို ထုတ်လာသည်။

"ရော့ကွယ့် . . . မောင်ကျော်၊ ဒီနွယ်ကွင်းကလေးကို အ‌ေ အပေါက်ဝအပေါ်မှာချိတ်ထား။ အရောင်းအဝယ် တက်လာလိမ့်မ ကွဲ့"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်ုပ်တို့စားသောက်ပြီးတော့ ကျွန်ုပ်နှင့် မေစံပယ်ဟန်တို့ အဘအားကန်တော့၍ လမ်းခရီးစရိတ်ငွေ (၁၀၀၀)ကျပ် လှူလိုက်သည ထိုစဉ်က အငွေ (၁၀၀၀)ကျပ်မှာ မနည်းလှပါ။ ကျွန်ုပ်တို့ရရှိသေ တစ်လစာခန့်ရှိသည်။

"အိမ်း . . . အိမ်း . . . သားနဲ့သမီးတို့ စိတ်သွားတိုင်းကို ပါ၊ လိုရာဆန္ဒနဲ့ ပြည့်စုံကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေအဘရယ်"

"ဦးကျော် . . . ငွေရှင်းရအောင်။ ဘယ်လောက်ကျသလဲ"

"ဟဲ . . . ဟဲ . . . ဒီနေ့တော့ ကျွန်တော်ကလည်း အဘ ဆရာထောင်မှူးတို့ကို ဂါရဝပြုတာပါ။ မပေးပါနဲ့"

"အိမ်း . . . အိမ်း . . . ငါ့သားကြီးမောင်ကျော်လည်း ဒီန ကစပြီး အရောင်းအဝယ်ကောင်းပါစေကွယ်။ သာဓု သာဓု သာဓု"

"ကဲ . . . သားတို့သမီးတို့လည်း ပြန်ကြပေရော့။ အဘ လည်း ဘုရားပေါ်ပြန်တက်မယ်။ ဘေးဘယာဝေးကွာကြပါစေ။ လူ





လေး အဘပြောတဲ့လက်စွပ်ကို အမြန်ဆုံးလုပ်ပြီး ဝတ်ဆင်ပါ၊ အဘ သွားပြီ"

"ဟုတ်ကဲ့အဘ"

"ကဲ . . . ဦးကျော်၊ ကျွန်တော်တို့လည်း ပြန်ဦးမယ်။ နောက် နှစ်ရက်သုံးရက်ကြရင် ကျွန်တော်ပြန်လာမယ်"

"ဟုတ် . . . ဆရာ"

ကျွန်ုပ်တို့ HONDA ဆိုင်ကယ်ကလေးဖြင့် ဈေးလမ်းကိုပတ် ပြီး ပြန်လာကြသည်။ မူလအစီအစဉ်က အပြန်လမ်းတွင်မှ (၇)မိုင် ရှိဆိုင်တွင် မြန်မာထမင်းဝင်စားရန် ဖြစ်သည်။ အဘကိုကျွေးလို၍ ဦးကျော်ဆိုင်တွင် ခေါက်ဆွဲစားကြခြင်းဖြစ်သည်။ မေစံပယ်ဟန်ကတော့ အဘအကြောင်းကို တစ်လမ်းလုံးမေးလာသည်။ လမ်းတွင် ဆေးရုံကွေ့ မြန်မာပန်းထိမ်ဆိုင်သို့ ကျွန်ုပ်ခေတ္တဝင်ထိုင်သည်။ အဘမှာလိုက်သည့် အတိုင်း ရွှေတစ်မတ်သားနှင့် နီလာလက်စွပ်ကလေးလုပ်ရန် အပ်သည်။ ခန့်မှန်းထားသည့်အတိုင်း (၃)ရက်အကြာတွင်ရမည်ဟု ပန်းထိမ်ဆရာ က ချိန်းလိုက်သည်။

❑

ကျွန်ုပ်တို့ ပါဆယ်ပါညနံးစခန်းပြန်ရောက်တော့ ညနေ(၄)နာ ထိုးပြီ။ ထောင်ပိုင်ကြီးအား ဝင်သတင်းပို့၍ မေစံပယ်ဟာန်၏ဆိုင်ကာ ကလေးအားဝင်ယူပြီး ကျွန်ုပ်တို့ အတွင်းလမ်းအတိုင်း ချန်းဖန်းရွာ ပြန်ခဲ့ကြသည်။ မေစံပယ်ဟာန်က ကျွန်ုပ်ကိုလက်ဆောင်များပေးသ ကျွန်ုပ်ကလည်း ရောင်စုံဓာတ်ပုံလက်ဆောင်များ ပြန်ပေးခဲ့သည်။ ကျွ မေစံပယ်ဟာန်ကိစ္စအတွက် ကွမ်းခြံကုန်းသို့ စာရေးဆက်သွယ်ပြီး ဓာ ပုံများပို့လိုက်ခြင်းကို မပြောရသေးပါ။

နောက်တစ်နေ့မနက်တွင် မေစံပယ်ဟာန်က စခန်းသို့စော စွာရောက်လာပြီး "သစ်သီးဝါးမျိုး ဆွမ်းတော်ကပ်သည်။ ဘုရားဝတ်ပြ





ဂုတီးစိပ်၊ တရားထိုင်သည်။ ပြီးနောက် ကျွန်ုပ်နှင့်အတူ မနက်စာစား ကြသည်။

"ညီမလေးမိဘတွေက မနေ့က အပြန်နောက်ကျတာ ဘာ ပြောသေးသလဲ"

"မပြောပါဘူး အစ်ကို။ အစ်ကိုရိုက်ပေးတဲ့ ဓာတ်ပုံတွေကို တော့ သဘောကျနေကြတယ်။ အစ်ကိုမနေ့က ဘုရားပေါ်မှာ ဘာလို့ ဓာတ်ပုံမရိုက်တာလဲ"

"အဘနဲ့တွေ့တော့ မေ့သွားလို့ပါကွယ်။ နောက်တစ်ခါမှ ရိုက် ပေးပါ့မယ်"

"အစ်ကို့လက်စွပ်သွားရွေးရင် ညီမကိုခေါ်ဦးမှာလား။ ညီမ လိုက်ချင်တယ်"

"ညီမမိဘတွေခွင့်ပြုရင် ခေါ်ပါ့မယ်ကွယ်။ ဒါနဲ့အဘပေးခဲ့ တဲ့ ဒီကိုယ်ပျောက်ဂါထာကလေးကို ညီမလည်း အလွတ်ရအောင် ကျက် ပါ။ အစ်ကိုတော့ မနေ့ညကတည်းက အလွတ်ရသွားပြီ"

"ဟုတ်ကဲ့ အစ်ကို။ ဒါနဲ့ ဒီဂါထာက ဘယ်လိုစွမ်းသလဲဟင်"

"ကိုယ်ပျောက်ဂါထာဆိုတော့ စွမ်းလို့ပေါ့ကွယ်။ ကိုယ့်ကို ရန်မူ လာမယ့်လူတွေနဲ့တွေ့ရင် ကိုယ်တို့ကိုရှာမရဘဲ ပျောက်ကွယ်နေအောင် နတ်တွေက ဝှက်ပေးထားမှာပေါ့။ အန္တရာယ်ကင်းတာပေါ့ကွယ်"

"ဟုတ်ကဲ့ အစ်ကို။ ညီမ အမြန်ဆုံးရအောင် ကျက်ပါ့မယ်"

မေစံပယ်ဟာန်က နေ့စဉ် ကျွန်ုပ်တို့ရုံးအိမ်ကြီးသို့လာပြီး ဘုရားဝတ်ပြုသော်လည်း နောက်နှစ်ရက်အကြာတွင် သူမတစ်ယောက် တည်း ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာသည်။

"ညီမ စောလှချည်လား"

"ဘုရားဝတ်ပြု မနက်စာစားပြီး ကော့သောင်းဆင်းမှာ မဟုတ် လားအစ်ကို။ ဒါကြောင့် စောစောလာတာ"

"ညီမကို ဘယ်သူက ကော့သောင်းခေါ်မယ် ပြောလို့လဲ"

"အစ်ကိုမခေါ်လည်း လိုက်မှာပဲ။ ဒီနေ့မြို့ဦးဘုရားပေါ် မြေတော်ကျွန်းမှာ ညီမကိုဓာတ်ပုံရိုက်ပေးရမယ်နော် အစ်ကို"

"ဒါနဲ့ အရင်တုန်းက ညီမက ဓာတ်ပုံရိုက်ဝါသနာ မပါဘူး ဆို"

"အခု ဝါသနာပါသွားပြီ။ ဓာတ်ပုံဆရာကတော်လို့။ အစ် ညီမ ကိုယ်ပျောက်ဂါတာကို အလွတ်ရသွားပြီ။ ဒီမှာ ညီမဆိုပြမယ် အသံနေအသံထား မှန်မမှန် နားထောင်ပေးပါဦးနော် အစ်ကို"

**ဘဝေဝါဟံ ဘယံဒိသွာ၊**
**ဘဝဉ္စ ဝိဘဝေသိနံ**
**ဘဝံနာဘိ ဝဒိံကိဉ္စိ**
**နန္ဒိဉ္စန ဥပါဒိယိံ။**

"မှန်ပါတယ်၊ ညီမကတော်ပါပေတယ်။ ပါတ်ဆင့်ပါတ်သာ ပါဠိလို အသံနေအသံထားမှန်သားပဲ။ ညမနက်နေ့တိုင်းရွတ်။ အခု ခရီးသွားရမယ့်ရက်မှာ ပိုရွတ်ပါ။ အဘမှာထားတဲ့ သမ္ဗုဒ္ဓေဂါထာတော် ကြီးကိုလည်း ရွတ်နိုင်သမျှရွတ်ပါ။ ကဲ ... ဘုရားဝတ်ပြုကြရအောင် စောစောသွား၊ စောစောပြန်ကြရတာပေါ့နော်"

ယခင်နေ့များက ကျွန်ုပ်က အရင်စောစီးစွာ ဘုရားဝတ်ပြု ပြီး နောက်မှ မေစံပယ်ဟန်ကရောက်လာပြီး ဘုရားဝတ်ပြုတတ်သည်။ ယနေ့တော့ မေစံပယ်ဟန် စော၍ရောက်လာသဖြင့် သစ်သီးဝါးမျိုး ဆွမ်းတော်ကပ်ပြီး ဘုရားအတူဝတ်ပြု၊ ပုတီးစိပ်၍ တရားထိုင်ကြသည်။





(၁)နာရီခန့်ကြာမှ အောက်ထပ်ဆင်း၍ မနက်စာစားကြသည်။

"အစ်ကို ဘိုနီနဲ့ဘိုဖြူ ခွေးညီနောင် ဘယ်ရောက်သွားသလဲ"

"သူတို့ ဒီနေ့ရွှေတန်းမှာ အလုပ်ဆင်းကြတယ်။ ညီမရောက်လာတော့ ကပ်နေမှာစိုးလို့ အစ်ကိုတို့ဘုရားဝတ်ပြုနေတုန်း တပ်ကြပ်ကြီးက ခေါ်သွားတာ"

"သြော် ... ဒါကြောင့် မမြင်ရတာကိုး။ သူတို့အတွက်လည်း တစ်နေ့ ညီမဟင်းချက်ပြီး အဝကျွေးဦးမယ်"

"ဒီကောင်တွေက နေ့စဉ် ကောင်းကောင်းစားရပါတယ် ညီမရယ်။ အပိုတွေ မလုပ်ပါနဲ့"

"မဟုတ်သေးဘူး အစ်ကို၊ ညီမက သူတို့နှစ်ကောင် အရိုးအရင်းနဲ့မဟုတ်ဘဲ ဟင်းကောင်းကောင်းနဲ့ တဝကြီးစားတာကို ကြည့်ချင်တာ"

"အေး ... အေး ... တစ်ရက်ကျွေးကြတာပေါ့။ ကဲ ... အချိန်ကလေးရှိတုန်း စောစောသွားကြရအောင် ညီမရေ"

မေစံပယ်ဟန်၏ဆိုင်ကယ်ကို ရုံးခန်းအတွင်း သွင်းထားခဲ့ပြီး ကျွန်ုပ်၏ဆိုင်ကယ်ဖြင့် ထွက်ခဲ့ကြပါသည်။ ဆီအုန်းခြံ အတွင်းလမ်းမှပဲဖြစ်သည်။ ဆေးရုံကိုကျော်၊ သချိုင်းကုန်းချောင်းကူးတံတားကို ဖြတ်၍ ချုန်းဖန်းလမ်းမကြီးပေါ်သို့ ရောက်သည်။ ယနေ့ ပါဆည်ပါညန်း စခန်းသို့ မဝင်တော့ဘဲ ဆီအုန်းခြံကြီးအားဖြတ်၍ ခပ်သုတ်သုတ်ပင် စီးလာခဲ့သည်။ (၁၀)မိုင်ရွာတွင်ပင် မနားတော့ပါ။ ကစ္စရာလမ်းပေါ် ရောက်တော့လည်း ခပ်သွက်သွက်စီးလာခဲ့သည်။ (၃)မိုင်ကုန်းဆင်း ထားဝယ်မကြီးဆိုင်ရှေ့ရောက်တော့ ကျွန်ုပ် ဆိုင်ကယ်ကိုအရှိန်လျှော့

ပြီး ခေတ္တရပ်သည်။

"လာ ... ညီမ၊ အအေးကလေးဘာလေး သောက်ရအောင် ဒီဆိုင်က အစ်ကိုတို့အသိဆိုင်"

"ဟုတ်ကဲ့ အစ်ကို"

ဆိုင်တွင်းရောက်သည်နှင့် ထားဝယ်မကြီး ဒေါ်တင်တင်ထွ လာပြီး ...

"ကိုယ်တော်ကလေး ဘာစားမှာလဲ၊ ဘာသောက်မှာလဲ။ ကေ သောင်းကိုလာလာပြီး တိတ်တိတ်ကလေး ပြန်ပြန်သွားတာ သိနေ တယ်နော်"

"အစ်မကြီးရယ် အခုတလော ကျွန်တော်က တာဝန်နဲ့အချိ ကိုလုပြီး သွားပြန်နေရလို့ပါ။ ဒီနေ့ အချိန်ရပါတယ်။ ဘာကျွေးမှာလဲ"

"စားချင်ရာစား၊ သောက်ချင်ရာသောက်၊ ဘာမှုလာမပြေ နဲ့။ မင်းစိတ်ကြိုက် လုပ်ချင်ရာလုပ်ပါ မောင်လေးရယ်"

"ကဲ ... ဒါဆို CoCaCoLa အအေးနှစ်ပုလင်းပေးဗျာ။ မေ လာလို့ပါ။ ဒါနဲ့ညီမတွေရော ဘယ်သွားကြသလဲ။ ပြီးခဲ့တဲ့လက ရိုက် ပေးခဲ့တဲ့ ဓာတ်ပုံတွေကိုလည်း ကြိုက်ကြရဲ့လား"

"ကြိုက်လွန်းလို့ မင်းကိုမျှော်နေတာ။ မင်းညီမတွေ ကေ သောင်းကို ခဏသွားကြတယ်။ သူတို့မြေတော်ကျွန်းမှာ ဓာတ်ပုံရိုက် ချင်လို့တဲ့လေ"

"အင်း ... အတော်ပါပဲ။ ဒီနေ့အချိန်ရပါတယ်။ ဒီက ကျွန် တော့်ညီသည်ကလည်း မြေတော်ကျွန်းမှာ ဓာတ်ပုံရိုက်ဖို့ ချန်းပန်းက နေလိုက်လာတာ။ ဒီက ညီမနာမည်က မေစံပယ်ဟန်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ညီမရေ။ အစ်မကြီးတို့နဲ့တော့





ဒီက ဦးသိန်းဝင်းက မောင်နှမတွေကိုနေကြတာ။ အစ်မကြီးတို့ဆိုင်က သူ့ရဲ့ စားအိမ်၊ သောက်အိမ်ပေါ့။ အစ်မကြီးတို့မိသားစုက စခန်းက ရဲဘက်တွေကို အလှူသွားလုပ်ကြရင်း ခင်ကြရတာ။ ဦးကျော်ရှိန်ဆိုတဲ့ ထောင်မှူးကြီးတစ်ယောက်လည်း ရှိသေးတယ်။ သူကတော့ မကြာခဏ လာပါတယ်"

ကျွန်ုပ်တို့အအေးသောက်ရင်း စကားပြောနေကြစဉ် အစ်မ ကြီး၏သမီးများ ဆိုင်ကယ်ကိုယ်စီဖြင့် ပစ္စည်းများသယ်ဆောင်ကာ ပြန် လာကြသည်။

"ဟော ... မေစီနဲ့မေရီတောင် ပြန်လာကြပြီ။ သမီးတို့ရေ ဒီမှာညည်းတို့အစ်ကို ထောင်မှူးကြီးဓာတ်ပုံဆရာ ရောက်နေတယ်ဟေ့"

"ဟော ... အစ်ကိုရောက်နေတယ်၊ အတော်ပဲ။ ညီမတို့ မြေတော်ကျွန်းမှာ ဓာတ်ပုံသွားရိုက်ချင်လို့ မေမေမပြောဘူးလား"

"ပြောပါဗျာ။ ဒါကြောင့် စောင့်နေတာပါ"

"ဟော့ ... ဒါမှ တို့ကိုကိုကွ။ အစ်ကို နေ့လယ်စာ ဒီမှာစား ရမယ်နော်"

"အဲဒါကတော့ အချိန်ရမှာမဟုတ်ဘူး။ ကြုံရာစားကြတာပေါ့ ကွာ"

"မရဘူး၊ မရဘူး။ ဒီမှာပဲစားရမယ်။ မေမေအစ်ကိုကြိုက်တဲ့ ဟင်းတွေ အဆင်သင့်လုပ်ထားနော်"

"အေးပါ ... သမီးတို့ရယ်၊ မေမေသိပါတယ်။ နေ့လယ်ကျ ရင်သာ ညည်းတို့အစ်ကိုကိုပါအောင် ခေါ်ခဲ့ပါ။ အမေအသင့်ချက်ထား ပါ့မယ်"

ညီအစ်မနှစ်ယောက်ကဲ့နေ၍ မေစံပယ်ဟန်က မျက်နှာပျော်

ပြီး နှုတ်ဆိတ်ရှုနေသည်။

"ဩော် ... အစ်ကို ညည်သည်လည်းပါလာတာကိုး။ ရန်ကုန်က ထင်ပါရဲ့"

"အင်း ... အစ်ကို့ညည်သည် မေစံပယ်ဟန်က အရင်ဘဝကတော့ ရန်ကုန်သူပါပဲ။ အခုတော့ ချန်းဖန်းရွာသူဖြစ်နေပြီ"

"ငါ့မောင် ဘယ်လိုပြောလိုက်တာလဲ။ လူဝင်စားလို့ ပြောချင်တာလား"

"ဟုတ်တယ် အစ်မကြီး။ မေစံပယ်ဟန်က လူဝင်စားအစစ်ပဲ။ အရင်ဘဝကိုလည်း အသေအချာမှတ်မိနေတယ်။ အစ်မကြီးတော့ မှတ်မိနေမှာပါ။ လွန်ခဲ့တဲ့အနှစ် (၂၀)လောက်က ပုလောပုလိုင်းနားမှာ စက်လှေမှောက်လို့ ခရီးသည် (၂၀)ကျော် ရေနစ်သေဆုံးသွားကြတာလေ။ အဲဒီထဲမှာ မေစံပယ်ဟန်လည်း ပါသွားတယ်"

"ဩော် ... ဟုတ်သလား။ အစ်မကြီး မှတ်မိပါတယ်။ အဲဒီတုန်းက အစ်မကြီးတောင် (၁၀)ကျော်သက် အပျိုပေါက်ပဲ ရှိသေးတာ။ ဩော် ... ဒါနဲ့ညီမလေးက ရန်ကုန်ဘယ်ရပ်ကွက်ကလဲ"

"ညီမက ရန်ကုန်တိုင်း။ ကွမ်းခြံကုန်းမြို့ကပါ အစ်မကြီး။ စက်လှေမှောက်စဉ်တုန်းက ညီမအသက် (၁၈)နှစ်ပဲ ရှိပါသေးတယ်၊ ပထမနှစ်တက္ကသိုလ်ကျောင်းသူပါရှင်"

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်။ စက်လှေမှောက်တဲ့သတင်းက အစ်မကြီးတို့ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့တွေမှာ ဟိုးဟိုးကျော်သွားတာဘဲ။ ညီမလေးက အကုန်မှတ်မိနေတယ်နော်"

"ဟုတ်ကဲ့ပါ အစ်မကြီး"

"ဒါဆို အရင်ဘဝဟောင်းက မိဘတွေနဲ့ပြန်မဆက်သွယ်ဘူး





လား"

"ကျွန်တော်ကြိုးစားပြီး ဆက်သွယ်ထားပါတယ် အစ်မကြီး။ မကြာခင် အဖြေသိရမှာပါ"

"ဘဝဟောင်းက မိဘတွေသိကြရင် အလွန်ဝမ်းသာကြမှာပါ။ ငါ့မောင်က အကျိုးဆောင်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ အစ်မကြီး။ ကျွန်တော်လည်း ကွမ်းခြံကုန်းမြို့ကိုရောက်ဖူးတော့ မေစံပယ်ဟန်တို့အိမ်ကိုလည်း သိနေပါတယ်။ သူတို့ဆရာ ဦးခင်မောင်သန်းက ကျွန်တော့်မိတ်ဆွေဆိုတော့ ဆရာဦးခင်မောင်သန်းကို ကျွန်တော် စာရေးဆက်သွယ်ထားပါတယ်။ မကြာခင် အကြောင်းပြန်လာမှာပါ"

"ကဲ ... ညီမတို့ ပြင်ကြဆင်ကြတော့။ နေမြင့်သွားရင် ဓာတ်ပုံရိုက်လို့ မကောင်းတော့ဘူး"

"ဟုတ်ကဲ့ အစ်ကို"

(၁၅)မိနစ်ခန့်အကြာတွင် ကျွန်ုပ်တို့ ဆိုင်ကယ်(၂)စီးဖြင့် ထွက်လာကြသည်။ ပထမ ကျွန်ုပ် ဆေးရုံအနီး ပန်းထိမ်ဆိုင်မှ နီလာလက်စွပ်ကိုဝင်ရွေးပြီး ဝတ်ဆင်လိုက်သည်။ ဒုတိယ ဆိုင်ကယ်များအား ကမ်းနားဆင်းတံတားထိပ်တွင်အပ်နှံပြီး လှေဆိပ်ဆင်းခဲ့ကြသည်။ စက်လှေငှားပြီး ကျွန်းများအားပတ်သည်။ ကျွန်ုပ် ညီအစ်မများအား လှေပေါ်တွင် ဓာတ်ပုံများရိုက်ပေးသည်။ ပြီးနောက် မြွေတော်ကျွန်းပေါ်တက်၍ ဓာတ်ပုံများရိုက်ကြပြန်သည်။ ကျွန်ုပ် ယခင်အပတ်က တွေ့ဆုံခဲ့သောအဘဦးရွှေမှန်းကို ရှာကြည့်မိသေးသည်။ မတွေ့ရပါ။ မြွေတော်ကျွန်းမှာ ရေလယ်၌ရှိပြီး သစ်ပင်အုပ်အုပ်နှင့် အလွန်သာယာသည်။ တစ်ဖက်တွင် ပါချန်မြစ်နှင့် ရနောင်းမြို့ကြီးကို မိုးမျှော်အဆောက်အအုံများဖြင့်

ညို့ညို့မှိုင်းမှိုင်း မြင်နေရသည်။ ဤမှာဘက်တွင်မတော့ တောင်ကုန်းပေါ်၌ အဆင့်ဆင့်ဆောက်လုပ်ထားသော မြို့ဦးဘုရားနှင့် သွပ်မိုးဆေးရောင်စုံသုတ်ထားသည့် ကော့သောင်းမြို့အား မြင်နေရသည်။ ကျွန်ုပ်တို့ ညီအစ်မ (၃)ယောက်အားတွဲ၍လည်းကောင်း၊ ခွဲ၍လည်းကောင်း ကော့သောင်းမြို့နောက်ခံဖြင့် ဓာတ်ပုံများရိုက်ပေးသည်။ ကမ်းစပ်မြွေဘုရားနောက်ခံ၍လည်း ရိုက်ပေးသည်။ သူတို့အားရမှ ကော့သောင်းဆိပ်ကမ်းသို့စက်လှေစီးပြီး ပြန်လာကြသည်။

"အစ်ကို ရနှောင်းဘက်ကို နေ့လယ်စာသွားစားမလား။ ညီမှာ ဘတ်ငွေတွေရှိပါတယ်"

"ညီမလေး မေစီ၊ အစ်ကိုတို့က အစိုးရဝန်ထမ်းတွေလေ၊ တစ်ဖက်နိုင်ငံကိုမသွားဖို့ အမိန့်ထုတ်ထားတယ်"

"ညီမလေးပျော်လို့ပါအစ်ကို။ ညီမတို့က အရပ်သူဆိုတော့ မကြာခဏရောက်တယ်။ ဟိုဘက်မှာဈေးဝယ်ရတာ အရမ်းကောင်းတာပဲ။ လိုချင်တာရတယ်။ ဘတ်ငွေနဲ့ဝယ်ရင် ဈေးလည်းအလွန်ချိုတယ်"

"ကဲ ... ကဲ ... အစ်မကြီးဒေါ်တင်တင်က နေ့လယ်စာစားဖို့ မျှော်နေလိမ့်မယ်။ ဦးကျော်ဆိုင်မှာ အအေးဝင်သောက်မယ်။ ပြီးတော့ မြို့ဦးဘုရားကိုဝင်ဖူးပြီး ပြန်ကြမယ်။ ဘုရားပေါ်မှာလည်း ဓာတ်ပုံရိုက်လို့ ရပါသေးတယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

ညီအစ်မသုံးဦး တစ်သံတည်းထွက်လာသည်။ ဘုရားအလှူဖူးကြ၍ ရင်းနှီးခင်မင်သွားကြပြီလည်း ဖြစ်သည်။ ကျွန်ုပ်တို့ကမ်းပေါ်တက် ဆိုင်ကယ်များယူပြီး ဦးကျော်ဆိုင်ဘက်သို့ ထွက်ခဲ့ကြသည်။ နေ့လယ်စာစားချိန်ဖြစ်၍လားမသိ ဦးကျော်ဆိုင်တွင် လူပြည့်နေသည်။





ဦးကျော်က စားပွဲအသစ်ခင်းပေးပြီး ...

"ဆရာထောင်မှူးတို့ လာကြဗျို့။ ဘာစားမှာလဲ၊ မြင်တဲ့အတိုင်းပဲဗျို့။ အဘပေးသွားတဲ့အဆောင်က အရမ်းစွမ်းတာပဲ။ ဆိုင်ထဲမှာလူပြတ်တယ်ကို မရှိဘူး။ အရမ်းရောင်းကောင်းတာပဲ"

"ဝမ်းသာပါတယ် ဦးကျော်ရယ်။ ဒါနဲ့အဘကို ထပ်တွေ့သေးသလားဗျ"

"မတွေ့တော့ဘူး ဆရာရေ။ ဂန္ဓာရီအဘ ဘယ်ကြွသွားသလဲ မသိဘူး။ ကျွန်တော်အဘကို ကျေးဇူးတင်လွန်းလို့ မြို့ဦးဘုရားပေါ်သွားကြည့်တာ နှစ်ခါ၊ သုံးခါရှိပြီ။ ရှာမတွေ့တော့ဘူးဗျ။ ကဲ ... ဆရာကို ကျေးဇူးတင်လွန်းလို့ နေ့လယ်စာကျွေးပါရစေ။ စားချင်တာမှာပါ"

"ကျွန်တော်တို့ မစားတော့ဘူး ဦးကျော်။ အပြန်ကျမှ (၃)မိုင်က ဒေါ်တင်တင်ဆိုင်မှာစားရမှာ၊ Booking လုပ်လာခဲ့ပြီ။ အခုတော့ CoCaCoLa အအေးပဲပေးဗျာ"

"ရတယ်ဆရာ၊ ခဏလေးပဲ စောင့်ပါ"

ထိုစဉ် မေစံပယ်ဟန်က ...

"အစ်ကို အဘမပြန်သေးပါဘူး။ ဘုရားပေါ်မှာ ရှိနေမှာပါ။ အဘအတွက် သက်သတ်လွတ်ခေါက်ဆွဲကြော် တစ်ထုပ်လောက်ဝယ်သွားရအောင်"

"အေး ... အေး ... ညီမ၊ အဘကိုမတွေ့ရရင်လည်း အဘကိုရည်မှန်းပြီး ဘုရားပေါ်မှာ လှူဒါန်းခဲ့တာပေါ့ကွယ်။ ကောင်းပါတယ်"

"ဦးကျော်က အအေးဘူးများ ကိုယ်တိုင်လာချသည်နှင့် ကျွန်ုပ်က ဦးကျော်အား အဘအတွက် သက်သတ်လွတ် ခေါက်ဆွဲကြော်တစ်ထုပ် မှာပြန်သည်။

"ရေတာ့ဆရာ၊ ကျွန်တော်ကိုယ်တိုင်ကြော်ပြီး အဘအတွက် ချည်မှန်ပြီး လှူပါ့မယ်။ ခဏစောင့်ဆရာ"

ကျွန်ုပ်တို့အအေးသောက်ပြီးသည်နှင့် ဦးကျော်က သက်သတ်လွတ်ခေါက်ဆွဲထုပ်အပြင် အအေးဘူးများနှင့် ဘီစကစ်မုန့်ပုံးတစ်ခုကိုလည်း ယူလာပေးသည်။

"ဆရာ ... ဒါတွေဟာ အဘအတွက်ရည်မှန်းပြီး ကျွန်ုပ်ကန်တော့တာပဲ။ အဘကိုတွေ့ရင်လည်း ဒီကမပြန်မချင်း ကျွန်တော်ဆိုင်က အစားအသောက်တွေ ပို့ပေးပါရစေလို့လည်း တောင်းပန်ခဲ့ပါဗျာ"

"ဟုတ်ပြီ ဦးကျော်။ ကျွန်တော်တို့ ဘုရားပေါ်တက်လိုက်ဦးမယ်။ အပြန်မှဝင်ပြီးပြောမယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ ဘုရားကုန်းတော်ပေါ်သို့ ဆိုင်ကယ်ဖြင့် တက်ခဲ့သည်။ ဆိုင်ကယ်များရပ်ထားခဲ့ပြီး ဘုရားရင်ပြင်ပေါ် တက်ခဲ့သည်နှင့် အဘက တန်ဆောင်းအတွင်း၌ထိုင်ပြီး ပုတီးစိပ်နေသည်။ ဦးကျော်က အဘကိုရှာမတွေ့ဟု ဆိုသည်။ မေစံပယ်ဟန်က အဘရှိသေးသည်ဟုဆိုကာ ခေါက်ဆွဲထုပ်ပင် ယူခဲ့သေးသည်။ ပဋ္ဌာန်းဆက်များဖြစ်ဟန်တူပါသည်။ ကျွန်ုပ်က အလွန်အံ့သြမိပါသည်။ ကျွန်ုပ်တို့လေးဦး အဘ၏ နောက်ကျောဘက်တွင် တိတ်ဆိတ်စွာထိုင်ကြရင်း ဘုရားဝတ်ပြုကြသည်။ ခဏကြာမှအဘက ပုတီးစိပ်ခြင်းကိုရပ်၍ နောက်မလှည့်သေးဘဲ ...

"လူကလေးတို့ ရောက်လာကြပြီကိုး။ ညှိသည်တွေလည်းပါတယ်ထင်ရဲ့"





"ဟုတ်ကဲ့အဘ၊ အဘ ဥပုသ်ရသလား။ နေ့လယ်စာ မစားရသေးဘူးထင်ပါရဲ့။ ဦးကျော်ဆိုင်က သက်သတ်လွတ်ခေါက်ဆွဲကြော်နဲ့ မုန့်တွေ အချိုရည်တွေ ပေးလိုက်ပါတယ်။ မွန်းမလွဲခင် သုံးဆောင်ပါဦး အဘ"

"အိမ်း ... အိမ်း ... သာဓုပါဗျာ၊ သာဓု သာဓု။ အလှူရှင်မောင်ကျော်လည်း အရောင်းအဝယ်ကောင်းပြီး စီးပွားတိုးတက်ပါစေ။ အကျိုးဆောင်ပေးတဲ့ သားတို့သမီးတို့လည်း သွားလေရာလာလေရာ ဘေးရန်ကင်းရှင်းကြပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဘ"

မေစံပယ်ဟန်က အလိုက်သိစွာ သူ၏လက်ကိုင်ပဝါလေးကို ခင်းပြီး ခေါက်ဆွဲထုပ်အားတင်၍ ဖြေပေးသည်။ ခေါက်ဆွဲထုပ်ထဲတွင် အဆင်သင့်စားနိုင်ရန် ဇွန်းကလေးကိုလည်း ဦးကျော်က ထည့်ပေးလိုက်သေးသည်။ အဘသုံးဆောင်နေစဉ် ကျွန်ုပ်က မုန့်ပုံးနှင့် အချိုရည်ဘူးများ ထည့်ထားသောအထုပ်ကို ဖြေကြည့်ရာ စက္ကူလက်သုတ်ပဝါနှင့် ဖန်ခွက်တစ်လုံးထွက်လာသည်။ အလွန်စနစ်ကျသော ဦးကျော်ကို ကျွန်ုပ်ချီးမွမ်းမိသည်။ အဘစားသောက်ပြီးသည်နှင့် ကျွန်ုပ်က စက္ကူလက်သုတ်ပဝါကိုလှမ်းလိုက်ရင်း အချိုရည်ဘူးကိုဖောက်၍ ဖန်ခွက်အတွင်း ထည့်ပေးသည်။

"ကဲ ... သားတို့သမီးတို့ အဘကျန်နေတဲ့ ခေါက်ဆွဲတွေကို ဆေးဝါးအဖြစ် တစ်ဇွန်းစီယူစားကြ၊ မရှုံကြနဲ့။ သားတို့သမီးတို့ နေ့လယ်စာမစားကြရသေးမှန်း အဘသိပါတယ်။ ကဲ ... လူကလေးလက်စွပ်ပေး၊ အဘ သိဒ္ဓိတင်ပေးမယ်။ အဆောင်ဆိုတာ ပုဂ္ဂိုလ်တစ်ဦးဦးက သိဒ္ဓိတင်ပေးမှ သိဒ္ဓိမြောက်တာ"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်က နီလာလက်စွပ်ကလေးကို ချွတ်ပြီး အဘလက်ထ အပ်လိုက်သည်။ အဘက ဘုရားဘက်လှည့်၍မန်းမှုတ်ပြီး သိဒ္ဓိတ ပေးနေသည်။ ထိုစဉ် ကျွန်ုပ်ကပင်ဦးဆောင်ပြီး ခေါက်ဆွဲကြော်ကိုစား ဝေငှလိုက်သည်။ ခေါက်ဆွဲကြော်မှာ သက်သတ်လွတ်ဖြစ်သော်လည် အလွန်အရသာရှိ၍ စားကောင်းသည်။

အဘက ကျွန်ုပ်တို့ဘက်လှည့်ပြီး နီလာလက်စွပ်ကလေးအ ကျွန်ုပ်၏ဘယ်လက်သူကြွယ်သို့ ကိုယ်တိုင်ဝတ်ပေးသည်။

"လူကလေး နောက်လက်စွပ်တစ်ကွင်း ရလိမ့်ဦးမယ်။ နော တစ်ကွင်းကိုတော့ ညာလက်သူကြွယ်မှာဝတ်ကွယ့် ကြားလား"

"ဟုတ်ကဲ့ပါ အဘ။ ဒါနဲ့အဘ ဘယ်သွားနေသေးသ ဦးကျော်(၃)ခေါက်တောင်လာရှာတာ မတွေ့ဘူးလို့ပြောနေတယ်"

"အဘ ဘယ်မှမသွားဘူး။ လူကလေးတို့နဲ့ တွေ့ပြီးကတည် က ဒီဘုရားရင်ပြင်တော်ပေါ်မှာပဲ ရှိနေပါတယ်"

"ဒါဖြင့် ဦးကျော်က ဘာလို့အဘကို မတွေ့ခဲ့ရတာလဲ အဘ"

"အဲဒါ လူကလေးတို့ကိုပေးလိုက်တဲ့ ကိုယ်ပျောက်ဂါ အစွမ်းပေါ့ကွယ်။ ကိုယ်မတွေ့လိုသူကို မတွေ့ဘဲ ရှောင်နေနိုင်တယ် အဘအနည်းအပါး ကူညီတာကလေးကို မောင်ကျော်က ဟိတ်ကြ ဟန်ကြီးနဲ့ အထင်ကြီးမှာကို လက်မခံနိုင်ဘူး။ ဒါကြောင့်ပါကွယ်"

"နောက်ပြီး အဘကို ဦးကျော်က နေ့စဉ်အစားအစာပို့ တယ်တဲ့။ အဲဒါ အဘလက်ခံမှာလား"

"ဒုက္ခမရှာပါနဲ့လို့ မောင်ကျော်ကို ပြောလိုက်ပါကွယ်။ အဘ





မှာ ပြည့်စုံပါတယ်"

"လာစမ်းကွယ့် ဟိုကလေးမ အသစ်နှစ်ယောက်။ လက်ဝါးဖြန့် ကြစမ်း။ အဘကြည့်ရအောင်"

"အဲ ... ညည်းတို့က ညီအစ်မတွေကိုး။ ဒီလအတွင်း ဆိုင် ကယ်မှောက်ပြီး ဆေးရုံတက်ရတတ်တယ်။ သတိထားကြ။ ဘုရား၊ တရား၊ သံဃာ မမေ့နဲ့။ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုရော ရကြသလား"

"ရပါတယ် အဘ"

"အေး ... ရကြရင် ဂါထာတော်ကြီးကို ညမနက် ကိုးခေါက် ရွတ်ကြ။ ဆိုင်ကယ်စီးရင် များများရွတ်ပေး။ အကျိုးထူးလိမ့်မယ် ကွယ့် ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

"အဲ ... ညည်းတို့အမေကို သတိပေးဦး။ ဒီလအတွင်း ရေလမ်း ခရီးမသွားနဲ့လို့။ အသက်အန္တရာယ်ကတော့ မရှိပါဘူး။ လှေမှောက်ပြီး ရေနစ်တတ်တယ်"

"ဟုတ်ကဲ့ပါ အဘ"

"ကဲ ... ဟုတ်ရင်သွားကြတော့။ နေ့လယ်စာစားချိန်လွန် နေပြီ။ ဟိုလှဝင်းစားမလေး ညည်းဘဝဟောင်းက ဆက်သွယ်လာလိမ့် မယ်။ ညည်းဝမ်းသာရမှာပါ"

"ဟုတ်ကဲ့ပါ အဘ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရမှာက အဘကို မဟုတ်ဘူး။ ညည်းအစ်ကိုကို ကျေးဇူးတင်ရမှာ။ သူလုပ်သမျှ အကုန်အောင်မြင်လိမ့်မယ်။ ညည်း ညည်းရန်ကုန်ကို လိုက်သွားရလိမ့်မယ်။ နောက်ပြန်ခြေဦးလှည့်ဖို့ မစဉ်း စားနဲ့တော့"

"ဟုတ်ကဲ့ပါ အဘ"

"ကဲ . . . သွားကြတော့၊ သွားကြတော့။ အဘမှာ တရားအလု လုပ်ဖို့ ရှိနေသေးတယ်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်ုပ်တို့အဘအား ဂါရဝပြု ရှိခိုးကြပါသည်။

အပြန်တွင် ကျွန်ုပ်တို့ ဦးကျော်ဆိုင်သို့ဝင်ပြီး အကြောင်းကြ ရာ ဦးကျော်အလွန်အံ့ဩနေသည်။ ဦးကျော်တစ်ဦးတည်းသာသွားမေ ကျွန်ုပ်သတိပေးခဲ့ရသည်။ (၃)မိုင် အစ်မကြီးဒေါ်တင်တင်ဆိုင်ရော တော့ မွန်းလွဲ(၁)နာရီပင်ထိုးပြီ။ သို့သော် ကျွန်ုပ်တို့အားလုံးထမ မဆာကြသေးပါ။ အဘအကြောင်းကိုသာ ပြောနေမိကြသည်။ အစ်မကြ ဒေါ်တင်တင်အားလည်း ဤလအတွင်း ရေလမ်းခရီးမသွားရန် အ မှာလိုက်သည့်အတိုင်း သတိပေးကြသည်။

ကျွန်ုပ်တို့အချိန်လွန်မှ စားသော်လည်း ထမင်းစားရာကော ကြသည်။ ကျွန်ုပ် ဖလင်လိပ်အားထုတ်၍ ပြင်နေစဉ် အစ်မကြီး ဒေါ်တ တင်က ဓာတ်ပုံများရိုက်ခိုင်းသဖြင့် ဆိုင်အနီးပင်လယ်ကမ်းစပ် ကျွန်းကျေ ကြီးများပေါ်၌ ရိုက်ပေးရပြန်သည်။ တစ်ခါ မေစီ, မေရီနှင့် မေစံပယ်ဟ တို့ကိုလည်း စုပေါင်း၍လည်းကောင်း၊ တစ်ယောက်စီကိုလည်းကော Pose အမျိုးမျိုးဖြင့် ရိုက်ပေးရပြန်သည်။ ကျွန်ုပ်၏ Olympus Ha Frame Camera ကလေးမှာ (၇၂)ပုံထွက်သဖြင့် စိတ်ရှိတိုင်းရိုက်၍ရသည် ဖလင်ကုန်မှထုတ်၍ ဆေးကူးရန်အစ်မကြီး ဒေါ်တင်တင်အားအပ်ခဲ့ပြ ချန်းဖန်းရွာသို့ ပြန်ခဲ့ကြပါသည်။

# အခန်း (၈)

❑

နောက်တစ်ပတ်ခန့်အကြာတွင် ချန်းဖန်းကားကြုံဖြင့် (၃)မိုင် အစ်မကြီးဒေါ်တင်တင်ထံမှ စာရောက်လာသည်။ ဓာတ်ပုံများရပြီဖြစ်ပြီး ကျွန်ုပ်နှင့် အမြန်ဆုံးတိုင်ပင်စရာ ကိစ္စရှိကြောင်း၊ မေစံပယ်ဟန်ကိုလည်းခေါ်ခဲ့ရန် အကြောင်းကြားလာသည်။ ကျွန်ုပ် ၎င်းစာအား မေစံပယ်ဟန်ကိုပြရာ သူမအလွန်ဝမ်းသာနေရှာသည်။

"ညီမ လိုက်မှာလား"

"လိုက်မှာပေါ့ အစ်ကိုရဲ့။ မေညီအစ်မက အရမ်းချစ်ဖို့ကောင်းတာ။ အစ်မကြီး ဒေါ်တင်တင်ကလည်း အရမ်းဖော်ရွေတယ်။ အစ်ကိုနဲ့ မေညီအစ်မက ရိုးရိုးပဲလားဟင် အစ်ကို"

"ဟဲ့ ... ညီမလေးရဲ့၊ ညီမလေးမြင်တဲ့အတိုင်းပဲ၊ အစ် တို့က မောင်နှစ်မတွေလိုနေကြတာ။ အစ်မကြီးကတော့ သူ့သမီးတွေ့ သဘောတူတယ်ထင်ပါရဲ့၊ ဟဲ ... ဟဲ"

"အစ်ကိုနော် အစ်ကို မေညီအစ်မကို မကြိုက်ရဘူးနော်"

"ဟ ... ညီမလေးကလည်း မေညီအစ်မကလည်း အ အစ်ကိုကလည်းလူပျို၊ ကြိုက်လို့မရဘူးလား"

"မရဘူး။ မရဘူး အစ်ကို။ မေညီအစ်မနဲ့ကြိုက်ရင် ညီ သေမှာပဲ၊ အီး ... ဟီး ... ဟီး ... အင့် ... အင့် ... အင့်"

သူမသဘောကို ကျွန်ုပ်သိနေတာ ကြာချေပြီ။ သို့သော် ဘာသ ခြား လူမျိုးခြား လူဝင်စားမကလေးအား ကျွန်ုပ်မည်သို့ ဆက်ဆ မည်ကို မသိပါ။ နောက်ပိုင်း ဘာသာရေးပြဿနာ ရှုပ်ထွေးလာမ ကိုတော့ ကျွန်ုပ်စိုးရွံ့မိသည်။ သို့သော် သူမဘဝကိုကယ်တင်ရန် ကျွ သာရှိကြောင်းလည်း သဘောပေါက်မိပါသည်။ သူမ မိဘများကလည် ကျွန်ုပ်နှင့်သာဆိုလျှင် သဘောတူကြမည်ဖြစ်ကြောင်း အရိပ်အမြွက် နေပါသည်။ သို့သော် သူမတို့ပတ်ဝန်းကျင်က သဘောမကျကြကြောင် ကျွန်ုပ်ကြားသိနေပါသည်။ ဤကိစ္စမှာ လွယ်မယောင်နှင့်ခက်၊ တိ မယောင်နှင့် နက်လေသည်။

ကျွန်ုပ် လက်ကိုင်ပဝါလေးဖြင့် တယုတယ မျက်ရည်သုတ်ပေ ပြီး ...

"ကဲ ... ညီမ တိတ်တော့နော်။ အစ်ကိုက စ,တာပါ။ ညီ ကလွဲလို့လေ အစ်ကိုဘယ်သူ့ကိုမှ ..."

"ဆက်ပြောလေ အစ်ကို၊ ဘာဖြစ်သလဲဟင် ပြောပါ"

"မချစ်ဘူး သိလား"





"ဟေး ... ဒါမှ တို့ကိုကိုကွ"

ဟန်မဆောင်တတ်သော လူဝင်စားမလေးမှာ ကျွန်ုပ်အား ကလေးတစ်ဦးကဲ့သို့ ဖက်တွယ်ခိုဆွဲထားတော့သည်။ အပေါ်ထပ် ဘုရား ခန်းရှေ့တွင်ဖြစ်၍ တော်ပါသေးသည်။ ဘေးလူမမြင်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့ စခန်းတစ်ခုလုံးကတော့ ရိပ်စားမိနေလောက်ပါပြီ။

"ဒါပေမဲ့နော် ညီမလေး။ ပြောထားရဦးမယ်။ အစ်ကိုက အစိုးရ ဝန်ထမ်း။ တစ်နိုင်ငံလုံးလျှောက်သွားနေရမှာ ဒီဒေသကို ပြန်လာနိုင်မှာ မဟုတ်တော့ဘူး။ ညီမကလည်း အစ်ကို့နောက်တကောက်ကောက် လိုက်ရမှာ"

"လိုက်မယ်အစ်ကို၊ လိုက်မယ်။ အစ်ကို ကမ္ဘာ့အပြင်ဘက် ထွက်သွားရင်လည်း ညီမလိုက်မှာပဲ။ ညီမကိုတော့ မထားခဲ့ပါနဲ့အစ်ကို ရယ်နော်၊ နော်လို့"

"အေးပါကွယ် ... အေးပါ။ ညီမမိဘတွေကိုလည်း အသိ ပေးထားဦးနော် ညီမ"

"အဖေနဲ့အမေက သဘောထားကြီးပါတယ်။ ညီမကို အလို လိုက်ပြီး သိပ်ချစ်တာပါ။ တစ်နှစ်တစ်ခါလောက်တော့ မိဘတွေကို ကန်တော့ဖို့ ပြန်လာကြတာပေါ့နော် အစ်ကို"

"အစ်ကိုတို့က စခန်းတစ်ခါထွက်ရင် (၂)နှစ်ကြာတယ်။ (၂)နှစ် တစ်ကြိမ်ပဲ ပြည်မပြန်ရောက်တာညီမရဲ့။ ဒီကိုလာချင်ရင်လည်း (၂)နှစ် မှ တစ်ကြိမ်ပဲ လာလို့ရမယ်။ တစ်နှစ်တစ်ကြိမ် မရဘူး"

"ဟုတ်ကဲ့ပါ အစ်ကို"

"အစ်မကြီးဒေါ်တင်တင်က တိုင်ပင်စရာရှိလို့တဲ့ ခေါ်နေပြီ။ ဒီနေ့တော့ အစ်ကိုမအားဘူး။ ဆီအုန်းခင်းထဲ ဆင်းရဦးမယ်။ မီးတား

လမ်းဖောက်တာလည်း သွားကြည့်ရဦးမယ်''

''ညီမလည်း လိုက်ကြည့်ချင်တယ် အစ်ကို''

''မလိုက်နဲ့၊ ဆီအုန်းခင်းထဲက ဖြတ်သွားရတော့ လမ်းဆိုးတယ်။ မြွေပါ၊ ကင်းပါးလည်း ပေါတယ်။ ညီမလိုက်ချင်ရင် တောင်ယာထဲအထိတော့ လိုက်လို့ရတယ်။ အဲဒီမှာ အဘဦးအေးမောင်နဲ့နေခဲ့။ အပြန်ကျတော့ အစ်ကိုဝင်ခေါ်မယ်''

''ဟုတ်ကဲ့ အစ်ကို''

ကျွန်ုပ် သေနတ်ထမ်းကာ အမဲလိုက်ခွေးနှစ်ကောင်ကိုပါ ခေါ်ပြီး အဘဦးအေးမောင်၏ တောင်ယာထဲသို့ ထွက်ခဲ့သည်။ တောင်ယာမှာ (၅)ကေခန့်ကျယ်ဝန်းသဖြင့် သီးပင်၊ စားပင်အစုံရှိသည်။ ဦးအေးမောင်က ကျွန်ုပ်တို့ကိုမြင်သည်နှင့် . . .

''လာဗျို့ . . . ဆရာရေ။ သရက်သီး၊ ဒူးရင်းသီး၊ ငှက်ပျောသီး အကုန်ရနေပြီ။ ကျွန်တော်က ညနေအလုပ်သိမ်းချိန်မှာ လာပို့မလို့ လုပ်နေတာ''

''ကဲ . . . လောလောဆယ်ဆယ် ဦးလေးတူမကို ကျွေးမွေးထားပေတော့။ ကျွန်တော်အပြန်မှ ဝင်ခေါ်မယ်။ မီးတားလမ်းဖောက်တဲ့အခြေအနေ သွားကြည့်လိုက်ဦးမယ်''

''ဟုတ်ကဲ့ ဆရာ။ ကျွန်တော်မြန်မာတည်းသီးနဲ့ ပသျှူးတည်းသီးပါ ခူးထားလိုက်မယ်။ ငှက်ပျောနိုင်နဲ့ ဒူးရင်းသီး၊ သရက်သီးတွေက ခူးထားပြီးသား။ ကဲ . . . တူမကြီး ဘာစားမှာလဲ ပြော''

''သရက်သီးမှည့်စားမယ်အဘ''

''ဦးလေးရေ၊ သရက်သီးတွေ အရမ်းမကျွေးနဲ့နော်။ တော်ကြာဝမ်းလေနာပြီး ဆေးကုနေရဦးမယ်''





''စိတ်ချပါ ဆရာရယ်။ တစ်လုံးနှစ်လုံးစားလို့ဘာမှ မဖြစ်ပါဘူး။ ဒီခြံထဲကသရက်တွေက မျိုးကောင်းပင်မှည့်တွေပါ။ အမှည့်လည်း မလွန်သေးပါဘူး''

ကျွန်ုပ် ခွေးနှစ်ကောင်ကိုခေါ်၍ တနင်္သာရီရိုးမတောင်ခြေသို့ ထွက်ခဲ့ပါသည်။ ပေါင်းမြက်များရှင်းထားသော်လည်း လမ်းကကြမ်းသည်။ ရေအိုင်များလည်း ရှိသည်။ ရွှံ့ဗွက်များလည်း ပေါသည်။ ကုန်းဆင်း၊ ကုန်းတက်ခရီးလည်း ဖြစ်သည်။ တောင်ခြေသို့ တစ်မိုင်နီးနီးရှိသည်။ ဆီအုန်းခင်းကမ်းစပ်သို့ရောက်သည်နှင့် လူသံများကို ကြားလာရသည်။ ထိုနေရာတွင် ဆီအုန်းပင်များက မသန်စွမ်းမဖြစ်ထွန်းလှ။ ရေဝပ်ပြီး တောစပ်နှင့်နီးသဖြင့် အပျက်အစီးများသည်။ လူနေဖြင့်လည်း ဝေးသည်လေ။

တောစပ်တွင် ရှေ့တန်းတပ်ကြပ်ကြီး ဦးစောထွန်းအောင်တို့ (၁၀)ပေအကျယ် မီးတားလမ်းကို ပြန်ဖော်နေကြသည်။ မိုးများသောဒေသဖြစ်၍ မီးတားလမ်းပေါ်မှာ ပေါင်းမြက်များ အပေါက်မြန်သည်။ တပ်ကြပ်ကြီး ဦးစောထွန်းအောင်မှာ ကျွန်ုပ်ကို မြင်သည်နှင့် အလေးပြုနှုတ်ဆက်ပြီး . . .

''ဆရာရေ ပေါင်းမြက်က အတော်ထူတယ်ဗျို့။ မီးတားလမ်းက အပြောင်ရှင်းရတော့ ပေါက်ပြားကောင်းကောင်းတွေလိုတယ်''

''ရမယ် ဦးစောထွန်းအောင်။ ကျွန်တော်ပြီးခဲ့တဲ့အပတ် အစည်းအဝေးကတည်းက တောင်းထားတာ မကြာခင်ရမှာပါ။ ဒါနဲ့ ဘာတောကောင် တွေ့ရသေးသလဲ''

''တောကြွက်နဲ့မွေး၊ မြွေတွေပေါ့ ဆရာရယ်။ ဆရာစားမလို့လား''

"မစားပါဘူးဗျာ၊ မေးကြည့်တာပါ။ ဖြူရရင်တော့ ကောင်းမယ်ဗျို့"

"ရတတ်ပါတယ် ဆရာ၊ ကျွန်တော်ရှာထားပါ့မယ်။ တောင်ဘက်ပေါက်တွေလည်း ရတတ်ပါတယ်။ ဆရာလည်း အမဲမလိုက်နိုင်၊ စခန်းမှုဆိုးသစ်ကလည်း ညံ့တယ်ထင်တယ်ဆရာ။ တောကောင်ကြီးမရတာတောင် ကြာပေါ့နော်"

"စခန်းမှာ ဟင်းစားပြတ်နေပြီ မဟုတ်လား။ ပိတ်ရက်ကျမှ ကျွန်တော်တို့ တောလည်ကြတာပေါ့ဗျာ။ ရှီးမပေါ်တက်ရင် မရမရှိပါဘူး။ ဝက်လောက်တော့ ရနိုင်ပါတယ်"

"ဟုတ်ပါတယ် ဆရာ။ ပိတ်ရက်ကျ တောလည်ကြတာပေါ့။ ဒါနဲ့ဆရာ ကျွန်တော်တို့ ပြည်မပြန်ပြောင်းဖို့ နီးနေပြီနော်ဆရာ"

"ဟုတ်တယ်ဗျို့၊ လပိုင်းပဲလိုတော့တယ်။ နှစ်နဲ့ချီနေလာခဲ့တော့လည်း ဒီဒေသက အနေကျလာလို့ နှမြောသားဗျာ"

"ကျွန်တော်တော့ ပြန်ပြောင်းချင်ပြီ ဆရာရေ။ ငှက်ဖျားရောဂါခံရတာလည်း အလူးအလဲပဲ။ ပြည်မက ကလေးတွေက မလိမ္မာတော့လည်း နောက်ဆံတင်းနေတယ်။ ဆရာတို့လို လူပျိုလူလွတ်ကတော့ ဘာမှမလဲဆရာရယ်။ ရောက်တဲ့နေရာ ပျော်မှာပေါ့"

"လူတစ်ကိုယ် အပူတစ်မျိုးပေါ့ဗျာ။ ကျွန်တော်လည်း ကိုယ့်အပူနဲ့ကိုယ်ပါ"

"ဆရာ ပသျှူးမလေးနဲ့ကိစ္စ မဟုတ်လား"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လက်ထပ်ဖို့ ရည်ရွယ်ထားပါတယ်။ ဒါပေမဲ့ သူတို့လူမျိုး ဘာသာစကား ထုံးစံတွေကိုမသိတော့ ရင်လေးတယ်ဗျာ"





"ဆရာရယ် သူတို့လူမျိုးလေ့က လွယ်ပါတယ်။ မင်္ဂလာကြေးငွေတင်တောင်းပြီး ယူလိုက်ရုံပါပဲ။ ဒါပေမဲ့ ပြည်မကိုခေါ်လို့ မရဘူးဗျ"

"အခု အဲ့သည်လိုမဟုတ်ဘူး ဦးစောထွန်းအောင်ရဲ့။ ကောင်မလေးက မြန်မာလူဝင်စားဆိုတော့ ဒီကဘာသာဓလေ့နဲ့ မအပ်စပ်ဘူး။ ကောင်မကလေးက အရင်ဘဝက လူဝင်စားဆိုတော့ ဗုဒ္ဓဘာသာပဲကိုးကွယ်တယ်။ မိဘ၊ ဆွေမျိုးတွေစရိုက်နဲ့ မကိုက်ညီဘူးဖြစ်နေတယ်။ အဲဒါကြောင့် ကျွန်တော်ပြန်တာနဲ့ ခေါ်သွားမှဖြစ်မယ်။ သူ့မိဘတွေကလည်း ခွဲနိုင်မှာမဟုတ်ဘူး။ အရင်ဘဝက မိဘတွေကိုလည်းအကြောင်းကြားပြီးပြီ။ ဘာဆက်ဖြစ်လာဦးမလဲလို့တော့ စောင့်ကြည့်ရဦးမယ် ဦးစောထွန်းအောင်ရေ"

"ဟုတ်ပါ့ဗျာ၊ ဆရာ့ကိစ္စလည်း မလွယ်ပါလား။ ဒါပေမဲ့ ကောင်မလေးအရင်ဘဝကမိဘတွေက ရန်ကုန်မှာရှိတာဆိုတော့ ဆရာ့ဘက်က တစ်ပန်းသာပါတယ်။ ကောင်မလေးလည်း ဒီမှာမပျော်တော့ ဆရာတို့ဘက်က (၃)အား၊ ဒီက မိဘတွေဘက်က တစ်အားပဲရှိတာပါ။ လွန်ဆွဲကြရင် ဆရာတို့နိုင်ပါတယ်။ တစ်နှစ်တစ်ခေါက်လောက် လာကန်တော့ရင်ပြီးတာပဲ မဟုတ်လားဆရာရယ်"

"ဦးစောထွန်းအောင် ခင်ဗျားလည်း အင်းစိန်ထောင်မှာ နေခဲ့ဖူးတာပဲ။ ခွင့်တစ်ပတ်လောက်ရဖို့တောင် မလွယ်ဘူးနော်။ စခန်းတွေထွက်ရရင်လည်း ရန်ကုန်နဲ့နီးရင် ပြဿနာမရှိနိုင်ပေမဲ့ ကလေး၊ ကဘော်၊ မြစ်ကြီးနားစခန်းတွေဘက်ထွက်ရရင် တစ်နှစ်တစ်ခါ ဘယ်လာနိုင်တော့မှာလဲ။ နှစ်နှစ်တာဝန်ထမ်းပြီးမှ ခွင့်တစ်ခါလောက် ယူလို့ရမယ်။ အဲတစ်ခုတော့ ရှိတယ်ပေါ့ဗျာ။ ဒီကမိဘတွေက လာလည်နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ"

"အင်း ... ဒါလည်း ဟုတ်တာပါပဲ ဆရာရယ်"

"ဆရာလက်ထပ်ခွင့်လည်း တင်ရဦးမှာနော်"

"သူ့မိဘတွေ သဘောတူရင်လည်း ကြိုတင်တင်ထားလိုက်မယ်ဗျာ။ မကောင်းဘူးလား"

"ကောင်းပါတယ် ဆရာ၊ မင်္ဂလာကိစ္စပဲ။ ဒီဘက်ကအမျိုးတွေ သဘောတူဖို့တော့ အရေးကြီးပါတယ်"

"ဒါကတော့ သူတို့ဘက်က အပိုင်းပဲဗျာ။ သဘောမတူရင်လည်း ကျွန်တော်ပြည်မအပြန်မှာ ခိုးပြေးရုံပေါ့"

"ဆရာရယ် သမီး အရာရှိနဲ့ရတာပဲ။ မိဘတွေက သဘောမတူဘဲ မနေပါဘူး။ ဘာသာရေးအရလည်း ကလေးမကလေးက ဗုဒ္ဓဘာသာဆိုတော့ ပြဿနာမရှိပါဘူး။ လူမျိုးရေးအရပဲ သူတို့စကားပြောမှာကို စိုးရတာပါ။ ဒါကလည်း ကလေးမကလေးက အသက်ပြည့်ပြီးသား။ သူ့မိဘတွေကလည်း သဘောတူလို့ဆရာ့ကို အပ်ထားတာ ပြဿနာမရှိနိုင်ပါဘူး။ ရှေ့ရေး တွေးပူမနေပါနဲ့ ဆရာရယ်"

"အင်းဗျာ ... ခင်ဗျားအားပေးမှပဲ ကျွန်တော်လည်းရင်ထဲက အလုံးကြီးကျသွားတော့တယ်။ လူတွေဟာ ဒီကိစ္စမျိုးဖြစ်လာရင် မလွယ်ဘူးဗျနော်"

"ဟုတ်ပါတယ် ဆရာ၊ အချစ်ရူး ရူးရတဲ့အချိန်ပေါ့။ ကျွန်တော့်တုန်းကလည်း ကြုံဖူးပါတယ်။ ကျွန်တော်က ရခိုင်လူမျိုး၊ မိန်းမက ဗမာ၊ နှစ်ဖက်မိဘတွေက သဘောမတူလို့ နောက်ဆုံး နှစ်ဦးသဘောတူ ခိုးပြေးကြတာ။ ပြီးတာပါပဲ ဆရာရယ်။ အခုတော့ နှစ်ဖက်မိဘတွေက မြေးလေးယောက်ကို ချစ်လိုက်ကြတာ၊ တုန်နေတာပါပဲ"

"ကျေးဇူးပဲ ဦးစောထွန်းအောင်ရေ။ လုပ်ငန်းခွင်အကြောင်း





မထူးရင် ကျွန်တော်ပြန်ဦးမယ်။ ဒီနားတစ်ခွင် အမဲလည်ဖို့လည်း ရဲဘက်သံတွေကဆူညံနေတော့ ဘာကောင်မျှကပ်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ဆရာ၊ တနင်္ဂနွေပိတ်ရက်ကျမှ တောလည်ကြတာပေါ့ ဆရာ"

"ဟုတ်ပြီဗျာ။ ကဲ ... ပြန်ဦးမယ်။ ဘိုနီနဲ့ဘိုဖြူ လာကြဟေ့။ ပြန်ကြမယ်"

ခွေးနှစ်ကောင်က တောနံ့ရ၍ ပြန်ချင်ဟန်မရှိသေးသော်လည်း ကျွန်ုပ်၏အမိန့်ကိုတော့ နာခံပါသည်။ ပြန်လိုက်လာကြသည်။ ကျွန်ုပ်တို့စခန်း တောင်ယာထဲရောက်တော့ တပ်ကြပ်ဦးအေးမောင်က ...

"ဆရာရေ ဖရစ်ရိုးဟင်း၊ ချဉ်ပေါင်ရွက်ကြော်၊ ရေချိုငါးခူဟင်း၊ ငါးပိရည်၊ တို့စရာနဲ့ ထမင်းတစ်ခါတည်း စားသွားပါလား"

"ကျွန်တော်ကတော့ စားချင်ပါတယ် ဦးအေးမောင်ရေ။ ဒီက ပသျှူးမလေးက စားနိုင်ပါ့မလား"

"ဟင်း ... အစ်ကိုက လုပ်ပြန်ပြီ။ ညီမက ဗမာ၊ ဗုဒ္ဓဘာသာဝင်၊ ဒါမျိုးမှကြိုက်တာ။ ဝက်သားကိုတော့ ငယ်ငယ်ကတည်းက မစားခဲ့ဖူးလို့ အနံ့မခံနိုင်ဘူး။ နောက်တော့လည်း အကျင့်ရသွားမှာပါ အစ်ကိုရယ်"

"အင်း ... ဟုတ်မယ် ဆရာရေ။ တူမကြီးတို့ ဒေသခံတွေ မစားကြလို့ ဖရစ်ရိုးနဲ့ရေချိုငါးတွေ ပေါချင်တိုင်းပေါနေတာ။ တောဝက်တွေဆိုရင်လည်း ပသျှူးခြံတွေထဲမှာ အသိုက်လုပ်တောင် နေကြသေးတယ်။ ဆရာတောင် သွားသွားပစ်ပေးနေရသေးတယ်လေ"

"ဟုတ်ပါ့ဗျာ။ တောဝက်တွေက ဒေသခံတွေကိုတော့ လုံးဝမကြောက်ဘူးနော်။ အိမ်အောက်တောင် ဝင်နေကြသေးတယ်။ သူတို့

သားစားကြရင်တော့ မျိုးတုံးသလောက်တောင် ရှိနေရော့မယ်"

"ဟင်း ... အစ်ကိုကလည်း ပေါက်ပေါက်ရှာရှာ။ ညီမတို့က အစ်ကိုတို့စားဖို့အတွက် ချန်ထားတာပါ၊ ခစ် ခစ် ခစ်"

"ဟား ... ဟား ... ဟား"

"ငါ့တူမကြီးက အပြောတတ်တယ်။ ကဲ ... ထမင်းစားကြစို့"

ဦးအေးမောင်၏ တဲကလေးပေါ်တွင် ကျွန်ုပ်တို့နေလယ်စာ စားကြသည်။ အတို့အမြှုပ်အဖြစ် စေးပိုင်သော တညင်းသီးပြုတ်အပြင် ပသျှူးတညင်းသီးမီးကင်လည်း ပါသေးသည်။ မေစံပယ်ဟန်ကတော့ မိန်းမသားပီပီ ငါးပိရည်နှင့် အတို့အမြှုပ်ကို ကြိုက်ဟန်တူသည်။ တညင်းသီးများကိုလည်း အားပါးတရတို့စားသည်။ ချဉ်ပေါင်ရွက်ကြော်ကိုလည်း ကြိုက်သည်။ ရေချိုငါးခူဟင်းကိုတော့ အနည်းငယ်သာစားသည်။

ထမင်းစားပြီးတော့ တပ်ကြပ်ဦးအေးမောင်က စိုင်သရက်သီး ပင်မှည့်နှင့် ဒူးရင်းသီး၊ ငှက်ပျောသီးတို့ကို ကျွေးပြန်သည်။ ထိုနေ့က ကျွန်ုပ်လည်း အတော်ထမင်းစားမြိန်ပါသည်။ စားသောက်ပြီးတော့ မေစံပယ်ဟန်က အိုးခွက်ပန်းကန်များကိုဆေးရင်း ခွေးနှစ်ကောင်ကို အရိုးအရင်းဖြင့် နယ်ဖတ်ကျွေးသည်။ ခွေးနှစ်ကောင်ကတော့ အရိုးအသားဟင်းပါလျှင် အားရအောင်စားကြတော့သည်။ ထိုနေ့က မိသားစုဘဝကလေးကိုတွေးရင်း ကျွန်ုပ် အလွန်ပျော်ရွှင်နေမိသည်။ တကယ်တော့မေစံပယ်ဟန်မှာ တကယ့်မြန်မာမကလေးတစ်ယောက်နှင့်သာ တူနေတော့သည်။

❑

နောက်တစ်နေ့မနက် (၆)နာရီခန့်၌ပင် မေစံပယ်ဟန်ဆိုင်ကယ်ကလေးဖြင့် ရောက်လာသည်။ JEAN PANT နှင့် စပို့ရှပ်ဝတ်ပြီး လျှာထိုးဦးထုပ်ဆောင်းထားသဖြင့် မြန်မာကောင်ကလေးဖြင့် တူနေသည်။ မျက်နှာကလည်း မချိုမချဉ်နှင့် ...

"ဟဲ့ကောင်မလေး၊ ဘာတွေအူမြူးလာတာလဲ၊ ပြောစမ်း"

"အဖေနဲ့အမေကို ညီမတို့အကြောင်း ပြောလိုက်ပြီ။ သဘောတူတယ်တဲ့။ အစ်ကို ဘယ်လိုစီမံမလဲ"

"အဲဒါ အစ်ကို့အပိုင်းပါ။ အစ်ကိုတို့ရုံးချုပ်ကို လက်ထပ်ခွင့်တင်ရမယ်။ ပြီးရင် ကော့သောင်းတရားရုံးမှာ လက်ထပ်စာချုပ်လုပ်

မယ်။ ပြီးတော့ ညည့်ခံပွဲလုပ်ရမှာပေါ့"

"အင်း ... အဲဒါပဲ ကောင်းပါတယ်။ ညီမတို့ဘက်က ဘာသ ရေးပွဲတွေဘာတွေက ရှုပ်နေဦးမယ်" ●

"ထုံးစံအတိုင်း လုပ်သင့်ရင်လုပ်ပေါ့ညီမရယ်"

"ကဲ ... ဘုရားဝတ်ပြုကြမယ်။ စားသောက်ပြီးတာနဲ့ စေ စောထွက်ကြမယ်"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်ုပ်တို့စခန်းကထွက်တော့ မနက် (၇)နာရီကျော်ရုံသာ ရှိ သေးသည်။ မိုးကအုံ့နေသည်။ ယနေ့မိုးရွာမည်ထင်သည်။ ထင်သည့် အတိုင်းပင် ဆီအုန်းခင်းနယ်ကမြေထွက်၍ (၁၀)မိုင်ရွာအရောက်၌ပင် မိုးရွာလာသည်။ ပင်လယ်နှင့်နီးသဖြင့် လေလည်းပါလာသည်။ ကျွန်ုပ်တို့ မိုးခိုရင်း လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသည်။ လက်ဖက်ရည်မှာသောက် ကြသည်။ မိုးကအတော်နှင့်မတိတ်။ ဖွဲပြီးရွာနေသည်။ စဲမလိုလိုနှင့် သည်းလာပြန်သည်။ ကျွန်ုပ်တို့နှစ်ဦးစလုံးတွင် မိုးကာမပါပါ။ မိုးအစဲကို စောင့်ရုံသာရှိတော့သည်။ လက်ဖက်ရည်သောက်ပြီး ရေနွေးကြမ်းပူပူ ကို မှုတ်သောက်နေကြသည်။ မိုးကြီး၍ အပူရှိန်မှာ ချက်ချင်းလျော့ပြီး အေးစိမ့်လာသည်။ မိုးစဲသည်နှင့် ကျွန်ုပ် ကားလမ်းတစ်ဖက်သို့ကူး၍ မိုးကာအင်္ကျီ (၂)ထည်ကို အရေးပေါ်ဝယ်လိုက်ရတော့သည်။

နက်ပြာရောင် မိုးကာအင်္ကျီအရောင်တူ (၂)ထည်ဖြစ်သည်။ ကျွန်ုပ်တို့ဝတ်ဆင်ပြီး မိုးစဲသည်နှင့် ဆိုင်ကယ်စီး၍ ထွက်ခဲ့ကြသည်။ မနက်(၉)နာရီပင် ထိုးလုပြီဖြစ်သည်။ မိုးရွာထားသဖြင့် လမ်းကချော နေသောကြောင့် သတိထားမောင်းရသည်။ တာယာအသစ်များဖြစ်၍ စိတ်ချရပါသည်။ (၇)မိုင်လေယာဉ်ကွင်းကိုကျော်ပြီး တောင်ကုန်းပတ်





လမ်းကိုဆင်းလိုက်သည်။ အကျဉ်းဦးစီးညွှန်ဂေဟာကို ကျော်လိုက်သည် နှင့် အစ်မကြီးဒေါ်တင်တင်တို့ စားသောက်ဆိုင်ရှေ့သို့ ရောက်သည်။

"လာကြဟေ့၊ မောင်လေးနဲ့ညီမလေးတို့။ အစ်မနေ့လယ်စာ ချက်ရင်း မျှော်နေတာ။ မိုးကသည်းတော့ နောက်ကျတယ်ထင်တယ်"

"ဟုတ်တယ် အစ်မကြီး။ (၁၀)မိုင်လက်ဖက်ရည်ဆိုင်မှာ မိုးဝင် ခိုနေရသေးတယ်။ ဒါနဲ့မေစီနဲ့မေရီတို့ရော"

"မင်းညီမတွေလေ ဘုရားပေါ်က အဘကပြောထားလို့တဲ့၊ အမေ့ကိုရေလမ်းခရီး တစ်လအတွင်းမသွားပါနဲ့တဲ့။ အဲဒါဆိုင်အတွက် ဈေးဝယ်စရာရှိလို့ ရနောင်းဘက်သွားကြတယ်။ မင်းရိုက်ပေးထားတဲ့ ဓာတ်ပုံတွေတော့ သူတို့အရမ်းသဘောကျကြတယ်။ ဒီမှာကြည့်ပါဦး။ ကဲ ... လောလောဆယ် ဘာစားမလဲ၊ ဘာသောက်မလဲ။ ဒီဆိုင်မှာ အကုန်ရှိတယ်။

"ရေနွေးကြမ်းပူပူလေးပဲ ပေးပါအစ်မကြီးရယ်"

ကျွန်ုပ်တို့ ဓာတ်ပုံများကြည့်နေစဉ် အစ်မကြီးက ရေနွေးကြမ်း နှင့် မုန့်ချိုများချပေးရင်း ...

"မောင်လေးရေ၊ အစ်မကြီးတိုင်ပင်ချင်လို့ခေါ်တာက မင်းတို့ နေ်းမှာ ရဲဘက်နဲ့ဝန်ထမ်းတွေကို လာမယ့်တနင်္ဂနွေနေ့မှာ အစ်မတို့ က မုန့်ဟင်းခါးကျွေးချင်တယ်။ ရေတံခွန်စခန်းမှာတော့ မကြာခဏ ကျွေးဖူးတယ်။ အဲဒါ ငါ့မောင်စီစဉ်ပေးပါ"

"အစ်မကြီး ကျွန်တော်ဘာလုပ်ထားရမလဲ ပြောပါ"

"အလှူလုပ်တယ်ဆိုတော့ ဘုန်းတော်ကြီးလိုတာပေါ့ကွယ်။ ချက်ပန်းကန်လည်း လိုလိမ့်မယ်။ ဒီဆိုင်မှာ အစုံရှိပေမဲ့ ခရီးက ကြမ်းတော့ သယ်လာဖို့မလွယ်ဘူး။ ငါ့မောင်စီစဉ်ထားပေးပါ။ ဓာတ်ပုံ

လည်း မှတ်တမ်းတင်ရိုက်ချင်တယ်"

"ရပါတယ် အစ်မကြီးရယ်။ ကျွန်တော် အပြည့်အစုံစီစဉ်ထား ပါ့မယ်။ အရုဏ်ဆွမ်းလား။ နေ့ဆွမ်းလား"

"နေ့ဆွမ်းပဲကောင်းပါတယ်။ အရုဏ်ဆွမ်းဆို မင်းတို့စခန်း လာအိပ်နေရလိမ့်မယ်"

"အိပ်လည်းရပါတယ် အစ်မကြီးရယ်။ ကျွန်တော့်ရုံးအိမ်ကြ မှာ ဧည့်သည်အိပ်ခန်း (၂)ခန်းတောင်ရှိပါတယ်"

"နေပါစေ မောင်လေး။ အရုဏ်ဆွမ်းဆိုကသိမယ်။ နေ့ဆွမ်း ကောင်းပါတယ်။ အချိန်လည်းရတာပေါ့"

"ဒါများ အစ်မကြီးရယ်။ ချန်းဖန်းကားကြုံနဲ့ စာရေးပြီးပေ လိုက်လည်းရပါတယ်။ ကျွန်တော်စီစဉ်ထားမှာပေါ့"

"မင်းမျက်နှာလည်း ဖူးချင်လို့မောင်လေးရဲ့။ ထမင်းလည် ကျွေးချင်လို့။ နောက်ပြီး ဒီကညီမလေးကိုလည်း ဓာတ်ပုံတွေပေးရ မယ်လေ"

"ကဲ ... ဘယ်သွားစရာရှိသေးသလဲ။ နေ့လယ်စာ ထမင်းစာ ရအောင်"

"ညီမ မြွေတော်ကျွန်းဘုရားကို သွားဖူးချင်သေးတယ် အစ်က ညကအိပ်မက် မက်လို့ပါ"

"အေး ... အေး ... အစ်ကို လိုက်ပို့ပေးမယ်"

ကျွန်ုပ်တို့ နေ့လယ်စာ စားကြသည်။ အစ်မကြီးတို့ဆိုင် စားသောက်ဆိုင်ကြီးဖြစ်၍ စားစရာ၊ သောက်စရာ အကုန်အစုံရသည် ကျွန်ုပ်တို့ အစ်မကြီးလက်ရာ တရုတ်စာဖြင့် ထမင်းမြိန်စွာစားကြသည် အစ်မကြီးက အလိုက်သိစွာ ဝက်သားဟင်းထည့်မပေးဘဲ ကြက်သား





ငါး အသီးအရွက်ကြော်၊ ဟင်းချိုတို့ဖြင့် ပြည့်စုံအောင်ကျွေးသည်။ ထမင်းစားပြီးနောက် အချိုရည်သောက်ကြရင်း အစ်မကြီးက မေစံပယ် ကန်အား ဓာတ်ပုံများလက်ဆောင်ပေးသည်။

"မောင်လေး၊ အပြန်ဝင်ဦးမှာ မဟုတ်လား။ မင်းကိုစခန်းမှာ စားဖို့ ဟင်းကလေးတွေ လုပ်ပေးလိုက်ချင်လို့"

"ဟုတ်ကဲ့ အစ်မကြီး။ အပြန်ကျွန်တော်ဝင်ပါ့မယ်။ ညီမလေး တွေနဲ့ တွေ့ရအောင်ပေါ့"

"အေး ... အေး ... မောင်လေး၊ စောစောပြန်လာကြနော်"

"ဟုတ်ကဲ့ အစ်မကြီး"

"အစ်မကြီး ကျေးဇူးတင်ပါတယ်နော်"

"အေး ... အေး ... ညီမလေး"

ကျွန်ုပ်တို့ HONDA ဆိုင်ကယ်ကလေးဖြင့် ဆက်ထွက်လာ ကြသည်။ ကော့သောင်းမြို့လယ် အကောက်ခွန်ရုံးရှေ့ ပိတောက်ပင် အောက်တွင် ဆိုင်ကယ်ရပ်သည်။

"အစ်ကို ညီမဘုရားကပ်ဖို့ သစ်သီးနဲ့ပန်းတွေ ဝယ်လိုက် ဦးမယ်"

"အေး ... အေး ... ညီမ၊ အစ်ကိုလည်း ဖလင်လိပ်နဲ့ ဓာတ်ခဲဝယ်ရဦးမယ်။ မြန်မြန်လုပ်၊ (၁၁)နာရီကျော်နေပြီ။ ဘုရားဆွမ်းကပ် မမီဘဲနေမယ်"

ကျွန်ုပ်တို့ ကသုတ်ကရက် ပစ္စည်းများဝယ်၍ ဘောတံတား သို့ဆင်းကြသည်။ တံတားထိပ်တွင် မိတ်ဆွေ၊ အကောက်ခွန်ဌာနမှ ဦးမျိုးမြင့်တို့နှင့်တွေ့ရာ ...

"ကိုယ့်ဆရာ၊ ဘယ်ကိုလဲ။ ဟိုဘက်ကမ်းလား။ ဒီမှာလက်မှတ်

ယူသွားဦး။ တော်ကြာ အဖမ်းခံနေရဦးမယ်"

"မဟုတ်ပါဘူး ဦးမျိုးမြင့်ရယ်။ မြွေတော်ကျွန်းဘုရား သွား မလို့ပါ"

"လိုက်ပို့ရမလား။ ဒီမှာ U BOAT အဆင်သင့်ရှိတယ်"

"တော်ပါဗျာ၊ ခင်ဗျားတို့ U BOAT က ပွဲထောင်ထက်ဈေး ဈေးကြီးသေးတယ်"

"ကိုယ့်ဆရာကလည်း တစ်ပွဲလောက်တော့ မသဒ္ဒါတော့ဘူး လား။ အချင်းချင်းတွေပဲဗျာ။ ကိုယ့်ဆရာ မကျွေးလည်း ဟောဟို ကျွေးမယ့်လူ လာပါပြီဗျာ။ ဆရာ ဦးကိုကိုကြည်တို့စုံတွဲလေ။ အန် ကြီး ရန်ကုန်ကရောက်လာလို့ မြွေတော်ကျွန်းသွားကြမှာ၊ လာပါဗျ

ဟုတ်ပါသည်။ ကျွန်ုပ်၏ဦးလေးဖြစ်သူ ပြည်တွင်းအခွန်မှ ဦးစီးဌာနမှ ဦးကိုကိုကြည်နှင့် သူ့ဇနီးတို့ ရေဆင်းတံတားမှ ဆင်းလာ ကြသည်။

"ငါ့တူ ဘယ်တုန်းကရောက်တာလဲ။ ဦးလေးအိမ်တောင် မဝင် ဘူး။ ဒီမှာ မင်းအဒေါ်ရောက်နေလို့ မြွေတော်ကျွန်းဘုရား သွားဖူးကြ မလို့"

"ကျွန်တော် အပြန်မှဝင်မလို့ပဲ ဦးလေး။ ဒီမှာညီသည်ပါ လာတယ်။ မြွေတော်ကျွန်းဘုရား ဖူးချင်တယ်ဆိုလို့။ ဦးလေးတို့သွား မှာနဲ့ အဆင်ပြေလို့စောင့်နေတာ"

"အေး ...အေး ...အတော်ပဲ၊ အတူသွားကြတာပေါ့ ဒါနဲ့ထားဝယ်မြို့က လုပ်ငန်းစစ်မစိန်က မင်းအတွက် ဒိုင်ယာယီစာအုပ် နဲ့ စာတစ်စောင်ပို့ထားတယ်။ အပြန်ဝင်ယူသွားဦး"

"ဟုတ်ကဲ့ဦးလေး။ ဒေါ်လေးရော နေကောင်းရဲ့လား"





"ကောင်းတယ် ငါ့တူရေ၊ မနေ့ကမှရောက်တာ။ မင်းကို အမှုကပ်စရာ တစ်ခုရှိတယ်။ နောက်မှပြောမယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

ကျွန်ုပ်တို့ အကောက်ခွန်မှ U BOAT ကလေးဖြင့် ထွက်ခဲ့ ကြသည်။ ကိုမျိုးမြင့်လည်းပါသဖြင့် မော်တော်သမားက ကျော့သောင်း ကမ်းခြေကိုပတ်ပြသည်။ တစ်ဖက်ကမ်း ရနောင်းမြို့မှာ မိုးမျှော်တိုက် ကြီးများဖြင့် စည်ကားလှသည်။ ဆိပ်ကမ်းတွင် ပင်လယ်ကူးသင်္ဘောကြီး များဆိုက်ထားသည်။ ကျွန်ုပ်တို့ဘက်ကော့သောင်းမြို့ကတော့ မိုးမျှော် တိုက်များမရှိ။ တောင်ကမ်းပါးယံအဆင့်ဆင့်တွင် ရောင်စုံတိုက်အိမ်က လေးများသာ အစီအရီဆောက်လုပ်ထားသည်။ ကျွန်ုပ်လှေပေါ်တွင် မှတ် တမ်းဓာတ်ပုံများ ရိုက်သည်။ မေစံပယ်ဟန်က အလွန်ရွှင်မြူးနေသည်။ ကျွန်ုပ် မေစံပယ်ဟန်၏ ချစ်စရာမျက်နှာကလေးကို CLOSE-UP ဆွဲ၍ ရိုက်ယူထားလိုက်သည်။ ပါချုန်မြစ်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေကအေးမြလှသည်။ မွန်းတည့်ချိန်နီးပြီဖြစ်သော်လည်း ရေဓာတ် ကြောင့်အေးနေသည်။ မြွေတော်ကျွန်းဘုရားမှာ စိမ်းစိုသပ်ရပ်နေသည်။

လှေဆိုက်သည်နှင့် ကျွန်ုပ်တို့ မြွေတော်ကျွန်းပေါ်သို့တက်ကြ သည်။ ဦးလေးဦးကိုကိုကြည်က သူ့ဇနီးလက်ကိုဆွဲတင်သလို ကျွန်ုပ်က သည်း မေစံပယ်ဟန်လက်ကို ဆွဲတင်ရသည်။ ကမ်းစပ်မှ ဘုရားကုန်း တော်ပေါ်သို့ တက်ရသည်။ မေစံပယ်ဟန်က အသင့်ဝယ်လာသော သစ်သီးများနှင့်ပန်းများအား မြွေတော်ကျွန်းဘုရားကို ကပ်သည်။ မွန်းတည့်ချိန်မိရုံကလေးသာဖြစ်သည်။ မေစံပယ်ဟန်မှာ သူမ၏အိပ်မက် အတိုင်း မြွေတော်ကျွန်းဘုရားအား လာရောက်ဖူးမြော်ခွင့်ရသဖြင့် အလွန်ဝမ်းသာနေရှာသည်။ ကျွန်ုပ် ဘုရားဖူးအဖွဲ့အား ဓာတ်ပုံများ

ရိုက်ပေးလိုက်သည်။ ရွှေတော်ကျွန်းဘုရားရင်ပြင်ပေါ်မှ ကော့သောင်း ကိုနောက်ခံထား၍ ရိုက်သောပုံများမှာ အလွန်သာယာလှပပေသည်။

"အစ်ကို ဒီရွှေတော်ကျွန်းဘုရားကို ညီမအိပ်မက်ထဲ အကြိမ်ကြိမ်ရောက်ဖူးတယ်။ ညီမတို့အမျိုးတွေ ဒီမှာရှိတယ်။ အမျိုး အစ်ကို့ကိုမြင်ဖူးအောင် လာပြတာ"

"ညီမရဲ့ ဒီဘုရားတောင်ကုန်းပေါ်မှာ အိမ်မှမရှိတာ။ ဘယ် နေကြတာလဲ။ ရွှေတော်ကျွန်းဘုရားဆိုတော့ ညီမရဲ့အမျိုးတွေက တွေလား"

ကျွန်ုပ်၏ နောက်ပြောင်ကြည်စယ်မှုကြောင့် မေစံပယ်ဟန်၏ မျက်နှာပြင်မှာ ရဲခနဲဖြစ်သွားသည်။ သူမ စိတ်ဆိုးသွားဟန်တူသည် သူမ ကျွန်ုပ်ကို စကားမပြောတော့ပါ။ ကျွန်ုပ် ဦးကိုကိုကြည်တို့အား ဓာတ်ပုံရိုက်ပေးနေစဉ် မေစံပယ်ဟန် တောင်အောက်သို့ဆင်းသွား သည်။ ကျွန်ုပ် ဓာတ်ပုံရိုက်အပြီးလိုက်သွားတော့ လမုပင်အောက် မတ်ရပ်ရုပ်ပွားတော်အနီးတွင် ဘုရားဝတ်ပြုရင်း မေစံပယ်ဟန် ငိုနေ သည်။

"ညီမ ဘာဖြစ်လို့လဲ။ အစ်ကိုအစလွန်သွားလို့လားဟင်"

သူမ ခေါင်းယမ်းပြသည်။ ကျွန်ုပ်တွင် အသင့်ပါလာသည့် SNOW TOWEL ကလေးဖြင့် တယုတယ မျက်ရည်သုတ်ပေးမိသည်။ သူမ ငြိမ်ခံနေသည်။ သို့သော် မျက်ရည်ကတော့ကျဆဲပင်။

"ချစ်လို့ စတာပါညီမရယ်၊ အစ်ကို့ကို စိတ်မဆိုးနဲ့နော်"

"အစ်ကို့ကြောင့် မဟုတ်ပါဘူးအစ်ကိုရယ်။ ညီမဘဝဟောင်း က အမျိုးတွေနဲ့မိဘတွေကို သတိရလွန်းလို့ပါ။ ညီမ ဗမာလူမျိုးများ ဖြစ်ရင် အလွန်ကောင်းမှာပဲနော်"





"အခုဘဝမိဘတွေလည်း ဘာသာခြားလူမျိုးဆိုပေမဲ့ ညီမကို အလွန်ချစ်ကြတာပါ။ အစ်ကိုကလည်းချစ်တာပဲ။ ညီမဘဝဟောင်းက မိဘတွေရှိတဲ့ ကွမ်းခြံကုန်းမြို့ကိုတောင် အစ်ကိုပြန်ရင်လိုက်ကြမယ် သို့တောင် ပြောနေတယ်မဟုတ်လား ညီမရယ်။ နောက်ပြီး အစ်ကိုက ကွမ်းခြံကုန်းမြို့က ဆရာဦးခင်မောင်သန်းဆီကိုလည်း အကျိုးအကြောင်း စာရေးပြီး ညီမဓာတ်ပုံကိုတောင် ပို့လိုက်ပြီ။ မကြာခင် [illegible] သိမှာမယ်"

"ဟင် ... အစ်ကို ညီမကိုအစောက ဘာလို့မပြောတာလဲ ဟင်။ ညီမလည်း မိဘတွေဆီကို စာရေးမှာပေါ့အစ်ကိုရာ"

"ညီမ ရုတ်တရက် ဝမ်းသာသွားအောင်လို့ပါ။ လူကိုယ်တိုင် တွေ့ရတော့မှာပါ ညီမရယ်၊ မကြာတော့ပါဘူး။ ကဲ ... လာ ... လာ ဟိုမှာဦးလေးတို့ စောင့်နေကြပြီ။ သွားကြစို့"

"ဟုတ်ကဲ့ အစ်ကို"

ကျွန်ုပ် မေစံပယ်ဟန်လက်ကိုဆွဲ၍ မော်တော်ပေါ်ဆင်းခဲ့ကြ သည်။ ဆိပ်ကမ်းရောက်တော့ VICTORIA ဟိုတယ်တွင် ဦးလေးက ဘီယာတိုက်သည်။ အကောက်ခွန်ဌာနမှ ဦးမျိုးမြင့်တို့အား မော်တော် ဘုတ်ခပေးခြင်း ဖြစ်သည်။ ကော့သောင်းမြို့မှာ ဝန်ထမ်းရှားသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ဝန်ထမ်းချင်း အလွန်ခင်ကြသည်။ ပြောမနာ ဆိုမနာ အသောက်သမားများလည်းဖြစ်ကြ၍ ပိုပြီးခင်ကြသည်။ ဦးလေး ဦးကိုကိုကြည်မှာ ပြည်တွင်းအခွန်ဌာနမှဖြစ်၍ သူ့လက်အောက်မှ ဆိုင်များတွင် သူပါ၍သောက်လျှင် သဘောရှိသောက်နိုင်ကြသည်။ ကျွန်ုပ် SINGHA ဘီယာတစ်လုံးသောက်သည်။ မေစံပယ်ဟန်ကတော့ သူကြိုက်သော CoCaCoLa ကိုပဲသောက်သည်။

စားသောက်အပြီး လမ်းကြုံသဖြင့် VICTORIA ဟိုတယ် အဆောင်းကြီးအနောက်ဘက်ရှိ မြန်မာပြည်ပိုင်နက်၊ တောင်ဖျားစွန်း VICTORIA POINT တွင် ဓာတ်ပုံရိုက်ကြသည်။ ကျောက်စွန်းပေါ်၌ အင်္ဂတေခုံကလေးပေါ်တွင် VICTORIA POINT ဟု (MEMORY) ကမ္ပည်း ထိုးထားခြင်းသာ ဖြစ်လေသည်။ (၁၉၈၉ ခုနှစ်က အခြေအနေသာ ဖြစ်သည်။)

အပြန်လမ်းတွင် ဦးလေး ဦးကိုကိုကြည်တို့အိမ်သို့ ဝင်သည်။ ဒေါ်လေးက မြို့ဦးဘုရားပေါ်တွင် အဘနှင့်တွေ့ခဲ့သဖြင့် အဘကညွှန်သည့်အတိုင်း သူ့ဆိုင်တွင် ရောင်းကောင်းစေရန် 'နွယ်ဝင်ခွေ' တစ်ခု ကျွန်ုပ်အား တောတွင်းမှရှာနိုင်းခြင်း ဖြစ်သည်။ ကျွန်ုပ် ဦးလေးထံမှ ထားဝယ်စာရင်းစစ်ရုံး ဒေါ်စိန်စိန်ထံမှပို့ထားသော ဒိုင်ယာယီစာအုပ် အသစ်နှင့် စာတစ်စောင်ကိုယူပြီး ပြန်ခဲ့ကြသည်။

အပြန်လမ်းတွင် (၃)မိုင်ရှိ အစ်မကြီး ဒေါ်တင်တင်တို့အိမ်သို့ ဝင်နှုတ်ဆက်သည်။ မေညီအစ်မ ပြန်မရောက်ကြသေးပါ။ အစ်မကြီးက လာမည့် တနင်္ဂနွေနေ့အလှူအတွက် ကြိုတင်ပြင်ဆင်ထားရန် ကျွန်ုပ်အား အထပ်ထပ်သတိပေးသည်။ ကျွန်ုပ်တို့စခန်းသို့ ပြန်ကြသည်။ တိုက်ဆိုင်သည်မှာ (၁၀)မိုင်ရွာကိုဝင်သည်နှင့် မိုးနှင့်တိုးပြန်သည်။ ကျွန်ုပ်တို့ ညနေစောင်းပြီဖြစ်၍ မိုးမရှိတော့ဘဲ မိုးကာများထုတ်ဝတ်ကာ ဆက်လက်၍ ထွက်လာကြသည်။ ချုန်းဖန်းလမ်းမှာ မြေလမ်းဖြစ်၍ မိုးရွာသည်နှင့် လမ်းမှာဗွက်ပေါက်တော့သည်။ ဆိုင်ကယ်ကိုသတိထား၍ စီးရသည်။ တောင်ဆင်းတောင်တက်တွင် မိုးရွာထားသဖြင့် ဆိုင်ကယ်မတက်နိုင်။ နံပါတ် (၁)ဂီယာကြီးထိုးပြီး ဆင်း၍တွန်းတက်ကြရသည်။ မိုးကာပါသော်လည်း ကျွန်ုပ်တို့ ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ ကော့သောင်း





မိုးမှာ ရန်ကုန်မိုးလိုမဟုတ်။ ရွာပြီဆိုလျှင်လည်း သဲသဲမဲမဲ။ ပြီးနောက် ဖွဲဖွဲနှင့်ဇွဲနေပြန်သည်။ စခန်းရောက်သည်အထိ မိုးကမတိတ်ပါ။ မေစံပယ်ဟန်ဆိုင်ကယ်ကိုယူပြီး သူ့အိမ်အထိ လိုက်ပို့လိုက်ရသည်။ မဖျားစေရန်လည်း နွေးနွေးထွေးထွေးနေဖို့ သတိပေးခဲ့ရသေးသည်။ ကျွန်ုပ်တွင်တော့ ကချင်ပြည်နယ်ထွက် ခန်းတောက်မြစ်ဆေးစွမ်းကောင်း ရှိပေသည်။

❑

'ခန်းတောက်မြစ်'မှာ အဖျားရောဂါကို အလွန်နိုင်သည်။ အထူးသဖြင့် ငှက်ဖျားရောဂါကိုနိုင်သည်။ ကချင်ပြည်နယ်၊ ရေခဲတောင်ဒေသမှထွက်သော ဆေးမြစ်ဖြစ်သည်။ ခန်းတောက်ရွှေဝါနှင့် ခန်းတောက်အဖြူယူ၍ရှိရာ ရွှေဝါရောင်က ငှက်ဖျားရောဂါပျောက်သဖြင့် ပိုတန်ဖိုးကြီးသည်။ ကျွန်ုပ်လည်း နောင်မွန်းမြို့ ပြည်သူ့ဘဏ်တွင် တာဝန်ကျသော အစ်ကိုကြီးဦးအောင်သန်းထံမှ ပို့ပေးသဖြင့် ဆောင်ထားနိုင်ခြင်းဖြစ်သည်။

ခန်းတောက်မြစ်ဆေးအား မဖျားမီကြိုတင်၍လည်း သောက်နိုင်သလို၊ ဖျားလျှင်လည်း ဆေး(၃)ခွက်သောက်သည်နှင့် လုံးဝပျောက်ကင်းချမ်းသာပါသည်။ ဆေးသောက်ရန်အညွှန်းမှာ ခန်းတောက်မြစ်ခြောက် (မီးခြစ်ဆံခန့်) သုံးတက်ခန့်ကို ပါးပါးလှီးပြီး အဖုံးပါသော





ဓာတ်ခွက်အတွင်း ရေနွေးပူပူ သုံးပုံတစ်ပုံခန့်ထည့်၍ စိမ်ရသည်။ ပြီးနောက် ပျားရည်စစ်စစ်တစ်ဇွန်း။ အရက်တစ်ဇွန်းထည့်ကာ သမအောင်မွှေ၍ ပူပူနွေးနွေးသောက်ရခြင်း ဖြစ်သည်။

သောက်ပြီးသည်နှင့် နွေးနွေးထွေးထွေးနေလျှင် ချက်ချင်းချွေးများ ထွက်လာသည်။ အဝတ်အစားကို မကြာခဏ လဲပေးရသည်။ အအေးမိလျှင် တစ်ခွက်တည်းနှင့်ပျောက်သည်။ ငှက်ဖျားဖြစ်လျှင်တော့ သုံးခွက်ခန့်သောက်မှ ပျောက်သည်။ ကချင်တိုင်းရင်းဆေးနည်းစစ်စစ်ဖြစ်ပေသည်။

ကျွန်ုပ် စခန်းရောက်သည်နှင့် ရေမိုးချိုးပြီး အဝတ်အစားနွေးနွေးထွေးထွေးဝတ်၍ ခန့်တောက်မြစ်ဆေးကို ဖျော်စပ်သောက်လိုက်သည်။ (၅)မိနစ်ခန့်ကြာသည်နှင့် ချွေးများစို့လာသည်။ ကျွန်ုပ် မဖျားနိုင်တော့ပါ။ အဝတ်အစားလဲပြီး ညစာစားသည်။ ကောင်းစွာ စားနိုင်သည်။ မေစံပယ်ဟန်တော့မိုးမိ၍ ကျိန်းသေဖျားလောက်ပေသည်။

ည (၉)နာရီခန့်တွင် ဘုရားဝတ်ပြုပြီး ကျွန်ုပ်အိပ်ရာဝင်သည်။ ယနေ့သောကြာနေ့။ လာမည့် တနင်္ဂနွေနေ့ အစ်မကြီးဒေါ်တင်တင်အလှူအတွက် အချိန်ရသေးသည်။ မနက်ဖြန်တွင် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်တို့နှင့်တိုင်ပင်၍ ဘုန်းတော်ကြီးပင့်ရန်၊ ချက်ရန်၊ ပြုတ်ရန်၊ ကျွေးမွေးရန်တို့အတွက် စီစဉ်ရပေတော့မည် ဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ် (၇)နာရီခန့်မှ အိပ်ရာကနိုးသည်။ ညက ကချင်ဆေးနည်းကြောင့် မဖျားမနာဘဲ အိပ်ရာမှအိပ်ရေးဝစွာ နိုးထရသည်။ ကျွန်ုပ် ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်သည်။ မနက် (၈)နာရီ မနက်စာစားချိန်အထိ မေစံပယ်ဟန် ပေါ်မလာပါ။ ထို့ကြောင့် ကချင်ဆေးနည်းကိုဖော်စပ်ပြီး ပုလင်းကလေးထဲထည့်၍

ချန်းဖန်းရွာ ဆိုင်ကယ်ဝပ်ရှော့သို့ ထွက်ခဲ့သည်။ ထင်သည့်အတိုင်းပင် မေစံပယ်ဟန်အအေးမိပြီး ဖျားနေရှာသည်။ သူ့မိဘများကလည်း သမီးချစ်များဖြစ်၍ စိုးရိမ်ပူပန်နေရှာသည်။ ကျွန်ုပ်လည်း မိဘများက ခွင့်ပြုပြီးဖြစ်၍ အခန်းထဲဝင်၍ ရေနွေးပူပူတစ်ခွက်တောင်းကာ ကချင်ဆေးကိုတိုက်ရသည်။ မကြာမီ အဝတ်လဲပေးရန် သူ့အမေကိုခေါ်သည်။ ကျွန်ုပ်နှင့်ဦးလှတင့်တို့ စကားပြောနေပြီး နာရီဝက်ခန့်အကြာတွင် မေစံပယ်ဟန် အဝတ်အစားလဲ၍ ထွက်လာသည်။

"အစ်ကို ညီမနေကောင်းသွားပြီ။ စခန်းကိုလိုက်ချင်တယ်"

"ဟာ ... ညီမလေး၊ အအေးမိနေတာ။ အိမ်မှာတစ်ရက်လောက်တော့ နားပါဦး"

"ဟုတ်ပါတယ် သမီးရယ်။ သမီးအအေးပတ်ပြီး ပြန်ဖျားမှာ စိုးရိမ်လို့ပါ"

အဖေက ဝင်ပြောသည်။

"ဟင့်အင်း ... ဟင့်အင်း။ သမီးဘုရားမရှိခိုးရသေးဘူး"

"ဟုတ်သားပဲ သမီးရယ်။ မနက်ဖြန်မှ စခန်းကိုသွားပါနော။ သမီးအစ်ကိုလည်း ရှိနေသားပဲ"

အမေက ဝင်ပြောပြန်သည်။

"သမီးနေကောင်းသွားပြီပဲ၊ မတားကြပါနဲ့။ အစ်ကို လာသွားမယ်"

"ကဲ ... ဒါဆို အနွေးထည့်ဝတ်ဦးညီမ။ ဦးလှတင့်တို့ မပူပါနဲ့။ ကျွန်တော့်မှာ ဆေးကောင်းဝါးကောင်းလည်းရှိတယ်။ စခန်းမှာဆရာဝန်တွေလည်းရှိပါတယ်။ စိုးရိမ်စရာ လုံးဝမရှိပါဘူး။ စိတ်ချပါခင်ဗျား"





"ဆရာရယ်၊ ဆရာ့ညီမက ဖွတ်တရွတ်ပဲ။ ဂရုစိုက်ပါနော် ဆရာ။ ကျွန်တော်တို့လည်း လိုက်ခဲ့ပါမယ်"

"စိတ်ချပါ ဦးလှတင့်၊ ကျွန်တော်ခေါ်သွားတော့မယ်"

မေစံပယ်ဟန်အား စခန်းသို့ခေါ်ဆောင်ခဲ့ပြီး ဆန်ပြုတ်တိုက်၍ နွေးနွေးထွေးထွေး ထားရသည်။ သူမက အဖျားပျောက်စပင်ဖြစ်သော်လည်း ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်ခြင်းအမှုကို ပြုသေးသည်။ ပြီးမှ ကျွန်ုပ်အိပ်ရာပေါ်တွင် နားနားနေနေ အိပ်ခိုင်းရသည်။ နေ့လယ်တွင် ဦးလှတင့်တို့လင်မယား ဆိုင်ကယ်ဖြင့်ရောက်လာပြီး ကြက်သားဆန်ပြုတ်လာပို့သည်။ အပေါ်ထပ်တွင် သမီးနှင့်တွေ့ပြီး စိတ်ချသွားဟန်ဖြင့် ပြန်သွားကြသည်။

နေ့လယ်ပိုင်းတွင် ကျွန်ုပ်ကိုယ်တိုင် သူမအား ကြက်သားဆန်ပြုတ်ကို ကြင်နာစွာတိုက်ကျွေးပြီး ကချင်ဆေးတစ်ခွက် ထပ်တိုက်လိုက်သည်။ သူမနှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ သူမမှာ ကြင်နာယုယမှုကို ဆေးသဖွယ်လိုအပ်နေဟန်တူပေသည်။

သူမအိပ်ပျော်သွားမှ ကျွန်ုပ်အလှူကိစ္စအတွက် နောက်တန်းတပ်ကြပ်ကြီး ဦးထွန်းမောင်နှင့် နောက်တန်းရဲဘက်တာဝန်ခံတို့အားခေါ်၍ ဆွေးနွေးတိုင်ပင်ပြီး တာဝန်အသီးသီး ခွဲပေးရသည်။ ညနေတွင်တော့ မသင့်တော်သဖြင့် မေစံပယ်ဟန်အားချော့မော့ပြီး သူမအိမ်သို့ ပြန်ပို့ရသည်။ သူမနေကောင်းသွားပြီလည်း ဖြစ်သည်။

ကျွန်ုပ်တို့ညနေပိုင်းတွင် ထောင်မှူးများနှင့် ဘော်လီဘောကစားကြသည်။ ကြက်တစ်ကောင်ကြေး ဖြစ်သည်။ ကျွန်ုပ်နှင့် ဦးထွန်းမောင်တို့နိုင်ပါသည်။ ထို့ကြောင့်လည်း ညပိုင်းတွင် အရက်ဝိုင်းလုပ်ကြသည်။ ကျွန်ုပ်တို့ အရက်သောက်ကြခြင်းမှာ အပျော်သဘောသာမဟုတ်၊

စည်းရုံးရေးလည်း ပါသည်။ လူမှုရေးနှင့် အလုပ်ကိစ္စလည်း ပါသည်၊ တစ်လတစ်ခါခန့် လုပ်ဖြစ်ကြသည်။ အရက်ဝိုင်းတွင် လွတ်လပ်စွ ပြောဆိုတင်ပြခွင့်ပေးထားသည်။ ထို့ကြောင့်လည်း ကျွန်ုပ်၏စခန်း မကျေနပ်မှုမရှိ။ ကျွန်ုပ်၏ ခေါင်းဆောင်ရာနောက်သို့ ဖြောင့်ဖြော တန်းတန်း လိုက်ကြသည်။

နောက်တစ်နေ့မနက် (၆)နာရီခန့် ကျွန်ုပ်အိပ်ရာမှ နိုးစဉ်ပ မေစံပယ်ဟန် ဆိုင်ကယ်ကလေးဖြင့် ပေါက်ချလာသည်။

"လာ ...ညီမ၊ နေကောင်းသွားပြီ မဟုတ်လား။ အစ်ကို လည်း ဘုရားဝတ်ပြုတော့မလို့"

"အစ်ကိုနဲ့အတူ ဘုရားဝတ်ပြုချင်လို့ အချိန်မီလာတာ။ အ နေမကောင်းဘူးအစ်ကို။ ညီမလို မဟုတ်ဘူး။ အဖေကချမ်းပြီးတု နေတယ်။ အစ်ကို့ဆီကဆေးကို သောက်ချင်သတဲ့လေ"

"သူတို့ဘာသာရေးနဲ့ ဖြစ်ပါ့မလားညီမ။ အစ်ကို့ဆေး အရက်ပါတယ်"

"ပါပါစေ၊ ဆေးအဖြစ်သောက်တာပဲ။ အစ်ကို့ဆေးကို အ အထင်ကြီးပြီး အားကိုးနေတာ"

"အေးကွယ်၊ အဲဒါဆိုရင်လည်း ယုံကြည်မှုကြောင့် ဝေဒ တစ်ဝက်ပျောက်ကင်းနေပါပြီ။ အစ်ကိုလိုက်တိုက်ပါ့မယ်။ လာ ... ဘုရားဝတ်ပြုပြီး မနက်စာစားပြီးတာနဲ့ ဆေးသွားတိုက်ကြတာပေ့ါ"

ကျွန်ုပ်နှင့် မေစံပယ်ဟန် ဘုရားအတူဝတ်ပြု ပုတီးစိပ်၊ တ ထိုင်ကြသည်။ ပြီးနောက် မနက်စာထမင်းကြော်နှင့် ကော်ဖီသောက် အပြီး ကျွန်ုပ် ကချင်ဆေးနည်းကို (၃)ခွက်စာစပ်၍ ဆိုင်ကယ်ဝင်ဧ သို့ထွက်ခဲ့ကြသည်။ ဦးလှတင့်မှာတုန်ချမ်းပြီး အဖျားကြီးနေသည်။ စော





အထပ်ထပ်လည်း ခြုံထားသေးသည်။ ကျွန်ုပ်မေစံပယ်ဟန်အား ကော်ဖီ ဖျော်ခိုင်းပြီး ဘီစကစ်မုန့်အနည်းငယ်နှင့် ဦးလှတင့်အား ကျွေးမွေး သည်။ ပါးစပ်ခါးနေ၍ မစားလိုဆိုသော်လည်း ကျွန်ုပ်ကအတင်းကျွေး သဖြင့် သူ့ခများစားရရှာသည်။ ပြီးမှ ကချင်ဆေးတစ်ခွက်ကို ရေနွေး ပူပူဖြင့်တိုက်သည်။ (၅)မိနစ်အတွင်း ချွေးများပြန်လာ၍ စောင်များကို ဖယ်ရှားပြီး အဝတ်သစ်လဲပေးရသည်။ (၁၅)မိနစ်ခန့်အကြာတွင် အိပ် ပျော်သွားသည်။ ချွေးထွက်မလွန်စေရန်တော့ စစ်ဆေးရသည်။ အဖျား လုံးဝကျသွားမှ နေ့လယ်နှင့်ညတစ်ခွက်စီ ဆေးတိုက်ရန် ညွှန်ကြားခဲ့ပြီး ကျွန်ုပ်စခန်းသို့ ပြန်ခဲ့ပါသည်။

## အခန်း (၉)

❑

တနင်္ဂနွေနေ့မနက် (၇)နာရီခန့်၌ပင် အစ်မကြီး ဒေါ်တင်တင်နှင့် သမီးများအလှူလုပ်ရန်အတွက် ပစ္စည်းများတင်ပြီး အငှားကားဖြင့် ရောက်လာသည်။ ပစ္စည်းများအား ရဲဘက်လုပ်အားဖြင့် ရုံးခန်းသို့ ပို့ရသည်။ ဒေါ်တင်တင်နှင့်သမီးများမှာ ကျွန်ုပ်၏စခန်းကို အလွန်သဘောကျနေကြသည်။

"မောင်လေးရယ်၊ မင်းတို့စခန်းက ချောင်ကျပေမဲ့ ရိုးမစခန်းကြီးနောက်ခံနဲ့ အလွန်သာယာတာပဲ။ ကျယ်ဝန်းပြီး သန့်ရှင်းနေတာပဲ"





"ဟုတ်တယ်နော် မေမေ။ အစ်ကို့စခန်းက တောင်မှူးကြီး ...းကျော်ရှိန်ရဲ့ ရေတံခွန်စခန်းထက် ပိုပြီးသာယာတယ်။ နည်းနည်း ...ွမ်းလို့ပဲ၊ နီးရင်တော့ သမီးတို့ခဏခဏလာလည်မှာ"

မေစီက ဝင်ပြောသည်။

"လာချင်ရင် အနီးကလေးပါ ညီမရယ်။ ကားနဲ့လာလို့ရ ...ာပါ။ ဆိုင်ကယ်နဲ့ဆို အတွင်းလမ်းက နီးနီးကလေးပါ"

...မရီ ။ "အတွင်းလမ်းရှိသေးသလား အစ်ကို။ ညီမတို့ကို ပြထား ...ဦး"

"အတွင်းလမ်းက ကားသွားလို့မရဘူးကွယ့်။ ဆိုင်ကယ်ပဲသွား ...့ရတာ။ လမ်းကျဉ်းတယ်"

"မောင်လေးဘုန်းတော်ကြီးတွေရော ပင့်ထားပြီးပလား။ မှတ် ...မ်းစာတပ်ပုံတွေကိုလည်း ရိုက်ပေးဦးနော်"

"ကျွန်တော် အကုန်စီစဉ်ပြီးပါပြီ။ အစ်မကြီးချက်ဖို့ပြုတ်ဖို့ ...ည်း ကျွန်တော့်စခန်းကအဖွဲ့ စီစဉ်သွားမှာပါ။ အမေကြီးတို့က လိုအပ် ...လိုသာ ညွှန်ကြားပေးပါ"

"ဪ ... မောင်လေးရေ။ ရေတံခွန်စခန်းက တောင်မှူး ...ဦးကျော်ရှိန် လာလိမ့်မယ်ကွယ့်။ ဒီမှာ မင်းကိုလည်း ရန်ကုန်က ...တစ်ယောက်ကို ပေးခိုင်းလိုက်တယ်။ ကွမ်းခြံကုန်းကဆိုလားပဲ"

ကျွန်ုပ် အလွန်ဝမ်းသာသွားမိပါသည်။ ကွမ်းခြံကုန်း ... ဆရာ ...င်မောင့်သန်းထံမှ လှဝင်စားမလေး မေစံပယ်ဟန်နှင့်ပတ်သက်၍ ...ကြားစာဖြစ်မည်။ ထိုအချိန်တွင် မေစံပယ်ဟန်ဆိုင်ကယ်ကလေး ... ရောက်ရှိလာသည်။

"အစ်မတို့ ရောက်နေကြပြီပဲ။ ကျွန်မလည်း အဖေ့ကို ဆန်

ပြုတ်တိုက်နေတာနဲ့ နောက်ကျသွားတာပါ''

''ညီမအဖေက နေမကောင်းလို့လား''

''ဟုတ်တယ် အစ်မကြီး။ ကော့သောင်းက ပြန်လာတဲ့နေ့ ညီမတို့မိုးမိပြီး ညီမအရင်ဖျားတာ အစ်ကိုပေးတဲ့ဆေးကိုသောက် ညီမအဖျားပျောက်တော့ အဖေဖျားပြန်တယ်။ အဖေက ငှက်ဖျား တာ။ အစ်ကို့ဆေးက အရမ်းစွမ်းတာပဲ။ နှစ်ရက်တည်းနဲ့ အဖေလည်း နေကောင်းသွားပါပြီ။ အဖေက အစ်ကို့ကို အရမ်းကျေးဇူးတင်နေတာ အရင်က အဖေတစ်ခါဖျားရင် အနည်းဆုံး တစ်ပတ်ကတစ်လအ ကြာတတ်တယ်။ အလုပ်ပျက်၊ အကိုင်ပျက်၊ လူလည်း အရိုးပေါ်အ တင် ပိန်ဆင်းသွားတာပဲ''

''ငါ့မောင်ဆေးက ဘာဆေးလဲကွယ့်၊ စွမ်းလှချည်လား။ ဒီတ ခါ အစ်မကြီးဖျားရင်လည်း လာပြုစုနော်''

''ဟုတ်ကဲ့ပါ အစ်မကြီး။ ကျွန်တော့်ဆေးက ကချင်ဆေးနည်း ပါ။ အစ်မကြီးဖျားရင် အကြောင်းကြားလိုက်။ ကျွန်တော် လာပြု မယ်''

''အားကိုးပါတယ် ငါ့မောင်ရယ်။ ကော့သောင်းမြို့က တော တောင်ပိုင်းနေတော့ ငှက်ဖျားရှိတယ်။ ပင်လယ်ငှက်ဆိုလားပဲ။ တစ် ဖြစ်ရင် အတော်ခံရတာ။ တော်တော်နဲ့နာလန်မထူဘူး''

''စိတ်ချပါ အစ်မကြီး။ ကျွန်တော့်ဆေးက နှစ်ရက်သုံးရက် အဖျားရောဂါမှန်သမျှ ပျောက်ပါတယ်။ ဖျားချင်ရင် ကြိုတင်ကာကွ ဆေးအနေနဲ့လည်း သောက်လို့ရတယ်။ ကျွန်တော် ဒီစခန်းရောက်တ (၂)နှစ်ပြည့်တော့မယ်။ တစ်ခါမျှ မဖျားဖူးဘူး။ စခန်းတစ်ခုလုံးကတေ မဖျားဖူးတဲ့သူ မရှိဘူး။ အခုပဲ မေစံပယ်ဟန်တို့အဖေ အဖျားကျသွ





ပြီလေ''

ထိုစဉ် မေစံပယ်ဟန်က ...

''အစ်ကို ညီမ မေညီအစ်မနဲ့ အဘဦးအေးမောင်တို့ တောင် ယာဘက် သွားလည်ချင်တယ်''

''ဪ ... အေး ... ညီမက အိမ်ရှင်ပဲ။ သွားပြလိုက်ပါ။ အဘ ဦးအေးမောင်ကျွေးတဲ့ အသီးတွေကိုလည်း အရမ်းမစားကြနဲ့ နော်။ ညီမက အဖျားပျောက်ခါစ ဆင်ခြင်ပါ''

''ဟုတ်ကဲ့ အစ်ကို''

မေညီအစ်မက ပိုရန်ကောဟူသည့်သဘောဖြင့် ကျွန်ုပ်အား မျက်စောင်းထိုးပြီး နှုတ်ခမ်းစူပြကြသည်။ အစ်မကြီး ဒေါ်တင်တင်က တော့ တပ်ကြပ်ကြီးဦးထွန်းမောင်တို့နှင့် ချက်ရန်ပြုတ်ရန် စီစဉ်နေ ကြပေပြီ။ အစီအစဉ်မှာ ဘုန်းတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်၍ ဝန်ထမ်းနှင့်ရဲဘက်များအား မုန့်ဟင်းခါးကျွေးရန် ဖြစ်ပေသည်။ တစ်မျိုး တည်းမဟုတ်၍ အလုပ်ကတော့ ရှုပ်ပေသည်။

ကျွန်ုပ် လူရှင်းသည်နှင့် ရုံးစားပွဲတွင်ထိုင်ပြီး ကွမ်းခြံကုန်းမြို့ မှ ဆရာဦးခင်မောင်သန်းပို့လိုက်သောစာကို ဖတ်ရသည်။ စာထဲတွင် လကုန်၍ထွက်လာမည့် မြစ်ကြီးနားသင်္ဘောကြီးဖြင့် မေစံပယ်ဟန်၏ ဘဝဟောင်းက မိဘများနှင့်အတူ သူပါလိုက်လာမည့်အကြောင်းနှင့် ဆိပ် ကမ်းဆင်း၍ကြိုဆိုရန် နေရာထိုင်ခင်းစီစဉ်ထားရန်တို့ ဖြစ်ပေသည်။

ကျွန်ုပ် လွန်စွာဝမ်းသာမိသည်။ မေစံပယ်ဟန်နှင့် မိဘများ သိလျှင်လည်း အလွန်ဝမ်းသာကြရှာပေမည်။ တော်တန်ရုံ သံယောဇဉ် ဖြင့်တော့ မေစံပယ်ဟန်၏ အရင်ဘဝဟောင်းကမိဘများ ဤမျှဝေးသော ခရီးကို လိုက်ပါကြမည်မဟုတ်။ တစ်ဦးတည်းသော သမီးအပေါ် ဘဝ

ပေါင်း။ ဘဝသစ်က မိဘများမည်သို့ လွမ်းဆွဲကြမည်ကို ကျွန်ုပ်စောင့်ကြည့်ရပေတော့မည် ဖြစ်ပေသည်။

မနက် (၁၀)နာရီကျော်ကျော်တွင် ချမ်းဖန်းကျောင်းမှ ဘုန်းတော်ကြီးငါးပါး ကြွလာသည်။ ကျွန်ုပ်က ရုံးအပေါ်ထပ်တွင် နေရာထိုင်ခင်းပေးရသည်။ မရှေးမနှောင်းပင် စခန်းတောင်ယာထဲမှ တပ်ကြပ်ဦးအေးမောင်နှင့် မေညီအစ်မသုံးဖော် အသီးအနှံများနှင့် ရောက်လာကြသည်။

**မေစီ** ။ ''အစ်ကိုရာ အစောကပြောရောပေါ့။ တောင်ယာကြီးက အကျယ်ကြီး။ သီးပင်စားပင်တွေလည်း စုံနေတာပဲ။ အလွန်သာယာတယ်''

''ဒါနဲ့ညီမတို့ ဘာတွေစားခဲ့ကြသလဲ''

''သရက်သီး၊ သဘော်သီး၊ ဒူးရင်းသီး၊ ငှက်ပျောသီး စုံနေတာပဲ။ အပြန်လက်ဆောင်လည်း ပေးလိုက်သေးတယ် အစ်ကိုရေ''

''ဦးလေးဦးအေးမောင်နော်၊ ကျွန်တော့်ညီမတွေ ဝမ်းလျှော ရင်တော့ ဦးလေးတာဝန်ပဲနော်''

''မဖြစ်ပါဘူး ဆရာရယ်၊ အနည်းအပါးစီပါ။ ဒီမှာ ဆရာတော်တွေကိုကပ်ဖို့လည်း ပိန္နဲသီး၊ နာနတ်သီး၊ ငှက်ပျောသီး၊ သရက်သီး ဒူးရင်းသီးတွေ ယူခဲ့ပါသေးတယ်''

''အဲဒါတွေကို ဦးလေးဦးအေးမောင် တာဝန်ယူပါ။ နေ့ဆွမ်းကပ်ပြီး အချိုပွဲလုပ်ပေးပါ။ အပြန်လည်း ရဲဘက်တွေခေါ်ပြီး ကျောင်းကိုလိုက်ပြီးလှူလိုက်ပါ''

''ဟုတ်ကဲ့ဆရာ''

မနက် (၁၀)နာရီခွဲတွင် တရားနာသည်။ ငါးပါးသီလခံယူကြ





သည်။ ပြီးနောက် ကျွန်ုပ်နှင့် အစ်မကြီးဒေါ်တင်တင်က ရေစက်ချအမျှဝေ၍ သာဓုခေါ်ကြသည်။ ဆရာတော်များအား ရုံးအပေါ်ထပ်၌ပင် နေ့ဆွမ်းကပ်သည်။ ကြက်သား၊ ဝက်သား၊ ငါးဟင်းနှင့် ချဉ်ရည်ဟင်းများစုံသည်။ အချိုပွဲကိုတော့ ဦးလေးဦးအေးမောင်က အသီးအနှံအမှည့်များဖြင့် ပြည့်စုံစွာကပ်လှူသည်။ ကျွန်ုပ်တို့စခန်းမှ ဝန်ထမ်းနှင့်ရဲဘက်များ ကပ်လှူကြသော ဝတ္ထုအလှူငွေကလည်း မနည်းပါ။ နေ့ကြီးရက်ကြီးများတွင် စုပေါင်းအလှူလုပ်တတ်သော ကျွန်ုပ်တို့အောက်ချိုင်းခြံဆီအုန်းစခန်းမှာ သဒ္ဓါတရားထက်သန်လှသည်။

နေ့လယ် (၁၂)နာရီ ဆရာတော်များပြန်ကြသည်နှင့် စခန်းရှိဝန်ထမ်းများနှင့် ရဲဘက်များအား မုန့်ဟင်းခါးကျွေးသည်။ ထမင်းအစား မုန့်ဟင်းခါးစားကြရ၍ အတော်စားနိုင်ကြသည်။ ရဲဘက်နှင့်ဝန်ထမ်း (၅၀၀)ခန့်ရှိ၍ အတော်လည်းကျွေးရသည်။

ထိုစဉ် ဆိုင်ကယ်သံများကြားရပြီး ဆိုင်ကယ် (၃)စီးစခန်းအတွင်းသို့ ဝင်လာသည်။ ရုံးရှေ့ရောက်မှ ရေတံခွန်စခန်းက ထောင်မှူးကြီးဦးကျော်ရှိန်၊ ပါဆယ်ပါညွန်းစခန်းမှ ထောင်ပိုင်ဦးဟန်မြင့်နှင့် မေစံပယ်ဟန်တို့ အဖေနှင့်အမေတို့ ဖြစ်ကြသည်။ ကျွန်တော်အပေါ်ထပ်တွင် နေရာချထားပေးပြီး မိတ်ဆက်ပေးရသည်။

''ဆရာတို့ဘာစားကြမှာလဲ။ ထမင်းလား၊ မုန့်ဟင်းခါးလား''

''ကျုပ်တို့ကတော့ ထမင်းပဲစားမယ်။ ထားဝယ်မကြီးလက်ရာ စားချင်လို့လာကြတာ''

ဦးဟန်မြင့်က ပြောသည်။

''ချွန်တော်တို့တော့ မုန့်ဟင်းခါးပဲ စားမယ်ဆရာ။ အဖျားပျောက်စ ခံတွင်းပျက်နေလို့ပါ''

ဘာသာမတူ လူမျိုးမတူသူများအတွက် အဆင်ပြေစေရန် ကျွန်ုပ်က ...

"အဲ့ဒါဆိုရင် ဦးလှတင်တို့ အောက်ထပ်ကြပါ။ ဆရာတို့က အပေါ်ထပ်မှာ သုံးဆောင်ကြပါ။ အဆင်မပြေမှာ စိုးလို့ပါ"

ဦးလှတင်တို့လင်မယားအား အောက်ထပ် ကျွန်ုပ်၏ရုံးစားပွဲနေရာပေးပြီး မေညီအစ်မများက မုန့်ဟင်းခါးဖြင့် ဧည့်ခံသည်။ သူတို့ ဇနီးမောင်နှံ မြန်မာလက်ရာမုန့်ဟင်းခါးကို ကြိုက်ကြဟန်တူသည်။ အတော်စားနိုင်ကြသည်။ ပြီးနောက် အချိုပွဲ၊ သစ်သီးမှည့်များဖြင့် ဧည့်ခံသည်။

"ဦးလှတင် ကောင်းကောင်းကျန်းမာသွားပြီ မဟုတ်လား"

"ဆရာ့ဆေးကြောင့် ချွန်တော် ကောင်းကောင်းနေကောင်းသွားပါပြီ။ ကျေးဇူးအထူးတင်ပါတယ်"

ထိုစဉ် အပေါ်ထပ်တွင် ဧည့်ခံနေသော အစ်မကြီးဒေါ်တင်တင်က ကျွန်ုပ်အားလှမ်းခေါ်သည်။ ကျွန်ုပ် အပေါ်ထပ်တက်သွားတော့ ...

"မောင်လေးရေ ဒီမှာ ထောင်မှူးကြီး ဦးကျော်ရှိန်က ကိုကြီး နေတယ်။ ဟိုဟာမပါဘူးလားတဲ့"

"ဘယ်ဟာလည်း အစ်မကြီး"

"အရက် ... အရက်၊ နိုင်ငံခြားအရက်တဲ့"

"ကျွန်တော်တို့က ငါးပါးသီလယူထားတာ။ အလှူမှာအဲ့ဒါ မပါဘူးလေ"

"သူငယ်ချင်း မင်းသီလယူထားရင် မင်းမသောက်နဲ့ပေါ့။ ကိုယ်တို့ကတော့ အဝေးကြီးကလာရတာ၊ ဒီကနေ့ကလည်း ဝိတ်ရက် အရက်ကလေးပါမှ ကောင်းမှာပေါ့"





"အဲဒါဆိုရင်လည်း ရပါ့ဗျာ။ ကျွန်တော့်ဆီမှာ နိုင်ငံခြားက လာတဲ့ ယိုးဒယားနိုင်ငံလုပ် မဲခေါင်အရက်စစ်စစ်ရှိပါတယ်"

"အဲဒါမျိုးမသောက်ဘူး။ စကော့ဝီစကီကို ပြောတာ"

"ကျွန်တော်စခန်းမှာမှ မရှိပဲ။ ဒီနားမှာလည်း ဝယ်လို့မရနိုင်ဘူး ကိုကျော်ရှိန်ရေ"

"ကဲ ... မောင်လေး မမခြင်းထဲမှာ လိုရမည်ရဆောင်ထားတဲ့ ဂျော်နီဝါကားတစ်လုံးပါတယ်။ မင်းညီမတွေကိုယူခိုင်းလိုက်။ မင်းတို့အထာတွေသိလို့ မမကဆောင်လာတာ"

ကျွန်ုပ် မေညီအစ်မကို အကြောင်းကြားလိုက်ရသည်။

"တော်တော်ရစ်တဲ့ ကိုကျော်ရှိန်ပဲ။ အရက်တောင် မသောက်ရသေးဘူး"

"ဒါတင်လားဆိုတော့ မဟုတ်သေးဘူး သူငယ်ချင်း။ မင်းသတင်းတွေကိုယ်တို့ ကြားထားတယ်။ ကော့သောင်းမှာ တစ်နေ့လိုက် ဧည့်ခံရမယ်။ စောစောက အောက်ဆင်းသွားတာ မင်းယောက္ခမကြီး စုံတွဲမဟုတ်လား"

"ယောက္ခမအရာ မရောက်သေးပါဘူးဗျာ။ အခုမှ ဘယ်က စရမှန်းတောင် မသိသေးပါဘူး"

**ဦးဟန်မြင့်** ။ "ဒါနဲ့ ခင်ဗျားကောင်မလေးက မြန်မာလူဝင်စား ပသျှူး မကလေးဆို၊ ကျုပ်တို့နဲ့လည်း မိတ်ဆက်ပေးပါဦး"

"စောပါသေးတယ် ဆရာရယ်။ သူမရဲ့ဘဝဟောင်းက မိဘတွေလာကုန်ကျရင် လိုက်လာကြမယ်လို့ ဒီနေ့ပဲ ကိုကျော်ရှိန်ဆီက စာရထားပါတယ်။ အဲဒီတော့မှ တရားဝင်ကြေညာပါမယ်"

"ဩော် ... ကိုယ့်အစ်မကြီးဒေါ်တင်တင်ကို ပေးလိုက်တဲ့စာ

လား။ အဲဒါဆိုရင်တော့ နှစ်ပွဲစာဖြစ်သွားပြီ''

''ကိုကျော်ရှိန်ရယ်၊ ခင်ဗျားမှာလည်း စားမယ်၊ ဝါးမယ်နဲ့ သူငယ်ချင်းကို ဘယ်လိုကူညီပံ့ပိုးရမယ်လို့တော့ တစ်ခါမှ မစဉ်းစားဘူးလား''

''ဩော် ... သူငယ်ချင်းက ကိုယ်တို့ထက်စွံပြီး မျက်နှာပွင့်နေတော့ ဂုဏ်ပြုတာပါ သူငယ်ချင်းရယ်။ မဟုတ်ဘူးလား အစ်မကြီးရယ်''

''ဟုတ်ပါ့ရှင် ဟုတ်ပါ့။ ကဲ ... မောင်လေးရေ ထမင်းစားချိန်လွန်သွားပြီ၊ မြန်မြန်ညည့်ခံလိုက်ပေတော့။ ဦးကျော်ရှိန်က မောင်လေးကို မနာလိုဖြစ်နေတာနေမှာ''

ကျွန်ုပ် ဆရာဦးဟန်မြင့်နှင့် ဦးကျော်ရှိန်အား အရက်ပွဲဖြင့် ညည့်ခံရသည်။ ကျွန်ုပ်ကတော့ ငါးပါးသီလယူထားသဖြင့် မသောက်ဖြစ်ပါ။

ဦးကျော်ရှိန်တို့ အရက်သောက်နေစဉ် ကျွန်ုပ်အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်တွင် မေညီအစ်မများနှင့် ဦးလှတင်တို့ ဖနီးမောင်နှံ အချိုပွဲစားရင်း စကားကောင်းနေကြသည်။

''အစ်ကို ဗိုက်ဆာပြီလား''

မေစံပယ်ဟန်က မေးလာသည်။

''အေး ... ဆာတော့ဆာပြီ။ အပေါ်က ထောင်ပိုင်ကြီးတို့အဖွဲ့က မပြီးကြသေးဘူး။ သူတို့နဲ့အတူစားမှ ကောင်းမှာ။ ညီမတို့ ညီအစ်မတွေ ဆာရင်စားနှင့်ကြတော့''

မေရီ ။ ''ညီမတို့ မုန့်ဟင်းခါးစားထားတယ် မဆာသေးဘူး။ အစ်ကိုလည်း မုန့်ဟင်းခါး အဆာပြေစားလိုက်။ ပြီးတော့ ညီမတို့ကို





ခေါက်ပုံရိုက်ပေးဦးနော် အစ်ကို''

''အေး ... အဲဒါကောင်းတယ်''

ကျွန်ုပ် မုန့်ဟင်းခါးစားနေစဉ် ကွမ်းခြံကုန်းမှ လာသည့်စာအား မေစံပယ်ဟန်ကို ထုတ်ပေးလိုက်သည်။

''အို ... ပျော်လိုက်တာ။ ဒါဆရာ ဦးခင်မောင်သန်း လက်ရေးပဲ။ ညီမ မှတ်မိတယ်။ အဖေနဲ့အမေ သမီးရဲ့အရင်ဘဝက မွေးစားမိဘတွေ ကျော့သောင်းကို လိုက်လာကြမယ်တဲ့။ ဒီမှာ ကြည့်ပါဦး''

''ဝမ်းသာလိုက်တာ သမီးရယ်။ ဒါနည်းတဲ့သံယောဇဉ် မဟုတ်ဘူး။ သမီးပျော်ရင် အဖေတို့ကျေနပ်ပါတယ်ကွယ်။ ဧည့်သည်တွေကို နေရေးထိုင်ရေး၊ စားရေးသောက်ရေး စီစဉ်ပေးပါဆရာ။ ကုန်ကျစရိတ်အားလုံး ချွန်တော်တာဝန်ယူပါတယ်''

''နေပါစေ ဦးလှတင်၊ အဲဒါတွေ ကျွန်တော့်တာဝန်ထားပါ။ ကျွန်တော် အကုန်တာဝန်ယူပါ့မယ်။ လကုန်လို့သွားကြိုမှသာ အားလုံးစုပေါင်းပြီး ကြိုကြတာပေါ့''

❑

ကျွန်ုပ် မေညီအစ်မများအား စခန်းအတွင်းအနှံ့ ဓာတ်ပုံရိုက်
ပေးပြီး ရုံးခန်းနောက်ခံထား၍ ဆွမ်းကျွေးပွဲ တက်ရောက်သူများ
လည်း အုပ်စုလိုက်ဓာတ်ပုံရိုက်ပေးပါသည်။ ညနေ (၂)နာရီထိုးခါနီး
နေ့လယ်စာ စားကြရသည်။ အစ်မကြီး ဒေါ်တင်တင်တို့မိသားစု
ကျွန်ုပ်၏စခန်းအား အလွန်သဘောကျ၍ ပျော်ရွှင်နေကြသည်။

"မောင်လေး။ အစ်မကြီးတို့ ဒီမှာတစ်ညအိပ်ကြမယ်။ ဖြ
မလား။ မနက်ဖြန်မှ စောစောထပြန်ကြမယ်လေ"

"ဖြစ်ပါတယ် အစ်မကြီးရယ်။ အပေါ်ထပ်မှာ အိပ်ခန်းနှစ်ခ
တောင် အလွတ်ရှိတာပဲ။ အဲ ... လျှပ်စစ်မီးတော့ မရှိဘူးဗျနော်"





"တစ်ခါတလေ အဲ့သည်လို သဘာဝကျကျ နေချင်တာ
မောင်လေးရဲ့"

"အဲဒါဆို ညနေစာ အစ်မကြီးတို့ဘာစားချင်တာလဲ ပြော
ပါ"

"မလိုဘူးလေ မောင်လေးရဲ့။ အလှူအကျန် ဟင်းထမင်းတွေ
တစ်ပုံကြီးကျန်သေးတယ်"

"ဒါဆို အဆင်ပြေတာပေါ့ဗျာ။ အရည်သောက်ဟင်းတစ်မျိုး
မျိုးနဲ့ အသီးအရွက်ကြော်တော့ လုပ်နိုင်းလိုက်ဦးမယ်"

ထိုစဉ် မေစံပယ်ဟန်က ...

"အစ်ကို ညီမလည်း အစ်မကြီးတို့နဲ့အတူ ညအိပ်ချင်တယ်"

"အဲဒါကိုတော့ ညီမမိဘတွေဆီမှာ ခွင့်ပန်လိုက်ပါဦး ညီမ
ရယ်။ အပေါ်ထပ်အိပ်ခန်းတွေက နှစ်ယောက်အိပ်ခန်းဆိုတော့ လေး
ယောက်တည်းလို့ရပါတယ်။ ကားဆရာနဲ့အဖွဲ့ကတော့ ရုံးခန်းအောက်
က ခုတင်ကြီးပေါ်မှာအိပ်ရင် ရပါတယ်၊ အကျယ်ကြီးပါ"

"ရ ဆရာ၊ သမီးဒီမှာ ညီအစ်မအဖော်တွေရှိတယ်၊ ဆရာ
လည်းရှိတယ်။ ချွန်တော်စိတ်ချ ဆရာ။ အိပ်ပါသမီး၊ အိပ်ပါ။ မနက်
တော့ ဧည့်သည်တွေအတွက် ချွန်တော်စားစရာတွေ လာပို့ပါမယ်"

"မလိုပါဘူး ဦးလှတင့်ရယ်၊ ကျွန်တော့်ဆီမှာ အပြည့်အစုံရှိ
ပါတယ်"

"ချွန်တော်လုပ်ပေးပါရစေ ဆရာ၊ ခွင့်ပြုပါ။ သမီးက တစ်
ယောက်တည်းမွေးတာ။ ရပ်ရွာမှာလည်း အပေါင်းအသင်းမရှိဘူး။ သူ
ဒီကသမီးတွေကို တအားခင်ဆရာ၊ သမီးပျော်ရင် ချွန်တော်တို့ဝမ်းသာ
တယ် ဆရာ"

လူ့သဘာဝ၊ လူ့စကား။ မိဘများက သားသမီးများအပေါ် ထားရှိသော မေတ္တာတရားပင်ဖြစ်ပါသည်။ တင်းကျပ်သောဘာသာဝင် မိသားစုမှ မွေးဖွားလာသော်လည်း ဘာသာမတူသော သားသမီးကို အပြစ်မဆိုရုံတင်မက သမီးအကြိုက်ကိုပင် ရှေ့တန်းတင်၍ ဦးစားပေး လိုက်လျောနေရှာပေသေးသည်။

ဦးလှတင်တို့ပြန်တော့ ဦးကျော်ရှိန်နှင့် ဦးဟန်မြင့်လည်း ပြန် ကြသည်။ စခန်းတွင် ကျွန်ုပ်တို့နှင့် အစ်မကြီး ဒေါ်တင်တင်မိသား သာ ကျန်တော့သည်။ သူတို့လည်း လမ်းလျှောက်လည်ပတ်ကြသည်၊ ဆီအုန်းခင်းအား ကြည့်ကြသည်။ ဦးအေးမောင်၏တောင်ယာထဲသို့ပင် သွားလည်ကြသေးသည်။ ညနေစာကိုတော့ ဟင်းကျန်များနွှေးပြီး ဟင်း သစ်များကို သံချောင်းကချက်သည်။ စခန်းမှူးဆိုးမောင်နီက ယနေ့ ရှားရှားပါးပါး တောကြက်တစ်ကောင်နှင့် တောဝက်ပေါက်စ ဘေးကျ လေးတစ်ကောင်ရထားသဖြင့် အဆင်ပြေလှသည်။ အပြန်တွင် သူ အဖွဲ့ ရေချိုးကြပြီး အဝတ်အစားလဲ၍ ဘုရားဝတ်ပြုကြသည်။ ည(၇) နာရီကျော်မှ ညစာစားဖြစ်ကြသည်။ အစ်မကြီးက တောဝက်သားနှ တောကြက်သားမစားဖူးသဖြင့် တပည့်ကျော်သံချောင်း၏လက်ရာအ အလွန်ခံတွင်းတွေ့နေသည်။ မေစံပယ်ဟန်က မေညီအစ်မများ ချစ် ခင်ခင်အတူအိပ်ကြ၍ ကျွန်ုပ်အလွန်ဝမ်းသာရသည်။ မေစံပယ်ဟန် မေစီ၊ မေရီတို့မှာ 'မေ'ညီအစ်မများ မဟုတ်ပါလော"

နောက်တစ်နေ့မနက် (၇)နာရီခန့်တွင် ဦးလှတင့်နှင့် ဖေ ရောက်လာသည်။ ပသျှူးခေါက်ဆွဲထုပ်ကို ယူလာပေးခြင်းဖြစ်သည် ပင်လယ်စာ ပုစွန်၊ ကင်းမွန်၊ ကဏန်းတို့ကို အသားထွင်၍ရောထားပြီ ယိုးဒယားခေါက်ဆွဲဖြင့် ရောစားရန် ဖြစ်သည်။ အစ်မကြီး ဒေါ်တင်တ





ကြက်သွန်ဖြူဆီချက် ချက်သည်။ ကုလားပဲကိုလှော်၍ ထောင်းသည်။ ဦးအေးမောင်တောင်ယာထဲမှ နံနံပင်တောင်းခိုင်းပြီး ညကကျန်သည့် ကြက်ခြေထောက်၊ ကြက်ခေါင်း။ တောင်ပံရိုးတို့ဖြင့် ဟင်းချိုချက်သည်။ ပြီးမှ သူကိုယ်တိုင်သုပ်၍ အကုန်သူ့ကိုကျွေးသည်။

ဦးလှတင့်တို့မှာ အသုပ်ကို အလွန်ကြိုက်ကြသည်။

"အစ်မကြီး အားကြီးကောင်း။ ချွန်တော်တို့နော် အုန်းနို့နဲ့ ဆားမထည့်စား၊ ဒီလောက်မကောင်း။ သမီးမှတ်ထားနော်၊ နောင်သမီး အဖေနဲ့ဆရာကို လုပ်ကျွေးပါ"

ပသျှူးခေါက်ဆွဲသုပ်မှာ မြိတ်ကတ်ကြေးကိုက်ပုံစံမျိုးပင်။ သို့ သော် ပသျှူးခေါက်ဆွဲသုပ်က ခေါက်ဆွဲပြားမဟုတ်။ ရိုးရိုးခေါက်ဆွဲသာ ဖြစ်သည်။ အစ်မကြီး ဒေါ်တင်တင်မှာ စားသောက်ဆိုင်ဖွင့်ထားသဖြင့် အကုန်လုပ်တတ်သည်။ ဆားအစား၊ ကင်းမွန်ငံပြာရည်ထည့်လိုက်ခြင်း ကိုတော့ ဦးလှတင့်တို့ မြင်ဟန်မတူပါ။

စားသောက်ပြီးကြတော့ အစ်မကြီးတို့ပြန်ရန် ပစ္စည်းများ သိမ်းဆည်းကြသည်။ ပသျှူးမလေး မေစံပယ်ဟန်မှာ မေစီ၊ မေရီတို့ နှင့် တစ်သားတည်းဖြစ်နေသည်။

"အစ်မကြီး၊ ကျွန်တော်တို့ လာကန်ဆင်းလာခဲ့မယ်။ ဒီမှာ လင်လိပ် ကူးထားဦးနော်"

"အေး ... အေး ... မောင်လေး။ အစ်မကြီးတို့ဆိုင်မှာပဲ ညည်သည်တွေခေါ်ပြီး နေ့လယ်စာ လာစားကြပါ။ အစ်မကြီး အကုန် စီစဉ်ထားပါ့မယ်"

"ဟုတ်ကဲ့ အစ်မကြီး၊ ကျေးဇူးတင်ပါတယ်"

အစ်မကြီး ဒေါ်တင်တင်တို့အဖွဲ့ ပြန်သွားကြပြန်သည်။

မေစံပယ်ဟန်ကတော့ မေညီအစ်မများကို လက်ပြ၍မဆုံးတော့ပါ။

"အမေတို့ ပြန်နှင့်ကြနော်။ သမီး စခန်းမှာ သိမ်းစရာလေး တွေသိမ်းပြီး ညနေမှပြန်ခဲ့မယ်"

"အေး ... အေး ... သမီး၊ အမေတို့ပြန်ပြီ"

ဦးလှတင့်တို့ထွက်သွားမှ ကျွန်ုပ်က ...

"ညီမလေး အပေါ်ထပ်တက်ပြီး နားလိုက်ဦး။ အဖျားပျောက် တာ မကြာသေးတော့ အနားယူသင့်တယ်။ သိမ်းစရာရှိတာတွေ သံချောင်းတို့အဖွဲ့ ဆေးကြောသိမ်းလိမ့်မယ်။ ညီမလေး လုပ်စရာမ ပါဘူး"

"အစ်ကို ညီမလေးကူသိုလ်ရအောင် လုပ်ချင်တယ်"

"အအေးပြန်မိသွားလိမ့်မယ်၊ အစ်ကို့စကား နားထောင်နော် သွား ... သွား ... အပေါ်ထပ်သွားနားတော့"

မေစံပယ်ဟန် အပေါ်ထပ်တက်သွားမှ ကျွန်ုပ်သံချောင်းတို့ အဖွဲ့အား အိုးခွက်ပန်းကန်များ သိမ်းဆည်းခိုင်းရသည်။ ဘာပဲဖြစ်ဖြစ် အလှူတစ်ခုပြီးမြောက်အောင် အောင်မြင်သွားပေပြီ။ စခန်းမှ ဝန်ထမ်း နှင့်ရဲဘက်များလည်း ပျော်ရွှင်နေကြသည်။ လကုန်တွင် ရောက်ရှိလာ ကြမည့် ဧည့်သည်များအတွက်လည်း ကျွန်ုပ် ကြိုတင်ပြင်ဆင်ထား ပေဦးမည်။ ထိုသဘောကြီးဖြင့် ဝန်ထမ်းသစ်ရဲဘက်သစ်နှင့် ရိက္ခာများ လည်း ပါလာပေဦးမည်ဖြစ်သည်။ ကျွန်ုပ်တို့ အကြိုအပို့ကိစ္စများအတွက် အလုပ်များကြပေဦးမည်။ ဘာလိုလိုနှင့် ကျွန်ုပ်တို့လည်း (၂)နှစ်ပြည့်၍ ပြည်မသို့ ပြန်လည်ပြောင်းရွှေ့ရပေတော့မည်လည်း ဖြစ်သည်။

❑

ကျွန်ုပ်တို့ မျှော်လင့်နေသော လကုန်ရက်သို့ရောက်လာပါပြီ။ ထိုနေ့က ဆန္ဒစောစွာပင် ကျွန်ုပ်တို့ ဦးလှတင့်တို့မိသားစုနှင့်အတူ ကော့သောင်းသို့ ဆင်းကြသည်။ ဦးလှတင့်တို့မိသားစုက ဆိုင်ကယ် တစ်စီး၊ ကျွန်ုပ်နှင့်မေစံပယ်ဟန်က ဆိုင်ကယ်တစ်စီး ဖြစ်သည်။ ပါဆည် ပါညန်းစခန်းက ထောင်ပိုင်ကြီး ဦးဟန်မြင့်တို့အဖွဲ့ကတော့ HINO (RANGER) ကားဖြင့် ဆင်းကြမည်ဖြစ်သည်။ ရဲဘက်နှင့် ရိက္ခာများ သယ်ရန်လည်း ရေတံခွန်စခန်းက HINO (TE) ကားကြီးများ စီစဉ်ထား ပြီး ဖြစ်သည်။

ကျွန်ုပ်တို့ ကော့သောင်းဆင်းပြီး (၃)မိုင်ရောက်တော့ မေစီ နှင့် မေရီတို့ကလည်း လိုက်လိုသည်ဆိုသဖြင့် ခေါ်ခဲ့ရပြန်သည်။ အစ်မ ကြီးဒေါ်တင်တင်ကတော့ ဧည့်သည်များအားကျွေးမွေးရန် ချက်ပြုတ်

ပြင်ဆင်နေပြီဖြစ်သည်။

ကျွန်ုပ်တို့ ကော့သောင်းဆိပ်ကမ်းရောက်တော့ မနက်(၉)နာရီ ပင်မထိုးသေးပါ။ လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်ရင်း မနက်စာစားကြသည်။ ကျွန်ုပ် ဧည့်သည်များကို ဓာတ်ပုံရိုက်ရန်အတွက် ဖလင်လိပ် ဝယ်ရပြန်သည်။ မနက် (၁၀)နာရီခန့်မှ စခန်းမှကားများ ရောက်လာသည်။ မရှေးမနှောင်းပင် မြစ်ကြီးနားသင်္ဘောကြီး၏ ဥဩသံကို ကြားရတော့သည်။ မနက်(၁၀)နာရီခွဲမှ သင်္ဘောကြီးရေလယ်တွင် ကျောက်ချပြီး ရပ်နားသည်။ ကျွန်ုပ်၊ မေညီအစ်မများအား ဆိပ်ကမ်းတွင်ထားခဲ့ပြီး ကျွန်ုပ်တို့ဌာနက ကြိုတင်ငှားရမ်းထားသော စက်လှေကြီးများဖြင့် သင်္ဘောကြီးအနီးသို့ကပ်ပြီး ကြိုရသည်။ ထောင်ပိုင်ကြီး ဦးသန်းစိန်(မန္တလေး)နှင့် အဖွဲ့အပြင် ကျွန်ုပ်၏ဆီအုန်းခြံတွင် တာဝန်ကျသော အင်ဂျင်နီယာဦးဉာဏ်ဝေတို့ ပြန်ပါလာကြသည်။ ရဲဘက်(၂၀၀) ဝန်ထမ်း (၅၀)နှင့် ရိက္ခာများလည်း ပါလာသည်။

ရဲဘက်များအား သယ်ဆောင်ပြီး ရိက္ခာများကို တစ်ညလုံးချကာ သင်္ဘောကြီးက မနက်ဖြန်မနက် (၉)နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရဲဘက်များကို စက်လှေကြီးပေါ် ပြောင်းရွှေ့တင်ဆောင်သလို အရပ်ဘက်ခရီးသည်များကလည်း စက်လှေကလေးများဖြင့် ဆိပ်ကမ်းသို့ဆင်းရန် ပြင်ဆင်ကြသည်။ ကျွန်ုပ် သင်္ဘောကြီးပေါ်တက်၍ ဧည့်သည်များအား ရှာရသည်။ ကျောင်းဆရာ ဦးခင်မောင်သန်းတို့ အဖွဲ့မှာ အထူးခန်းမှ လိုက်ပါလာခြင်းဖြစ်၍ ဖြည်းဖြည်းဆင်းလာကြသည်။

"လာဗျို့ ••• ကိုခင်မောင်သန်း၊ ကျွန်တော်လိုက်ရှာနေတာနဲ့နေပြီ"





"ရဲဘက်တွေဆင်းပြီးမှ ကျွန်တော်တို့ဆင်းရမှာ မဟုတ်လား"

"မဟုတ်ပါဘူးဗျာ၊ ခရီးသည်တွေဆင်းတာ ကုန်တော်ကုန်တော့မယ်။ ဝန်ထမ်းသစ်တွေပါလာတော့ သူတို့ပစ္စည်းတွေပါလာလို့ချရတာနဲ့ နောက်ကျနေတာပါ။ လာဗျို့ ••• ကျွန်တော်တို့က ရဲဘက်ကြိုမော်တော်ကြီးနှင့်လိုက်ရမှာ"

ထိုစဉ် မေစံပယ်ဟန်၏ ဘဝဟောင်းကမိခင်များ ဖြစ်ဟန်တူသော အဘိုးကြီးနှင့် အဘွားကြီးလည်း ဆရာဦးခင်မောင်သန်းနောက်က ပါလာသည်။ အသက် (၆၀)ကျော်များဖြစ်ကြသော်လည်း ခန့်ခန့်ညည်ထည်များဖြစ်ကြပေသည်။ ရွှေကိုင်းမျက်မှန်ကိုယ်စီနှင့် ဖြစ်သည်။

"ကိုသိန်းဝင်းရေ၊ ဒါမေစံပယ်ဟန်ရဲ့ အရင်ကမိဘတွေပဲ။ ခင်ဗျား စာနဲ့ဓာတ်ပုံပို့လိုက်တော့ သူတို့အရမ်းအံ့ဩ ဝမ်းသာနေကြဘာ။ ဒါနဲ့ ကလေးမကလေးကရော"

"ဆိပ်ကမ်းမှာ အဆင်သင့်စောင့်နေပါတယ်ဗျာ။ စက်လှေစီးရတာ အန္တရာယ်များလို့ ထားခဲ့ရတာပါ။ ဒါနဲ့ အဘနဲ့အဒေါ်ခင်ဗျား၊ မေစံပယ့်ဓာတ်ပုံက အရင်ဘဝကဓာတ်ပုံနဲ့ တူရဲ့လား"

"ချွတ်စွပ်ပဲ ငါ့တူရေ။ နာမည်ကိုတောင် အရင်ဘဝကနာမည်ကို ပေးထားတာ အံ့ဩလွန်းလို့ပါ"

"သူ့ဒီဘဝ ပသျှူးနာမည်က ဘာတီမာပါ ဦးလေး။ ဒါပေမဲ့ သူကမကြိုက်ဘူးတဲ့။ စကားပြောတတ်တာနဲ့ မြန်မာစကားကို အလိုလိုတတ်နေတယ်။ သူ့နာမည် ဘာတီမာမဟုတ်ဘူးတဲ့။ မေစံပယ်ဟန်တဲ့။ မေစံပယ်ဟန်လို့ခေါ်မှ သူကကြိုက်တယ်။ စက်လှေမှောက်တာ အခုသက်ရှိမိဘတွေဆီမှာ ဝင်စားတာ။ ကွမ်းခြံကုန်းက မိဘတွေနာမည်နဲ့ အိမ်နေရာကိုလည်း အသေအချာပြောနိုင်တယ်။ ကျွန်တော်က ကွမ်းခြံ

ကုန်းကိုရောက်ရုံးတော့ ပိုသေချာသွားတာပေါ့။ ကဲ ... လာဗျို့၊ ပစ္စည်းတွေ ကျွန်တော့်ကိုပေးပါ။ စက်လှေပေါ်ဆင်းကြမယ်"

ကျွန်ုပ်တို့ ရဲဘက်စက်လှေကြီးစီးပြီး ဆိပ်ကမ်းဘောတံတားသို့ ကပ်ခဲ့ကြသည်။

"ကဲ ... အဘနဲ့အဒေါ် ဟိုမိန်းကလေး (၃)ယောက်ထဲ ဘယ်သူဟာ အဘတို့သမီးလဲ၊ ကြည့်ကြစမ်းပါဦး"

"အဲ ... အဲ ... အလယ်က၊ အလယ်က ငါတို့သမီး မေစံပယ်ဟာန်"

ဟုတ်ပါသည်။ အဘနှင့်အဒေါ်တို့သည် ဘဝဟောင်းကသမီး ဖြစ်သူ မေစံပယ်ဟာန်အား ကောင်းစွာမှတ်မိနေကြသည်။ အဒေါ်ကြီးက ။ "ဒီအရွယ်၊ ဒီပုံစံအတိုင်းပါပဲကွယ်၊ သမီးကလေး ဆုံးပါးသွားတာ ကံကောင်းလို့ပြန်တွေ့ရတာပါ။ ဒီက ဆရာထောင်မှူး အရမ်းကျေးဇူးတင်ပါတယ်"

"ဆရာထောင်မှူး သူတို့ဘေးမှာရပ်နေတဲ့ ယောကျ်ားနဲ့မိန်းက သမီးလေးဒီဘဝ အဖေနဲ့အမေ ထင်ပါရဲ့နော်"

"ဟုတ်ပါတယ် အဘ၊ ပသျှူးလူမျိုးတွေပါ။ ဘာသာခြား လူမျိုးခြားဖြစ်ပေမဲ့ မေစံပယ်ဟာန်ကို အရမ်းအလိုလိုက်ပြီး ချစ်ကြတယ်"

"အေးကွယ်၊ သမီးကလေး ကံကောင်းပါတယ်။ ဟိုဘဝ တော့ ကံမကောင်းခဲ့ဘူးကွယ့်"

ဆိပ်ကမ်းဘောတံတားကပ်တော့ ဝန်ထမ်းများက ပစ္စည်းများ ဖြင့် အရင်ဆင်းသဖြင့် စောင့်နေရသည်။ ဝန်ထမ်းများနောက်မှ ကျွန်ုပ် တို့ကိုမြင်သွားသော မေစံပယ်ဟာန်က ခုန်ပေါက်ရင်း 'ဖေဖေ၊ မေမေ' ဟု အော်ခေါ်နေရှာသည်။ စက်လှေကြီးပေါ်သို့လည်း အပြေးတက်လာ





နှင့် ကြိုးစားနေသဖြင့် ကျွန်ုပ်လှမ်းအော်ရသည်။

"ညီမ မတက်ခဲ့နဲ့။ အဲဒီနေရာမှာပဲ စောင့်နေ။ အစ်ကိုတို့ ဆင်းလာပြီ"

ကျွန်ုပ်ဦးဆောင်ပြီး ဝန်ထမ်းများကို တိုးဝှေ့ပြီး စက်လှေပေါ် ကမန်းကတန်းဆင်းရသည်။ မေစံပယ်ဟာန်မှာ ငိုယိုအော်ဟစ်၍ အဘိုး ကြီးအဘွားကြီးတို့အား ဖက်တွယ်ထားရင်း ...

"ဖေဖေ၊ မေမေ သမီး မေစံပယ်ဟာန်ပါ။ အရင်ဘဝက ဖေဖေ နဲ့မေမေရဲ့သမီးပါ၊ အင့် ဟင့် ဟင့် ဟီး"

"အေးပါသမီးရယ်။ အခုဘဝလည်း အဖေအမေတို့ရဲ့ သမီး ပါပဲ"

အဘိုးကြီးအဘွားကြီးတို့ကလည်း မေစံပယ်ဟာန်အား ဖက် တွယ်ပြီး အပြိုင်ငိုနေကြသည်။ နံဘေးမှကြည့်နေကြသော ဦးလှဝင်း တို့ဇနီးမောင်နှံနှင့် မေညီအစ်မလည်းမျက်ရည်ကျပြီး ငိုကြသည်။ ကျောင်း ဆရာ ဦးခင်မောင်သန်းကတော့ အလွန်အံ့ဩနေပြီး ...

"ကိုသိန်းဝင်းရေ မေစံပယ်ဟာန်က ကျွန်တော့်တပည့်ဗျ။ (၁၀) တန်းအောင်သည်အထိ ကျွန်တော်သင်ပေးခဲ့တာ။ အခုလည်း အရင် ဘဝက အရွယ်နဲ့ရုပ်ရည်က တစ်ပုံစံတည်းပဲ။ ဆုတောင်းကောင်းလို့ ထင်ပါရဲ့ဗျာ။ နောက်ပြီး အရင်ဘဝကို အကုန်မှတ်မိနေတာက ထူးခြား ချက်ပါရမီကံပါပဲ။ ဘဝဟောင်းနဲ့ ဘဝသစ်ကို ဆက်စပ်ပေးတဲ့ ခင်ဗျား လိုလူရှိတော့ ပိုပြီးအဆင်ပြေသွားတာပေါ့။ ကလေးမကလေးရဲ့ ကံပါ ပဲဗျာ"

ကျွန်ုပ်က နှစ်ဖက်မိဘများကို မိတ်ဆက်ပေးလိုက်သည်။ မေစံပယ်ဟာန်က သူ့ဘဝဟောင်းက မိဘများအားခေါ်လာ ဆက်စပ်

ပေးသည့် ဆရာဦးခင်မောင်သန်းနှင့်ကျွန်ုပ်အား ကျေးဇူးတင်လွန်းေ ပြောဆိုကာ ထိုင်ကန်တော့သည်။

"ကဲ . . . အဆာပြေ လက်ဖက်ရည်ကလေး၊ အအေးကလေး သောက်ကြမယ်။ ပြီးမှ (၃)မိုင်သွားပြီး နေ့လယ်စာစားကြမယ်"

ကျွန်ုပ် ညှော်သည်များအား အနီးရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်နိုင်းပြီးကား စီစဉ်ရပြန်သည်။ ကျွန်ုပ်တို့၏ ဌာနကားများမှာ ဝန်ထမ်း နှင့်ရဲဘက်များကိုတင်ဆောင်၍ တစ်စီးပြီးတစ်စီးထွက်နေသည်။ ဝန်ထမ်း တင်သောကားတစ်စီး အနောက်ခန်းတွင် ညှော်သည်များကိုတင်ပြီး (၃)မိုင် ဒေါ်တင်တင်ဆိုင်တွင် ချထားပေးပြီး ညနေပိုင်း ပါဆည်ပါညန်းစခန်း ပြန်မည့် ဆရာဦးဟန်မြင့်တို့ကားဖြင့် လိုက်ကြရန် စီစဉ်ရပြန်သည်။ ညှော်သည်များမှာ အသက်ကြီးပိုင်းဖြစ်၍ ဆိုင်ကယ်စီးရန် မသင့်သော ကြောင့်ဖြစ်ပါသည်။

(၃)မိုင် အစ်မကြီး ဒေါ်တင်တင်ဆိုင်ရောက်တော့မှ ညှော်သည် များကို အနားယူစေသည်။ ရေမိုးချိုးစေသည်။ အစ်မကြီး ဒေါ်တင်တင် မှာ သဘောထားပြည့်သူဖြစ်၍ ညှော်သည်များအတွက် လိုလေးသေး မရှိအောင် လုပ်ကိုင်ပေးသည်။ မေညီအစ်မ (၃)ယောက်မှာလည်း အလွန် ချစ်ခင်ကြသော ညီအစ်မရင်းချာများသဖွယ် ညှော်သည်များအား ပြု သည်။ ညှော်သည်များ နေ့လယ်စာထမင်းဝိုင်းတွင် မေစံပယ်ဟန်၏ ဘဝဟောင်းက ဖခင်ဖြစ်သူ အဘဦးထွန်းဟန်က ထုတ်ပြောလာသည်။

"ကဲ . . . နားထောင်ကြပါ။ အခု ကျုပ်တို့နဲ့ဆုံနေကြတာ ပဋ္ဌာန်းဆက်အမျိုးတွေပဲ။ လူမျိုးဘာသာ ခွဲခြားစရာမလိုပါဘူး။ ကျုပ် တို့ပြန်ရင် အားလုံးကွမ်းခြံကုန်းမြို့ကို လိုက်ခဲ့ကြပါ။ သမီးကလေး မေစံပယ်ဟန်က အရင်ဘဝက ကျုပ်တို့ရဲ့တစ်ဦးတည်းသော သမီးဖြ





သလို၊ အခုဘဝမှာလည်း တစ်ဦးတည်းသော သမီးပါပဲ။ ကျုပ်တို့လည်း အသက်အရွယ်ကြီးကြပြီ။ သားထောက်သမီးခံလည်း မရှိကြတော့ဘူး။ ကြောင့် သမီးကလေးကိုပဲ ကျုပ်တို့အမွေတွေ အကုန်လွှဲပေးမယ်"

နားထောင်နေသူများအားလုံး အံ့ဩဝမ်းသာကြသည်။

**မေစံပယ်ဟန်** ။ "ဖေဖေရယ်၊ သမီးက ဖေဖေတို့မေမေတို့သမီးအဖြစ် သက်ခံရင်ပဲ တော်ပါပြီ။ သမီးအမွေတွေ မမက်ပါဘူး"

"မဟုတ်သေးဘူး သမီး၊ အမွေတွေကို သမီးကိုလွှဲမပေးရင် ဘယ်သူ့ကိုလွှဲပေးရမှာလဲ။ ဈေးထဲမှာ ရွှေဆိုင်နှစ်ဆိုင်ရှိတယ်။ မြို့လယ် မှာလည်း သမီးနေခဲ့တဲ့ အိမ်ကြီးနှင့်ခြံကြီးရှိသေးတယ်။ နှစ်ခုပေါင်း ဘာလပေါက်ဈေးနဲ့ ရောင်းရင်တောင်မှ သိန်း(၅၀၀)ပြေးမလွတ်ဘူး။ သမီးအခုဘဝက မိဘတွေကိုလည်းခေါ်ခဲ့ပါ။ အတူနေကြတာပေါ့။ အဖေ တို့အမေတို့လည်း အသက်ကြီးပြီလေ။ မကြာခင် သေကြရတော့မှာပဲ။ အဖေတို့မသေခင် အဖေတို့ဆန္ဒပြည့်ပါပြီကွယ်။ သမီးရဲ့ အခုဘဝ ဘတွေလည်း တောကြိုအုံကြားမှာ မနေတော့ဘဲ ရွှေဆိုင်ကိုကြီးကြပ် ရောင်းဝယ်ပေါ့ကွယ်၊ အမေတို့နားချင်ပြီ"

ဦးလှတင့်တိုလင်မယားမှာ အလွန်အံ့ဩနေကြသည်။ ဘဝ ဟောင်းက မိခင်ဖခင်တို့မှာ သူတို့ထင်တာထက် သဘောထားကြီးကြ ပြီး သမီးမေစံပယ်ဟန်အပေါ်တွင် ချစ်ကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်ကြားဝင်ရတော့သည်။

"ကဲ . . . အဘတို့ဘက်ကတော့ အကုန်အစုံသဘောထားကို ပြောပြီးပြီ။ ဦးလှတင့်တို့ဘက်က သဘောထားကိုလည်း ပြောပါဦး။ ကွမ်းခြံကုန်းမြို့မှာ ဦးလှတင့်တို့လူမျိုးတွေလည်း အများကြီးရှိပါတယ်။

**ဦးခင်မောင်သန်း** ။ "ကျွန်တော့်သဘောပြောရရင်တော့ အဘတို့

ဘက်ကပြောတာ တရားနည်းလမ်းကျပါတယ်။ အဘတို့မသေခင် သ
ကလေးနဲ့ အတူနေသွားချင်ဆဲ့ ဆန္ဒကလွဲလို့ ဘာမျှမရှိပါဘူး။ သ
ကိုပဲခေါ်သွားပြီး ဒီဘဝမွေးမိဘတွေကိုလည်း ဒုက္ခမပေးချင်လို့ အခု
စီစဉ်တာ လက်ခံသင့်ပါတယ်။ ဘာသာရေး၊ လူမျိုးရေးက ပြဿနာ
ပါဘူး။ လွတ်လပ်စွာ ကိုးကွယ်နိုင်ပါတယ်''

''ဟုတ်ကဲ့ပါ ကျောင်းဆရာရယ်။ သမီးကိုချစ်တော့ ဒီဘဝ
မိဘတွေကိုလည်း ချစ်ရပေမပေါ့။ အဘပြောတာ နည်းလမ်းကျပါတ
နော်''

**ဦးလှတင့်** ။ ''ဟုတ်ပါတယ် အစ်ကိုကြီး။ ချွန်တော်တို့ ညှိနှိုင်း
ပင်ပြီး ဆုံးဖြတ်ပါ့မယ်။ အစ်ကိုကြီးပြောတာ နည်းလမ်းကျပါတ
နောက်ပြီး ပြောချင်တာက သမီးမေစံပယ်ဟန်နဲ့ ဆရာထောင်မှူး
ကိစ္စပဲ။ ချွန်တော်တို့ဘက်က သဘောတူထားတယ်။ သမီးကလေ
လည်း ဆရာ့ကို အလွန်နှစ်သက်တယ်။ အဲဒါကိုရော အစ်ကိုကြီး
ဘက်က သဘောတူပါရဲ့လားခင်ဗျာ''

''အတိုင်းထက်အလွန်ပေါ့ ကိုလှတင့်ရယ်။ ဆရာထောင်
က ကျောင်းဆရာ ဦးခင်မောင်သန်းရဲ့မိတ်ဆွေ အရာရှိပဲ။ ကျုပ်
လိုက်လိုက်လှဲလှဲ သဘောတူပါတယ်။ အခုတော့ ကျုပ်တို့မှာ
တင်မက သားပါရတော့ အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်''

ကျွန်ုပ်လည်း မျက်နှာပူလာသဖြင့် ...

''ကဲ ... အဘတို့ စကားပြောနှင့်ကြဦး။ ကျွန်တော်နဲ့ ဦး
မောင်သန်း ကော့သောင်းဈေးထဲမှာသွားပြီး လိုအပ်တာလေးတွေ
လိုက်ဦးမယ်။ ကားလာခေါ်ရင်လိုက်ဖို့တော့ အဆင်သင့်ပြင်ထားကြ

ကျွန်ုပ်တို့ ဆိုင်ကယ်ကလေးဖြင့် ကော့သောင်းမြို့ဘက် ထ





ခဲ့ကြပါသည်။ လမ်းတွင် ဦးခင်မောင်သန်းက ...

''ကိုယ့်ဆရာ လက်သွက်လှချည်လား။ ကိုယ့်ဆီရေးတဲ့စာထဲ
မှာ အဲဒီအကြောင်းတွေ ရေးမထားဘူးနော်''

''နောက်ပိုင်းမှ ဖြစ်တာပါဗျာ။ မေစံပယ်ဟန်က ဗုဒ္ဓဘာသာ
ကိုးကွယ်တော့ ကျွန်တော်ကူညီရင်း နီးစပ်တာပါ။ သူ့မိဘတွေကလည်း
ဘာသာခြားဆိုပေမဲ့ အလွန်သဘောထားကြီးကြပါတယ်''

''ကောင်းပါလေ့ဗျာ၊ ခင်ဗျားလည်း ကွမ်းခြံကုန်းမြို့သားဖြစ်
တော့ ကျုပ်တို့အပေါင်းအသင်းတွေ ပြန်ဆုံကြတာပေါ့၊ ဟဲ ... ဟဲ''

''ကျွန်တော်က ဝန်ထမ်းဆိုတော့ ခင်ဗျားတို့မြို့မှာ လာနေ
နိုင်မှာမဟုတ်ပါဘူးဗျာ။ အလည်ပဲလာနိုင်မှာ။ နှစ်ဖက်မိဘတွေကြား
ထဲက မေစံပယ်ဟန်ကို ခွဲထုတ်ဖို့လည်း မလွယ်ဘူးထင်တယ်။ ကျွန်
တော်ကတာဝန်နဲ့ မြန်မာပြည်အနှံ့ပတ်နေရမှာ''

''လွယ်ပါတယ်ဗျာ၊ အမွေတွေရမှာပဲ။ အလုပ်ကထွက်လိုက်
ပေါ့။ ဘာတွယ်တာစရာရှိလို့လဲ''

''မဖြစ်သေးဘူး ကိုခင်မောင်သန်းရေ။ ကျွန်တော့်အလုပ်မှာ
တက်လမ်းတွေ အများကြီးရှိသေးတယ်။ နောက်ပြီး ယောက္ခမအမွေ
ကို ထိုင်စားတဲ့သမက်မျိုးလည်း မဖြစ်ချင်ပါဘူးဗျာ''

''ဒါကတော့ သူ့ဘုန်းနဲ့သူ့ကံ နေရာမှန်လို့ဖြစ်လာတာပဲ''

''ယောက္ခမတွေက သူတို့သမီးကိုချစ်လွန်းတော့ ခင်ဗျားနဲ့
တောတဲတောင်ထဲ လိုက်နေမှာကိုတော့ သဘောတူကြမယ်မထင်ဘူးဗျို့''

''အေးဗျာ ... ဖြစ်လာသမျှ အကောင်းဆုံးစီစဉ်ရတော့မှာ
ပေါ့''

ကျွန်ုပ် HONDA ဆိုင်ကယ်ကလေးအား အကောက်ခွန်ရုံး

ရေ့ ပိတောက်ပင်အောက်တွင် ရပ်လိုက်သည်။ ထိုစဉ် ပိတောက်ပင်ရင်း အင်္ဂတေခုံပေါ်တွင်ထိုင်နေသော ဖြူဦးဘုရားပေါ်မှ အဘဦးရွှေမွန်းက မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဟာ ... အဘ၊ ဘယ်သွားမလို့လဲ"

"မနက်ဖြန် ဒီသဘော်ကြီးနဲ့ ရန်ကုန်ပြန်မယ်လေကွယ်၊ လူကလေး အစစအရာရာ အဆင်ပြေတယ်မဟုတ်လား။ ဖတ်ပေါင်းခန်းကလည်း ရောက်နေပါပြီလေ"

"ဟုတ်ကဲ့ပါအဘ၊ ဒါနဲ့ အဘဘာစားပြီးပြီလဲ"

"စားပြီးပါပြီကွယ်၊ မောင်ကျော်ဆိုင်က ကျွေးပါတယ်"

"အဘကို ကျွန်တော်ကန်တော့ပါရစေ။ ဒီမှာ လမ်းခရီးသုံးဖို့ ငွေ (၅၀၀ဝ)ပါ"

"အဲသည်လောက် မလိုပါဘူးကွယ်။ မောင်ကျော်က သဘော်လက်မှတ်လည်း ဝယ်ပေးပြီးပြီ။ လမ်းခရီးသုံးဖို့လည်း ကန်တော့ထားပါတယ်"

"လက်ခံပါ အဘရယ်။ ကျွန်တော် ကျေးဇူးတင်လွန်းလို့ ကန်တော့တာပါ"

"အိမ်း ... အိမ်း ... အဲဒါဆိုရင် (၁၀၀၀)ကျပ်တော့ လက်ခံမယ်။ အဘမှာ သုံးစရာမှမလိုပဲကွယ်"

ကျွန်ုပ်တို့ အဘအားကန်တော့ပြီး ဈေးထဲဝင်၍ စားစရာ သောက်စရာများဝယ်သည်။ အပြန်တွင် အဘမရှိတော့။ ထောင်ပိုင်ကြီး ဦးဟန်မြင့်နှင့်တွေ့ရာ ...

"ဦးသိန်းဝင်းရေ၊ ခင်ဗျားတို့ပြောင်းရွှေ့မိန့်တွေ ပါလာတယ်။ ထောင်ပိုင်ဦးသန်းစိန် ယူလာတာ။ ခင်ဗျားက အင်းစိန်ထောင်မှာ





ပြန်တာဝန်ကျတယ်"

"အဟုတ်လားဆရာ၊ ဆရာဦးသန်းစိန်က ကျွန်တော်နဲ့တွေ့ဘုန်းက ဘာမှမပြောပါဘူး"

"အဲဒါ သူ့အထာပဲ။ ခင်ဗျားကိုညှဉ်းပြီးမှ အမိန့်စာကိုပေးမှာ။ ဦးကျော်ဆိုင်မှာ စောင့်နေတယ်။ လိုက်သွားလိုက်ဦး"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်နှင့် ဦးခင်မောင်သန်း HONDA ဆိုင်ကယ်ကလေးဖြင့် ဦးကျော်ဆိုင်သို့ ထွက်ခဲ့သည်။ ဦးကျော်ဆိုင်တွင်း၌ ကွပ်ကဲမှုရုံးမှ ထောင်ပိုင်ကြီး ဦးဘညို၊ ဦးသန်းစိန်နှင့် ထောင်မှူးကြီး ဦးတင်ဝင်းတို့ ဘီယာသောက်နေကြသည်။ ကျွန်ုပ်အားမြင်သည်နှင့် ဦးသန်းစိန်က ...

"ဦးသိန်းဝင်း၊ ခင်ဗျားက ဘယ်ပျောက်နေတာလဲ။ ကျုပ်တို့ ရှာတာ နှံ့နေပြီ"

"ဆရာကလည်း လျှိုပဲ့ဗျာ။ သဘော်ပေါ်မှာတွေ့တုန်းကတော့ မပြောဘူး။ ကျွန်တော်က ဧည့်သည်တွေပါလာလို့ ထမင်းကျွေးနေရတာ"

"ခင်ဗျား ရုတ်တရက် ဝမ်းသာစေချင်လို့ပါဗျာ။ ကဲ ... လာ ဘာသောက်မလဲ၊ ပြီးရင်တော့ အကုန်ရှင်းပေတော့"

ထိုစဉ် ဆိုင်ရှင်ဦးကျော်ရောက်လာပြီး ...

"ဆရာတို့ ဘာသောက်မှာလဲ။ ဘီယာပဲမဟုတ်လား။ ဆရာဦးသိန်းဝင်းက ဒီဝိုင်းကို ရှင်းရမယ်ဆိုရင်တော့ ကျွန်တော်မယူပါဘူး ဆရာ။ ဆရာက ကျွန်တော့်ကျေးဇူးရှင်ပါ"

ဦးသန်းစိန် ။ "ဟ ... ဘယ်လိုလဲ၊ ဦးသိန်းဝင်းရဲ့ဘုန်းကံက ကြီးလှချေလား"

"မလုပ်ပါနဲ့ဦးကျော်ရယ်။ ကျွန်တော်ပြောင်းရတော့မှာမို့ ညှိခံတာပါ။ ဒါနဲ့ကျွန်တော် အဘနဲ့ဆိပ်ကမ်းမှာ တွေ့ခဲ့သေးတယ်။ အဘ မနက်ဖြန်သင်္ဘောနဲ့ ပြန်မယ်တဲ့"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်သင်္ဘောလက်မှတ် ဝယ်ပေးပြီးပြီ။ အဘကူညီလို့ ကျွန်တော့်ဆိုင်လည်း တစ်ရှိန်ထိုးတက်လာတာပဲ။ သင်္ဘောဆိုက်ရက်တင်မက ကြားရက်တွေမှာလည်း လူအပြည့်ပဲ ဆရာ"

"ဝမ်းသာပါတယ်ဗျာ။ အဘလိုလူမျိုးက တကယ့်ပုဂ္ဂိုလ်ပဲနော်။ စောစောကလည်း ကျွန်တော် (၅၀၀၀)ကျပ် ကန်တော့တာကို (၁၀၀၀)ကျပ်ပဲ လက်ခံတယ်"

"ရှားပါတယ်ဗျာ၊ တကယ်သူတော်စင်ပါ။ အင်မတန်တွေ့ရခဲပါတယ်။ ကျွန်တော်လည်း ဆရာ့ကျေးဇူးကြောင့် ဆုံခဲ့ရတာပါ"

ကျွန်ုပ်တို့စားသောက်ပြီး ငွေရှင်းတော့ ဦးကျော်က လက်မခံပါ။ ကျွန်ုပ် ပြောင်းရွှေ့ရတော့မည်ဖြစ်၍ နှုတ်ဆက်ပွဲဟုဆိုပါသည်။

**ဦးသန်းစိန်** ။ "ကဲ . . . ကျုပ်တို့လည်း ပြန်ကြမယ်။ ဈေးတော့ နည်းနည်းဝယ်ရဦးမယ်။ ကိုသိန်းဝင်း ညှိသည်တွေက ကျုပ်တို့ကားနဲ့လိုက်မှာဆို။ ဦးဟန်မြင့် ပြောထားတယ်။ ဘယ်ကစောင့်ကြမှာလဲ"

"ကျွန်တော်တို့ (၃)မိုင်ဒေါ်တင်တင်ဆိုင်က စောင့်နေမယ် ဆရာ"

"ဟုတ်ပြီ ကျုပ်တို့ဝင်ခေါ်မယ်၊ အသင့်သာစောင့်နေပေရော့"

ကျွန်ုပ်နှင့် ဦးခင်မောင်သန်း ဆိုင်ကယ်ကလေးဖြင့် ပြန်ခဲ့ကြသည်။ (၃)မိုင် အစ်မကြီး ဒေါ်တင်တင်ဆိုင်ရောက်တော့ အစ်မကြီးက အမှတ်တရဓာတ်ပုံများ ရိုက်နိုင်း၍ ရိုက်ပေးရသည်။ မကြာမီ ဦးသန်းစိန်တို့ကားရောက်လာသဖြင့် ညှိသည်များကိုတင်ပြီး ကျွန်ုပ်နှင့် ဦးခင်





မောင်သန်းကတစ်တွဲ၊ ဦးလှတင်တို့ ဖနီးမောင်နှံကတစ်တွဲ ဆိုင်ကယ်ကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။ ချန်းဖန်းရွာရောက်တော့ လဲမွန်ကွပ်ကဲရုံးသို့ဆက်သွားမည့် ဦးသန်းစိန်တို့ HINO (RANGER) ကားကြီးက ကျွန်တော်တို့စခန်းသို့ ညှိသည်များအား ဝင်ပို့ပေးသည်။ ကျွန်ုပ်၏ ပြောင်းရွှေ့မိန့်ကိုလည်းပေးခဲ့သည်။ တစ်လအတွင်း ကျွန်ုပ်စခန်းနှင့် ဆီအုန်းပင်များအား လွှဲပြောင်းရပေတော့မည်ဖြစ်သည်။

အားလုံးလည်း ဝမ်းသာနေကြသည်။ နှစ်ဖက်မိဘများမှာ ကျွန်ုပ်ကို အလွန်လေးစားကြသည်။ ဘိုဖြူ၊ ဘိုနီခွေးနှစ်ကောင်ကိုတွေ့တော့လည်း ကွမ်းခြံကုန်းမှ အဘတို့အလွန်အံ့သြကြသည်။ ကွမ်းခြံကုန်းအိမ်မှ ခွေးဝင်စားများဟုဆိုကြသည်။ ခွေးနှစ်ကောင်မှာလည်း အဘတို့ကို သခင်ဟောင်းများအလား တွေ့သည်နှင့်ချက်ချင်း ခင်မင်ကြသည်။ ကျွန်ုပ် စခန်းပြောင်းရွှေ့ရန် အလုပ်ရှုပ်နေစဉ်အတွင်း နှစ်ဖက်မိဘများမှာ ငယ်ပေါင်းကြီးဖော်များအလား ချစ်ချစ်ခင်ခင် ရှိကြသည်။

ကျွန်ုပ် ဝမ်းသာရပါသည်။ ကျွန်ုပ်၏ဘဝရှေ့ရေးလည်း ဖြောင့်ဖြူးသာယာပြီဖြစ်သည်။ သို့သော် ပဌာန်းဆက် ခွေးဝင်စားနှစ်ကောင်ကို ပြည်မသို့ ပြန်မခေါ်သွားနိုင်သည့်အတွက်တော့ ကျွန်ုပ် စိတ်မကောင်းဖြစ်ရပါတော့သတည်း။

ထောင်မှူးကြီးသိန်းဝင်း